# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၃၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၂၅ ၊ ၂၀၁၂)




ရုံးကြိုပို့ယာဉ်နှင့် ရုံးလာသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများကို နံနက် ၉ နာရီဝန်းကျင်တွင် တွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အစိုးရဌာနများအတွင်းက မိုးကျရွှေကိုယ်များ

## 'အရပ်ဘက်အစိုးရဌာနများအတွင်း မိုးကျရွှေကိုယ် တပ်မတော်အရာရှိများ ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်းက လုပ်သက်ရှိအရပ်သားဝန်ထမ်းတို့အား မျှော်လင့်ချက်ကင်းမဲ့စေ'

**ထွန်းခိုင်ရေးသား၍ မြတ်စုမွန်၊ အိဖြူမွန်၊ ဝတ်ရည်အောင် အားဖြည့်သည်**

အရပ်သားအစိုးရလက်ထက်တွင် နိုင်ငံအတွင်း အပြောင်းအလဲများစွာ ဖြစ်ပေါ်တိုးတက်ခဲ့သော်လည်း အစိုးရဌာနများအတွင်း လူမှန်၊ နေရာမှန်မရှိခြင်းက အောက်ခြေအဆင့်ပါ လိုက်လျောညီထွေပြုပြင်ပြောင်းလဲမှုဖြစ်လာစေရန် အဟန့်အတားတစ်ခုဖြစ်ကြောင်း အစိုးရဌာနများ၌တာဝန်ထမ်းဆောင်ခဲ့သူ အရာရှိများနှင့်ပညာရှင်တို့က သုံးသပ်သည်။

သူတို့အခေါ် လေထီးတပ်သား(သို့မဟုတ်)မိုးကျရွှေကိုယ်များဟု လူသိများသည့် တပ်မတော်မှ ပြောင်းရွှေ့လာသည့် လုပ်ငန်းမကျွမ်းကျင်သူများအား ရာထူးကြီးကြီးပေးကာ ဌာနအတွင်းရှိ ကျွမ်းကျင်သူများအထက်တွင် ထားရှိစေခြင်းသည် အဆိုပါဝန်ထမ်းများအတွက် အနာဂတ်မျှော်လင့်ချက် ပျောက်သွားကာ လုပ်ချင်ကိုင်ချင်စိတ်များ ကုန်ခန်းစေသည့် အချက်များအနက် တစ်ခုဖြစ်ကြောင်း အငြိမ်းစားနှင့် လက်ရှိလုပ်ကိုင်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများက ပြောကြားသည်။

**အချပ်ပို(D)သို့**

## ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်ခွဲ ရန်ကုန်တွင်ဖွင့်ရန် စီစဉ်

**အားမာန်**

**နေပြည်တော်၊ အောက်တိုဘာ-၂၁**

အမေရိကန်နိုင်ငံမှ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ တက္ကသိုလ်ခွဲများ မြန်မာနိုင်ငံတွင် ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားသည်။

ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်ဥက္ကဋ္ဌက ပညာရေးနှင့်ပတ်သက်သည့် အကူအညီများပေးရန် လာရောက်သောခရီးစဉ်တွင် အမေရိကန်နိုင်ငံရှိ အဆိုပါတက္ကသိုလ်များ၌ မြန်မာကျောင်းသား ၃၀ ကျော်ကို ပညာတော်သင်ဆုပေးရန် ကမ်းလှမ်းခဲ့သည်။

**စာ(၁၂)သို့**

## မြန်မာအစိုးရသည် မြောက်ကိုရီးယားနှင့် စစ်ရေးဆက်ဆံမှုလျှော့ချနေဟု ကန်အထူးကိုယ်စားလှယ်ပြော

**ဘေဂျင်း၊အောက်တိုဘာ-၂၂**

မြန်မာအစိုးသည် မြောက်ကိုရီးယားနှင့် စစ်ရေးဆက်ဆံမှုများရှိခဲ့ခြင်းကို လျှော့ချကာ လမ်းကြောင်းမှန်ပေါ် ပြန်ရောက်နေပြီဟု ယုံကြည်ကြောင်း အမေရိကန်၏ မြောက်ကိုရီးယား ပေါ်လစီဆိုင်ရာ အထူးကိုယ်စားလှယ်ဂလင်းဒေးဗီးစ်က ဘေဂျင်းမြို့တွင် သတင်းထောက်များအား ပြောကြားလိုက်သည်။

အထူးကိုယ်စားလှယ်ဒေးဗီးစ်က ဝါရှင်တန်အနေဖြင့် မြန်မာနှင့် မြောက်ကိုရီးယား စစ်ရေးဆက်ဆံမှုကို ဆက်လက်ပူပန်နေဆဲဖြစ်ပြီး ဤကိစ္စမှာ မြန်မာနိုင်ငံတွင် ၎င်း၏လုပ်ဖော်ကိုင်ဖက်များအကြား ရှိနေခဲ့သော ကိစ္စတစ်ရပ်ဟု ဆိုသည်။

**စာ(၁၂)သို့**

## မြောက်ဦးနှင့် မင်းပြားမြို့နယ်တို့တွင် ပဋိပက္ခများ ဖြစ်ပွားနေသဖြင့် ညမထွက်ရအမိန့်ထုတ်

**ဥက္ကာကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၂၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် နှင့် မင်းပြားမြို့နယ်တို့တွင် ရခိုင် တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးတို့အကြား ပဋိပက္ခအခြေအနေ၊ မငြိမ်သက်မှုနှင့် သေဆုံးမှုများကြောင့် ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ကို အောက်တိုဘာ ၂၂ ရက် ည ၉နာရီခွဲခန့်တွင် စတင်ထုတ်ပြန်လိုက်ရကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြန်ကြားရေးမှူး ဦးဝင်းမြိုင်က အတည်ပြုပြောကြားသည်။

**အချပ်ပို(F)သို့**



## မြန်မာကနေ တရုတ်နဲ့ အိန္ဒိယကို တင်ပို့နေတဲ့ သစ်လုံးပမာဏက ကျွန်မကိုတော်တော်အံ့အားသင့်စေပါတယ်

EIA မှသစ်တောဆိုင်ရာ လှုပ်ရှားမှု ခေါင်းဆောင် မစ္စဖိတ်ဒိုဟာသီနှင့်တွေ့ဆုံခြင်း

စာ(၂၇)သို့






POCKET MAP - INTERIOR VIEW
Detachable Hood
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
Clear Touch Inner Pocket (For 2 mobiles)
RoBugo Pocket Design
Pen Pocket x2
Eyeglass Pocket
Travel Documents Pocket
Digital Camera Pocket
i - Pad Pocket
Extendable Key Holder & Water Bottle Loop
photo : Naing Naing (R-2) design : nyein thu
CNC
JACKET
men's wear




သီတင်းကျွတ် လက်ဆောင်မွန်အတွက် အထူးထုတ်ပိုးမှု ပုံစံသစ်ဖြင့်
ပိုမို အကျိုးခံစားရစေမည့် . . .
ပိုမိုစွဲမက်ဖွယ် ကော်ဖီရနံ့နှင့် အရသာ...
NESCAFÉ
Rich Aroma 3in1
Super Save
Free
NESCAFÉ
Rich Aroma 3in1
27+2 Sticks
အိတ်ခွံလဲလှယ်နိုင်သော
ကာလ
25th Oct, 2012
to
31st Dec, 2012
အိတ်ခွံ x 5 pcs Get
အိတ်ခွံ x 10 pcs Get
Coffee-mate
အိတ်ခွံ x 20 pcs Get
အိတ်ခွံလဲလှယ်နိုင်သော နေရာများ
1. NESCAFÉ အထူးအစီအစဉ် ကြော်ငြာကပ်ထားသော ဆိုင်တိုင်းတွင် လဲလှယ်နိုင်ပါသည်။
2. MMI Advertising Co., Ltd. (Yangon) အမှတ်-၅/၁၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
3. MMI Advertising Co., Ltd. (Mandalay) တိုက်-၁၁၊ ၂၆လမ်းနှင့် ၂၅လမ်းကြား၊ လမ်း ၉၀၊ အောင်မြေသာဇံမြို့နယ်၊ ပွဲကုန်းရပ်၊ ရဲစခန်းအနောက်ဘက်ကပ်လျက်၊ မန္တလေးမြို့။
Hot Line - 09 732 32462
Nestlé
Good Food, Good Life

# ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ဥပဒေပါ သမ္မတအရည်အချင်း

**မင်းဟိန်းကျော်၊ရန်မျိုးနိုင်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အမေရိကန်ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်နိုင်ခြေနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေပြုပြောကြားမှုများရှိခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးကိစ္စမှာ နိုင်ငံရေးအသိုင်းအဝိုင်းက ပုဂ္ဂိုလ်အချို့နှင့် မီဒီယာများတွင် ပြောဆိုမှုများကြောင့်အများပြည်သူ အာရုံစိုက်မိလာသည့် အကြောင်းရပ်တစ်ခုဖြစ်လာသည်။

“ဒေါ်အောင်ဆန်းစုကြည် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့၊ မဖြစ်ဖို့ဆိုတာ ပြည်သူရဲ့သဘောထားပေါ်မှာပဲ မူတည်တယ်။ ပြည်သူ့သဘောထားက လက်ခံတယ်ဆိုရင် ကျွန်တော်ကလည်း လက်ခံရမှာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော့်ကြားမှာ ဘာပြဿနာမှ မရှိပါဘူး။ အခုလည်း လက်တွဲပြီးတော့ ကျွန်တော်တို့ လုပ်နေကြတာဖြစ်ပါတယ်” ဟု သမ္မတကြီးက အင်တာဗျူး တစ်ခုတွင် ပြောကြားခဲ့သည်။


ဒေါ်အောင်ဆန်းစုကြည်က သူမ၏ ခရီးစဉ်များပြီးဆုံး၍ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိချိန်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ “ကျွန်မက နိုင်ငံရေးပါတီတစ်ခုရဲ့ ခေါင်းဆောင်ပဲ။ နိုင်ငံရေးပါတီတစ်ခုရဲ့ ခေါင်းဆောင်ဆိုမှတော့ သမ္မတလည်း လုပ်ရဲတဲ့ သတ္တိရှိရမယ်။ ပြည်သူလူထုက လိုလားရင်လုပ်မှာပဲ” ဟု ပြောကြားသည်။

ထိုသို့ခေါင်းဆောင်နှစ်ဦးက ပြောကြားခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့သည် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် အတားအဆီးသဖွယ် ဖြစ်နေသည်။ သူမအား နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်လိုပါလျှင် အဆိုပါအချက်အချို့အား ယခုလွှတ်တော်သက်တမ်းအတွင်း ပြင်ဆင်နိုင်ရန် လိုအပ်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃)ရှိ ပုဒ်မ-၅၉ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်းများဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ်ခွဲ(စ)တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး (သို့မဟုတ်) ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင် သားသမီးတစ်ဦးဦး၏ ဇနီး (သို့မဟုတ်) ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ(သို့မဟုတ်) တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း၊ ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရဟု ဖော်ပြထားသည်။

အဆိုပါအပိုဒ်သည် လွှတ်တော်အမတ်ဦးရေ ၇၅ ရာခိုင်နှုန်းက ထောက်ခံရမည့်အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပကာ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ ၅၀ ရာခိုင်နှုန်းက ထောက်ခံဆန္ဒမဲပေးမှသာ ပြင်ဆင်နိုင်ခွင့်ရှိမည့် အချက်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးသည် ပြည်သူများ၏ သဘောထားပေါ် မူတည်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို မိမိတစ်ဦးတည်း၏ သဘောဖြင့် ပြင်ဆင်၍ မဖြစ်နိုင်ကြောင်း သမ္မတကြီးက BBC ရုပ်သံဌာနနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။




**လွှတ်တော်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ခက်ခဲကောင်းခက်ခဲနိုင်သော်လည်း ပြည်သူ့မဲကမူ အလားအလာကောင်းများရှိနေသည်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သူမအား သမ္မတဖြစ်ရန် ပြောဆိုနေကြသော်လည်း အခြေခံဥပဒေပါ ကန့်သတ်ချက်များအား ပြင်ဆင်ရန်မှာမူ ၃ နှစ်ကျန်ရှိသေးသည့် လွှတ်တော်သက်တမ်းအတွင်း ဖြစ်နိုင်ခြေနည်းပါးကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များက သုံးသပ်ပြောဆိုသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD ပါတီအနေဖြင့် လွှတ်တော်တွင်းရောက်ရှိပါက အခြေခံဥပဒေပြင်ဆင်ရေး၊ တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဟု ကြေညာခဲ့သည်။

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော်ကိုယ်စားလှယ်ဦး ဖြိုးမင်းသိန်းက အခြေခံဥပဒေမှာတပ်မတော်ရဲ့ပါဝင်ပတ်သက်မှုတွေကို ချောချောမွေ့မွေ့ ပြင်ဆင်နိုင်အောင် ဆောင်ရွက်ရမှာပါ။ ကျွန်တော်တို့ဘက်က ဒီလွှတ်တော်သက်တမ်းအတွင်းမှာ ဖွဲ့စည်းပုံကိုပြင်ဆင်ဖို့နဲ့ ၂၀၁၅ရွေးကောက်ပွဲမှာအောင်နိုင်ဖို့ပြင်ဆင်နေပါတယ်။ နောက်တစ်ချက်က ဥပဒေနဲ့အညီပြင်ဆင်နိုင်ဖို့အတွက် ဒီဖွဲ့စည်းပုံကဘယ်အချက်အလက်တွေကဘောင်ဝင်မယ်ဆိုတာကျွန်တော်တို့ ဆန်းစစ်ရပါမယ်” ဟု ပြောသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက “NLD က ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ချင်တယ်ဆိုရင်တော့ သမ္မတရွေးချယ်ရေးနဲ့ ပတ်သက်တဲ့ အချက်တချို့ ဖြစ်ကောင်းဖြစ်နိုင်တယ်။ အဲဒါကို ပြင်မယ်ဆိုရင် ကျွန်တော်ထင်တယ်။ ၇၅ ရာခိုင်နှုန်းကျော်နဲ့ နိုင်မယ်မထင်ဘူး။ ဒီသုံးနှစ်ကာလအတွင်းမှာ ပြင်နိုင်မယ်လို့ ကျွန်တော်တော့ မထင်ပါဘူး” ဟုပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဦးဝင်းတင်က ပြောဆိုရာတွင် အခြေခံဥပဒေပြင်ဆင်ရေးကိစ္စအား ၂၀၁၅ ခုနှစ်မတိုင်မီပြင်ဆင်နိုင်လိမ့်မည်ဟု မထင်ကြောင်း၊ ဒီမိုကရေစီပြောင်းလဲရေးတွင် အဓိကအဟန့်အတားမှာစစ်တပ်ဖြစ်နေကြောင်း ဆိုသည်။

လူတစ်ဦးတစ်ယောက်အတွက် အခြေခံဥပဒေပြင်ဆင်ရသည်မှာ မသင့်လျော်သော်လည်း ပြင်ဆင်ပေးရမည့်သူသည် နိုင်ငံအား ထူးထူးခြားခြား ပြောင်းလဲသွားနိုင်အောင် စွမ်းဆောင်ရည်ရှိသူဖြစ်ပါက ပြင်ဆင်ရန် စဉ်းစားသင့်ကြောင်း၊ လူတစ်ဦးတစ်ယောက်နှင့် ပုဂ္ဂိုလ်စွဲ ကိုးကွယ်မှုများရှိခဲ့လျှင် ဒီမိုကရေစီမဟုတ်သေးကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ထောက်ပြပြောကြားသည်။

အခြေခံဥပဒေ ပြင်ဆင်ရာတွင် လွှတ်တော်တွင်း ထောက်ခံဆန္ဒမဲများ ရရှိရန် လိုအပ်သဖြင့် အနိုင်ရပါတီသည် အရေးပါသော အခြေအနေတွင်ရှိသည်။ ယခုလွှတ်တော်သက်တမ်းအတွင်း အနိုင်ရပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် အခြေခံဥပဒေကို ပြင်ဆင်ရန် အခြေအနေနည်းပါးနေသည်။

အခြေခံဥပဒေပြင်ဆင်ရေးကို မိမိ၏ သဘောဆန္ဒဖြင့် ပြုလုပ်၍မရဘဲ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောဆန္ဒဖြင့်သာ သွားရမည်ဖြစ်ကြောင်း ယခုလ ၂၁ ရက်က နိုင်ငံတော်သမ္မတအိမ်တော်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံထားရသူ သမ္မတဦးသိန်းစိန်က ထပ်မံပြောကြားသည်။

“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြင်လို့ရတယ်။ အများသဘောတူတယ်ဆိုရင် လုပ်လို့ရပါတယ်။ အများသဘောအတိုင်း သွားမှာပဲ။ လက်ရှိမှာတော့ ပါတီအနေနဲ့ ဖွဲ့စည်းပုံအခြေခံပြင်ဖို့အဆိုတင်သွင်းဖို့ မရှိသေးပါဘူး”ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦးက ပြည်ပမီဒီယာတစ်ခုနှင့် အင်တာဗျူးတွင် ဖြေကြားထားသည်။

၂၀၁၅ ခုနှစ်အထိ သက်တမ်းရှိနေသည့် ယခုလွှတ်တော်သက်တမ်းအတွင်း အခြေခံဥပဒေပြင်ဆင်ရေးသည် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင်များ၏ သဘောသက်ရောက်မှုအပေါ် မူတည်နေကြောင်း ဦးခင်မောင်ဆွေက သုံးသပ်သည်။

“သမ္မတနဲ့ ပတ်သက်တဲ့အချက်တွေကို ပြည်ခိုင်ဖြိုးဘက်က ပြင်ဖို့ ခက်လိမ့်မယ်ဗျ။

**စာ(၁၂)သို့**

## ပြည်ပနိုင်ငံသားခံယူထားသော မြန်မာများကို အမြဲတမ်းနေထိုင်ခွင့် ပီအာစနစ်ဖြင့် ခွင့်ပြုမည်

**အားမာန်**

**နေပြည်တော်၊ အောက်တိုဘာ-၂၂**

ပြည်ပနိုင်ငံသား ခံယူထားသော မြန်မာနိုင်ငံသားများကို ပြည်တော်ပြန်လာပြီး နိုင်ငံအကျိုးအတွက် ကူညီလုပ်ကိုင်နိုင်ရန် အမြဲတမ်းနေထိုင်ခွင့် (PR- Permanent Residence)စနစ်ဖြင့် ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားသည်။

သမ္မတ၏ စက်တင်ဘာလတွင် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့သော ခရီးစဉ်တွင် အမေရိကန်နိုင်ငံသား ခံယူထားသော မြန်မာဆရာဝန်များကို မြန်မာနိုင်ငံသို့ပြန်လာရန် ဖိတ်ခေါ်ခဲ့ပြီး ပီအာစနစ်ဖြင့် ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

“နိုင်ငံခြားမှာ ပင်စင်ယူထားတဲ့ ဆရာဝန်ကြီးတွေ၊ တကယ့်တော်ပေ့ ဆရာဝန်ကြီးတွေ အများကြီးတွေ့ရပါတယ်။ ဒါကို ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ခင်ဗျားတို့ လာခဲ့ပါ။ အမေရိကန်နိုင်ငံသားခံယူထားတာ မြန်မာနိုင်ငံသားဥပဒေအရ Dual Citizen မပေးဘူး။ အဲဒီတော့ ကျွန်တော်တို့ဘယ်လိုလုပ်ပေးမလဲ။ ပီအာစနစ်နဲ့ ခင်ဗျားတို့ ဒီရောက်လို့ရှိရင် နေဖို့ထိုင်ဖို့ တိုက်ခန်းဝယ်လို့ရအောင် လုပ်ပေးမယ်”ဟု သမ္မတက အောက်တိုဘာ ၂၁ ရက်တွင် သမ္မတအိမ်တော်တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် အမေရိကန်နိုင်ငံသား ခံယူထားသော အမေရိကန်ရောက် မြန်မာများမှာ မြန်မာနိုင်ငံသို့ပြန်လာလိုကြောင်း သမ္မတ၏ အမေရိကန်ခရီးစဉ်တွင် ပြောကြားခဲ့ကြသည်။

“ကျွန်မတို့ မြန်မာနိုင်ငံကို ပြန်လာချင်ပါတယ်။ ကြာကြာလေးလည်း နေချင်ပါတယ်။ ဘယ်လိုလုပ်ရမလဲ။ ဟိုနိုင်ငံသားခံယူထားတော့ Dual Citizen ပေးလို့ တော့ မရဘူး။ သို့သော်လည်း ပီအာစနစ်နဲ့ နေနိုင်၊ ပြုနိုင်အောင် လုပ်ပေးမယ်ဆိုတော့ သူတို့လည်း တော်တော်ဝမ်းသာပါတယ်။ အဲဒီတော့ ခင်ဗျားတို့ထဲက အမျိုးတွေ၊ အဆွေတွေရှိရင်လည်း မကြာခင်ပဲ ရောက်လာတော့လိမ့်မယ်လို့ ထင်ပါတယ်။ ခင်ဗျားတို့ (သတင်းထောက်များ)မျှော်သာနေကြပေတော့”ဟု သမ္မတက ပြောသည်။ ပီအာစနစ်ခွင့်ပြုရန် မူဝါဒရေးဆွဲနေပြီဖြစ်ကြောင်း သမ္မတစီးပွားလူမှုအကြံပေးကောင်စီဝင်တစ်ဦးကလည်း ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

## CRIME မှုခင်း သတင်း CORNER

### တစ်နေရာတည်းတွင် နှစ်ရက်ဆက် ယာဉ်တိုက်မှုဖြစ်ကာ လူနှစ်ဦး ပွဲချင်းပြီးသေဆုံး

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၁၇**

အင်းစိန်ပန်းခြံအနီး နှစ်ရက်အတွင်း ယာဉ်တိုက်မှုနှစ်မှုဖြစ်ကာ အခင်းဖြစ်နေရာတွင်ပင် လူနှစ်ဦး ပွဲချင်းပြီးသေဆုံးကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၁၆ရက် ညနေ၆နာရီ၄၅မိနစ် အချိန်ခန့်က ဗဟိုလမ်းအတိုင်း မရမ်းကုန်းဘက်မှ အင်းစိန်ဘက်သို့ မောင်းလာသော ဟီးနိုးကွန်တိန်နာ အငှားယာဉ်သည် အင်းစိန် ပန်းခြံအလွန်တွင် လမ်းဖြတ်ကူးသူ ရွှေပြည်သာမြို့နယ်တွင်နေသည့်အသက်(၃၄)နှစ်အရွယ် အမျိုးသားတစ်ဦးအား တိုက်မိရာ ၎င်းအမျိုးသားသည် ဦးခေါင်းပြားပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားကြောင်း သတင်းရရှိသည်။

အလားတူ အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းကလည်း အင်းစိန်ပန်းခြံအနီးတွင်ပင် အထက်ပါလမ်းကြောအတိုင်း မောင်နှင်လာသော ဆယ်ဘီးကားကြီးက စက်ဘီးစီးလာသော အမျိုးသားတစ်ဦးအား တိုက်မိသောကြောင့် အခင်းဖြစ်နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

ယာဉ်တိုက်မှုဖြစ်စဉ် နှစ်ခုလုံး တွင် ယာဉ်မောင်းသူများ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။ ထို့ကြောင့် အောက်တိုဘာ ၁၆ ရက်တွင် ယာဉ်တိုက်မှုဖြစ်စဉ်များအား အင်းစိန်ရဲစခန်းမှ ဒုရဲအုပ်အောင်ဇော်ဝင်းက တရားလိုပြုလုပ်ကာ ယာဉ်မောင်းများအား အရေးယူနိုင်ရန် ပြစ်မှုအမှတ်(ပ)၁၄၆၃/၁၂ ပုဒ်မ-၃၀၄-က/၂၀၂ ဖြင့်တရားခံများ ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

### နေအိမ်ခြံဝင်းအတွင်း သွယ်တန်းထားသော လျှပ်စစ်ဓာတ်ကြိုး ဝင်ခိုးရာမှ ဓာတ်လိုက်သေဆုံး

**ရန်နိုင်ကျော်**

**မုံရွာ၊ အောက်တိုဘာ-၂၀**

မုံရွာမြို့ နန္ဒဝန်ရပ်ကွက်အတွင်း ဆောက်လုပ်နေဆဲ နေအိမ်ခြံဝန်းအတွင်း သွယ်တန်းထားသော လျှပ်စစ်ဓာတ်ကြိုးအား ဖြတ်တောက်ခိုးယူခဲ့ရာမှ ဓာတ်လိုက်သေဆုံးမှုဖြစ်စဉ်တစ်ရပ် အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲအချိန်တွင် ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ကျောက္ကလမ်းရှိအိမ်ပိုင်ရှင်ဒေါ်လဲ့လဲ့ဝင်း၏ ဆောက်လုပ်ဆဲနေအိမ်ခြံဝင်းအတွင်း သို့မဦး(၃၂နှစ်)သလ္လာ(၉)ရပ်ကွက်မုံရွာမြို့နေသူသည်ပလတ်စတစ်ဝင်ကောက်၍ နေအိမ်ခြံဝင်းအတွင်း သွယ်တန်းထားသော ဓာတ်ကြိုးအား ခိုးယူဖြတ်တောက်ရာမှ ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မုံရွာမြို့အမှတ်(၂)ရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းအမှတ် ၁၆/၂၀၁၂ အရ အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

## Photo News



**ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း တိုနီဘလဲသည် အောက်တိုဘာ ၂၀ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့သည်။ ထိုနေ့မှာပင် တိုနီဘလဲသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်လည်း နိုင်ငံတော်သမ္မတအိမ်တော် ညှိနှိုင်းခန်းမဆောင်၌တွေ့ဆုံခဲ့ကြသည်။**

ဓာတ်ပုံ- Sunny

# အနှိပ်ခန်းများအား အဖမ်းကြမ်း

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

ရန်ကုန်မြို့အတွင်းရှိ အနှိပ်ခန်းများအား အောက်တိုဘာလလယ်ရက်ပိုင်းမှ စတင်ကာ တိုင်းမှူး စီမံချက်ဖြင့် ဖမ်းဆီးအရေးယူမှုများ လုပ်ဆောင်လာကြောင်း သတင်းရရှိသည်။

"ဂျာနယ်တွေမှာ အနှိပ်ခန်းနဲ့ ပတ်သက်ပြီးပါလာတာက ကျွန်တော်တို့ရဲတွေက အနှိပ်ခန်းပိုင်ရှင်တွေဆီက ငွေယူပြီး ဖွင့်ခွင့်ပေးထားတယ်ဆိုပြီးပါတော့ အခုလို ရဲတိုင်းမှူးရဲ့ စီမံချက်နဲ့ အနှိပ်ခန်းရှိတဲ့ မြို့နယ်တွေက အနှိပ်ခန်းတွေကို ဖမ်းဆီးအရေးယူနေတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ကျရဲအရာရှိတစ်ဦးက ပြောသည်။

ထိုသို့ ဖမ်းဆီးအရေးယူရာတွင် အချို့သော အနှိပ်ခန်းများသည် ပြည့်တန်ဆာလုပ်ငန်းကိုပါ ပူးတွဲလုပ်ဆောင်နေခြင်းကို တွေ့ရှိခဲ့ရ၍ ပြည်တန်ဆာပုဒ်မဖြင့်ပါ အရေးယူဆောင်ရွက်ခဲ့ရကြောင်း ၎င်းက ပြောသည်။

"တချို့ကတော့ သီးသန့်အနှိပ်ခန်းတွေပါ။ ဒါကြောင့် တရားရုံးကို တင်တဲ့အခါမှာ ပုဒ်မ ၁၈၈ နဲ့ပဲ အရေးယူတယ်။ တချို့ကတော့ပြည့်တန်ဆာပုဒ်မ ၃(ခ) နဲ့ အရေးယူရတာပေါ့" ဟု ၎င်းက ပြောသည်။

ဒေသန္တာရအမိန့်ကိုနာခံရန် ပျက်ကွက်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ ထောင်ဒဏ်တစ်လ (သို့မဟုတ်) ဒဏ်ငွေကျပ် ၂၀၀ နှင့် နှစ်ပေါင်းပြစ်ဒဏ်စီရင်နိုင်သကဲ့သို့ လူတို့အတွက် ကျန်းမာရေးနှင့် လုံခြုံရေးထိခိုက်ပါက ထောင်ဒဏ် ခြောက်လ(သို့မဟုတ်) ဒဏ်ငွေကျပ် ၁၀၀၀ နှင့် နှစ်ရပ်ပေါင်းပြစ်ဒဏ်စီရင်နိုင်သည်။

ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေအား ၁၉၄၉ ခုနှစ်တွင် ဥပဒေအမှတ် ၂၄/၁၉၄၉ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ် တွင် အက်ဥပဒေအမှတ် ၉/၁၉၅၆ ဖြင့် ပြင်ဆင်ထားကာ ပြစ်ဒဏ်စီရင်ခြင်းခံရသူသည် မိန်းမဖြစ်လျှင် တစ်နှစ်ထက်မနည်း၊ သုံးနှစ်ထက်မများသည့် ထောင်ဒဏ်စီရင်ခြင်း ခံရနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ န. ဝ. တ အုပ်ချုပ်သော အချိန်တွင် ပြင်ဆင်ခဲ့သော ဥပဒေအရ ပုဒ်မ ၃(ခ)အရ အနည်းဆုံး ထောင်ဒဏ်တစ်နှစ်သို့ ပြောင်းလဲခဲ့သည်။

"ကျွန်တော်က သူတို့လာဖမ်းတဲ့အချိန်မှာ မရှိဘူး။ ဒါကြောင့် ဘာမှမသိလိုက်ပါဘူး။ အခုဘုရားဖူးထွက်ဖို့ ပြင်နေပါတယ်" ဟု အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမပေါ်တွင် ဖွင့်လှစ်ထားသော အနှိပ်ခန်းပိုင်ရှင်တစ်ဦးက ပြောသည်။

အနှိပ်ခန်းများနှင့် ပြည့်တန်ဆာလုပ်ငန်းများအား ဖမ်းဆီးရာတွင် အဆိုပါ လုပ်ငန်းပိုင်ရှင်များနှင့် အခန်းပိုင်ရှင်များအား အရေးယူဆောင်ရွက်မှုမရှိခြင်းမှာ ဥပဒေကို လက်တစ်လုံးခြား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စာရေးဆရာ ရွှေ့နေဦးခင်ဇော်(မရမ်းကုန်း)က ပြောသည်။

"ဒီကိစ္စတွေက ပိုင်ရှင်အပေါ်မှာ တာဝန်ရှိတယ်။ ရဲတွေက မန်နေဂျာတွေကိုပဲ ပြည့်တန်ဆာခေါင်းအနေနဲ့ အရေးယူဖို့ တရားရုံးကိုတင်တယ်။ ဒါဟာဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူးဆိုပေမယ့် ဘက်လိုက်တာပေါ့။ တကယ်တော့ မန်နေဂျာဆိုတာ ပိုင်ရှင်ပေးတဲ့ လခကိုမှီခိုနေရသူတွေပဲ။ အမှန်တကယ် ပြစ်မှု ကျူးလွန်တဲ့သူတွေကို ပြတ်ပြတ်သားသား အရေးယူသင့်ပါတယ်" ဟု ၎င်းကပြောသည်။

ဥပဒေအမှတ် ၇/၉၈ ဖြင့် ပြင်ဆင်ထားသော ပြည့်တန်ဆာ ဥပဒေပုဒ်မ ၅(၁)တွင် မည်သူမဆို အခြားသူ တစ်ဦးတစ်ယောက် ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွားရှာဖွေရရှိသည်ကို သိလျက်နှင့် ထိုသူရှာဖွေရရှိသော စီးပွားကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မှီ၍ အသက်မွေးဝမ်းပြုပြင်ပြစ်မှုမြောက်သည်။ ပုဒ်မ၈(ဂ)တွင် အိမ်ဥပစာကို အငှားချထားသူသော်လည်းကောင်း၊ ပိုင်ဆိုင်သူသော်လည်းကောင်း အဆိုပါသူတို့၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွားရှာရန်ကိစ္စအတွက် အသုံးပြုမည်ဖြစ်ကြောင်းသိလျက်နှင့် ထိုဥပစာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေကိုဖြစ်စေငှားရမ်းလျှင်(သို့မဟုတ်) အဆိုပါကိစ္စတစ်ခုခုအတွက်အဆိုပါ အိမ်ဥပစာအားလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆက်လက်၍ အသုံးပြုရာ၌ သဘောတူပါဝင်သူဖြစ်လျှင် ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းသည်။

ယခုစီမံချက်တွင် ဖမ်းဆီးခံခဲ့ရသော အနှိပ်ခန်းမှမိန်းကလေးများအား နောက်တစ်နေ့တွင် တရားရုံးမှ ဒဏ်ကြေးငွေ ၂၀၀ ကျပ်စီ ပေးဆောင်စေပြီး အနှိပ်ခန်းမန်နေဂျာအား ထောင်ဒဏ်တစ်လချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

"မိန်းကလေးတွေက မိကောင်းဖခင် သားသမီးလေးတွေပါပါတယ်။ သူတို့တွေက ပညာမတတ်ကြတာရယ်၊ ဆင်းရဲနွမ်းပါးကြတာရယ်ကြောင့် ဒီလိုအလုပ်မျိုးတွေ လုပ်နေကြတာပါ။ အလုပ်အကိုင်ကောင်းကောင်းပေးနိုင်ဖို့လိုပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အနှိပ်ခန်းတိုင်းသည် အလှပြင်ဆိုင်ကဲ့သို့ပြင်ဆင်ထားလေ့ရှိပြီး အုပ်ချုပ်ရေးပိုင်ဆိုင်ရာ တာဝန်ရှိသူများနှင့် တစ်နည်းနည်း ဆက်စပ်ပတ်သက်လေ့ရှိကြောင်း အနှိပ်ခန်းများသို့ ပုံမှန်သွားလေ့ရှိသော အသက် ၃၀ ဝန်းကျင် အမျိုးသားတစ်ဦးက ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောင်မင်္ဂလာ အဝေးပြေးကွင်းတွင် အနှိပ်ခန်းနှင့် ဗျူတီးဆလွန်းခန်းများ ၄၀ ကျော်ခန့်ရှိသည်ဟု သိရသည်။

အဆိုပါလုပ်ငန်းများ အများဆုံးတည်ရှိနေရာ မြို့နယ်များမှာ ကျောက်တံတား၊ လသာ၊ လမ်းမတော် စသည့်မြို့တွင်း ရေိယာများဖြစ်ပြီး စမ်းချောင်းမြို့နယ်နှင့် ဘုရင့်နောင်ပွဲရုံဝန်းကျင်တို့လည်း နာမည်ကျော်ကြားသည်။

အနှိပ်ခန်းများ ဖမ်းဆီးအရေးယူသော စီမံချက်ပြီးဆုံးပြီး မကြာမီတွင် ပိုင်ရှင်များမှ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်လာဦးမည်ဖြစ်ကြောင်း ရှေ့နေဦးခင်ဇော်က ပြောသည်။



# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြောင်းလွယ်ပြင်လွယ်ရှိသင့်ဟု ဒေါက်တာဦးမြင့် ပြောကြား

ပြည့်သိမ်း၊အောင်သူရ

**ရန်ကုန်၊ အောက်တိုဘာ-၂၂**
လွှတ်တော်မှ မကြာမီအတည်ပြုမည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြောင်းလွယ်၊ ပြင်လွယ်ရှိစေလိုကြောင်း နိုင်ငံတော် သမ္မတစီးပွားရေး အကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်က ပြောကြားသည်။

"ဒီဥပဒေက နိုင်ငံခြားကရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်သလိုမလာချင်အောင်လည်း လုပ်တဲ့အချက်တွေ အများကြီးရှိတယ်" ဟု ဒေါက်တာဦးမြင့်က မြန်မာနိုင်ငံနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအကြောင်း ဟောပြောပွဲတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ရင်းနှီးမြှုပ်နှံမှု ဥပဒေကို အခုလွှတ်တော်မှာ ပြန်လည်ပြင်ဆင်နိုင်လိမ့်မယ်လို့ယုံကြည်တယ်" ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်ခရီးစဉ်မှ ပြန်လာပြီးနောက်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားဖူးသည်။

ထို့အပြင် Global Investment Forum မှ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်အချို့က ရင်းနှီးမြှုပ်နှံမှု မတည်ငွေကို အချိုးတူထည့်ဝင်ရန် သတ်မှတ်ခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက်အခက်အခဲဖြစ်စေကြောင်း ဆိုသည်။ စက်တင်ဘာလဆန်းကလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းတွင် ပါဝင်သည့် အချက်အချို့နှင့် ပတ်သက်၍ ပြင်ဆင်ရန် ရန်ကုန်မြို့ရှိUMFCCIတွင်သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့မှ ရသည့်ငွေများကိုသုံး၍ စက်ရုံအလုပ်ရုံ အခြေခံအဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပါကနိုင်ငံ၏ စီးပွားရေးတိုးတက်လာနိုင်ကြောင်း စီးပွားရေး ပညာရှင် ဒေါက်တာဦးမြင့်က ပြောကြားခဲ့သည်။

ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့သော်လည်း နိုင်ငံတော်သမ္မတက ပြင်ဆင်ချက်များဖြင့် လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော်၌ ပြန်လည်ဆွေးနွေးဦးမည်ဖြစ်ကြောင်း ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်မှ သိရှိရသည်။

နိုင်ငံတော် သမ္မတ၏ သဘောထားမှတ်ချက်တွင် ယင်းဥပဒေကြမ်းအား ပြင်ဆင်သည့် သဘောထား (၁၁) ချက်နှင့် ဥပဒေရေးထုံးကို ပြင်ဆင်သည့်အချက်ငါးချက်ပါဝင်ကြောင်း၊ ကော်မတီ၏ လေ့လာစိစစ်ချက်အရ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း သင့်လျော်သည်များရှိသကဲ့သို့ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ထားရှိသင့်သော အချက်များရှိကြောင်းလည်း ကော်မတီ၏ အစီရင်ခံစာအရ သိရသည်။



ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီး ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ SSS ကားအရောင်းပြခန်းမှ ထွက်လာသောယာဉ်တစ်စီးအား မထသ(၄၃)ခရီးသည်တင်ယာဉ်တစ်စီးက အောက်တိုဘာ ၂၂ရက်နေ့လယ်ပိုင်းက ဘရိတ်ပေါက်ကာ ဝင်ရောက်တိုက်မိစဉ် ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

## MAI လေကြောင်းလိုင်း နိုဝင်ဘာ၁ရက်တွင် မန္တလေးနှင့်ဗုဒ္ဓဂါယာတိုက်ရိုက်ပျံသန်းမည်

**ရန်ကုန်၊အောက်တိုဘာ-၂၂**

မြန်မာနိုင်ငံပိုင်လေကြောင်းလိုင်း MAIသည် နိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးနှင့် အိန္ဒိယနိုင်ငံရှိ ဘီဟာပြည်နယ်မှ ဂါယာမြို့တို့အကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှုကို လာမည့်နိုဝင်ဘာ ၁ ရက်မှ စတင်သွားမည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံပိုင် ဆင်ဟွာ၏ ဖော်ပြချက်၌ မြန်မာ့အပြည်ပြည်ဆိုင်ရာ လေကြောင်း MAIမှ အရာရှိတစ်ဦးက "ဂါယာမြို့ကိုတိုက်ရိုက်သွားချင်တဲ့သူတွေဟာ(ဒီခရီးစဉ်ပျံသန်းမှုကြောင့်) ရန်ကုန်ကိုတစ်ဆင့်လာစရာ မလိုတော့ပါဘူး"ဟု ပြောကြားသည်ကို ဖော်ပြထားသည်။ ဂါယာမြို့သည် ဘီဟာပြည်နယ်မြို့တော် ပတ္တနားနှင့် ၁၀၀ကီလိုမီတာခန့် ကွာဝေးပြီး မြန်မာဗုဒ္ဓဘာသာဝင်များအတွက် ဗုဒ္ဓဘုရားပွင့်တော်မူရာ အဓိကဘုရားဖူးခရီးထွက်ရာ နေရာလည်းဖြစ်သည်။ MAI ၏ ယခုခရီးစဉ်သည် အိန္ဒိယ၌ ဗုဒ္ဓဂါယာဘုရားဖူးထွက်မည့် မြန်မာခရီးသည်များကို အဓိကရည်ရွယ်သည်။ လက်ရှိတွင် MAIသည် နိုင်ငံငါးနိုင်ငံသို့ ပျံသန်းနေပြီး ယခုနှစ်ကုန်ပိုင်းတွင်လည်း ရန်ကုန်နှင့် ဟောင်ကောင်တိုက်ရိုက်လေကြောင်းခရီးစဉ် စတင်ပျံသန်းမည်ဟု သိရသည်။

-Ref:twocircles.net



GIORENZO တံဆိပ် ကျား/မ လူကြီးဝတ်၊ ကလေးဝတ် အင်္ကျီမျိုးစုံ ဘောင်းဘီနှင့် မိုးကာအင်္ကျီများကို အမြို့မြို့အနယ်နယ်ရှိ ဆိုင်များ၊ SUPER MARKET ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



Unilever
Knorr
San Pyoke
Chicken Flavour
Contains Jasmine Rice
Boil only 3 minutes
နေ့ရက် ▸ ၃၀.၁၀.၂၀၁၂ (သီတင်းကျွတ်လပြည့်နေ့)
နေရာ ▸ Natural World (ပြည်သူ့ရင်ပြင်)
သီတင်းကျွတ်လပြည့်နေ့မှာ Natural World (ပြည်သူ့ရင်ပြင်) မှာကစားရင်းတစ်နေကုန်အပန်းဖြေမယ်။
ညနေခင်း ရေပန်းရုပ်ရှင်နဲ့အတူ
ဟားတိုက်ရယ်ရမယ့်
လူရွှင်တော်များရဲ့ ဖျော်ဖြေမှု
ညီအကိုများ
စတဲ့ အစီအစဉ်လေးတွေမှာ ပါဝင်ဖို့ City Mart, Ocean, Capital, စိန်ဂေဟာဆိုင်တွေမှာ ခနော ဆန်ပြုတ် ဝယ်ယူပြီး
လက်မှတ်လေးတွေ ရယူလိုက်ကြရအောင် ...




နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom
"ဘဏ်တိုးများ၊ ဝန်ဆောင်ခများ၊ အခြားကုန်ကျစရိတ်များ ပေးရန်မလိုပဲ"
2003 Caldina Van
1800 CC/2000 CC
သိန်း 110 လက်ငင်းပေးသွင်းရုံဖြင့်
2002 Premio Saloon
1500 CC/1800 CC
သိန်း 100 လက်ငင်းပေးသွင်းရုံဖြင့်
ပထမ အကြိမ် အရစ်ကျ ပေးသွင်းရုံဖြင့် ကားတစ်စီး လက်ဝယ်ပိုင်ဆိုင် နိုင်ပြီး . . . ကျန်ငွေကို နောက်ထပ် (၁၀) ကြိမ် ပေးသွင်းရမည်။
220/230 သိန်း(အပြီးအစီး)
180/190 သိန်း(အပြီးအစီး)
260/270 သိန်း(အပြီးအစီး)
220/230 သိန်း(အပြီးအစီး)
180/190 သိန်း(အပြီးအစီး)
DIAMOND AUTO Service Co., Ltd. No. (150-B), New University Avenue Road, Bahan Township, Yangon, Myanmar.
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591 Website : www.diamondauto-myanmar.com

# တရားသူကြီးများသာမက တရားခွင်စာရေးများပါ အပြောင်းအရွှေ့ လုပ်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

တရားရေးလောကတွင် တရားသူကြီးအချို့နှင့် တရားခွင်စာရေးအပြောင်းအလဲများ ယခုရက်ပိုင်းအတွင်းဖြစ်ပေါ်နေကြောင်းတရားရေးလောကမှ ဝန်ထမ်းများနှင့် ရှေ့နေအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

တရားရေးလောကတွင် တရားသူကြီးများ၏ အပြောင်းအရွှေ့မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီစဉ်မှုအရ ပုံမှန်ဖြစ်ပေါ်လေ့ရှိပြီး ထူးခြားမှုမရှိသော်လည်း တရားခွင်စာရေးများ အပြောင်းအရွှေ့မှာမူ ယခုတစ်ကြိမ်သည် ပထမဆုံးဖြစ်ပြီး နောက်ပိုင်းတွင်လည်း တရားရုံးတစ်ခုခုတွင် တရားခွင်စာရေးများကို ပုံသေရာသက်ပန် မထားရှိဘဲ အလျဉ်းသင့်သလို ပြောင်းလဲသွားရန် စီမံကိန်းချကာ ပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း တရားလွှတ်တော်ရှေ့နေ ဦးကိုနီက ပြောသည်။

"မြောက်ပိုင်းခရိုင်က တရားသူကြီးတွေ အရှေ့ပိုင်းခရိုင်ပြောင်းရမယ်လို့ကြားတယ်။ တချို့ ပြောင်းနေကြတာတွေတွေ့တယ်။ ခုဟာက တရားခွင်စာရေးတွေကိုပါပြောင်းတာ။ ကျွန်တော်တို့အမှုလိုက်လာတဲ့ သက်တမ်းတစ်လျှောက် ခုကာလက အပြောင်းအရွှေ့ အရမ်းများနေတယ်လို့ သုံးသပ်မိတယ်"ဟု အဆိုပါ ခရိုင်ရုံးများတွင် အမှုများလိုက်ပါဆောင်ရွက်နေသူ အထက်တန်း ရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း)က ပြောသည်။

"တရားခွင်တစ်ခုမှာ စာရေးကြောင့်နာမည်ပျက်ရတဲ့တရားသူကြီးတွေ အများကြီးရှိသလိုစာရေးနဲ့ပေါင်းပြီးလုပ်တဲ့ တရားသူကြီးတွေလည်းရှိတယ်။ အရင်ကဆို တရားသူကြီးသာ ပြောင်းသွားတယ်။ စာရေးက ဘယ်တော့မှ မပြောင်းဘူး။ ခုကျတော့ တရားခွင်စာရေးတွေကို နေရာစုံမှာ လှည့်ပြီး ထိုင်ခိုင်းမယ့်သဘော ရှိနေတယ်။ ဒီတရားခွင်မှာ ဒီစာရေးပဲ ခြယ်လှယ်တာမျိုး၊ အမှုသည်နဲ့ စာရေးတွေကြားက လက်သင့်ရာ လာဘ်ပေးလာဘ်ယူမှုမျိုးတွေ အများကြီး ပြောင်းလဲသွားနိုင်တယ်" ဟု ဦးကိုနီကပြောသည်။

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီမှ တရားရုံးသုံးခုနှင့် တရားလွှတ်တော်များသို့ သွားရောက်လေ့လာပြီးနောက် ယခုကဲ့သို့ အပြောင်းအလဲများ ဖြစ်ပေါ်လာခြင်းဖြစ်နိုင်ကြောင်း အဆိုပါရှေ့နေတို့က သုံးသပ်သည်။

"တရားခွင် စာရေးတွေလည်း ပြောင်းတဲ့အထဲမှာပါတယ်။ နောက်ပြီး တရားခွင်စာရေးကနေ ဘီလစ်စာရေးဖြစ်သွားတာတွေလည်းရှိတယ်။ ကျွန်မကတော့ ဒါ ကောင်းတဲ့အလားအလာလို့ မြင်ပါတယ်။ အရင်လို ဒီတရားသူကြီးနဲ့ ဒီစာရေးဆိုတာမျိုး သူ့လူကိုယ့်လူမဟုတ်တော့တာတွေဖြစ်လာမယ်" ဟု တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

မြန်မာနိုင်ငံတွင် နယ်ပယ်အချို့၌ အပြောင်းအလဲများ ဖြစ်ပေါ်နေသော်လည်း မပြောင်းလဲသေးဟု ဝေဖန်မှုများထွက်ပေါ်နေသော တရားရေးလောက အတွက် ယခုဝန်ထမ်းများအပြောင်းအရွှေ့မှာတရားစီရင်ရေးအပြောင်းအလဲအတွက် အထောက်အကူဖြစ်လာနိုင်ကြောင်း သိရသည်။



စပစ်ဖိုင်းယားတိုက်လေယာဉ်တစ်စီး ပျံသန်းနေစဉ်

ဓာတ်ပုံ-Thundersprit

# ဒုတိယကမ္ဘာစစ်အတွင်း မြှုပ်နှံခဲ့သည့် တိုက်လေယာဉ်အစီး ၁၀၀ ကျော် ပြန်လည်တူးဖော်မည်

**နေလင်းထွန်း၊သန်းဌေး**

**ရန်ကုန်၊အောက်တိုဘာ-၂၂**

မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၇၀နီးပါးက မြေအောက်၌ မြှုပ်နှံသိမ်းဆည်းခဲ့သော ဗြိတိသျှစစ်တပ်မှ Spitfire တိုက်လေယာဉ်အစီးရေ၁၀၀ ကျော်အနက် အစီး ၆၀ခန့်ကို နိုဝင်ဘာလဆန်းတွင် စတင်တူးဖော်နိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။


ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်နှင့် တိုက်ခိုက်ရန် မြန်မာနိုင်ငံသို့ ပေးပို့ခဲ့သော တိုက်လေယာဉ်များနှင့် ဆက်စပ်ပစ္စည်းများအား အသုံးမပြုရသေးမီ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်လူးဝစ်မောင့်ဘတ်တန်၏ ညွှန်ကြားမှုဖြင့် မြေမြှုပ်ပစ်ခဲ့ခြင်းဖြစ်သည်။

သမိုင်းအထောက်အထားနှင့် ဂြိုဟ်တုပုံရိပ်များအရ နေရာသုံးခုတွင် စတင်တူးဖော်သွားမည်ဖြစ်ပြီး တိုက်လေယာဉ် ရှာဖွေတွေ့ရှိပါက ဆက်လက်တူးဖော်ခွင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**အချပ်ပို(B)သို့**



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.33 · OCTOBER 25 , 2012



## ၂၀၁၂ အောက်တိုဘာ ၂၄မှ၃၀ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင် မုတ်သုံလေဦးဟာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ ဆက်လက်တည်ရှိနေနိုင်တဲ့အတွက် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်စွာ ဖြစ်ထွန်းနိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် တိမ်အနည်းသာ ဖြစ်ထွန်းပြီး ကပ္ပလီပင်လယ်ပြင်မှာသာယာနိုင်ပါတယ်။ ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်လာနိုင်ပေမယ့်မုန်တိုင်း အန္တရာယ် မရှိသေးပါ။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ကမ်းလွန်ဒေသတွေမှာလှိုင်းအနည်းငယ်သာ ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေခန့်သာ ရှိနိုင်ပါတယ်။ ကပ္ပလီကျွန်းစုအနီးမှာ လှိုင်းအမြင့် ၂ပေမှ ၃ပေခန့် အထိရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

လက်ရှိအခြေအနေမှာ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသများနဲ့ အရှေ့တောင်ပိုင်းဒေသများမှာ မိုးအသင့်အတင့် ရွာသွန်းနေပြီးကျန်ဒေသများ အားလုံးမှာ မိုးရွာသွန်းမှု လျော့ကျလာနေပါတယ်။ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်းအနောက်ပိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတို့မှာ ရက်သတ္တတစ်ပတ်လျှင် ၉၀ မီလီမီတာ(၃ ဒသမ ၅ လက်မ)ခန့်၊ ကရင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှာ ၆၀ မီလီမီတာ (၂ ဒသမ ၅ လက်မ)ခန့်နဲ့ ကျန်ဒေသတွေမှာ ၃၀ မီလီမီတာ (၁ ဒသမ ၅ လက်မ)ခန့် ပျမ်းမျှရွာသွန်းခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်**

ကချင်ပြည်နယ်၊ ရှမ်းပြည် နယ်မြောက်ပိုင်း၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ပဲခူးတိုင်းအရှေ့ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ အများအားဖြင့် သာယာနိုင်ပါတယ်။ မန္တလေး တိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ ရှမ်းပြည် နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့မှာ နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်နဲ့မကွေးတိုင်းအနောက်ပိုင်းတို့မှာ နေရာကွက်ကျား မိုး ထစ်ချုန်းရွာနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ**

ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ပဲခူးတိုင်း၊ ကယားပြည်နယ်တို့မှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အလားအလာသေချာမှု ၃၀ရာခိုင်နှုန်းခန့် ရှိနိုင်ပါတယ်။ ကျန်ဒေသများမှာ မိုးတိမ်တောင်ဖြစ်ဖို့ အလားအလာများ မရှိပါ။ အထူးသဖြင့် မြောက်ပိုင်း ဒေသများတွင် မိုးတိမ်တောင် ဖြစ်နိုင်ခြေ လုံးဝ မရှိနိုင်ပါ။

**နေ့အပူချိန်များအခြေအနေ**

တစ်ပြည်လုံးတွင် အရှေ့တောင်အာရှ ကျွန်းဆွယ်တစ်ခုလုံး အပူရှိန်များ သိသာစွာ မြင့်တက်နေနိုင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှာလည်း အပူရှိန်များ သိသိသာသာ မြင့်တက်နေနိုင်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းတွင် အပူလှိုင်း တစ်ခု ဖြတ်သန်းသွားနိုင်ပါတယ်။

တစ်ပြည်လုံးတွင် အပူရှိန်များ ပုံမှန်ထက် အနည်းငယ် ပိုမိုမြင့်တက်နေနိုင်ပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ တနင်္သာရီတိုင်းဒေသတွေမှာ အပူရှိန်များ ပုံမှန်ထက် ပိုမိုမြင့်တက်နိုင်ပါတယ်။ ကျန်ဒေသများမှာ အပူချိန်များ ပုံ မှန်ခန့်သာရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေနဲ့ ရေကြီးမှု အလားအလာ**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရေလွှမ်းမိုးမှု အလားအလာများ ဖြစ်နိုင်ဖွယ် မရှိတော့ပါ။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ပိုမိုဖြစ်လာနိုင်ပြီး မိုးရွာသွန်းမှုလည်း ရွာသွန်းမြဲထက် ပိုလာနိုင်ပါတယ်။ ဒါပေမဲ့ ဖြစ်ပေါ်လာသော မုန်တိုင်းများအနေဖြင့် အရှေ့မြောက်ဘက်ကိုသာဦးတည်ရွေ့လျားနိုင် တဲ့အတွက် မြန်မာနိုင်ငံဘက်ကို အရှေ့ဘက်မှ မုန်တိုင်း အကြွင်းအကျန်နဲ့ လေပွေလှိုင်းများအဖြစ် ရောက်ရှိလာနိုင်ဖွယ်ရာ အခြေအနေများ မရှိနိုင်ပါ။ **ဒေါက်တာထွန်းလွင်**

# ငွေလဲကောင်တာများ ချေး(ဂျီး)သိပ်မများတော့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၁၇**

ငွေလဲကောင်တာများတွင် နိုင်ငံခြားငွေ လာရောက်လဲလှယ်သူများ အဆင်ပြေစေရန်အတွက် ငွေကြေးလဲလှယ်ရာတွင် သတ်မှတ်ချက် အချို့ကို လျှော့ချ၍ လဲလှယ်ပေးနေပြီဖြစ်ကြောင်း ပုဂ္ဂလိကဘဏ်များ၏ တာဝန်ရှိသူက ပြောသည်။

"အဓိကက ငွေကြေးလဲလှယ်တဲ့ နေရာမှာ ဒါတွေနဲ့ပတ်သက်ပြီး Customer တွေနဲ့ခဏခဏ ပြဿနာတတ်ကြတာတွေ မရှိအောင်ရယ်၊ ငွေလဲလှယ်တဲ့ နေရာမှာလည်း မြန်ဆန်အောင်ရယ်၊ နိုင်ငံတကာမှာလို လုပ်ဆောင်နိုင်အောင်ရယ် ဒီအချက်ကို ထပ်မံလျှော့ချပြီး ဆောင်ရွက်ပေးတဲ့သဘောပါ" ဟု စီဘီဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လျှော့ချလဲလှယ်မည့် အချက်များမှာ ငွေစက္ကူဟောင်းနွမ်းသော်လည်း အစစ်အမှန်ဟု အလွယ်တကူခွဲခြားနိုင်သောငွေစက္ကူ၊ Money Changer ၏ Seal တံဆိပ်များ ရိုက်နှိပ်ထားသည့် ငွေစက္ကူပေါ်၌ မင်ရာများ၊ လက်မှတ်များပါရှိခြင်း၊ အနည်းငယ်စွန်းထင်းပြီး(Spot) အစက်ပါရှိသော ငွေစက္ကူ၊ ငွေစက္ကူခေါက်ရိုးကျိုး၍ ပွန်းနေသော ငွေစက္ကူ၊ မျက်နှာပြင်အစွန်းကွက် အနည်းရှိနေသော ငွေစက္ကူ၊ ငွေစက္ကူအနားဒေါင့်စွန်းများ အနည်းငယ် စုတ်ပြဲနေသော်လည်း ဆွေးမြည့်ခြင်းမရှိသော ငွေစက္ကူတို့ဖြစ်သည်။



**ပုဂ္ဂလိကဘဏ်ငွေလဲကောင်တာတစ်ခု** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယခင်က ကောင်တာများ၌ ငွေလဲလှယ်သည့်အခါ ငွေ၊ ငွေစက္ကူအရည်အသွေး အသစ်ဆုံး ပုံစံမျိုးများကိုသာ လက်ခံဝယ်ယူခဲ့သည်။

နိုင်ငံခြား ငွေဈေးကွက် ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် ယင်းအချက်များကို လျှော့ချလက်ခံပေးရန် သက်ဆိုင်ရာ ဘဏ်များကို အောက်တိုဘာ ၁၈ ရက် နေ့စွဲဖြင့် ညွှန်ကြားချက်ထုတ်ပြန်ကြေညာခဲ့သည်။

ထိုအချက်များကို လျှော့ချဝယ်ယူနေပြီဖြစ်သော်လည်း စုတ်ပြဲ၊ ပေါက်ပြဲနေသော ငွေစက္ကူများ၊ တိပ်(Tape)ကပ်ထားသော ငွေစက္ကူများ၊ အသုံးမပြုရန် သက်ဆိုင်ရာမှ (အခါအားလျော်စွာ) ထုတ်ပြန်ထားသည့် ငွေစက္ကူများ၊ နံပါတ်မတူ ငွေစက္ကူများ(ငွေစက္ကူတစ်ရွက်တွင် နံပါတ်နှစ်နေရာ ပုံနှိပ်ထားပါတယ်) ဆွေးမြည့်၊ မီးလောင်၊ ပိုးမွှားကိုက်၊ ကျွတ်ဆတ်ငွေစက္ကူများ၊ ပန်းရောင်အဆင်းရှိမှိုစွဲကပ်နေသောငွေစက္ကူများတို့ကို ဝယ်ယူမည် မဟုတ်သေးကြောင်း သိရသည်။

ပန်းရောင်အဆင်းရှိပြီး မှိုစွဲကပ်နေသော ငွေစက္ကူများသည် အခြားငွေစက္ကူများသို့ပါ ချက်ချင်းကူးစက်ပြီး သုံးမရသည့် အခြေအနေသို့ ရောက်စေလေ့ရှိသောကြောင့် လက်မခံခြင်းဖြစ်ပြီး ကျန်ငွေစက္ကူများမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလက်မခံရန်ညွှန်ကြားထားသော အခြေအနေများ ဖြစ်သဖြင့် ဝယ်ယူမည်မဟုတ်ကြောင်းသိရသည်။

# ဝန်ထမ်းများအား ဥပဒေနှင့်အညီ စစ်ဆေးအရေးယူရန် အစိုးရသို့ တိုက်တွန်းသည့်အဆို လွှတ်တော်တွင်ဆွေးနွေးမည်

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ-၁၈**

နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ပယ်ခြင်းကြောင့် ဝန်ထမ်းများ ထုချေဖြေရှင်းခွင့်မရဘဲ နစ်နာနေသဖြင့် ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရထံ တိုက်တွန်းသည့်အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းအဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်-၂မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အခြားကိုယ်စားလှယ်တစ်ဦးက ထောက်ခံကာ ကန့်ကွက်သူမရှိသောကြောင့် ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့က အစီအစဉ်တွင် လက်ခံသဘောတူခဲ့ခြင်း ဖြစ်သည်။

"ဥပဒေများရှိသော်လည်း အမှုထမ်းများနှင့် အဆင့်ဆင့်သော အရာထမ်းများက ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း နည်းဥပဒေတို့ကိုနားမလည်၍လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုလွဲ၍သော်လည်းကောင်း ပြဿနာ၏အကြောင်းရင်း အမှန်ကို စုံစမ်းမှု မရှိဘဲ လက်လွှတ်စပယ် ပြုမှုကြ၍ လည်းကောင်း၊ အချို့အရာထမ်းများ၏ နာယကဂုဏ်ခြောက်ပါးမပြည့်စုံ၍လည်းကောင်း၊ အမှုထမ်းနှင့် အရာထမ်းများအကြား ပြဿနာပေါ် ပေါက်ကြရပါသည်" ဟူ၍ ဦးအောင်ငြိမ်းက ပြောကြားသည်။

၎င်းအပြင် ကော်မတီသို့ ရောက်ရှိသော တိုင်ကြားစာတစ်ခုနှင့်ပတ်သက်၍လည်း "ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ၏ တင်ပြစာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မြေစာရင်းမှူး၊ ကလောတပ်နယ်ကျောင်းအုပ်ကြီး(ငြိမ်း)ခြောက်ဦးတို့က တရားမဝင် ရွှေခိုးထုတ်သူထံမှ ၂၀၁၀ စက်တင်ဘာမှစ၍ တစ်လလျှင် ၂၅ သိန်းဖြင့် ၁၀ လ အတွက် သိန်း ၂၅၀ စီရယူခဲ့ကြောင်း ပြည်ထောင်စု အစိုးရထံ တင်ပြခဲ့၍ ၎င်း၏ ဝန်ကြီးဌာနမှ စုံစမ်းမှုမလုပ်ဘဲ အလုပ်မှထုတ်ပယ်ခဲ့ပါသည်"ဟူ၍ ပြောကြားခဲ့သည်။

ယင်းထုတ်ပယ်ခံရသည့် ဝန်ထမ်းမှာ ကလောမြို့နယ် မြေစာရင်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇောဖြစ်ကြောင်းလည်း ဦးအောင်ငြိမ်းက ပြောကြားသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ အမည်မဖော်လိုသူ အရာထမ်းတစ်ဦးကလည်း "စနစ်ပြောင်းတယ်ဆိုပေမယ့် ဝန်ကြီးမကြိုက်တာ မပြောရဲ၊ မလုပ်ရဲသေးတဲ့အခြေအနေပါပဲ။ ကိုယ့် ထမင်းအိုးလေး မှောက်မှာ၊ ပင်စင်လေး ဆုံးရှုံးမှာစိုးလို့ နှုတ်ဆိပ်နေရတယ်" ဟူ၍ ထောက်ခံပြောကြားသည်။

**TRADEMARK CAUTION**
CP KELCO U.S., INC., a Company incorporated in State of Delaware, USA at 1000 Parkwood Circle, Atlanta, Georgia 30339 United States of America the Owner and Sole Proprietor of the following Trademark:-

**CP KELCO**

**Reg: No. 4/9147/2011**
In respect of: Intl Class 1:" Chemical additives used in manufacture in the fields of agrochemicals, oil production, pharmaceuticals, personal care products, paper and food production"
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 25.Oct.2012
Partnership in practice with
**Ms. Saowaluck Lamlert,**
Attorney at Law Siam Premier International Law Office Limited
Email: saowaluck@siampremier.co.th
for CP KELCO U.S., INC.

Life
7Day News Journal
Vol.11, No.33 • OCTOBER 25 , 2012



ပူတာအိုခရိုင်ဆေးရုံတစ်နေရာတွင် တွေ့ရသည့် ဒေသခံတိုင်းရင်းသားအမျိုးသမီးကြီးနှစ်ဦး ဓာတ်ပုံ-အောင်ခိုင်

# ဆန်ကြမ်းတစ်ဘူး ငါးရာနှင့် မြောက်ဖျားသားများ ဘဝ

**အောင်ခိုင်**

"နောင်မွန်းက ပူတာအိုကို ခြေကျင်လျှောက်လာတာ သုံးရက်ကြာတယ်"

ကချင်ပြည်နယ် နောင်မွန်းမှ ပူတာအိုသို့ ၇၄ မိုင် ခရီးကို ၃ ရက်ကြာ ခြေလျင်ခရီးနှင်လာခဲ့သည့် အသက်(၇၂)နှစ်အရွယ် လီဆူးတိုင်းရင်းသားကြီး ဦးထုံဖူးရင်က တုန်ယင်နေသော အသံဖြင့် ဖွင့်ဟပြောဆိုခြင်းဖြစ်သည်။

သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့နှင့် ထူးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မျက်စိဝေဒနာရှင်များကို အခမဲ့ဆေးကုသပေးမည့်သတင်းကို ကြားသဖြင့် အခမဲ့ မျက်စိစမ်းသပ်ခွင့်ရရေး အရွယ်နှင့်မမျှ ခရီးရှည်နှင်လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်ဆုံး ခရိုင်ရုံးစိုက်ရာဖြစ်သော ပူတာအိုဒေသမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှပြီး မြစ်ကြီးနားလမ်းကိုသာ အားထားနေရသည်။ သူတို့ဒေသ၏ တစ်ခုတည်းသော ကုန်းလမ်းထွက်ပေါက်ဖြစ်သည့် မြစ်ကြီးနားလမ်းမှာ အစိုးရနှင့် ကေအိုင်အေကြား ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် လွန်ခဲ့သော ခြောက်လခန့်မှစ၍ ပိတ်ထားခဲ့ရသည့်အတွက် လေကြောင်းဆက်သွယ်ရေးသည်သာ အသက်ဆက်ရာ ဖြစ်လာတော့သည်။

နောက်ဆက်တွဲအကျိုးဆက်အဖြစ်ပူတာအိုဒေသတွင် မကြုံစဖူး ကုန်ဈေးနှုန်းများမြင့်တက်လာရသည်ဟု ဒေသခံများက ပြောသည်။

"ထမင်းက အမြဲမစားနိုင်ဘူး။ တောထဲဝင်ပြီး ပိန်းဥတို့၊ သစ်မြစ်တို့ ရှာပြီးပြုတ်စားတယ်" ဟု မချမ်းဘောမြို့နယ်မှ ရဝမ်တိုင်းရင်းသားကိုနောမင်ကပြောသည်။

ပူတာအို မြစ်ကြီးနားလမ်းကို ပိတ်ထားခဲ့ရသည့်နောက်ပိုင်း ကုန်စည်များကို လေယာဉ်ဖြင့်သာ သယ်ယူရခြင်း၊ ဒေသတွင်း စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်း နည်းပါးခြင်းတို့အပြင် ရာသီဥတုကြောင့်လည်း ယခုကဲ့သို့ အဆိုးဝါးဆုံး အခြေအနေကို ကြုံတွေ့ရခြင်း ဖြစ်ကြောင်း သိရသည်။

"မနှစ်က နေအရမ်းပူတယ်။ ဒီနှစ်ကျ မိုးအရမ်းများတယ်။ ထွက်နှုန်းမကောင်းဘူး" ဟု မူလာ ရှီးဒီ၊ ရွာသားတစ်ဦးကပြောသည်။

ခန္တီးလွင်ပြင်ဟု ထင်ရှားသော ပူတာအိုဒေသတွင် လက်ရှိ ကုန်ဈေးနှုန်းများမှာ ပြည်မထက် ငါးဆခန့်မြင့် တက်နေသည်ဟု အစိုးရဝန်ထမ်းများက ပြောသည်။

"ဒေသဆန်တစ်ဘူးကို ငါးရာ၊ မုန့်ညင်းဆီ တစ်ပိဿာငါးထောင်၊ ရေသန့်တစ်ဘူး တစ်ထောင်" ဟု ပညာရေးဝန်ထမ်းတစ်ဦးက ဆိုသည်။ ပူတာအိုခရိုင်သည် မြို့နယ်ပေါင်းငါးမြို့နယ်ရှိပြီး လူဦးရေကိုးသောင်းနှင့်တစ်သိန်းကြားရှိသည်။

စားဝတ်နေရေး အခက်အခဲများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် ဒေသခံများ၏ စီးပွားရေး၊ ပညာရေး အစစ အရာရာ နိမ့်ကျနေသော ပူတာအိုဒေသမှာ တကယ်တမ်းဆိုရလျှင် ခရီးသွားလုပ်ငန်းအတွက် အကောင်းဆုံး အခြေအနေများကို ပိုင်ဆိုင်ထားရာ ဒေသဖြစ်သည်။ ကမ္ဘာကျော် ရေခဲတောင်များ တည်ရှိခြင်း၊ ရဝမ်၊ လီဆူး၊ ခန္တီးရှမ်း၊ ကချင်စသော တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များကို လေ့လာနိုင်ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမှုများရာ ဒေသဖြစ်သည်ဟု ဧည့်လမ်းညွှန်များက ပြောသည်။

"မြန်မာနိုင်ငံမှာ Nature အရ အကောင်းဆုံးက ပူတာအိုဒေသပဲ"ဟု မလိခ Lodge မှ ဧည့်လမ်းညွှန်ကိုသော မတ်စ်က ပြောသည်။ သယ်ယူပို့ဆောင်ရေး အကန့်အသတ်ကြောင့် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားသလို ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများမှာ ပူတာအိုဒေသကို စိတ်ဝင်စားမှု တစ်နေ့တခြားမြင့်တက်လာရခြင်းဖြစ်သည်။


"ပူတာအိုကို လာရင် ကက(ကြည်း)ရဲ့ ခွင့်ပြုချက်လိုတယ်။ နောက်ပြီး လေကြောင်းကပဲ လာတာများတယ်"ဟု အထက်ပါဧည့်လမ်းညွှန်ကဆိုသည်။

ပူတာအိုဒေသ၏ ခရီးသွားရာသီမှာ အောက်တိုဘာလမှ မေလအထိဖြစ်ပြီး တစ်ရာသီလျှင် ကမ္ဘာလှည့်ခရီးသည် ခြောက်ရာခန့် ဝင်ရောက်ကြောင်း သိရသည်။

အဆိုပါ ကာလများတွင် ဒေသခံများမှာ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပေါများလာခြင်းကြောင့် စီးပွားရေးချောင်လည်မှုကို အထိုက်အလျောက် ရကြောင်း ဧည့်လမ်းညွှန်များနှင့် ဒေသခံများက 7Day News သို့ ပြောကြသည်။ **စာ(၁၂)သို့**




## သုံးထပ်သား မှိုအစပ်နှပ်



ဒီတစ်ပတ်တော့ ဆန့်ကျင်ဖက်အရသာနှစ်မျိုးကို တွဲပြီးချက်ထားပါတယ်။ ဝက်သားသုံးထပ်သားကို ရှီတာကီမှိုနဲ့ နှပ်ချက်လေးချက်ပြီး ငရုတ်သီးမှည့်လေးတွေ အုပ်ချက်တာဖြစ်ပါတယ်။ မှိုနဲ့ သုံးထပ်သားက ထွက်တဲ့အချို့ကို ငရုတ်သီးမှည့်လေးတွေအုပ်ပြီး ထိန်းထားတဲ့သဘောပါ။

လိုအပ်တာတွေကတော့ ဝက်သားသုံးထပ်သား ၁၅ ကျပ်သား၊ ပဲငံပြာရည်အကြည်၊ ဝက်ရင်းမှို ငါးပွင့်လောက်နဲ့ ငရုပ်သီးမှည့်အနည်းငယ်ပဲလိုပါတယ်။

ပထမဆုံး သုံးထပ်သားကို လက်တစ်လုံးစာလောက် ခပ်ပါးပါး အမြှောင်းလိုက်လှီးပါမယ်။ ပြီးရင် သကြား၊ ပဲငံပြာရည်၊ ဟင်းခတ်မှုန့်တို့နဲ့ နယ်ပြီးခဏ နှပ်ထားလိုက်ပါ။ ကြက်သွန်ဖြူနဲ့ ချင်းကို တစ်ပြားရိုက်ပါမယ်။ ဆီနည်းနည်းနဲ့ ဆီအရင်သတ်ပါ။ ပြီးရင် ခုနကဝက်သား သုံးထပ်သား အပြားလိုက်တွေထည့်။ ရေမထည့်ခင် ၂ မိနစ်လောက် မွှေပေးပါ။ ပြီးမှ ရေမြုပ်အောင်ထည့်ပြီး မီး အနေတော်နဲ့တင်ထားလိုက်ပါ။ အဲဒီအချိန်မှာပဲ ခုနမှိုလေးတွေကို အပွင့်အတိုင်း ရေစိမ်ထားပါ။ ဝက်သားနူးအိသွားပြီဆိုမှ မှိုထည့်ပါမယ်။ မှိုထည့်တဲ့အခါ ပါးပါးလေးတွေလှီးထည့်ရပါမယ်။ ငါးမိနစ်လောက် မှိုနဲ့နှပ်ပြီးမှ ရေမခန်းမီ အနေတော်လောက်ထားပြီး ငရုတ်သီးမှည့်လေးတွေ အုပ်လိုက်ရုံပါပဲ။ ဝိုက်ဖီပရိသတ်ကြီး အရသာရှိတဲ့ သုံးထပ်သားမှိုအစပ်နှပ်လေးကို နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

## ဈေးဝယ်ထွက်မယ်

# ပွဲတက်ဝတ်စုံ ရှာမယ်ဆိုရင်

**အိဖြူလွင်**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပွင့်လင်းရာသီ ရောက်လာတာနဲ့ ပျော်ပွဲရွှင်ပွဲတွေ စိပ်လာတဲ့ ပွဲတော်ရာသီ၊ မင်္ဂလာဆောင်ရာသီ ရောက်တော့မှာဖြစ်လို့ အမျိုးသမီးတွေမှာ ဘယ်ပွဲ ဘာဝတ်ရမလဲဆိုတဲ့ခေါင်းစားစရာကိစ္စတွေလည်း ရှိလာပါပြီ။

ဒါကြောင့်ပဲ အမျိုးသမီးတွေအတွက် အဆင်ပြေစေမယ့် ဈေးဝယ်ထွက်စရာ နေရာတစ်ခုကို လမ်းညွှန်ပေးချင်ပါတယ်။

ဒီဆိုင်မှာ ရနိုင်တဲ့ ပစ္စည်းအားလုံးက စင်ကာပူနိုင်ငံထုတ် ပစ္စည်းတွေချည်းပဲ ဖြစ်တဲ့အပြင် Marks & Spencer ဆိုတဲ့ အမှတ်တံဆိပ်ကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းတာလို့လည်း သိရပါတယ်။

အမျိုးသမီးတွေအတွက် ပွဲတက်စရာ အမှတ်တံဆိပ်ကောင်းကောင်းနဲ့ အဝတ်အထည်တွေကိုသာ ဝယ်ချင်တယ်ဆိုရင် ဈေးနှုန်းလည်း သင့်တင့်ပြီး အရည်အသွေးကောင်းမွန်တဲ့ ပစ္စည်းတွေကို ဒီဆိုင်မှာ ရနိုင်ပါတယ်။

ချည်သားစစ်စစ်နဲ့ အင်္ကျီတွေ၊ ဆွဲသား ပွဲတက်ဂါဝန်တွေ စသဖြင့် အမျိုးစုံကို ဒီဆိုင်မှာ ရနိုင်ပြီး စင်ကာပူဒေါ်လာနဲ့ သတ်မှတ်ထားတဲ့ ဈေးနှုန်းကို ပေါက်ဈေးနဲ့ တွက်ပြီး ရှင်းပေးရမှာပါ။

ဈေးနှုန်းအနေနဲ့ဆိုရင် အမျိုးသမီးဝတ် အဝတ်အထည်တွေကို စင်ကာပူဒေါ်လာ ၃၀ လောက်ကနေ ၂၅၀ လောက်ထိရှိတယ်လို့ သိရပါတယ်။

အင်္ကျီပုံစံတွေက မြင်လိုက်ရုံနဲ့တင် အကောင်းစားမှန်းသိသာတဲ့ ရိုးရှင်းပြီး ဆွဲဆောင်မှုရှိတဲ့ ပုံစံတွေဖြစ်သလို အသက်အရွယ်မရွေး အမျိုးသမီးတွေ အားလုံးနဲ့ လိုက်ဖက်နိုင်တဲ့ ပုံစံတွေဖြစ်မှာလည်း အသေအချာပါပဲ။

ခန္ဓာကိုယ် အရွယ်အစား မျိုးစုံဝတ်နိုင်အောင်လည်း အင်္ကျီတွေက ဆိုဒ်မျိုးစုံရှိတယ်လို့ သိရပါသေးတယ်။

ပွဲလမ်းသဘင်သွားဖို့ အဝတ်အစားဝယ်စရာ လိုအပ်နေသူတွေအတွက် ပါရမီလမ်း၊ ပါရမီစိန်ဂေဟာ ရှေ့နားက May 7 ဆိုင်ကို သွားကြည့်ဖို့လမ်းညွှန်ပေးလိုက်ပါတယ်။

7 DAY NEWS JOURNAL
Life
Vol.11, No.33 • OCTOBER 25 , 2012








ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဘိုင့်ဘိုင် ချက်ကြီး

ဥက္ကာကိုကို

နှစ်ပေါင်းများစွာ ပြည်သူလူထုကို အလုပ်အကျွေးပြုခဲ့ပြီး လူအများအားကိုး အားထားပြုခဲ့ရသည့် သူ့ကို ယခုတော့ အားလုံးက မေ့လျော့လာခဲ့ကြပါပြီ။ အသက်အရွယ်အားဖြင့်လည်း စိန်ရတုတိုင်လာပြီဖြစ်သည့် သူ့မှာ နာမကျန်းသည့်ဒဏ်၊ ချစ်ခင်သူများက ပစ်ခွာသွားကြသည့်ဒဏ်၊ သူနှင့် သက်တူရွယ်တူများ ဆုံးပါးသွားသည့်ဒဏ်ကိုတဖြည်းဖြည်း ခံစားနေရပြီဖြစ်သည်။ သူ့ဘဝရဲ့နေဝင်ချိန်က သိပ်မဝေးတော့။

သူ့ကိုလူတွေကချက်ကြီးလို့ခေါ်ကြသည်။ များသောအားဖြင့် ဗိုက်ပူဟုလည်း ချစ်စနိုးခေါ်ဝေါ်ကြသည်။ သူသည် သစ်သားကိုယ်ထည် ဝမ်းဗိုက်ပူပူကြီး ရှိသော ချက်ပလက် (Chevrolet) ယာဉ်အိုကြီးတစ်စီးဖြစ်ပါသည်။

ချက်ကြီးသည်ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်များနှင့်အတူ မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့သည်။ ဂျပန်ခေတ်တစ်လျှောက်လုံး သူက ကုန်ကား၊ လူစီးကားအဖြစ် အသုံးတော်ခံခဲ့ရသည်။ စစ်ကြီးပြီးဆုံးသွား၍ ဂျပန်များပြန်ထွက်ခွာသွားသည့်အခါ ချက်ကြီးတို့ ကျန်ရစ်ခဲ့သည်။

နောက်ပိုင်းတက်လာသည့်မြန်မာအစိုးရများက ချက်ကြီးကို လိုင်းကားအဖြစ် စတင်သုံးစွဲလာခဲ့သည်။ ၁၉၅၀ အစောပိုင်းက ရန်ကုန်မြို့ခရီးသွားလုပ်ငန်းစတင်ရာတွင် ချက်ကြီးတို့စစ်ကျန်ယာဉ်များ တာဝန်ထမ်းဆောင်ခဲ့ကြရသည်။ ချက်ပလက်၊ ဒေါ့ဂျစ်စသည့်ချက်ကြီးတို့အဖွဲ့သည်ခြသေ့်၊ ယုန်၊ ဆင်၊ ကြံ့၊ ပုစွန်၊ နဂါးစသဖြင့် တိရစ္ဆာန်အရုပ်တံဆိပ်များ တပ်ဆင်ကာ ခရီးသွားပြည်သူများကို ဝန်ဆောင်မှုပေးခဲ့ကြသည်။

ယာဉ်ငါးစီးဖြင့် စတင်ခဲ့သော ရန်ကုန်မြို့တွင်း ဘတ်စ်ကားလုပ်ငန်းကို အိမ်စောင့်အစိုးရက ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် ပုဂ္ဂလိကအဖြစ်မှ ဖျက်သိမ်း၍ အရုပ်တံဆိပ်များအစား ယာဉ်လိုင်းနံပါတ်များ စတင်သတ်မှတ်ခဲ့သည်။ သို့နှင့် ၁၉၆၂ ခုနှစ်ဩဂုတ်လ ၂၀ ရက်တွင် ရန်ကုန် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်အုပ်ချုပ်ရေးကော်မတီပေါ် ပေါက်လာခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ယခု မထသအဖြစ် ပြောင်းလဲခဲ့သည်။

မြို့တွင်းခရီးသွား လုပ်ငန်း တွင် သက်တမ်းအရှည်ကြာဆုံးဖြစ်သည့် မထသသည်ပင် ရွှေရတုတိုင်တော့မည်ဖြစ်သည်။ **တစ်ဖက်သို့**



## ဘိုင့်ဘိုင် ချက်ကြီးမှ

ချက်ကြီးတို့ သက်တမ်းကတော့ မထသထက်ပင် ကြာမြင့်ခဲ့သည်။ ယာဉ်ကိုယ်ထည်ပေါ်က အရုပ်များကို နံပါတ်အဖြစ် ပြောင်းလဲလိုက်သော်လည်း မထသသည် ချက်ကြီးတို့ကိုပင် ဆက်လက်အားကိုးခဲ့ရသည်။ ထိုစဉ်က ယာဉ်မလုံလောက်မှုကြောင့် စက်မပါသော နောက်တွဲယာဉ်တပ်ဆင်ထားသည့် နှစ်စီးတွဲယာဉ်များပင် ပေါ်ပေါက်ခဲ့ဖူးသည်။

"၈၂နောက်ပိုင်းမှာ ဒီကားပဲ ရွေးစီးတာ။ အန္တရာယ်ကင်းလို့။ အဲဒီတုန်းက ဗိုက်ပူနဲ့ ဟိုင်းလပ်ပဲရှိတယ်။ ချက်ကြီး သူ့ဖီးလ်နဲ့သူ အေးဆေးမောင်းတယ်"ဟု လှိုင်မြို့နယ်အတွင်းနေထိုင်သူ အသက်(၅၀)ကျော်အရွယ် အမျိုးသားကြီးတစ်ဦးက ပြောသည်။

ချက်ကြီးတို့ စရောက်လာစဉ်က သံထည်ဘော်ဒီဖြစ်သော်လည်း ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်အဖြစ် ပြေးဆွဲရန် သေးငယ်သောကြောင့် မြန်မာ့တီထွင် ပညာရှင်ကြီးများက သစ်သားဘော်ဒီအဖြစ် ပြောင်းလဲခဲ့ကြသည်။

"ဗိုက်ပူက အင်ဂျင်ခေါင်းပါးတယ်။ ကွဲလွယ်တယ်။ ရေမယိုရေမပြတ်ရဘူး။ မောင်းရတာ နည်းနည်းတော့ ခက်တယ်။ တခြားကားတွေက ကလပ်၊ ဘရိတ်၊ လီဗာ၊ အဲဒီလိုအစဉ်လိုက်ရှိတယ်။ ဗိုက်ပူမှာက ကလပ်၊ လီဗာ၊ ဘရိတ် ဖြစ်နေတယ်"ဟု ၁၉၈၆ ခုနှစ်ခန့်ကတည်းက ချက်ကြီးနှင့်ဒေါ့ဂျစ်ကားများကိုစမောင်းလာခဲ့သော ယာဉ်မောင်း ဦးသန်းအောင်က ပြောပြသည်။

ချက်ကြီးကားများသည် အသက်အရွယ်အားဖြင့် ကြီးရင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးမှုများလည်း ကြီးမားနေပြီဖြစ်သည်။ အများစုသော ချက်ကြီးများတွင် လူစီးသာမက ကုန်ပစ္စည်းပါတင်သောကြောင့် သစ်သားကြမ်းခင်းပေါ်တွင် အနံ့အသက်ဆိုးများက စွဲကျန်နေလေ့ရှိသည်။ အခြေခံလူတန်းစားများနှင့် လက်လုပ်လက်စားဈေးသည်များအတွက် အားကိုးအားထားပြုရသော်လည်း အများစုကမူ ကားကောင်းများကိုသာ စီးနင်းလိုကြသည်ပဲ ဖြစ်သည်။

ချက်ကြီးကားကို စီးနင်းရာတွင် မကြိုက်သည့်အချက်များကိုလည်း အသက် ၃၅ နှစ်အရွယ် ကိုဇင်မင်းထွန်းက -

"အရမ်းနှေးပါတယ်။ စီယာတိုင်ကတစ်ဖက်စောင်းနေပြီးကားစီးရင် တစောင်းကြီးမောင်းနေတယ်လို့ ခံစားရတယ်။ ကားဘော်ဒီတွေကဆွေးနေလို့ တိုက်လိုက်ရင် ခံနိုင်ရည်ရှိမယ် မထင်ဘူး။ ထိုင်စီးတော့လည်း သစ်သားထိုင်ခုံပေါ်မှာ တဒုန်းဒုန်းနဲ့ နာတယ်။ မတ်တတ်ရပ်စီးတော့လည်း အရပ်ရှည်ရင် ခေါင်းနဲ့အမိုးနဲ့ ခဏခဏမိတ်ဆက်တယ်"ဟု ပြောပြသည်။

တဖြည်းဖြည်းနှင့် ချက်ကြီးတို့တွင် ယှဉ်ပြိုင်ဘက်များပေါ်လာသည်။ ဘီအမ်၊ ရိန်းဂျား(KM)၊ ဟိုင်းလပ်၊ ဒိုင်နာ၊ ကန်ဒါ၊ မီနီဘတ်စ်စသဖြင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ယာဉ်အမျိုးအစားအသစ်အသစ်များက လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများသို့ဝင်ရောက်လာခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် စီးတီးဘတ်စ်များ ထပ်မံဝင်ရောက်လာပြီး ချက်ကြီးတို့နေရာစပျောက်ခဲ့တာ ဖြစ်သည်။ သို့သော်လည်း ဆယ်စုနှစ်တစ်ခုကြာအောင်တော့ ချက်ကြီးတို့ တောင့်ခံနိုင်ခဲ့ကြပါသည်။

၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် ချက်ကြီးတို့အပါအဝင် ဟိုင်းလပ်နှင့် ဒိုင်နာများကို မြို့တွင်းပြေးဆွဲခွင့် မပြုတော့ဘဲ ဆင်ခြေဖုံးမြို့နယ်များနှင့် မြို့တွင်းခြောက်မြို့နယ်ပြင်ပတွင်သာ ပြေးဆွဲစေခဲ့သည်။

ရန်ကုန်မြို့တွင် နေ့စဉ် လူပေါင်းလေးသန်းကျော်က ဝမ်းရေးအတွက် ဆင်ခြေဖုံးနှင့်မြို့တွင်းသို့ ယာဉ်များဖြင့် သွားလာလှုပ်ရှားနေကြပြီး မထသမှ ယာဉ်အစီး ၂၂၀၀ ကျော်၊ သန်မြန်သူ၊ ငြိမ်းချမ်းရေး၊ ရွှေညှော့သည်၊ ကန္တာရဝတီ၊ ပါရမီ၊ ပြည်ခိုင်ဖြိုးစသော တခြားပုဂ္ဂလိက ယာဉ်လိုင်းများနှင့် ပေါင်းလျှင် ခရီးသည်တင်ယာဉ်ပေါင်း လေးထောင်ကျော်က နေ့စဉ်ပြေးဆွဲနေရသည်ဟု သိရသည်။

၂၀၁၁ ခုနှစ်တွင် ယာဉ်အိုယာဉ်ဟောင်းအပ်နှံရေး၊ ဖျက်သိမ်းရေးအစီအစဉ်အရ ချက်ကြီးတို့၏ နေဝင်ချိန်ကို ရောက်လာခဲ့သည်။ ကားတင်သွင်းခြင်း လုပ်ငန်းများ ခေတ်စားလာသည်နှင့် ကျပ်သိန်း ၂၀၊ ၃၀ သာရှိသည့် ချက်ကြီးတို့ တန်ဖိုးမှာ ကျပ်သိန်း ၁၀၀ အထိမြင့်တက်လာခဲ့သည်။ ချက်ကြီးတို့၏ ပိုင်ရှင်များသည် သူတို့ကို သံယောဇဉ်ဖြတ်ခဲ့ကြသည်။ ဈေးကောင်းရသည်နှင့် စွန့်လွှတ်ပစ်ခဲ့ကြသည်။ ချက်ကြီးတို့နှင့်အတူ ဒုက္ခရောက်ကြရသူများမှာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၊ ၎င်းတို့၏ မိသားစုများပင်ဖြစ်သည်။

"နှမြောတယ်။ စိတ်မကောင်းဘူး။ ပြီးတော့ အလုပ်တစ်ခုက နေနောက်တစ်ခုပြောင်းတာ လွယ်တာမှမဟုတ်တာ"ဟု ယခင်က ချက်ကြီးယာဉ်မောင်းနှင်ဖူးသူ တစ်ဦးက ဆိုသည်။

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်တွင် နှစ်ပတ်အတွင်း ချက်ကြီးအစီး ၉၀ ခန့်ရောင်းထွက်သွားသည်အထိ ချက်ကြီးတို့ရေပန်းစားခဲ့သည်။ သို့သော် အသစ်ဝင်ရောက်လာမည့် ကားသစ်ကားကောင်းများအတွက် ချက်ကြီးတို့ ပေးဆပ်လိုက်ရခြင်းဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီလက်အောက်တွင် နှစ်လေးဆယ် ကျော်သက်တမ်းရှိသည့် ချက်ကြီးတို့ စစ်ကျန်ဘတ်စ်ကား ၃၀၀ ကျော်ရှိခဲ့ပြီး အမှတ်(၄၀)နှင့် အမှတ်(၃၆) ယာဉ်လိုင်းများက ယခုလက်ရှိတွင်လည်း ပြေးဆွဲလျက်ရှိသေးကြောင်း သိရသည်။ တခြားစစ်ကျန်ဘတ်စ်အများစုကတော့ ယာဉ်အိုယာဉ်ဟောင်း အပ်နှံရေးအစီအစဉ်နှင့်အတူ ပါသွားခဲ့ပြီဖြစ်သည်။

"ကညနက သက်တမ်းကုန်ပြီလို့ ပြောထားတဲ့ယာဉ်တွေ ပြေးဆွဲခွင့်မရှိတော့ပါဘူး။ ပြေးဆွဲရင်လည်း အဲဒါက ကြားကားဖြစ်နေပြီ။ ယာဉ်ထိန်းဥပဒေအရ အရေးယူခံရနိုင်ပါတယ်"ဟု မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(မြို့တွင်း) ဥက္ကဋ္ဌဦးလှအောင်က ရှင်းပြသည်။ ယခုနှစ် စက်တင်ဘာလထိ အပ်နှံရမည့် စစ်ကျန်ယာဉ် ၂၂ စီးခန့်ရှိနေသေးပြီး တချို့မှာ သံရည်ကျိုစက်သို့ ပို့ဆောင်လိမ့်မည်ဖြစ်ကြောင်း ဦးလှအောင်က ဆိုသည်။

ချက်ကြီးတို့ကတော့ ဖျက်သိမ်းရေးဌာနသို့ ရောက်ရှိပြီး အရိုးတခြား အသားတခြားဖြစ်သွားမှာတော့ သေချာပါသည်။ ချက်ကြီးတို့အပေါ် သမိုင်းဝင်စစ်ကျန်ယာဉ်အိုကြီးများဟူ၍ တန်ဖိုးထားညှာတာ မည့်သူက ရှားပါးပါလိမ့်မည်။ လူအများက တစ်ချိန်တစ်ခါက ကျေးဇူးရှင်ကို မျက်ကွယ်ပြုရက်ကြသော်လည်း အမြတ်တနိုးတန်ဖိုးထား စိတ်ဝင်စားသူများလည်း ရှိနေပါသည်။ သူတို့ကတော့ ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားများပဲဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် အမှတ်တရ ထိန်းသိမ်းထားသော ယာဉ်တစ်မျိုးမျိုးကတော့ ရှိတတ်ကြပါသည်။ လန်ဒန်မြို့တွင် အများစိတ်ဝင်စားသည့်ယာဉ်မှာ လန်ဒန်ဘတ်စ်ဖြစ်ပြီး ထိုင်းနိုင်ငံတွင် တုတ်တုတ်ယာဉ် ဖြစ်ပါသည်။ ထို့သို့ပင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွားများမှာ ဒုတိယကမ္ဘာစစ်ကျန် နိုင်ငံခြားအင်ဂျင်၊ မြန်မာ့လက်ရာ ချက်ပလက်ဗိုက်ပူတို့ကို အထူးတလည်စိတ်ဝင်စားကြသည့်အတွက် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်များမှာ ချက်ကြီးယာဉ်တချို့ကို ဝယ်ယူ၍ မွမ်းမံပြင်ဆင်အသုံးပြုခြင်းများ ရှိနေသည်။

"ဗိုက်ပူကားတွေရဲ့ အစိမ်း၊ အနီ၊ အဖြူပြတ်ဒီဇိုင်းကို Tour တွေက အရမ်း Crazy ဖြစ်တယ်။ တချို့လည်း လေဆိပ်အကြိုအပို့ကို အဲဒီကားနဲ့သုံးတယ်။ တစ်ယောက်ကို ၁၀ ဒေါ်လာလောက်နဲ့ ဝန်ဆောင်မှုအပေါ်မှာ ညှိသည်တွေကကျေနပ်အားရတယ်။ ဒါတွေကိုထိန်းသိမ်းသင့်ပါတယ်။ ရန်ကုန်က လေးဘီးကားနဲ့ ဗိုက်ပူကားတွေကို ကမ္ဘာကသိတယ်"ဟု Myanmar Voyage ခရီးသွားလုပ်ငန်းအကြီးအကဲဖြစ်သူမှ ဦးသက်လွင်တိုးကပြောသည်။

ချက်ကြီးကားများနှင့် အကြိုအပို့လုပ်ခြင်းကို ကမ္ဘာလှည့်ခရီးသည်များက နှစ်သက်ကြသည့်အတွက် Tour ကုမ္ပဏီများအနေနှင့်လည်း ချက်ကြီးကားဟောင်းများကိုဝယ်ယူကာ စက်ပိုင်းဆိုင်ရာပြုပြင် ပြောင်းလဲမှုများနှင့် လိုင်စင်ယူလုပ်ဆောင်သင့်ကြောင်း ဦးသက်လွင်တိုးက အကြံပြုသည်။

"အန်းတစ်အနေနဲ့ အထင်ကရနေရာမျိုးတွေမှာ ဟိုနားဒီနား သုံးဖို့အတွက် အသင့်တော်ဆုံးပဲလို့ ထင်တယ်"ဟု ချက်ကြီးကားကို စီးနင်းဖူးသော အသက် ၃၀ ကျော်အရွယ်ကိုတင်ထွဋ်လှိုင်က ပြောသည်။

ရန်ကုန်မြို့တွင် အမှတ်(၄၀)နှင့် (၃၆) ယာဉ်လိုင်းများ ဆက်လက်ပြေးဆွဲနေသကဲ့သို့ မော်လမြိုင်မြို့တွင်လည်း အမှတ်(၇) ယာဉ်လိုင်းမှ လက်ရှိပြေးဆွဲလျက်ရှိနေသေးသည်။ ထို့သို့ပင် တခြားမြို့များတွင်လည်း စစ်ကျန်ချက်ပလက် ဗိုက်ပူကြီးများကို သုံးစွဲနေကြဆဲ ဖြစ်သည်။

"ချက်ပလက်တွေက အနှစ် ၇၀ ကျော်ရှိနေကြပြီ။ သုံးဖို့မသင့်တော့တဲ့ အခြေအနေထိ ရောက်နေပြီ။ အနားပေးသင့်ပါပြီ။ တချို့ကို ပြတိုက်မှာ ထားသင့်တယ်။ မထသက ရွှေရတုတိုင်နေသလို ဒီကားတွေကလည်း စိန်ရတုတိုင်နေပြီ"ဟု မြို့တွင်းစီးယာဉ်လိုင်းပိုင်ရှင်တစ်ဦး ဖြစ်သည့် ဦးမျိုးနိုင်က ပြောသည်။

ရှေးဟောင်းသုတေသန ဦးစီးဌာနအနေဖြင့် ရှေးယခင်မြန်မာမင်းများလက်ထက်မှ အသုံးပြုခဲ့သော ပစ္စည်းများကို သာ ရှေးဟောင်းအမွေအနှစ်အဖြစ် ပြတိုက်များတွင် ထိန်းသိမ်းထားခဲ့ပြီး ဒုတိယကမ္ဘာစစ်လက်ကျန် ယာဉ်ဟောင်းတချို့ကိုတော့ ထိန်းသိမ်းရန် အစီအစဉ်မရှိကြောင်း သိရသည်။


ချက်ကြီးပိုင်ဆိုင်သူ တချို့အတွက်တော့ ပြင်ဆင်ရန်မတတ်နိုင်သည်က တစ်ကြောင်း၊ ယာဉ်သစ်တင်သွင်းရန် ငွေမလိုက်နိုင်သည်ကတစ်ကြောင်း စသဖြင့်အကြောင်းအမျိုးမျိုးဖြင့် နှစ်ပေါင်းများစွာ လက်တွဲလာခဲ့ရသူကို လက်တွဲဖြုတ်ခဲ့ကြရတော့သည်။

"နောက်ဆို ချက်ပလက်ဗိုက်ပူကားတွေကို မြင်ရတော့မှာ မဟုတ်ဘူး။ ဓာတ်ပုံတွေထဲမှာ ပြန်ကြည့်မှ နောက်လူတွေ မြင်ဖူးတော့မယ်။ အခုတောင် သိပ်မကျန်တော့ဘူး။ နောက်နှစ်တွေဆို ရှိတော့မှာ မဟုတ်ဘူး။ ဟိုတယ်တွေက ချက်ပလက်တွေကို တော်တော်ကောင်းအောင် ပြင်ထားတာတွေ့ဖူးတယ်။ ငပလီမှာလည်း ရှိတယ်။ ပါရမီစိန်ဂေဟာ ရှေ့မှာလည်း ချက်ပလက်ကားကို သေချာလှလှပပ ပြင်ဆင်ပြီး ကော်ဖီဆိုင်လို လုပ်ထားတာ ရှိတယ်။ အခု ကျန်နေသေးတဲ့အထဲက တချို့ကို မဖျက်ဆီးပစ်ဘဲ ပြန်ပြင်ပြီး အသုံးဝင်တဲ့ တစ်နေရာမှာ သုံးသင့်တယ်။ ဗိုက်ပူကားတွေ မျိုးတုံးနေပြီ"ဟု ရန်ကုန်မြို့ခံတစ်ဦးက ဆိုသည်။

သံရည်ကျိုစက်သို့ ရောက်ရှိသွားသည့် ယာဉ်များ မနည်းတော့သည့်အတွက် တဖြည်းဖြည်းနှင့် ချက်ကြီးကိုမြင်တွေ့ရမှုလည်း လျော့ပါးလာခဲ့ပြီ ဖြစ်သည်။ ချက်ကြီးတို့ နေရာတွင် စီးတီးဘတ်စ် အကောင်းစားကြီးများက နေရာဝင်ယူသွားခဲ့ပြီ ဖြစ်သည်။

"အခုက လက်လွှန်သွားပြီ"ဟု ယခင်က ချက်ကြီးမောင်းနှင်ဖူးပြီး လက်ရှိစစ်ကျန် ဒေါ့ဂျစ်ယာဉ်အိုတစ်စီးကို ပိုင်ဆိုင်ထားဆဲဖြစ်သော ဦးသန်းအောင်က သက်ပြင်းချရင်း ပြောပါသည်။

ချက်ကြီး၏ နေဝင်ချိန်မှာ မဝေးတော့ပါ။ သူက အိုမင်းလွန်းနေပြီ ဖြစ်သည့်အတွက် လုပ်ငန်းခွင်ဝင်ရန်လည်း မစွမ်းနိုင်တော့ပါ။ ပိုင်ရှင်ဖြစ်သူရဲ့စိတ်ထဲမှာ ဘာတွေတွေးနေသည်ဆိုတာ ချက်ကြီး မသိနိုင်ပါ။ သူ့ဘဝရဲ့ နောက်ဆုံးအချိန်မှာ ဘာတွေဖြစ်လာဦးမည် ဆိုတာလည်း ချက်ကြီး မသိနိုင်ပါ။ တစ်ချိန်က သူ့ကိုအားကိုးအားထားပြုခဲ့ကြသူတို့သည်ပြောင်းလဲလာသည့်ခေတ်နှင့်အညီ သူ့ကို စိမ်းစိမ်းကားကားပင် နှုတ်ဆက်လိုက်ကြပါပြီ။ ။




## ဘဝ ဖြစ်တည်ခြင်းကို အမှန်အတိုင်း နားလည်ဖို့လိုတယ်

ဘဝ၏ ဆင်းရဲခြင်းသဘော၊ မမြဲခြင်းသဘော၊ အနတ္တအစိုးမရခြင်း သဘောအမှန်ကို သိမြင်နားလည်သည်နှင့် လူ၏ လောဘတဏှာနှင့် ထိုလောဘကိုပြည့်အောင်ဖြည့်နေခြင်း၏ ဆင်းရဲကို သိမြင်နားလည်သည်နှင့် လူသားများအ နေဖြင့် ချမ်းသာခြင်းကို အပတ်တကုတ်လိုက်ရှာနေပါလျက် ဘာကြောင့် ခက်ခဲနေလဲဆိုတာ သိဖို့လိုတယ်။ လူသားတွေဟာ ပစ္စည်းဥစ္စာကို စုဆောင်းသိုမှီးခြင်းအားဖြင့် ချမ်းသာသုခကို ရှာကြတယ်။ ပစ္စည်းဥစ္စာကို ရှာဖွေစုဆောင်း လိုပါလျက် လိုဘမပြည့်ဖြစ်ရသည့်အခါ၊ တန်ခိုးအာဏာကို လိုချင်ပါလျက် လိုချင်သလို ဖြစ်မလာတဲ့အခါ၊ ဂုဏ်ပကာသနကို လိုချင်ပါလျက် လိုချင်သလို ဖြစ်မလာတဲ့အခါ ဝတ္ထုအာရုံကာမဂုဏ်စည်းစိမ်ချမ်းသာတွေမှ ရသော ချမ်းသာပျော်ရွှင်ခြင်းကို ရှာ၍မရတဲ့အခါ စိတ်ဆင်းရဲခြင်းဖြစ်ကြရတယ်။

စည်းစိမ်ဥစ္စာတွေ ရလာပြန်တော့လည်း ဘယ်လောက်ပဲရရ မတင်းတိမ်နိုင် မရောင့်ရဲနိုင်ဖြစ်ပြီး ပို၍ ရချင်ပြန်တယ်။ ဂုဏ်ပကာသန၊ တန်ခိုးအာဏာ ပိုပြီးတိုးတက်ကြီးမားချင်ပြန်တယ်။ ပို၍ချမ်းသာချင်စိတ်တွေများလာပြန်တယ်။ ဤနည်းဖြင့် သူတို့ရဲ့ လိုချင်ဆန္ဒလောဘတွေဟာ ဘယ် သောအခါမျှ မတင်းတိမ်နိုင်၊ မရောင့်ရဲနိုင်ဘဲ ဖြစ်ကြရတယ်။ ဒါကြောင့် ဘဝဖြစ်တည်နေ ခြင်းသဘောကို အမှန်အတိုင်း နားလည်ဖို့ကိစ္စဟာ အလွန်အရေးကြီးခြင်းဖြစ်တယ်။ ဒါမှသာ ကျွန်ုပ်တို့အနေဖြင့် မဖြစ်နိုင်တာတွေကို လုပ်ရင်း မရနိုင်တာတွေကို ရှာရင်း အချိန်ကုန်နေတဲ့အဖြစ်က လွတ်မြောက်မှာဖြစ်တယ်။

ရည်ညွှန်း-ဆန်းလွင် (ရှင်အာဒိစ္စရံသီ)၏ ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက

7 DAY NEWS JOURNAL
Vol.11, No.33 · OCTOBER 25 , 2012

## စာ-၃၊ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ဥပဒေပါ သမ္မတအရည်အချင်း မှ

ဒီ ၂၀၀၈ ဖွဲ့စည်းပုံကို ပုဂ္ဂိုလ်အချို့ကကာဖို့ ကြိုးစားတာဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ အဲဒီကာတဲ့ပုဂ္ဂိုလ်တွေကို လူထုကလက်ခံမှကိုး။ နိုင်ငံတော်သမ္မတအရည်အချင်းမှာ ကန့်သတ်မှုတွေများနေရင်အများလက်ခံနိုင်တဲ့ ဝေါဟာရကိုပြင်ဖို့တော်တော်ခက်ပါလိမ့်မယ်” ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြောသည်။

ဦးရဲထွန်းက သူ၏အမြင်ကို ပြောဆိုရာတွင် “ပြည်ခိုင်ဖြိုးပါတီက ပြင်ဖို့လုံးဝမရှိဘူး။ NLDက အာရုံရှိလို့ပြင်ဖို့ကြိုးစားရင်တောင် သိပ်ပြီးအရာရောက်မှာ မဟုတ်ဘူး” ဟု ဆိုသည်။

အခြေခံဥပဒေပြင်ဆင်ရေးတွင် သမ္မတနှင့်ပတ်သက်သည့် အရည်အချင်းများ ပြုပြင်ရန်သာမက အခြားသော တိုင်းရင်းသားရေးရာနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ တပ်မတော်၏ ပါဝင်မှု အခန်းကဏ္ဍကို လျှော့ချရေးကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ယခုထက်ပိုမို၍ အခွင့်အလမ်းများ ပေးအပ်ရန် ကိစ္စများ အစရှိသည့် အချက်အလက်များကို အာရုံစိုက်သင့်ကြောင်း မြန်မာ့နိုင်ငံရေး အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၏ ထင်မြင်ယူဆမှုများ ရှိနေသည်။

တပ်မတော်နှင့် ပတ်သက်သော အချက်အလက်များကို ပြင်ဆင်ရန်သာမက နိုင်ငံတော်တွင် လတ်တလော အရေးတကြီးလိုအပ်နေသည့် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မှန်မှန်ကန်ကန် ဒီမိုကရေစီပြည်ထောင်စုကို တည်ထောင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်မဖြစ် ပြင်ဆင်ရန် လိုအပ်နေကြောင်းလည်း တိုင်းရင်းသားပါတီအချို့က သုံးသပ်ဝေဖန်သည်။

အခြေခံဥပဒေပြင်ဆင်ရေးကို အဓိကထား လုပ်ဆောင်မည်ဟု ကြွေးကြော်၍ လွှတ်တော်တွင်းဝင်ရောက်ခဲ့သော NLD ပါတီအနေဖြင့် အခြေခံဥပဒေပြင်ဆင်ရေးထက် အခြားသော လွှတ်တော်တွင်း လုပ်ငန်းများကို အာရုံစူးစိုက်လုပ်ဆောင်သင့်ကြောင်း သုံးသပ်သူများလည်းရှိသည်။

ဦးရဲထွန်းက သုံးသပ်ပြောဆိုရာတွင် “ဖွဲ့စည်းပုံပြင်ဖို့ကိုပဲ အာရုံစိုက်နေမယ်ဆိုရင် ဒီအချိန်က ဖွဲ့စည်းပုံပြင်ဖို့ အချိန်ကောင်း၊ အချိန်မှန်မဟုတ်သေးဘူး။ ဒီအချိန်မှာ သွားပြင်ရင် အချင်းချင်း နားလည်မှုလွဲတာပဲရှိမယ်” ဟု ဆိုသည်။

အခြေခံဥပဒေကို ပြင်ဆင်လိုလျှင် အဆင့်များစွာကို ကျော်ဖြတ်ရမည်ဖြစ်ပြီး အချို့အဆင့်များသည် ယုတ္တိမဲ့သောအချက်များရှိကြောင်း၊ ၎င်းအချက်များကို ကျော်ဖြတ်ပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရမည်ဖြစ်သည့်အတွက် အခက်အခဲများကြီးမားနိုင်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုပြုံးချိုက သုံးသပ်ပြောကြားသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် NLD အနိုင်ရရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်နိုင်မည်ဟု ထင်ကြေးပေးမှုများရှိသော်လည်း တပ်မတော်သားကိုယ်စားလှယ်များ ပါဝင်ထောက်ခံမှသာလျှင် ပြင်ဆင်နိုင်မည်ဟုထင်မြင်ယူဆသူများလည်းရှိသည်။

လွှတ်တော်သက်တမ်းသည် ၂ နှစ်နီးပါး ချင်းနင်းဝင်ရောက်လာပြီဖြစ်သော်လည်း အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ တစ်စုံတစ်ရာဆွေးနွေးမှုကို မတွေ့ရှိရသေးပေ။

ပြည်ထောင်စုလွှတ်တော်အနေဖြင့်စတုတ္ထပုံမှန်အစည်းအဝေးပြီးစီးသည့်အချိန်ထိ ဥပဒေ ၃၂ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး နိုင်ငံအတွက် အရေးကြီးသော ဥပဒေအချို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

ယခုကျင်းပဆဲ လွှတ်တော်အစည်းအဝေးများတွင် မပြီးပြတ်သေးသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း၊ အလုပ်သမားများ လုပ်ခလစာနှင့် သက်ဆိုင်သည့် ဥပဒေကြမ်း စသည့် ကိစ္စများကို ဆွေးနွေးရန်ရှိပြီး အခြားဝင်ရောက်လာမည့် အဆိုများ ဥပဒေကြမ်းများကိုလည်း ဆွေးနွေးရန် ရှိသဖြင့် အခြေခံဥပဒေ ပြင်ဆင်ရေးမှာ အရေးတကြီး ကိစ္စရပ်အဖြစ် ဝင်ရောက်လာရန် အလှမ်းဝေးမှုများရှိနေသည်ဟု သုံးသပ်ကြသည်။ ယခုလက်ရှိ နိုင်ငံ၌ ကျင့်သုံးနေသော အခြေခံဥပဒေတွင် အားနည်းချက်များ ပါဝင်သော်လည်း အဆိုပါ အချက်များကို ပြင်ဆင်ရန်မှာမူ အလှမ်းဝေးနေဆဲဖြစ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်အပြောင်းအလဲလုပ်ငန်းစဉ်များ ပိုမိုဖြစ်ထွန်းလာရေးကိုသာ ဦးစားပေးဆောင်ရွက်ရမည့် အချိန်ကာလဖြစ်ကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းအချို့က ပြောဆိုမှုများရှိနေသည်။

“အခြေခံဥပဒေပြင်ဆင်ခွင့်ရရင် သမ္မတအရည်အချင်းနဲ့ပတ်သက်တဲ့ အချက်အချို့ကိုလည်း ဦးစားပေးပြင်ဖို့ရှိပါတယ်။ သမ္မတဟာ စစ်ရေးအမြင်ရှိရမယ်ဆိုတာ အမျိုးသားတွေကိုပဲ ဦးစားပေးတဲ့သဘော ဖြစ်နေပါတယ်။ ပုဒ်မ ၅၉(စ)ကိုလည်း ပြင်ရမယ်။ တိုင်းပြည်အတွက် တကယ်လိုအပ်ရင် ဒီအချက်တွေကို ဖယ်ရှားနိုင်မယ်လို့ ထင်ပါတယ်” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်က ပြောသည်။

## မျက်နှာဖုံး–ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်ခွဲ ရန်ကုန်တွင် ဖွင့်ရန်စီစဉ် မှ

“သူက ၃၀၊ ၄၀လောက်ကို လက်ခံပါတယ်။ ဝါရှင်တန်လိုမျိုးမှာပညာတော်သင်၃၀၊၄၀လောက်သွားပြီးတော့သင်ဖို့အတွက်က သူ့ကျောင်းက အလကားသင်ပေးလည်း နေဖို့စရိတ်က ကျွန်တော်တို့လိုလာတယ်။ စားဖို့စရိတ်က ကျွန်တော်တို့ လိုလာတယ်။ နေဖို့၊ စားဖို့ စရိတ်တွေလိုတဲ့အတွက်ကြောင့် များများစားစား ကျွန်တော်ဘယ်လိုမှ သွားပြီးတော့ သင်နိုင်တဲ့အနေအထားမရှိဘူး။ အဲဒီတော့ ရန်ကုန်မြို့မှာ အကြောင်းကြောင်းတွေကြောင့် တက္ကသိုလ်သုံးခုပိတ်ထားတာတွေရှိတယ်။ အဆင့်ဆင့်ပဲ။ အဲဒီတော့ ခင်ဗျားတို့ရဲ့တက္ကသိုလ် ခွဲတွေ ကိုရီးယားမှာ ဖွင့်နေတာတွေ ရှိတယ်။ စင်ကာပူမှာဖွင့်နေတာတွေရှိတယ်။ အီတလီမှာ ဖွင့်ပေးနေတာတွေရှိတယ်။ ဒီကိုလာပြီးတော့ တက္ကသိုလ်ခွဲတွေ ဖွင့်ပေးနိုင်မလား။ သဘောကျသွားပါတယ်။ ဒါကောင်းတဲ့အကြံဉာဏ်ပါပဲလို့ပြောပါတယ်။ ဒီတက္ကသိုလ်တွေဖွင့်ဖို့အတွက် ဒီနေ့ကျွန်တော်တို့ဆက်သွယ်ပြီးတော့ဆောင်ရွက်နေပါတယ်” ဟု ဦးသိန်းစိန်က အောက်တိုဘာ ၂၁ရက်တွင် သမ္မတအိမ်တော်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပညာရေးနှင့်ပတ်သက်၍ ဖြေကြားရာ၌ ထည့်သွင်းပြောကြားသွားခဲ့သည်။

အဆိုပါတက္ကသိုလ်က ပထမဦးစွာမြန်မာနိုင်ငံတက္ကသိုလ်များမှ ဆရာ၊ ဆရာမများကိုသင်ကြားပို့ချပေးရန် စီစဉ်နေပြီးနောက်ပိုင်းနှစ်များတွင်မှ တက္ကသိုလ်ခွဲတိုးချဲ့ဖွင့်ရန် စီစဉ်နေသည်။ အထူးပြုဘာသာရပ် ၈ မျိုးအထိ သင်ကြားပေးရန်၊ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်အပြင် ၎င်းနှင့်နီးစပ်သောတက္ကသိုလ်များမှ ဆရာ၊ဆရာမများက လာရောက်သင်ကြားပေးရန်စီစဉ်နေကြောင်းမင်္ဂလာမြန်မာမှဒေါက်တာဖုန်းဝင်းက ပြောသည်။ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှာ အမေရိကန်ပြည်ထောင်စုနှင့်ပြည်ပတွင် တက္ကသိုလ်ခွဲစုစုပေါင်း ၉ ခုရှိသည်။ ကျောင်းသားတစ်ဦးအတွက် အမေရိကတွင်ပညာသင်စရိတ်မှာတစ်နှစ်လျှင် ဒေါ်လာငါးသောင်းဝန်းကျင်ရှိကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-မြန်မာအစိုးရသည် မြောက်ကိုရီးယားနှင့် စစ်ရေးဆက်ဆံမှု လျှော့ချနေဟု ကန်အထူးကိုယ်စားလှယ်ပြော မှ

၎င်းက “မြန်မာဟာလမ်းကြောင်းမှန်ပေါ် ပြန်ရောက်နေပြီ ထင်ပါတယ်။ သူတို့ဟာ မြောက်ကိုရီးယားနဲ့ သူတို့ရဲ့ ဆက်ဆံရေးကို အခြေခံကျကျ ပြောင်းလဲဖို့ မဟာဗျူဟာ ဆုံးဖြတ်ချက်တစ်ခု လုပ်ခဲ့တယ်။ မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးတွေကို လုံးဝအဆုံးသတ်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်” ဟု ပြောသည်။ “ဒါပေမဲ့ ဒီဆက်ဆံရေးဟာ ဖြစ်ထွန်းနေဆဲပါပဲ။ ဒါဟာ နှစ်နိုင်ငံအကြားထားရှိခဲ့တဲ့ ရှည်ကြာတဲ့ ဆက်ဆံရေးတစ်ရပ်ဖြစ်တာမို့ အားလုံးပြီးသွားဖို့ အချိန်နည်းနည်းယူရမှာပါ” ဟု ၎င်းကဆိုသည်။

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုသောအားဖြင့် ပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့သည်။

-Ref:Reuters

**TRADEMARK CAUTION**

Kumiai Chemical Industry Co., Ltd a Company incorporated in Japan at 4-26, Ikenohata 1-chome, Taitoh-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trade-marks:-

KUMIKA

Reg : No.4/10429/2012

KUMIKA INTERNATIONAL

Reg : No.4/10427/2012

In respect of : Int'l Class 1: "Plant growth regulating preparations."

Int'l Class 5: " Pharmaceutical preparations; Pharmaceutical preparations to be used for agriculture, horticulture or forestry; Fumigants; Fungicides; Rodenticides; Insecticides; Herbicides; Insect repellents; Antiseptics."

Fraudulent imitation or unauthorized use of the said Trade-mark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

25.Oct.2012

## စာ-၉၊ ဆန်ကြမ်းတစ်ဘူး ငါးရာနှင့် မြောက်ဖျားသားများ ဘဝ မှ

အနိမ့်ဆုံး ၁၁ ရက် တက်ရသော ရေခဲတောင် ခရီးကြမ်းများ၊ ကမ္ဘာပေါ်တွင် ဒုတိယရေစီးအကြမ်းဆုံး မေခမြစ်တွင် Rafting စီးနိုင်ခြင်းတို့ကြောင့် ယခုခရီးသွားရာသီတွင် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြသည်။ ဒေသခံများမှာ သူတို့ကို မုန့်ဖိုးများ ရက်ရောစွာ ပေးတတ်ကြသော ကမ္ဘာလှည့်များကို စောင့်မျှော်နေကြသည်။

အောက်တိုဘာ ပထမပတ်တွင် သူတို့၏ မျှော်လင့်ချက်များမှာ ဝေဝါးသွားခဲ့သည်။

“ကက (ကြည်း) က လုံခြုံရေးအရခွင့်ပြုချက်ပိတ်လိုက်တယ်လို့ ရန်ကုန်အေဂျင်စီတွေကအကြောင်းကြားတယ်။ ဒီက အာဏာပိုင်တွေကို မေးတော့ သူတို့လည်း မသိကြဘူး” ဟု ကိုသောမတ်စ်က ပြောသည်။ မူလကပင် စားဝတ်နေရေး ကျပ်တည်းနေကြသော ဒေသခံတိုင်းရင်းသားများမှာ ယခုခရီးသွားရာသီတွင် ဧည့်သည် မဝင်ရောက်ပါက ယခုထက် ပိုမိုဆိုးဝါးလာမည်ဖြစ်သည်။

“ဧည့်သည်များရင် အိမ်ငှားထားလို့ရတယ်။ အထမ်းလိုက်နိုင်တယ်။ ဒါကြောင့် သူတို့ကို မျှော်တာ” ဟု မူလာရှီးဒီရွာသားတစ်ဦးက ဆိုသည်။

ကျေးလက်နေ အခြေခံလူတန်းစားတစ်ဦး၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာ တစ်သိန်းဝန်းကျင်သာ ရှိသော ပူတာအိုဒေသဖွံ့ဖြိုးရန် လိုအပ်ချက်များစွာ ရှိနေသည်။

မြစ်ကြီးနားလမ်းပြန်ဖွင့်ပါက ကုန်ဈေးနှုန်းများ ကျဆင်းနိုင်ပြီး ခရီးသွားများဝင်ရောက်လာပါက အလုပ်အကိုင်များ ပေါ်များလာမည်ဟု ဒေသခံများက ပြောကြသည်။

လက်ရှိ အခြေအနေတွင်မူ အလုပ်အကိုင်ရှားပါးခြင်းနှင့် မြင့်မားသောကုန်ဈေးနှုန်းများကြောင့် ဒေသခံ တိုင်းရင်းသားများမှာ ၎င်းတို့နေရပ်များကို စွန့်ခွာမှုများ ပြားလာကြပြီး မျိုးနွယ်စုကွယ်ပျောက်လာနိုင်သည်အရေး ရင်ဆိုင်နေရသည်။

“လုပ်စရာ၊ စားစရာမရှိတော့ ရေကြည်ရာ မြက်နုရာ ထွက်သွားကြတယ်။ ကြာရင် လူမျိုးပျောက်သွားနိုင်တယ်” ဟု လူမှုရေးလုပ်ငန်းဆောင်ရွက်သူ ပူတာအိုမြို့ မမေ့နိုင် စားသောက်ဆိုင်မှ ကိုအောင်ဇော်မိုးကဆိုသည်။

သဘာဝသယံဇာတများ ပေါများရာ ကချင်ပြည်နယ်၏ မြောက်ဖက်အစွန်ဆုံး ပူတာအိုဒေသတွင် လူဦးရေ၏ ရှစ်ဆယ်ရာခိုင်နှုန်းမှာ အခြေခံလူတန်းစားများ ဖြစ်ကြသည်။ အလုပ်အကိုင်ရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ဆိုးဝါးမှုတို့ကြောင့် ဒေသခံအများစု၏ တစ်နေ့ဝင်ငွေမှာ သုံးရာကျပ်ခန့်သာရှိသည်။

“ဒီမှာက အရမ်းဆင်းရဲကြပါတယ်။ လူတစ်ယောက်ဝင်ငွေက တစ်နှစ်လုံးမှ တစ်သိန်းလောက်ပဲဝင်တယ်ဆိုတာမှန်တယ်” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပူတာအိုခရိုင် တာဝန်ခံ ဦးယောစီကပြောသည်။

ဝင်ငွေနည်းပါးပြီး ကုန်ဈေးနှုန်းများက မြင့်တက်လာသဖြင့် ရောင်းရန်ကုန်စည်ရှိသည့်တိုင် ဝယ်နိုင်သူရှားပါးနေသည်။ “ရောင်းစရာဆန်ရှိတောင် ဝယ်တဲ့သူကမှ မရှိတာ” ဟု ဒုတ္တန်ရပ်ကွက်မှ ကုန်စုံဆိုင်ရှင်တစ်ဦးကဆိုသည်။

ပူတာအိုဒေသရှိ တိုင်းရင်းသားမျိုးနွယ်စုများမှာ ရိုးသားပြီး ချစ်ခင်ဖွယ်ဓလေ့ကို ပိုင်ဆိုင်ကြသည်။ သို့ရာတွင် ယခုကဲ့သို့ အခြေအနေ၌ စားစရာကုန်ပစ္စည်းများ မကြာခဏဆိုသလို ပျောက်ဆုံးလျက်ရှိသည်။ “ညဖက်ဆို စားစရာကိုပဲ ရွေးခိုးတဲ့ ကလေးတွေ အများကြီးရှိတယ်” ဟု ကိုအောင်ဇော်မိုးကဆိုသည်။

လက်ရှိအခက်အခဲများ ပြေလည်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှာ အဓိကဖြစ်ကြောင်း 7Day News က တွေ့ဆုံမေးမြန်းခဲ့သော ဒေသခံနှင့် ဝန်ထမ်း ၂၅ ဦးတွင် ကိုးဆယ်ရာခိုင်နှုန်းက ဖြေကြားခဲ့သည်။

“ဒေသဖွံ့ဖြိုးဖို့က လမ်းပန်းဆက်သွယ်ရေးက အဓိကကျတယ်” ဟု ပူတာအိုခရိုင်ဆေးရုံမှ ဒုတိယဆေးရုံအုပ်ကြီးနှင့် အရိုးအကြော အထူးကုဆရာဝန်ကြီး ဒေါက်တာလဘမ်ဂွန်ဂျက်က ဆိုသည်။ ထို့ပြင် အခြားသော နည်းလမ်းများဖြင့် စားဝတ်နေရေးအခက်အခဲကို ဖြေရှင်းသင့်ကြောင်း နိုင်ငံရေး ပါတီများက သုံးသပ်ကြသည်။

“စိုက်ပျိုးရေးနည်းပညာတွေ၊ စပါးမျိုးကောင်းတွေနဲ့ အထွက်တိုးအောင် လုပ်နိုင်ရင် အဆင်ပြေနိုင်တယ်” ဟု ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတာဝန်ခံဦးဖုန်ရီမင်က ဒေသတွင်း စပါးအထွက်နည်းခြင်းကို သုံးသပ်ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်း ကောင်းမွန်ခဲ့ပြီး အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော မြစ်ကြီးနားလမ်း မပိတ်မီနှစ်များနှင့် နှိုင်းယှဉ်ပါက ယခုနှစ်သည် အဆိုးဆုံး အခြေအနေနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

“၂၀၀၄ တုန်းက တစ်ထောင်ဖိုး ဆန် ၁၂ခွက်(ဘူး)ရတယ်။ အဲဒီအခြေအနေတွေ ပြန်ရောက်နိုင်ပါမလား” ဟု ဒုတ္တန်ရပ်ကွက်မှ ဒေသခံတစ်ဦးကဆိုသည်။

ယင်းဒေသတွင် နေဝင်လာသည်နှင့် ရာသီဥတုမှာ အေးမြလာသည်။ မျက်စိစမ်းသပ်မှုခံယူပြီးပြီဖြစ်သော လီဆူးတိုင်းရင်းသားကြီး ထုံဖူးရင် တစ်ယောက် ၇၂ နာရီကြာမြင့်မည်ဖြစ်သော ခြေကျင်အိမ်အပြန်လမ်းခရီးကို စတင်လိုက်သည်။ ရှည်လျားလှသော သူ့ခြေလျင်ခရီးကိုတအံ့တသြမေးမြန်းနေသော သတင်းထောက်အား ထုံဖူးရင်က ရယ်မောလျက် ယခုကဲ့သို့ပြောလိုက်သည်။

“ငါတို့အတွက်တော့ ရိုးနေပြီ။ မွေးကတည်းက လျှောက်နေရတာ”

Health

7 DAY NEWS JOURNAL

Vol.11, No.32 • OCTOBER 18 , 2012


# ကန့်ကွက်မှုများကြောင့် စစ်တွေတွင် MSF ဆေးခန်းသစ် မဖွင့်နိုင်သေး

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

နယ်စည်းမထား ဆရာဝန်များ(MSF)၏ စစ်တွေမြို့တွင် ဖွင့်လှစ်မည့် ဆေးခန်းသစ်အား ဆန္ဒပြကန့်ကွက်မှုများကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း သတင်းရရှိသည်။

ခုခံအားကျဆင်းမှု ရောဂါပိုးကူးစက်ခံထားရသူများနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများအတွက် ရည်ရွယ်ဖွင့်လှစ်သည့် အဆိုပါ ဆေးခန်းတွင် အခြေခံလူတန်းစားများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ကြောင်း MSFမှ Mr.Vickie Hawkinsကပြောသည်။

"သူတို့ရဲ့ အရင်ကတည်းက လုပ်ခဲ့တဲ့လုပ်ရပ်တွေအရ အခုအချိန်မှာ ရခိုင်လူထုအနေနဲ့က MSF အပေါ် မှာယုံကြည်မှု မရှိသေးဘူး။ အဲဒါကို အချိန်အတိုင်းအတာတစ်ခုထိ စောင့်ရမယ်လို့ ထင်တယ်" ဟု ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်က ပြောသည်။

ဘက်လိုက်မှုမရှိခဲ့ဟု ယူဆရသည့် အဖွဲ့အစည်းများကိုသာ လုပ်ငန်းများလုပ်ဆောင်ရန် လူထုဘက်မှ လိုက်လျောမှုများရှိပြီး MSF ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား လက်ခံနိုင်သော်လည်း အခြားအခြေအနေများအတွက် လက်ခံနိုင်ခြင်း မရှိသေးသည့်အတွက် ထိုကဲ့သို့ ကန့်ကွက်ရခြင်းဖြစ်ကြောင်း ဦးအောင်မြတ်ကျော်က ဆက်လက်ပြောသည်။ စစ်တွေမြို့ရှိနယ်စည်းမထား ဆရာဝန်များအဖွဲ့က ဖွင့်လှစ်ထားသော ဆေးခန်းအား ပဋိပက္ခများဖြစ်ပွားခဲ့သည့် ဇွန်လ တွင် ပိတ်ထားခဲ့သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန် ယခုဆေးခန်းအားဖွင့်လှစ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း Ms.Vickie Hawkins ကပြောသည်။

စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ ဆေးခန်း ၁၂ခန်း ဖွင့်လှစ်ထားသော်လည်း ယခုအချိန်တွင် ခုခံအားကျဆင်းမှုရောဂါပိုးကူးစက်ခံထားရသူများအတွက် ဆေးခန်းတစ်ခန်းနှင့် ငှက်ဖျားရောဂါကုသရန်အတွက် ဆေးခန်း ၅ခန်းသာ ဖွင့်လှစ်ထားကြောင်း သိရသည်။

ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ခုခံအားကျဆင်းမှု ရောဂါပိုးအတွက် ပိုးထိန်းဆေး ARV သောက်သုံးနေသူ ၆၅၀ရှိပြီး ထိုလူဦးရေ၏ ထက်ဝက်ကျော်သည် စစ်တွေမြို့တွင်နေထိုင်ကြသည်။ ထိုလူနာ ၆၀၀ကျော်ထဲမှ ဆေးခန်းများ ပိတ်ထားသည့်အချိန်မှ စတင်၍ လူနာ ၃၅ဦးမှာARV ကုထုံး မရရှိကြောင်း သိရသည်။

"MSFက ဘယ်အဖွဲ့ရဲ့လက်အောက်ကမှမဟုတ်ပါဘူး။ အဖွဲ့ရဲ့ ရန်ပုံငွေကလည်း လွတ်လပ်တဲ့ ဆီကနေလာတဲ့ရန်ပုံငွေဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုခုကနေ ရလာတဲ့ရန်ပုံငွေ လုံးဝမရှိပါဘူးလို့ ပြောချင်ပါတယ်" ဟု Ms. Vickic Hawkic က ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများဖြစ်ပွားနေသည့်အချိန်တွင် နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ ဝန်ထမ်းငါးဦးပါဝင် ပတ်သက်သည်ဟု ယူဆမှုဖြင့် အုပ်ချုပ်ရေးအာဏာပိုင်များ၏ ဖမ်းဆီးစစ်ဆေးခြင်းကို ခံခဲ့ရသည်။



# ပြင်လွန်းသောအခါ...

**ဝတ်ရည်အောင်**

**ပြည်တွင်းတွင် အလှအပ ပြုပြင်ခြင်းဆိုင်ရာ ခွဲစိတ်နိုင်သည့် နေရာများလည်း များပြားလာပြီး ကျွမ်းကျင်မှု မရှိခြင်းကြောင့်ဖြစ်လာသည့်နောက်ဆက်တွဲဆိုးကျိုး ခံစားရသူများလည်း များပြားလာကြောင်း ရန်ကုန်၊ မန္တလေးရှိအရေပြားဆိုင်ရာပညာရှင်များက ပြောကြားသည်။**

အလှအပနှင့် ဆိုင်သော ခွဲစိတ်မှုများတွင်အသက် ၂၄နှစ်ဝန်းကျင် အမျိုးသား၊ အမျိုးသမီးငယ်များမှစ၍ အသက် ၆၀ ဝန်းကျင်အထိ ပါဝင်သည်။

မြန်မာနိုင်ငံ အထက်ပိုင်းတွင် နေထိုင်သည့် စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးသည် ၂၀၀၈ ခုနှစ်က မန္တလေးမြို့တွင် ခွဲစိတ်ပြုပြင်ရာမှ သူမ၏ နှာခေါင်းပုံပျက်သွားသည့်အတွက် ပြင်ပတွင် ပြန်လည်သွားရောက်ပြုပြင်ခဲ့ရပြီး စိတ်သောကရောက်ခဲ့ရပုံကို ယခုကဲ့သို့ ရင်ဖွင့်သည်။

ခွဲစိတ်ပြုပြင်ရန် စတင်ဆွေးနွေးစဉ်မှ လိုချင်သည့် ပုံစံအား ရရစေမည်ဟူသော ကတိအလွယ်တကူပေးခဲ့သော်လည်း ခွဲစိတ်ပြီး ပတ်တီးဖြေသည့်အချိန်တွင်ပြထားသည့် ပုံစံမဟုတ်ဘဲ မခွဲစိတ်မီကလည်း ကြိုတင်ပြောပြထားခြင်းမရှိသည့် နှာခေါင်းဘေး အသားများပါ လှီးချပြီး နှာခေါင်းအား သေးအောင် ပြုလုပ်ထားကြောင်း သူမက ပြောသည်။

"နှာခေါင်းဘေးမှာလည်း အမာရွတ်တွေနဲ့ပေါ့။ ကလေးနှာခေါင်းလို သေးသေးလေးဖြစ်သွားတဲ့အပြင် မျက်နှာနဲ့ ဘယ်လိုမှလည်း အဆင်မပြေတော့ဘူး။ အဆိုးဆုံးကတော့ ဖြတ်လိုက်ပြီး ပုကျသွားတဲ့ နှာခေါင်းမှာ နှာရိုးက လက်နဲ့ ကိုင်လိုက်တိုင်း လှုပ်စိလှုပ်စိ ဖြစ်နေတာ။ လှုပ်လိုက်တိုင်းလည်း ခေါင်းတွေ မူးပြီး တော်တော်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့တာ။ အဲဒီအချိန်တုန်းက တွေ့တဲ့သူတိုင်းကလည်းပြောနဲ့ ရှက်လွန်းလို့ အပြင်ကိုလည်း မထွက်ရဲခဲ့ဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

ပလတ်စတစ် ဆာဂျရီဆိုသည်မှာ ပုံစံပြင်သော ခွဲစိတ်မှုဘာသာရပ်တစ်ခုဖြစ်ပြီး ခွဲစိတ်မှုတိုင်းတွင် တွေ့ရသော ပြဿနာများအတိုင်း ဖြစ်ပွားနိုင်သည့် အပြင် ကျွမ်းကျင်မှုမရှိခြင်းကြောင့် ထိုအစိတ်အပိုင်းများ ပျက်စီးခြင်းကိုပါ ခံစားရနိုင်ကြောင်း အရေပြားအထူးကုဆရာဝန် ဒေါက်တာမြတ်စန္ဒာကျော်က ပြောသည်။

"တချို့တွေဆိုရင် လေဆာဆိုပြီး မျက်နှာကို မီးနဲ့ ရှို့လိုက်တာတွေ၊ ဝက်ခြံဆိုပြီး မျက်နှာကို ဓားနဲ့ခွဲလိုက်လို့ သွေးတွေ ထွက်ပြီး ဆိုးဆိုးဝါးဝါးတွေ ဖြစ်သွားတာတွေလည်းရှိတယ်။

**စာ(၁၄)သို့**

# ညဝက်ခန့် အိပ်ရေးပျက်လျှင်ပင် ဦးနှောက်ကိုထိခိုက်စေနိုင်

**နယူးအော်လင်းစ်၊ အောက်တိုဘာ-၁၇**

ညတစ်ဝက်ခန့် အိပ်ရေးပျက်လျှင်ပင် လူတစ်ယောက်၏ မှတ်ဉာဏ်ကိုချို့ယွင်းစေနိုင်ပြီး ဦးနှောက်ဆဲလ်များ၏ ပုံမှန်အပြုအမူကို ပြောင်းလဲစေနိုင်ကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။



အမေရိကန်နိုင်ငံ နယူးအော်လင်းစ်မြို့တွင် ပြုလုပ်ခဲ့သည့် အမေရိကန် ဦးနှောက်နှင့် အာရုံကြောပညာရှင်များ၏ နှစ်ပတ်လည် ဆွေးနွေးမှု၌ အိပ်စက်ခြင်း၏ အရေးပါပုံကိုအဓိကထား၍ စာတမ်းများတင်ပြခဲ့ကြသည်။ အမေရိကန်နိုင်ငံတွင် လူငါးဦးလျှင် တစ်ဦးမှာ ဆိုးရွားသော အိပ်ပျက်ခြင်းပြဿနာနှင့် ကြုံတွေ့ရသော လက္ခဏာများတွေ့ရပြီး ယင်းအတွက်ကြောင့် အိပ်ပျက်ခြင်းနှင့် ဆက်စပ်နေသော အဝလွန်မှု၊ နှလုံးရောဂါပြဿနာများနှင့် မှတ်ဉာဏ်ပြဿနာများမှာ အများပြည်သူကျန်းမာရေးပြဿနာများ ဖြစ်လာကြောင်း သိရှိရသည်။

ယင်းညီလာခံတွင်တင်ပြသောအချက်များ၌ အိပ်ပျက်ခြင်းကြောင့် အရေးကြီးသော ဦးနှောက်အစိတ်အပိုင်းများ၏ ကွန်ရက်လုပ်ဆောင်မှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ယင်းကွန်ရက်ပျက်ယွင်းခြင်းကြောင့် အယ်လ်ဇိုင်းမားရောဂါကို ပိုဆိုးစေခြင်း၊ ဆက်သွယ်ပြောဆိုမှုဆိုင်ရာ ဦးနှောက်အစိတ်အပိုင်းကို ထိခိုက်ခြင်း စသော အကြောင်းအရာများကို တွေ့ရှိခဲ့သည်။

ကြွက်များနှင့် စမ်းသပ်ရာတွင် စိတ်ချောက်ချားစရာ အမှတ်ရမှုများကို အိပ်စက်ခြင်းဖြင့် လျော့ပါးစေနိုင်ကြောင်းလည်း သုတေသီများက တင်ပြခဲ့ကြသည်။

—Ref: UPI




7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

## ခံတွင်းကျန်းမာရေးနှင့်ဆီးချိုရောဂါ ဆက်စပ်နေခြင်းကို လူအများသတိမပြုမိကြ

**ဗာဂျီးနီးယား၊ အောက်တိုဘာ-၁၇**

အမေရိကန်နိုင်ငံသား သုံးပုံတစ်ပုံခန့်သည် ခံတွင်းကျန်းမာရေးနှင့် ဆီးချိုရောဂါ ဆက်စပ်နေခြင်းကို မသိရှိကြောင်း စစ်တမ်းတစ်ရပ်က တွေ့ရှိခဲ့သည်။

ဟေးရစ် စစ်တမ်းကောက်ယူရေးဌာနက ပြုလုပ်ခဲ့သော စစ်တမ်းတွင် သွားဖုံးရောဂါ လက္ခဏာများ တစ်မျိုး (သို့မဟုတ်) တစ်မျိုးထက်ပို၍ ကြုံတွေ့ခဲ့ရသည်ဟု ဖြေဆိုသူ ၅၄ ရာခိုင်နှုန်းက ပြန်ကြားသည်ကို တွေ့ရသည်။ သို့ရာတွင် ခံတွင်းကျန်းမာရေးကို ဆရာဝန်နှင့် မတိုင်ပင်ဖြစ်ပါဟု ဖြေကြားသူမှာလည်း ၆၇ ရာခိုင်နှုန်းရှိသည်။

“ဆီးချိုရောဂါရှိတဲ့ သူတွေမှာ သွားဖုံးရောဂါ ဖြစ်ပွားလွယ်ရုံတင် မကပါဘူး။ သွားဖုံးရောဂါကြောင့် သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုကို ထိခိုက်ပြီး ဆီးချိုရောဂါကို ပိုဆိုးစေနိုင်ပါတယ်” ဟု အမေရိကန် ဆီးချိုရောဂါ အစည်းအရုံးဥက္ကဋ္ဌဖြစ်သူ လူရီလင်းဂိန်းစ်က ပြောကြားသည်။



ဆီးချိုရောဂါရှိသူများသည် သွားဖုံးရောင်ခြင်းနှင့် အခြားသွားဖုံးရောဂါများ ဖြစ်ပွားနိုင်သည်။ သုတေသနက တွေ့ရှိခဲ့သော အခြားအချက်များတွင် ဆီးချိုရောဂါရှိသူများသည် ယင်းရောဂါမရှိသူများထက် ပြင်းထန်သော သွားဖုံးရောဂါ ဝေဒနာခံစားရရန် အလားအလာ နှစ်ဆရှိသည်ကို ပြန်ကြားသူ ၆၆ ရာခိုင်နှုန်းက မသိရှိဟုသော အချက်လည်း ပါဝင်သည်။ ထို့အပြင် သွားဖုံးရောဂါအပေါ် ပူပန်ခြင်းမရှိဟုဆိုသူ ၅၉ ရာခိုင်နှုန်းရှိပြီး ဆီးချိုရောဂါဝေဒနာရှင် ၃၈ ရာခိုင်နှုန်းကသာ သွားဖုံးရောဂါကို ဂရုစိုက်သည်ဟု ပြန်ကြားကြသည်။

—Ref: UPI

## ဆေးရုံအဆောက်အအုံသစ်အတွက် ဂျပန်အစိုးရက ကန်ဒေါ်လာ ခုနစ်သောင်းကျော်လှူ

**ဝတ်ရည်အောင်**
**ရန်ကုန်၊ အောက်တိုဘာ-၁၉**

ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုအဆောက်အအုံသစ် ဆောက်လုပ်ရန် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ခုနစ်သောင်းကျော်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

လက်ရှိ အသုံးပြုနေသည့် အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည် သန်စွမ်းရေးအဆောင်တွင် ကုသရေးဆိုင်ရာ စက်ပစ္စည်းများ ပြည့်နှက်နေသည့်အတွက် ထိုစက်ပစ္စည်းများအား အပြည့်အဝ အသုံးချနိုင်ရန် အဆောက်အအုံသစ် လိုအပ်လာသည့်သဖြင့် ဂျပန်အစိုးရ၏ အသေးစား စီမံကိန်း ထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၇၆၅၉၀ (ကျပ်သိန်းပေါင်း ၆၆၀ ခန့်) အား အထောက်အပံ့အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးကို လွန်ခဲ့သည့် နှစ်ပေါင်း ၉၀ ကျော်က တည်ထောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ကုသဆောင်ကို ၁၉၇၈ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး တစ်လလျှင် လူနာဦးရေ၉၀၀ ခန့် ကုသလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံရှိကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများအတွက် အခြေခံ အဆောက်အအုံများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ လှူဒါန်းလေ့ရှိသည်။

## စာ-၁၃၊ ပြင်လွှန်းသောအခါ... မှ

ငွေသိပ်အများကြီး မသုံးနိုင်တဲ့ ကျောင်းသူလေးတွေ သွားလုပ်ကြတယ်။ မန္တလေးမှာတော့ အဲလိုပြဿနာတွေတဖြည်းဖြည်း ပိုများပြားလာတယ်”ဟုမန္တလေးမြို့မှအထွေထွေအရေပြားနှင့် လေဆာအလှ အထူးကုဆေးခန်းတစ်ခုမှ အရေပြားကုဆရာဝန်တစ်ဦးက ပြောသည်။ အလှအပနှင့်ဆိုင်သော ခွဲစိတ်မှုများသည်အသေးစားခွဲစိတ်မှုဖြစ်သော်လည်း ခွဲစိတ်မှုတိုင်းတွင် သက်ရောက်မှုရှိသည့် ပိုးဝင်ခြင်း၊ သွေးထွက်ခြင်း၊ သွေးကြောပိတ်ခြင်း၊ သွေးခဲပိတ်ခြင်းများ မေ့ဆေးမတည့်ခြင်းများမှအစ ခွဲစိတ်သည့် မေ့ဆေးပေးချိန်ကြာရှည်သည့်အခါဖြစ်လာသည့်အန္တရာယ်အပြင် ဝါရင့်ကျွမ်းကျင်မှုများ၊ ခွဲစိတ်ပြီးချိန်နှင့် မခွဲစိတ်ခင် အချိန်ပါ အရေးကြီးသော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ကြောင်း ဒေါက်တာမြတ်စန္ဒာကျော်က ပြောသည်။

“အဲဒီမန္တလေးက ဆရာဝန်ကတော့ အဆင်မပြေဘူးဆိုတော့ ပြန်လာခဲ့လေ၊ ပြန်လုပ်ပေးမယ်ဆိုပြီးပဲ လွယ်လွယ်ထပ်ပြောတာပဲ။ ဒါပေမဲ့ မသွားရဲတော့ဘူး။ ဒါပေမဲ့ ကိုယ့်လိုပဲ သူများတွေ ကြုံရမှာဆိုးလို့။ ပိုက်ဆံတစ်ခုတည်းကြည့်ပြီး သူမစွမ်းဆောင်နိုင်တဲ့ ကိစ္စကြီးကို လွယ်လွယ်လေး လုပ်လိုက်တာ။ ပြန်လည်း မပြင်နိုင်တဲ့ သူတွေအတွက်ကတော့ တစ်သက်လုံးသောကရောက်နေရမှာ။ ကိုယ့်လိုသူများတွေ ဖြစ်မှာဆိုးတယ်” ဟု သူမက ဆက်လက်ပြောသည်။

“စင်ကာပူမှာ သွားပြင်တဲ့အခါကျတော့ အဲဒီက ဆရာဝန်က ဒီလောက်လွယ်လွယ်နဲ့မပြင်တတ်ဘဲပြင်ထားပါလားဆိုပြီး အရမ်းကို အံ့သြနေတာ။ ပြီးတော့ ဆီလီကွန်နှစ်ချောင်းထည့်ရမှာကို လည်း တစ်ချောင်းတည်းထည့်ထားတယ်လို့လည်း ပြောတယ်” ဟု သူမ၏ ပြန်လည်ခွဲစိတ်သည့်အတွေ့အကြုံကိုပြောသည်။

ပုံမှန်အစိတ်အပိုင်းအား ပြုပြင်ရန် ပိုက်ဆံကုန်ကျမှုနည်းပြီး ပြင်ရန် လွယ်ကူသော်လည်း ဖြတ်တောက်ထားသည့် အစိတ်အပိုင်းအားပြန်လည်ပြုပြင်ရန်မလွယ်ကူသကဲ့သို့ ငွေကုန်ကြေးကျမှုလည်း ပိုမိုများပြားကြောင်း သိရသည်။

“အခုက မျက်နှာအစိတ်အပိုင်း ခွဲစိတ်ပြုပြင်တာတွေကို အရေပြားဆေးခန်းလိုလို အလှပြင်ဆိုင်လိုလိုတွေ ဖွင့်ထားပြီး လာတဲ့ ဧည့်သည်ကို စည်းရုံးပြီး လုပ်တာကနေ ပြဿနာတွေလည်း များလာတယ်။ မလုပ်သင့်တာတွေ လုပ်ရာကနေ အခြေအနေတွေ တော်တော်ဆိုးပြီး ရောက်လာတဲ့ သူတွေလည်း အများကြီးဖြစ်လာတယ်” ဟု မန္တလေးမြို့မှ ထိုအရေပြားအထူးကု ဆရာဝန်က မှတ်ချက်ပြုပြောကြားသည်။

ပြည်တွင်းတွင် မျက်နှာအလှအပ၊ မျက်နှာအရေပြားနှင့် ဆိုင်သည့်ခွဲစိတ်မှုများ စတင်ခေတ်စားသည့် ၂၀၀၄ ခုနှစ်ခန့် အချိန်ထက် ယနေ့အချိန်တွင် နေ့စဉ် စိတ်ဝင်စားသူ တစ်ဆကျော် များပြားလာသည့်အပြင် မျက်နှာ အရေပြားနုပျိုစေရန်အတွက် ယခင်က ဆေးထိုး၊ ဆေးလိမ်းစသည်တို့ဖြင့်သာဆောင်ရွက်နိုင်ရာမှယခုကုသမှုခံယူသူ၏ ၎င်း၏ခန္ဓာကိုယ်ထဲမှ Steam Cell ကို ထုတ်၍ မျက်နှာအရေပြားအတွက် ပြန်လည်အသုံးပြုပြီး လေဆာနည်း ပညာနှင့် ပေါင်းစပ်၍ အရေပြားနုပျိုစေရန်အတွက်ပါ ဖန်တီးမှုများ စသည့် ခေတ်မီ နည်းလမ်း များပါ ပြည်တွင်းတွင်ပင် ဆောင် ရွက်နိုင်ပြီဖြစ်ကြောင်း Laser Face မျက်နှာအရေပြား အထူးကုလေဆာ ဆေးခန်းမှ ဒေါက်တာဆွေဆွေဝင်းကပြောသည်။

အနောက်နိုင်ငံများမှ ရင်သားနှင့်ပတ်သက်သော ခွဲစိတ်ပြုပြင်မှုများ များပြားလေ့ရှိသော်လည်း အရှေ့ပိုင်းနိုင်ငံများတွင် မျက်နှာ(မျက်လုံး၊ နှာခေါင်း၊ ပါး၊ လည်ပင်း) စသည့် ခွဲစိတ်မှု ပို၍ များပြားသည်။

ပါးအရေပြားတွဲကျခြင်း၊ လည်ပင်းအရေပြား တွဲကျခြင်းများအား တင်ပေးခြင်း၊ မျက်နှာအရေပြားတင်ပေးခြင်း၊ မျက်ရစ်ဖော် မျက်ရစ်ပြုပြင်ခြင်း၊ မျက်အိတ်အဆီထုတ်ခြင်း၊ နှာတံဖော် နှာခေါင်းထိပ်ချွန်ပေးခြင်း၊ နှာခေါင်းပေါက်ကျဉ်းပေးခြင်း၊ ပါးချိုင့်ဖော်ပေးခြင်း၊ ပါးဖောင်းပေးခြင်း၊ မေးစေ့ပြုပြင်ပေးခြင်း၊ ရင်သားကြီးအောင်နှင့် ကြီးနေသည်ကို သေးအောင် ပြုပြင်ပေးခြင်းများအပြင် အမျိုးသမီးအင်္ဂါပြုပြင်ပေးခြင်း၊ သားအိမ်ကျုံ့ပေးခြင်း စသည်တို့ဖြင့် အရွယ်အိုမင်းခြင်းအား အန်တု၍ ပိုလှစေရန် ပြုလုပ်နေကြသည်။

“မျက်ရစ်ခွဲစိတ်ပြုပြင်မှု၊ အောက်မျက်အိတ်တွဲကျတာတွေကို ခွဲစိတ်ပြုပြင်မှု၊ မျက်နှာအရေပြားတင်းတာ၊ ဝက်ခြံချိုင့်ခွက်တွေကို ခွဲစိတ်ပြုပြင်မှုနဲ့ အမာရွတ်တွေကို ခွဲစိတ်ပြုပြင်မှုတွေကို ပိုစိတ်ဝင်စားကြပါတယ်” ဟု ဒေါက်တာဆွေဆွေဝင်းကပြောသည်။

အသေးစား ခွဲစိတ်မှုဖြစ်သော်လည်း ဓားကိုင်ခွဲစိတ်မှုများအား ဆရာဝန်လက်မှတ်ရရှိထားသူများသာ ဆောင်ရွက်ခွင့်ရှိပြီး ဆရာဝန်မဟုတ်သူများမှ အင်ကိုင်၊ ဓားကိုင်ခွဲစိတ်ခြင်းအား ဥပဒေအရလည်း တားမြစ်ထားသည်။

“ကျွန်မ မျက်ရစ်ဖော်မလို့ အလှပြင်ဆိုင်လို့ ရေးထားတဲ့ ဆိုင်တစ်ဆိုင်ကို ရန်ကုန်လမ်းညွှန်ထဲက ရှာပြီး သွားဖူးတယ်။ သူတို့ရဲ့ မြို့ထဲက ဆိုင်ရောက်တော့ အဲလိုဟာမျိုးတွေကို ဆိုင်မှာလုပ်တာ မဟုတ်ဘူး။ လိုက်ခဲ့ပါဆိုပြီး ကမ္ဘာအေးဘုရားလမ်းက နေရာတစ်ခုကို ခေါ်သွားတယ်။ ဘာဆိုင်းဘုတ်မှ တင်ထားတာ မရှိဘူး။ ဟိုရောက်တော့ ခွဲစိတ်ခန်းထဲကို ခေါ်သွားတယ်။ ခွဲခန်းကလည်း သန့်သန့်ပြန့်ပြန့်ပဲ။ မလုပ်ခင်တော့ ပြောပြတယ်။ ခွဲတာ အဆင်မပြေရင် ဘာတွေဖြစ်နိုင်တယ်ဆိုပြီး ဖြစ်နိုင်တာကိုတော့ ကြိုရှင်းပြတယ်။ အခုထိတော့ ဘာမှမဖြစ်သေးဘူး”ဟု မအိက သူမ၏ အတွေ့အကြုံကိုပြောသည်။


မြန်မာနိုင်ငံအတွင်းရှိ ပြည်သူ့ဆေးရုံများတွင် မွေးရာပါမျက်နှာအစိတ်အပိုင်းများအား ပြန်ပြုပြင်ခြင်း၊ မတော်တဆ တစ်ခုခုကြောင့် ထိခိုက်ဒဏ်ရာရခြင်းတို့အား ပြန်ပြုပြင်ပေးခြင်းများသာရှိပြီး ထိုကဲ့သို့ အလှအပအတွက် ခွဲစိတ်ပြုပြင်မှုများအား အထူးကုအလှပြင်ဌာနများ ဖွင့်လှစ်၍ သော်လည်းကောင်း အလှပြင်ဆိုင်များတွင် ထည့်သွင်း၍သော်လည်းကောင်း ဆောင်ရွက်ပေးကြသည်။

ရာဘာ၊ ဂျဲလ်၊ အရည်ဖြင့် ဆီလီကွန် အစားထိုးခြင်းသည်လည်း စိတ်ဝင်စားမှုများပြားပြီး ထိုအစားထိုးခြင်းမှလည်း အကြောင်းမသင့်ပါက ပိုးဝင်ခြင်း၊ ပေါက်ထွက်ခြင်း၊ မာသွားခြင်း၊ အရည်အိတ်ဖြစ်သွားခြင်း၊ အနာမကျက်ခြင်း၊ အရွယ်ပိုကြီးခြင်း၊ သေးသွားခြင်း၊ နေရာရွေ့သွားခြင်း စသည့်ပြဿနာများလည်း နောက်ဆက်တွဲဖြစ်ပွားလာနိုင်ကြောင်း ဒေါက်တာမြတ်စန္ဒာကျော်က ပြောသည်။

အရေပြား ပြန်လည်ပြည့်တင်းအောင် ပြုလုပ်ကြသည့်အခါတွင်လည်း အချို့တွင် ထိုးသောနေရာ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးခြေဥခြင်း၊ ရောင်ရမ်းခြင်း၊ သွေးထွက်ခြင်း၊ အနာစိမ်းပေါက်ခြင်း၊ ဖျားခြင်း၊ အအေးမိခြင်း၊ ခဏတာ ကြွက်သားများ လျော့ရဲခြင်း၊ ဓာတ်မတည့်ခြင်း၊ ပိုးဝင်ခြင်းစသည်တို့လည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။

နှာခေါင်းခွဲစိတ်မှုအတွက် ပြည်တွင်းတွင် ငါးသိန်းကျော်ကုန်ကျခဲ့ပြီး ထိုပျက်စီးသွားသည့် အစိတ်အပိုင်းအား စင်ကာပူနိုင်ငံတွင်သွားရောက်ပြုပြင်ရာသိန်း၄၀ ခန့် ထပ်မံကုန်ကျခဲ့သည်။ အချို့သော ဆေးရုံများတွင် ထိုကဲ့သို့ ပျက်စီးသွားသည့် မျက်နှာအစိတ်အပိုင်းများ ပြန်လည်ပြုပြင်ရန် ဒေါ်လာတစ်သောင်းခွဲခန့် (သိန်း ၁၁၀ ) ခန့် တောင်းကြောင်း အဆိုပါ အမျိုးသမီးက ဆက်လက်ပြောသည်။

“ပြန်ပြင်ခဲ့လို့ ဘာမှ မဖြစ်တော့ပေမယ့် ကျွမ်းကျင်မှု မရှိသူကနေ ကျွန်မလို စိတ်ဆင်းရဲမှုမျိုး မကြုံတွေ့အောင်တော့ သတိထားကြပါလို့ပြောချင်ပါတယ်”ဟု ထိုအမျိုးသမီးက ဆိုသည်။



**အောင်ဇေယျာမင်း(တိုင်းရင်းအထူးကုဆေးခန်း)**

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၃၄/၀၈၀၉

**မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု**

အထူးဆိုင်းရင်းသေား များကိုလည်း ရောဂါရှင်များအတွက် နေ့စဉ်ရောင်းချ ပေးနေပါသည်။

အောင်ဇေယျာမင်းအထူးကုဆေးခန်းတွင် ဒေါက်တာအောင်ဇေယျာမင်း C.T.M.P, M.A.R.P, Ph.D Kolkata(India) ကိုယ်တိုင်ဦးစီး၍ ပညာရှင်များနှင့် မနာမကျင်၊ မခွဲမစိတ်ဘဲ ခေတ်မှီလိပ်ခေါင်းအထူးကု ကွန်ပျူတာစက်ကို အသုံးပြု၍ Turell နာကျင်မှုမရှိသော ကုသနည်းဖြင့် လိပ်ခေါင်းရောဂါများ၊ သွေးစုနာ၊ ဂရင်ဂျီနာ၊ သွေးဝမ်းပါခြင်း၊ စအိုကွဲ၊ စအိုယားယံ စသော စအိုနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများကို အထူးကုသပေးနေပါသည်။

၁။ ခေတ်မှီစက်ဖြင့် ကုသပေးခြင်းကြောင့် စိတ်ကျေနပ်မှု ရရှိစေခြင်း။

၂။ နာကျင်မှုနည်းခြင်း၊ ကုသချိန်တိုတောင်းခြင်း၊ အနာကျက်မြန်ခြင်းတို့ကြောင့် အချိန်ကုန်သက်သာစေခြင်း။

**အကြိုးကျိုးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ပခုံး၊ ခါးနာ၊ ပေါင်ချိုး၊ ဒူးဆစ်နာရောဂါ၊ အထူးကု**

လည်ပင်းကျိုးပေါင်းတက်ရောဂါသည် အာရုံကြောနှင့် သွေးကြောများကို ဖိမိပြီး ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ နားအူ ခြင်း၊ မျက်စိမှုန်ခြင်း၊ အိပ်မပျော်ခြင်း၊ သွေးတိုးခြင်း သို့မဟုတ် လည်ပင်း၊ ကျောနှင့် ပခုံးများ နာကျင်ခြင်း၊ လက်ချောင်းများ ထုံကျဉ်ခြင်း စသည့်ရောဂါများဖြစ်စေပါသည်။ ခါးဆစ်ကျိုးပေါင်းတက်ရောဂါသည် ခါးများ၊ ပေါင်များ ထုံကျဉ်သောရောဂါ၊ လေငန်းရောဂါဖြစ်သော ခြေလက်အဆစ်အမြစ် ရောင်ရမ်းနာကျင်ရောဂါများ ဖြစ်စေသည်။ အထက်ပါ ရောဂါများကို ပျောက် ကင်းစေရန်အတွက် အပ်စိုက်နည်းသစ်ကို ရောဂါဖြစ်နေသည့် နေရာသို့ တိုက်ရိုက်ရောက်ရှိခြင်း၊ ရောဂါကိုသက်သာစေခြင်း၊ အရိုးကျိုးပေါင်းကို ဖယ်ရှားပေးခြင်း၊ ဖိနှိပ်ခံရသော အာရုံကြောများ၊ သွေးကြောများ ပုံမှန်ဖြစ်စေပြီး သွေးလည်ပတ်မှုသည် လည်း ပုံမှန်ကောင်းမွန်လာစေသည်၊ ပေါင်ချိုးပျက်စီးခြင်း၊ ကျောဆစ်ရိုးရောင်ရမ်းနာ၊ ဒူးဆစ်နာ၊ လေဖြတ်အဆစ်အမြစ်နာ၊ သုံးလဖျားအာရုံကြောနာ စသည့်ရောဂါများကို အထူးကုသပေးနေပါသည်။

No.68,၁၂လမ်း(အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၂၄၄၂၈၊ ၀၉-၅၀၀၀၈၈၇၊ ၀၉-၄၂၅၂၉၇၆၈၈

Regional
7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# ပခုက္ကူမြို့မှ ပဲကုန်သည်တစ်ဦး ကျပ်သိန်း ၃,၀၀၀ ကျော်အရှုံးပေါ်ကာ ထွက်ပြေး

**ရန်နိုင်ကျော်**

**ပခုက္ကူ၊ အောက်တိုဘာ-၁၈**

ပခုက္ကူမြို့မှ ပဲကုန်သည် တစ်ဦးသည် ကြိုပွိုင့်စနစ်(လေပတ်ကားစနစ်)ဖြင့် အရောင်းအဝယ်ပြုလုပ်ရာ ကျပ်သိန်းပေါင်း ၃,၀၀၀ ကျော်တန်ဖိုးရှိပဲတင်းပေါင်းတစ်သောင်းခွဲကျော် အရှုံးပေါ်၍အောက်တိုဘာတတိယပတ်အတွင်းက ထွက်ပြေးခဲ့ကြောင်း မုံရွာမြို့နှင့် ပခုက္ကူမြို့ရှိ ပဲကုန်သည်များ ပြောပြချက်အရ သိရသည်။

"ကြိုပွိုင့်စနစ်နဲ့ ပဲကုန်သည်တွေက အလိမ်ခံရတာ ဒီအကြိမ်က သုံးကြိမ်၊ လေးကြိမ်မြောက် ကြုံတွေ့ခဲ့ရတာပါ။ ပဲဈေးတက်တုန်း ကြိုပွိုင့်စနစ်နဲ့ အရောင်းအဝယ်လုပ်တာ ပဲဈေးကျတော့ အရှုံးနဲ့ ရင်ဆိုင်ရမှာစိုးပြီး ထွက်ပြေးတာဖြစ်တယ်။ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်မှာ တစ်ကြိမ်၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ တစ်ကြိမ်၊ အခုတစ်ကြိမ် ပဲကုန်သည်တွေ အရှုံးနဲ့ ရင်ဆိုင်ပြီး ထွက်ပြေးတာ ကြုံခဲ့ရတယ်" ဟု ပခုက္ကူမြို့ ဒေသခံပဲကုန်သည်တစ်ဦးက ပြောသည်။

"ပဲကြိုပွိုင့်စနစ်နဲ့ အရောင်းအဝယ်မလုပ်ဖို့ ကုန်စည်ဒိုင်က ကြေညာချက် ထုတ်ထားတာကြာပါပြီ။ ပဲကုန်သည်တွေ ကြိုပွိုင့်စနစ်နဲ့ပတ်သက်လို့ ကုန်စည်ဒိုင်မှာ တိုင်ကြားလို့ မရဘူး။ ကုန်စည်ဒိုင်အနေနဲ့လည်း ဖြေရှင်းပေးမှာ မဟုတ်ဘူး။ အခု လိမ်သွားတဲ့ ပဲကုန်သည်က လွန်ခဲ့တဲ့ လေးငါးနှစ်လောက်တုန်းက မုံရွာဘက်မှာ ပဲလိမ်လည်မှုဖြစ်ပြီး ပခုက္ကူဘက်ပြောင်းလာတာပါ"ဟုပခုက္ကူမြို့ ဒေသခံပဲကုန်သည်တစ်ဦးက ဆိုသည်။

"မုံရွာက အလိမ်ခံရတာ တစ်ဦးတည်းလို့ ကြားတယ်။ ပဲအိတ်ပေါင်း ၁၂၀၀ ကျော်ပါတယ်လို့ကြားတယ်။ အခု ပဲလိမ်သွားတဲ့သူက အရင်လေးငါးနှစ်လောက်တုန်းက မုံရွာမှာ ပဲကုန်သည်တွေ လိမ်ခဲ့ဖူးတယ်။ ဒီလူက အခုဒုတိယအကြိမ် ကြိုပွိုင့်စနစ်နဲ့ လိမ်တာပါ" မုံရွာမြို့ဒေသခံ ပဲကုန်သည်တစ်ဦးက ပြောသည်။

ပခုက္ကူမြို့ ဒေသခံ ပဲကုန်သည်တစ်ဦးက ရန်ကုန်မြို့၊ မုံရွာမြို့နယ်နှင့် ပခုက္ကူမြို့မှ ပဲကုန်သည်များထံမှ ကြိုပွိုင့်စနစ်ဖြင့် ပဲအရောင်းအဝယ် ပြုလုပ်ရာတွင် ပဲတစ်တင်းခွဲ အိတ်ပေါင်း တစ်သောင်းကျော် (ပဲတင်းပေါင်းတစ်သောင်းခွဲကျော်) လိမ်လည်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ် အောက်တိုဘာလတတိယပတ်အတွင်း ပခုက္ကူမြို့ဒေသခံ ပဲကုန်သည်တစ်ဦး လိမ်လည်သော ပဲများမှာ ပဲစင်းငုံအများဆုံးဖြစ်ပြီး ဘီတူး(ကုလားပဲလုံးကြီး) အနည်းငယ် ပါဝင်ကြောင်း ပဲကုန်သည်များက ပြောသည်။

## မန္တလေးတွင် ဇာတ်သဘင်ဈေးကွက်ကျဆင်း

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ-၂၀**

ယခုနှစ် ပွင့်လင်းရာသီ ကာလတွင် မန္တလေးမြို့ရှိ ဇာတ်သဘင်များ ပွဲချီရရှိမှု နည်းပါးနေကာ ဇာတ်သဘင်ဈေးကွက်ကျဆင်းနေကြောင်း ၄၁ လမ်း မန်းသဘင်အသိုင်းအဝိုင်းထံမှ သတင်းရရှိသည်။



*မန္တလေးမြို့တွင်စိုက်ထူထားသော ဇာတ်ပွဲကြော်ငြာဆိုင်းဘုတ်များ*

ဓာတ်ပုံ-ညီညီဇော်

ပွဲချီရရှိမှုနည်းပါးရခြင်း အကြောင်းများမှာ ယေဘုယျအားဖြင့် မြို့ပေါ်ရှိ ရပ်ကွက်ပွဲများမှာ ငွေကြေးအခြေအနေအရ ဇာတ်သဘင်ထက် ဈေးနည်းသည့် ခြင်းပွဲ၊ တီးဝိုင်း အစရှိသည်များ အစားထိုးထည့်သွင်းလာခြင်း၊ နယ်ဘက်မှလည်း အကြောင်းအမျိုးမျိုးကြောင့် ပွဲလမ်းသဘင်များ မကျင်းပနိုင်တော့ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု မန်းသဘင် အသိုင်းအဝိုင်းက သုံးသပ်သည်။

မန်းဇာတ်သဘင်ဈေးကွက်အတွက် အဓိကမှီခိုအားထားနေရသော ဒေသကြီးတစ်ခုဖြစ်သည့် ကချင်ပြည်နယ်တွင် လတ်တလောအခြေအနေများကြောင့် ၎င်းဒေသတွင် ပွဲလမ်းသဘင်များ မကျင်းပနိုင်တော့ဘဲ ပွဲငှားများလည်း ဆင်းမလာတော့ကြောင်း မန်းဇာတ်သဘင်အသိုင်းအဝိုင်းက ပြောသည်။

"အရင်က ခုလိုချိန်ဆို မန္တလေးဇာတ်တွေ ကချင်ပြည်နယ်ဘက်က ပွဲချီရာချီရထားပြီ။ ခုဆို နှစ်ချီပဲရသေးတယ်။ ဒါတောင် ဘုန်းကြီးပျံပွဲမို့လို့"ဟု ပိုးချစ် (ဖိုးချစ်မဟုတ်ပါ)ဇာတ်အဖွဲ့မှ ပွဲတာဝန်ခံဦးလေးဇင်က ပြောသည်။

မန္တလေးမြို့ပေါ် ပွဲအချို့သည်ပင် ယခင်ကဲ့သို့ ပေါက်ဈေးအတိုင်း မငှားရမ်းနိုင်ကြတော့ဘဲ တတ်နိုင်သလောက် ပံ့ပိုးကြေးပေးကာ ပွဲကြည့်စင် ရောင်းရငွေယူပါဟု ပြောဆိုငှားရမ်းမှုများ ရှိလာသည်ဟုဆိုသည်။

မြို့ပေါ်တွင်သာမက နယ်ဘက်တွင်လည်း ပွဲငှားများ အလာကျဲနေကြောင်း မန်းသဘင်အသိုင်းအဝိုင်းကဆိုသည်။

မုံရွာဘက်တွင်လည်း သီးနှံဈေးကွက်မကောင်းသဖြင့် ပွဲလမ်းသဘင်များ မကျင်းပနိုင်သောကြောင့် မန္တလေးမြို့သို့ ပွဲငှားများ မလာကြောင်း ရွှေမဟာဇာတ်ပွဲကိုတည်ထောင်ထားသူ ဦးအောင်နိုင်ကပြောသည်။

ဇာတ်သဘင်များ ပွဲချီရရှိမှုနည်းပါးရခြင်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့်လည်း အဓိကသက်ဆိုင်ကြောင်း ဦးလေးဇင်က သူ၏ အမြင်ကို ပြောသည်။

"ဇာတ်သဘင်ကို အားပေးတဲ့သူတွေက အခြေခံလူတန်းစားတွေများပါတယ်။ သူတို့အဆင်ပြေမှ ကျွန်တော်တို့ကို ငှားနိုင်မှာပါ" ဟု ဦးလေးဇင်က ဆိုသည်။

မန္တလေးမြို့တွင် ဇာတ်အဖွဲ့ပေါင်း ၄၁ ဖွဲ့ရှိပြီး ဇာတ်တစ်ဇာတ်ငှားခမှာ ၁၂ သိန်းမှ ၁၅ သိန်းအထက်ရှိသည်။ သွားရောက်ကပြရမည့်ဒေသ၊ နေ့ရက်နှင့် ပွဲအနေအထားပေါ် မူတည်ပြီး ဈေးနှုန်းပြောင်းလဲမှုရှိသည်။

အထက် မြန်မာနိုင်ငံတွင် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဇာတ်ပွဲများ ဖွဲ့စည်းတည်ထောင်ထားကြပြီး မန္တလေးမြို့တွင် အများဆုံး တည်ထောင်ထားကြသည်။

## နာဂစ်ဒဏ်သင့် လယ်မြေများ ပြုပြင်နေရဆဲ

**သန်းထူး**

**ရန်ကုန်၊ အောက်တိုဘာ-၁၆**

၂၀၀၈ ခုနှစ် မေ ၂ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ဆားငန်ရေဝင်ရောက်ကာ ပျက်ဆီးခဲ့ရသော လယ်ယာမြေများ ယနေ့တိုင်ပြုပြင်နေရဆဲဖြစ်ကြောင်း ဒုတိယသမ္မတဦးညဏ်ထွန်းက ယနေ့ပြုလုပ်သော ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင် ပြောကြားသည်။

"နာဂစ်မုန်တိုင်း တိုက်ခတ်ခံခဲ့ရတဲ့အတွက် စပါးစိုက်လယ်မြေဧက ၁ ဒသမ ၃ သန်းမှာ ဆားငန်ရေဝင်ရောက်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယနေ့တိုင်ဆောင်ရွက်နေရဆဲဖြစ်ပါတယ်"ဟု ဦးညဏ်ထွန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါလယ်မြေများအတွက် ဆားငန်ရေဒဏ်ခံနိုင်သော စပါးမျိုးများ စိုက်ပျိုးလျက်ရှိသော်လည်း ရာနှုန်းပြည့် အစားမထိုးနိုင်သေးကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက ဆိုသည်။

"အဲဒီစပါးမျိုးကလည်း ဘယ်လောက်အထိ ခံနိုင်ရည်ရှိတယ်။ ဘယ်လောက် ကာဗာဖြစ်နိုင်တယ်ဆိုတာ စမ်းသပ်နေရသေးတယ်။ ဒါကြောင့် အဲဒီလယ်မြေတွေကို ယခင် စပါးမျိုး ပြန်စိုက်လို့ရအောင် ပြုပြင်နေရဦးမှာပဲ"ဟူ၍ အထက်ပါအကြောင်းအရာကို ရှင်းလင်းပြောသည်။ နာဂစ်မုန်တိုင်းဒဏ်ကို အများဆုံးခံခဲ့ရသော ဧရာဝတီတိုင်းဒေသကြီးသည် ယင်းမုန်တိုင်းကြောင့်ပင် ဒေသ၏ ဆင်းရဲနွမ်းပါးမှုကိုလည်း ပိုမိုမြင့်တက်စေခဲ့ကြောင်း၊ အဆိုပါဒေသ၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၀၀၅ ခုနှစ်တွင် စစ်တမ်းကောက်ယူစဉ်က ၂၉ ဒသမ ၃ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်တွင် မူ ၃၂ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့် တက်ခဲ့ကြောင်း မြန်မာနိုင်ငံနှင့် ယူအင်န်ဒီပီတို့ ကောက်ခံခဲ့သော စစ်တမ်းအရ သိရသည်။

ထိုကဲ့သို့သော သဘာဝဘေးများအပြင် နိုင်ငံအသီးသီး၌ လယ်ယာကဏ္ဍကိုဖြည့်ဆည်းမှုနည်းပါးခြင်း၊ ပင်လယ်ရပ်ခြား အထောက်အပံ့များ လျော့နည်းခြင်း၊ ပုံမှန်မဟုတ်သော မူဝါဒနှင့်ကိုယ်ကျိုးကာကွယ်သည့် မူဝါဒများကြောင်း လယ်ယာထွက်ကုန်ဈေးနှုန်း မတည်မငြိမ် ဖြစ်ရကြောင်း၊ စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်လာမှုကြောင့် ဆင်းရဲနွမ်းပါးသော ပြည်သူများ၏ ဝမ်းရေးကိုဖြည့်ဆည်းဖို့ မတတ်နိုင်သည့်အတွက် ပြည်သူများက အစိုးရအဖွဲ့များကို လှုပ်ခါစေမှုများ ဥရောပနိုင်ငံအချို့တွင်ဖြစ်ပေါ်ခဲ့ကြောင်းလည်း ဒုတိယသမ္မတ၏ ပြောကြားချက်များအရ သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# အိုးဘိုထောင်အင်းအတွင်းရှိ လယ်ယာမြေများ ဒေသခံတောင်သူများ လုပ်ကိုင်ခွင့်ရရှိရေး သမ္မတထံ တင်ပြ

**ရန်နိုင်ကျော်**

**မုံရွာ၊အောက်တိုဘာ-၂၀**

မုံရွာမြို့နယ် အိုးဘိုထောင်အင်း အတွင်းရှိ လယ်ယာမြေများအား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရ လက်ထက်တွင် ဒေသခံတောင်သူများအား သီးနှံလျော်ကြေးနစ်နာကြေး ကျပ်သုံးထောင်နှုန်းဖြင့် ပေးလျော်ခဲ့သည့်နောက်ပိုင်း လယ်ယာလုပ်ငန်း လုပ်ကိုင်စားသောက်ခွင့် လျော့နည်းလာသည့်အတွက် နိုင်ငံတော်သမ္မတထံသို့ အောက်တိုဘာ ၁၈ ရက်တွင် တင်ပြခဲ့ကြောင်း အလုံမြို့ တောင်ပြင်ရပ် ဒေသခံ တောင်သူများက ပြောကြားသည်။

နိုင်ငံတော်ငြိမ် ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရ လက်ထက် ၁၉၉၅ ခုနှစ်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးနှင့် ရာသီဥတုထိန်းသိမ်းရေးအတွက် မိုးရေလှောင်ရန် အိုးဘိုထောင်အင်းအတွင်းက လယ်ယာမြေတွေ သိမ်းခဲ့ခြင်းဖြစ်သည်။

"အရင်အစိုးရတွေ လက်ထက်မှာ တောင်သူတွေ တင်ပြပိုင်ခွင့်မရှိတော့ အခုမှ နိုင်ငံတော်သမ္မတကြီးဆီကို လယ်ယာမြေ ပြန်လည်လုပ်ကိုင်စားသောက်ခွင့် ရရှိရေး တင်ပြတောင်းဆိုတာပါ" ဟု အိုးဘိုထောင်အင်းအတွင်း လယ်ယာမြေ ၂၈ ဧကပိုင်ဆိုင်သော အလုံမြို့တောင်ပြင်ရပ် ဒေသခံတောင်သူ ဦးဌေးအောင်က ပြောကြားသည်။

"အရင်တုန်းက လယ်ပိုင်ယာပိုင် ဦးပိုင်အမည်ပေါက်နဲ့လုပ်ကိုင်စားသောက်တဲ့ တောင်သူတွေပါဗျာ။ ၁၉၉၅ ခုနှစ်နောက်ပိုင်း မူလလယ်ပိုင်ရှင်တွေက အမည်နောက်မှာ (ကျူး)ဆိုပြီး အတပ်ခံရတယ်။ အခုက တောင်းဆိုချင်တာက (၁) အိုးဘိုထောင်အင်း အတွင်း တိမ်ကောနေတဲ့ချောင်း ပြန်လည်တူးဖော်ပေးရေး (၂) ရေထိန်းတံခါးများကြောင့် စိုက်ပျိုးရေးလုပ်ကိုင်စားသောက်ခွင့်နည်းပါးသောကြောင့် သဘာဝအတိုင်း ချောင်းရေများ စီးဆင်းနိုင်ရန် ရေထိန်းတံခါးများ ဖျက်သိမ်းပေးရေး (၃) ဦးပိုင်အမှတ်၊ ကွင်းအမှတ်တို့တွင် မူလလယ်ယာမြေပိုင်ရှင်များ ပိုင်ရှင်အမည်ပေါက် လယ်ယာမြေမှတ်ပုံတင်ခွင့် ရရှိရေး (၄) တောင်သူ ၁၈ ဦး၏ လယ်ယာမြေ ၆၉ ဧကအား ငါးမွေးကန်များအဖြစ် ပြုလုပ်ထားသဖြင့် စိုက်ပျိုးမြေဆုံးရှုံးသဖြင့် ငါးမွေးကန်များ ဖျက်သိမ်းပေးရေးတို့ကို တောင်းဆိုလိုပါတယ်" ဟု အလုံမြို့တောင်ပြင်ရပ် တောင်သူလယ်သမားသမဂ္ဂဖြစ်မြောက်ရေးကော်မတီ အဖွဲ့ဝင် ဦးသောင်းက ပြောကြားသည်။

၁၉၉၅ ခုနှစ်က လယ်ယာမြေသိမ်းစဉ်ကလည်း လယ်တစ်ဧကသီးနှံ လျော်ကြေး ၃,၀၀၀ ကျပ်နှုန်း ပေးလျော်ခဲ့သော်လည်း ရွာလူကြီးက တစ်ဧက ၅၀ ကျပ်နှုန်း ကောက်ခံခဲ့သဖြင့် တောင်သူများ ၂၉၅၀ ကျပ်နှုန်းသာ ခံစားခွင့်ရခဲ့ကြောင်း သိရသည်။

# ဝေးလံသော်လည်း လစာနှစ်ဆ ခံစားခွင့်မရသည့် ဝန်ထမ်းများရှိနေသေး

**သန်းထူး** **နေပြည်တော်၊ အောက်တိုဘာ-၁၈**

ဝန်ထမ်းလစာနှစ်ဆခံစားခွင့်ရှိသည့်ဒေသများထက် ပို၍ ဝေးလံသော်လည်း လစာနှစ်ဆမရရှိသေးသည့်ဒေသများရှိသေးသည့်အတွက် ထိုဒေသများရှိ ဝန်ထမ်းများလစာနှစ်ဆခံစားနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသော အဆိုတစ်ရပ်အား ယနေ့ကျင်းပသည့် ပထမအကြိမ်အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့တွင် ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်-၅ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းရယ်က အဆိုတင်သွင်းခဲ့သည်။

ယခုနှစ် မေနှင့်ဇွန်လများအတွင်း လေ့လာရေးဆင်းခဲ့ရာမှတွေ့ရှိခဲ့သော အတွေ့အကြုံများအရ ကယားပြည်နယ်ရှိ ဖရူဆိုမြို့နယ်၊ လွိုင်ကော်မြို့နယ်နှင့် ကချင်ပြည်နယ်ရှိမြို့နယ်အချို့တွင် ထိုကဲ့သို့သော နေရာများ ကျန်ရှိနေသေးကြောင်းနှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း ကျန်ရှိနိုင်သေးကြောင်း ဦးဆန်းရယ်၏ ပြောကြားချက်အရ သိရသည်။ ဝန်ထမ်းများ လစာနှစ်ဆခံစားခွင့် မရသော်လည်း အချို့သော မြို့နယ်များနှင့် ဒေသများသည် လစာနှစ်ဆရသည့်ဒေသများကိုဖြတ်သန်း၍ သွားရပြီး လမ်းပန်းဆက်သွယ်ရေးမကောင်း၍ ခြေလျင်တောင်တက်ခရီးများဖြင့် သုံးညအိပ်ခန့် အနည်းဆုံးသွားရသည့်ဒေသများလည်းရှိကြောင်း ဦးဆန်းရယ်က ဆက်လက်ပြောသည်။ ဦးဆန်းရယ်၏ ၎င်းအဆိုအား အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။






# ဖားအံ့–မြဝတီလမ်းပိုင်းတွင် အဖွဲ့တစ်ဖွဲ့ ဂိတ်ကြေးကောက်ကြမ်းနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ–၂၀**

ဖားအံ့-မြဝတီလမ်းပိုင်းတွင် ရန်ပုံငွေအတွက် ကောက်ခံသည်ဟုဆိုကာ တောင်းယူနေသော ဂိတ်ကြေးမှာ သက်ဆိုင်ရာက ချမှတ်ထားသော ဂိတ်ကြေးထက် မြင့်နေ၍ ကုန်တင်ယာဉ်နှင့် ကားဂိတ်လုပ်ငန်းရှင်များ အဆင်မပြေဖြစ်နေရကြောင်း ယင်းတို့က ပြောသည်။

အဆိုပါ ဂိတ်သည် ကော့ကရိတ်နှင့် အောက်ဖိုတဲကြားရှိ ကုက္ကိုပြင် အတန်းတွင် ငြိမ်းချမ်းရေးဂိတ်ဟုဆိုကာ ငြိမ်းချမ်းရေးယူထားသော ကေအင်န်ယူအဖွဲ့မှ ခွဲထွက်အဖွဲ့တစ်ဖွဲ့က ယခုလ ၁၃ ရက်မှစတင်ကာ ကောက်ခံနေခြင်း ဖြစ်သည်။

"သူတို့က စားစရာမရှိလို့ ဂိတ်ဖွင့်တောင်းတာဆိုပြီး တောင်းနေတာ။ ဒါပေမဲ့ တောင်းတဲ့နှုန်းက အရမ်းမြင့်နေတယ်။ ဒီအချိန်က တန်ဆာခတွေကလည်းကျ၊ ကားတွေကလည်း ပေါတော့ တန်ဆာခရတာနည်းတဲ့အချိန်မှာကားသမားတွေအတွက် အဆင်မပြေဖြစ်နေတယ်" ဟု အဆိုပါ လမ်းကြောင်းသွားကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယင်းဂိတ်က ၁၂ ဘီး၊ ၁၄ ဘီးကားကြီးများကို တစ်စီးလျှင် ဖားအံ့မှ မြဝတီအတက်တွင် ကျပ် ၁၀,၀၀၀ ကောက်ခံပြီး အဆင်းကားတစ်စီးလျှင် ကျပ် ၁၅,၀၀၀ ထိ ကောက်ခံနေကြောင်း ရန်ကုန်အခြေစိုက် ကုန်တင်ယာဉ်မောင်းများက ပြောသည်။ ထို့ပြင် ကုန်မပါသော အလွတ်ကားကြီးများကိုလည်း ကျပ် ၁၀,၀၀၀၊ အိမ်စီးကားနှင့် ဟိုင်းလတ်များကို ကျပ် ၅,၀၀၀ နှင့် ဆိုင်ကယ်တစ်စီးလျှင် ကျပ်၁,၀၀၀ကောက်ခံနေကြောင်း သိရသည်။

ထို့အတူ ခြောက်ဘီးကားကိုလည်း အဆင်းကားကိုပင် ကျပ် ၁၀,၀၀၀ ကောက်ခံနေသည်။ မှန်လုံကားများကိုကောက်ခံရာတွင်လည်း ဂျူတီ ဆောင်ထားသော စာရွက်ပြနိုင်သည့် ကားကို ကျပ် ၁၅,၀၀၀ သာ ကောက်ခံသော်လည်း ဂျူတီစာရွက် မပြနိုင်သော ကားများအား ၁ သိန်းခွဲထိကောက်ခံနေကြောင်း မြဝတီအခြေစိုက် ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ကားသမားတွေက ဂျူတီလည်းဆောင်ထားလျက်နဲ့ လမ်းဘေးမှာ ကောက်သမျှ ဂိတ်တိုင်းကို ပေးနေရတော့ အဆင်မပြေဘူး။ သူတို့ ဂိတ်က ကားဘီးနဲ့ စာရွက်ကြည့်ပြီး ကောက်နေတာ။ ရန်ပုံငွေတို့ စားစရာမရှိလို့ ကောက်တာတို့ဆိုရင် ဒီလောက်တော့ မတောင်းသင့်ဘူး။ ဒီလမ်းက အရင်ကလည်း ကောက်တဲ့ဂိတ်တွေများလို့အဆင်ပြေအောင်သက်ဆိုင်ရာက ဂိတ်ကြေးတွေ ကောက်တဲ့ဂိတ်တွေနည်းအောင် စိစစ်ပေးထားတာ သိပ်မကြာသေးဘူး" ဟုမြဝတီမှ ကားဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။ အဆိုပါ လမ်းတွင် ကျပ် ၅,၀၀၀ နှုန်းကောက်ခံနေသော အိမ်စီးကားမှာ နေ့စဉ် အတက်အဆင်း ကားအစီးရေ ၁၀၀ ခန့်ရှိပြီး ဟိုင်းလတ်ကားများမှာလည်း အတက်အဆင်း အစီးရေ ၁၀၀ ခန့် နီးပါးသွားလာနေကြောင်း မြဝတီမြို့တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ဖားအံ့-မြဝတီလမ်းပိုင်းတွင် ပုံမှန်အားဖြင့် အများဆုံးပေးဆောင်ရသော နေရာများဖြစ်သည့် ဂျိုင်းတံတားတွင် တံတားကြေး ကျပ် ၆,၀၀၀၊ စသုံးလုံးကြေးကျပ် ၁,၀၀၀၊ ရဲကြေး ကျပ် ၅၀၀ နှင့် စစ်တပ်အတွက် ကျပ် ၅၀၀ဖြစ်၍ စုစုပေါင်းကျပ် ၈,၀၀၀ သာပေးဆောင်ရသည်။

ယင်းလမ်းကြောင်းသွားကားများမှာ အသွားအပြန် တစ်ခေါက်လျှင် ယခင်က ကျပ်ငါးသိန်းဝန်းကျင်ထိ အမြတ်ကျန်သော်လည်း ယခုလပိုင်းတွင် ကားများကာ ကုန်ရှားပြီး တန်ဆာခများလည်း လျော့ကျနေခြင်းကြောင့် တစ်ခေါက်လျှင် ကျပ်သုံးသိန်းခန့်သာ ရရှိတော့ကြောင်း ကားဂိတ်လုပ်ငန်းရှင်များက ပြောကြားသည်။

# အထောက်အထားမဲ့ အင်ကြင်းကျောက်တင် လိုက်ထရပ်ကား နွားထိုးကြီးတွင် ဖမ်းမိ

**ငွေးငွေးမောင်**

**နွားထိုးကြီး၊အောက်တိုဘာ–၁၂**

နွားထိုးကြီးမြို့နယ်မြင်းခြံ-ရေဝန်းကားလမ်းမိုင်တိုင်၃/၂၂နှင့်၄/၂၂ကြားထန်းဇင်ရွာအနီး အနောက်မှ အရှေ့သို့ယာဉ်မောင်း အောင်မိုးမောင်းနှင်လာသော အဖြူရောင်လိုက်ထရပ် ၈ငေ/၈၃၂၃ ကားပေါ်မှ အထောက်အထားမပြနိုင်သော အင်ကြင်း ကျောက် ၁၁၂တုံး(ပိဿာချိန် ၁၂၄၃)အား စက်တင်ဘာ ၂၅ ရက် နေ့လယ် ၁၂ နာရီက (ပ)၈၃/၂၀၁၂ သတ္တုတွင်းဥပဒေပုဒ်မ ၃၁ ဖြင့် နွားထိုးကြီးရဲစခန်းက ဖမ်းဆီးရမိခဲ့သည်။

သတ္တုတွင်းဝန်ကြီးဌာနက လုပ်ငန်းလိုင်စင်ဖြင့်လုပ်ပိုင်ခွင့်ပြုထားသော အင်ကြင်းကျောက်ကို နွားထိုးကြီးမြို့တွင် ယခုကဲ့သို့ တရားမဝင် ပထမဦးအကြိမ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ကားနှစ်စီးတိုက် အင်ကြင်းကျောက် ၁၃၁ တုံး ဖမ်းမိရာမြို့ခံတို့က ကျပ်သိန်း၅၀၀ ဖိုးခန့်ရှိမည်ဟုခန့်မှန်းသည်။

ယင်းအင်ကြင်းကျောက်များမှာမလှိုင်မြို့နယ် သက္ကယ်ကျင်းရွာမှ ရှမ်းပြည်နယ် လားရှိုးမြို့သို့သယ်ယူစဉ် နွားထိုးကြီးမြို့နယ်၌ အဖမ်း ခံရခြင်းဖြစ်သည်။ အင်ကြင်းကျောက်များကို ဒုတိယအကြိမ် သယ်ယူရာတွင် အဖမ်းခံရခြင်းဖြစ်ကြောင်း ယာဉ်မောင်းများက ဆိုသည်။



*ဖမ်းဆီးရမိသော လိုက်ထရပ်ကား*

# ဒေသခံများ တိုင်ကြား၍ တောင်ကုတ်တွင် ကျောင်းပြင်ပ ကျူရှင်သင်ကြားမှုများတားမြစ်

**နိဘယ်လ်**

**တောင်ကုတ်၊ အောက်တိုဘာ–၁၇**

တောင်ကုတ်မြို့နယ်အတွင်းမှ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအား ပြင်ပတွင် ကျူရှင်သင်ကြားခြင်း မပြုလုပ်ရန်အတွက် တရားဝင် ညွှန်ကြားချက် ထုတ်ပြန်လိုက်ကြောင်း တောင်ကုတ်မြို့ ပညာရေးအသိုင်းအဝိုင်းထံမှ သိရသည်။

ယခုလ ပထမပတ်အတွင်းတွင် ကိုင်းရှည်ရပ်ကွက်မှ ကျောင်းသားမိဘခြောက်ဦးက ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ ကျူရှင်ပြသသည့်အတွက် ကျောင်းသားတို့၏ နစ်နာနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခဲ့ကြောင်း ဒေသခံတို့ထံမှ သိရသည်။ ယခုလ ၁၂ ရက်က ဌာနဆိုင်ရာအစည်းအဝေးတွင်မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ပညာရေးမှူး(ခေတ္တ)အား ဝန်ထမ်း ဆရာ၊ ဆရာမများအနေနှင့် ကျူရှင်ပြသခြင်းနှင့် ပတ်သက်၍ ဆွေးနွေးညွှန်ကြားခဲ့ကြောင်းနှင့် ယင်းနေ့ညနေပိုင်းတွင် မြို့ပေါ်နှင့် မြို့ပတ်ဝန်းကျင်မှ ဆရာ၊ ဆရာမများအား မြို့နယ်ပညာရေးမှူး(ခေတ္တ)က ဆက်လက်ညွှန်ကြားခဲ့ကြောင်း မြို့နယ်ပညာရေးဝန်ထမ်းများထံမှ သိရသည်။

**TRADEMARK CAUTION**

VISA International Service Association, a company incorporated in USA at 900 Metro Center Boulevard, Foster City, California, U.S.A 94404 is the Owner and Sole Proprietor of the following Trademark:-

**VISA ELECTRON**

**Reg: 4/10702/2012**

In respect of : Int'l class 36 : "Financial services, banking, bill payment services, electronic processing and transmission of bill payment data, electronic processing of insurance claims, credit card services, debit card services, charge card services, pre-paid card services, electronic credit and debit transactions, electronic funds transfer, smart cards and electronic cash services, cash disbursement, cash replacement rendered by credit card and debit cards, electronic cash transactions, check verification, check cashing, deposit access and automated teller machine services, payment processing services, processing of financial transactions online via a global computer network or via telecommunication, mobile or wireless devices, transaction authentication and verification services, and dissemination of financial information and electronic payment data via a global computer network or via telecommunication, mobile or wireless devices."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 25.Oct.2012

**ဝန်ထမ်းအလိုရှိသည်။**
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

**AA Medical Products Ltd.** မှ အောက်ဖော်ပြပါရာထူးအတွက် အရည်အသွေး ပြည့်စုံသူများအား ခန့်ထားရန် လိုအပ်လျက်ရှိပါသည်။

၁။ **Junior Sales Officer** ကျား/မ(၂)ဦး

- M.B.,B.S, B.Pharm, B.D.S, B.V.Sc(သို့)B.Sc(သို့) B.com ဘွဲ့ရပြီးသူ၊ ဆေး(သို့)လူသုံးကုန်ပစ္စည်းရောင်းဝယ်ခြင်း လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိသူကို ဦးစားပေးမည်။ အရောင်းနှင့်ကုန်ပစ္စည်းစာရင်းဇယားနားလည်သူကို ဦးစားပေးမည်။
- Computer ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရမည်။
- အရောင်းဝန်ထမ်းများအား စီမံခန့်ခွဲဦးဆောင်နိုင်မှုရှိပြီးကုမ္ပဏီမှ ချမှတ်ပေးထားသော အရောင်းပမာဏကို ပြည့်မီအောင် တာဝန်ယူနိုင်သူဖြစ်ရမည်။
- သွက်လက်ထက်မြက်၍ ဆက်ဆံရေးကောင်းမွန်ရမည်။အင်္ဂလိပ်စာအရေးအပြောကျွမ်းကျင်သူနားလည်သူကို ဦးစားပေးမည်။

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့် နေ့မှ(၆.၁၁.၁၂)ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ (၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စု စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ AA Medical Products Ltd. အမှတ် (၄၀၈/၄၁၀)၊ မဟာဗန္ဓုလလမ်း၊(၄)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**SAIL**
MARKETING & COMMUNICATIONS
ADVERTISING
San Aung Imaging Co.,Ltd

*Vacancy Announcement.*
*(for Myanmar nationals only)*

SAIL Advertising and marketing agency is the first agency in Myanmar for over 20 years offering services to international clients since 1991. We urgently need managers and trainees. Attractive salary plus international training will be provided. If you want to have a career in advertising and media industry, SAIL is the company that will train and keep you improved in salary and experience.

- General Manager — M 1 Post
  - To manage staff in Yangon office assisting the expatriate CEO.
  - Communicate with local clients and government offices.
- Client Service Manager (International) — M/F 1 Post
  - Good command in English is essential.
- Receptionst — F 1 Post
  - Good command in English is essential.
- Client Service Executive Trainee — M/F 1 Post
  - Good command in English is essential.
- Media Executive Trainee — M/F 1 Post
  - Good command in English is essential.

Suite (403) , Danathiha Center, 790 Bogyoke Road, Lamadaw Township, Yangon, Myanmar
Ph: (+951) 211870, 224820, 2301195
www.advertising-myanmar.com

7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# သားသတ်ခွင့် လေလံဝင်ဆွဲကာ အလွန်အကျွံ အမဲဖြတ်မှု လျှော့ချနိုင်ရေး ဒေသခံများ ကြိုးပမ်း

ပြည်သိမ်း

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

ကျွဲ၊ နွား အကောင်ရေများစွာသတ်နေခြင်းကိုကာကွယ်ရန် အမဲလိုင်စင်ကိုမြို့နယ်လူထုက တိုင်းဒေသကြီးအစိုးရထံမှ လေလံဝင်ဆွဲ၍ လျှော့ချနိုင်ဆွဲ၍ လျှ ဒါန်းမှုများ ရောဝတီတိုင်းရှိမြို့နယ်အများစုတွင် ပြုလုပ်လာကြောင်း သတင်းရရှိသည်။

မြို့နယ်များတွင် အမဲသားသတ်ခွင့် လိုင်စင်ချပေးရာတွင် မြို့ပေါ်၌ တစ်ရက်တစ်ကောင်နှုန်း ကျေးရွာအုပ်စုကြီးများတွင် သုံးရက်လျှင် တစ်ကောင်နှုန်းသာ သတ်မှတ်ထားသည်။ သို့သော် တိုင်းဒေသကြီး အစိုးရများကိုလေလံကြေးမြင့်မားစွာပေးပြီး နွားအကောင်ရေ၄၀၊ ၅၀ ထိ သတ်ဖြတ်၍ ရန်ကုန်မှတစ်ဆင့် နယ်စပ်ဒေသများသို့ တရားမဝင်ပို့နေကြောင်း လယ်ယာမြေစုံစမ်းရေးကော်မရှင်မှ အတွင်းရေးမှူး ဦးသိန်းထွန်းက ရှင်းပြသည်။

"နောက်နှစ် လေလံကိုမြို့နယ် ပြည်သူကပဲ ဝိုင်းပြီးဆွဲမယ်။ လေလံဈေးကိုလည်း တိုင်းဒေသကြီးအစိုးရတောင်းတဲ့ ဈေးတိုင်ပဲ ပေးမယ်"ဟု ရောဝတီတိုင်းကျောင်းကုန်းမြို့နယ်ရှိ ဇီဝိတဒါန ကျွဲ၊ နွားအသက်ကယ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့မှတရားမဝင်ကျွဲ၊ နွားအကောင်ရေနေ့စဉ်၁၀၀ကျော်ကို သတ်၍ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့အေးခဲအမဲသားများအဖြစ် တင်ပို့နေသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တစ်ရက်လျှင် တစ်ကောင်ခွဲသာ တရားဝင်တင်ပို့ခွင့်ပြုကြောင်းသိရသည်။

"အခုဟာက ဒီမှာ အထီးရော၊ အမရော မခွဲဘူး။ အကုန်သတ်နေတာ။ စိုးရိမ်ရတယ်"ဟု အမဲသားလက်ကားရောင်းချသူတစ်ဦးက ဆိုသည်။

အေးခဲ အမဲသားနယ်စပ်မှတစ်ဆင့် တင်ပို့ခွင့်ကို ဇွန်လဆန်းမှ စတင်ခွင့်ပြုပြီးနောက်ပိုင်း အမဲသားဈေးမှာလည်း ပြည်တွင်းလက်ကားဈေးတွင် တစ်ပိဿာ ၃၃၀၀ ကျပ်ထိ မြင့်တက်လာသည်။ အမဲတစ်ကောင်ကို လေးပိုင်းဖြင့် အရိုး၊ အသား၊ အဆီပါ ဈေးနှုန်းဖြစ်သည်။

ဇွန်လမတိုင်မီက ရန်ကုန်ဈေးကွက်တွင် အမဲသားဈေးမှာ လက်ကားဈေးတွင် တစ်ပိဿာ ၂၆၀၀ ကျပ်ဝန်းကျင်ရှိသည်။ ယင်းကဲ့သို့ ဈေးမြင့်တက်လာခြင်းကြောင့် လက်လီဈေးကွက်တွင် အမဲသားဈေးမှာ တစ်ပိဿာ ၆,၀၀၀ ကျပ်မှ ၇,၀၀၀ ကျပ်ကြား ရှိသည်။

# လားရှိုးတွင် ညှော့စာရင်းအတွက် ငွေပေးနေရဟုဆို

**လားရှိုး၊ အောက်တိုဘာ-၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် အိမ်ခန်းငှားရမ်းနေထိုင်ကြသော ရွှေ့ပြောင်းမိသားစုများမှာ သက်ဆိုင်ရာ ရပ်ကွက်များတွင် ညှော့စာရင်းတိုင်ကြားခ ပေးဆောင်၍ နေထိုင်ရကြောင်း သိရပါတယ်။

ညှော့စာရင်းတိုင်ကြားခြင်းနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ရပ်/ကျေးဆိုင်ရာ ဥပဒေအခန်း(၁၅)၊ ပုဒ်မ (၃၃)တွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများသည်ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရဟု နိုင်ငံတော်သမ္မတကြီးက လက်မှတ်ရေးထိုး ပြဋ္ဌာန်းထားသော်လည်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊နယ်မြေမှူးများက ဥပဒေကို မသိသလိုပြု၍ကောက်ခံလျက်ရှိပါသည်။ ညှော့စာရင်းတိုင်ကြားခ ပေးဆောင်ရခြင်းနှင့် ပတ်သက်၍ ရပ်ကွက်(၉) မှ မိသားစု ငါးယောက်ရှိ အိမ်ထောင်သည်အမျိုးသမီးတစ်ဦးက "အစ်မတို့က ရန်ကုန်ကနေ ဒီမှာ မိသားစုလိုက်လာပြီး ပန်းရန်လာလုပ်ကြတာပါ။ စီးပွားရေးလည်း သိပ်အဆင်မပြေဘူး။ ဒီကြားထဲ လကုန်ရင် ညှော့စာရင်းတိုင်ဖို့ ငွေ ၅၀၀၀ ကျပ် အမြဲချန်ထားရတယ်"ဟု သူမ၏ အခက်အခဲကို ပြောသည်။ လားရှိုးမြို့တွင် ညှော့စာရင်းတိုင်ကြားရာတွင် အမျိုးမျိုးပေးဆောင်နေရကြောင်း၊ ညှော့စာရင်းတိုင်ရာတွင်လည်း ငွေလက်ခံဖြတ်ပိုင်းကို ပေးဆောင်ခြင်းလည်းမရှိကြောင်း အိမ်ခန်းငှားရမ်းနေသူများထံမှ သိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မုံရွာနယ်ဘက်မှ လာရောက်ပြီး ကားမောင်းနေသူတစ်ဦးမှလည်း "ကိုယ်ဒီလားရှိုးရောက်တာ ဆယ်နှစ်လောက်ရှိပြီ။ ကားသမားဆိုတော့ ကားနဲ့အနီးဆုံးမှာ အိမ်ငှားပြီးနေရတယ်။ ရပ်ကွက်တိုင်းမှာနေဖူးတော့ ညှော့တိုင်ခက အမျိုးမျိုးပေးနေရတာသိတယ်"ဟု သူ၏အတွေ့အကြုံကို ပြောသည်။

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ညှော့စာရင်းတိုင်ကြားရာတွင် ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရဟု နိုင်ငံတော် သမ္မတကြီးက လက်မှတ်ရေးထိုး ပြဋ္ဌာန်းထားပါသော်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် နယ်မြေမှူးများက ဥပဒေနားမလည်ရှာသည့် အိမ်ခန်းငှားရမ်း နေထိုင်သူများထံမှ ငွေကြေးကောက်ခံနေခြင်းအား သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ ခရိုင်အုပ်ချုပ်ရေးမှူးများမှ စိစစ်တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။

# မြင်းမူသူတစ်ဦး သုံးမြွှာပူးမွေး

**စိုင်းသာအောင်**

**မန္တလေး၊ အောက်တိုဘာ-၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နေ ကိုထွန်းကို၏ ဇနီး မဌေးဌေးအောင်(၃၂)နှစ်သည်အောက်တိုဘာ၇ရက်နံနက် ၇ နာရီက စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးတိုက်နယ်ဆေးရုံ၌ သုံးမြွှာပူးကလေး မွေးဖွားခဲ့သည်။

အဆိုပါ သုံးမြွှာပူးကို တိုက်နယ်ဆရာဝန်ကြီး ဦးဆောင်ခွဲစိတ်မွေးဖွားပေးခဲ့ရကြောင်း၊ ပထမ ယောကျ်ားလေး ၄ ပေါင်ကျော်၊ ဒုတိယမိန်းကလေး ၅ ပေါင်ကျော်၊ တတိယမိန်းကလေး ၃ ပေါင် ၉ အောင်စရှိပြီး မိခင်နှင့်ကလေးပါ ကျန်းမာရေးကောင်းမွန်ကြောင်း အောက်တိုဘာ ၁၂ ရက်တွင် ဆေးရုံမှ ဆင်းခွင့်ရခဲ့ကြောင်း သိရသည်။

ခင်ပွန်းဖြစ်သူမှာ ယာဉ်နောက်လိုက်တစ်ဦးဖြစ်၍ အမြွှာကလေးသုံးဦး၏ ကျန်းမာရေးအတွက် အာဟာရနို့မှုန့်ဘူးနှင့် ဆေးဝါးဓာတ်စာများ လိုအပ်ရှိကြောင်း၊ မိသားစုအနေဖြင့် အမြွှာသုံးဦးအပါအဝင် ကလေးငါးဦး၊ စုစုပေါင်း မိသားစု ခုနစ်ဦးရှိနေသဖြင့် စေတနာရှင်များ၏ ကူညီထောက်ပံ့မှုများ လိုအပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

# လက်ပန်းတောင်းတောင် ပြည်သူ့ညီလာခံမှ တောင်းဆိုချက် ၂၆ ချက်ပေါ်ထွက်

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ-၁၉**

အောက်တိုဘာ၁၈နှင့်၁၉ရက်များတွင် ပြုလုပ်ခဲ့သည့် လက်ပန်းတောင်းတောင် ပြည်သူ့ညီလာခံမှ တောင်းဆိုချက် ၂၆ ချက်ပေါ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ပန်းတောင်းတောင် ပြည်သူ့ညီလာခံအား ဆားလင်းကြီးမြို့နယ် ဆည်တည်းကျေးရွာတွင် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ညီလာခံနှစ်ရက်အတွင်း ကဗျာဆရာများက ကဗျာရွတ်ဆိုခြင်း၊ ဆရာဒဂုန်တာရာ၏ လက်ပန်းတောင်းတောင် သဝဏ်လွှာအား ဖတ်ကြားခြင်းတို့ပြုလုပ်ခဲ့ကြပြီး တိုင်းရင်းသား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ လယ်သမားကိုယ်စားလှယ်များ၊ နိုင်ငံရေး အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

# ညောင်ကုန်း(အ.မ.က) ဆရာကန်တော့ပွဲ ကျင်းပမည်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့၊ ညောင်ကုန်းရပ် အခြေခံပညာမူလတန်းကျောင်းတွင် (နဝမ)အကြိမ်မြောက် အငြိမ်းစား ဆရာ၊ ဆရာမကြီးများ အာစရိယပူဇော်ပွဲကို(၃၀. ၁၀. ၂၀၁၂)သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။


## ဝန်ထမ်းအလိုရှိသည်

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အတွက် အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

1) Executive Officer F (1)
2) Receptionist F (1)
3) General Worker M (1)

❋ အမှတ်စဉ် (၁) အတွက် အသက် (၃၀) နှင့်အထက်၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။ စီမံခန့်ခွဲမှု ဒီပလိုမာရရှိထားသူဖြစ်ရမည်။ လုပ်ငန်းကျွမ်းကျင်မှု ရှိရမည်။

❋ အမှတ်စဉ် (၂) အတွက် အသက် (၂၅) နှစ်အောက်၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်၍ သွက်လက်ရမည်။ လူမှုဆက်ဆံရေး ကောင်းမွန်ရမည်။

❋ အမှတ်စဉ် (၃) အတွက် အခြေခံပညာအထက်တန်းအောင်မြင်သူဖြစ်ရမည်။ အလုပ်မရွေး လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ တို့နှင့်အတူ (၃၁.၁၀.၂၀၁၂) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Center ၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
Ph: 512887, 513515~519



## JOB VACANCY

**Web Developer M/F (5) posts**

**Responsibilities**

- Create web applications/portals using primarily PHP
- Participate in each activity of development life cycle

**Requirements**

- B.S. or M.S. Computer Science or related field
- Experience working with web technologies (HTML, CSS, PHP, JavaScript)
- Knowledge of relational databases and SQL, mainly MySQL
- Minimum 1-2 years of relevant working experience.
- Experience working with PHP & MySQL based CMS would be an advantage
- Experience developing for mobile interface website would be an advantage
- Self-starter with strong self-management skills
- Excellent problem solving, critical thinking, and communication skills
- Able to work under pressure

**Please submit your CV to:**
Information Matrix
Room No. G-12, Ground Floor, Building (B), Diamond Centre,
Pyay Road, Kamaryut Township, Yangon.
Tel:+95-1 512887, 513515~519 Fax: +95-1 513519

# မန်းတွင် ပထမဆုံး အလုပ်အကိုင်ဆွေးနွေးပွဲ Job Camp ပြုလုပ်မည်

ညီညီဇော်

**မန္တလေး၊အောက်တိုဘာ-၂၀**

မန္တလေးမြို့တွင် ပထမဦးဆုံး အလုပ်အကိုင်နှင့်ပတ်သက်သည့်ဆွေးနွေးပွဲJob Camp Mandalay 2012 ကိုပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၎င်းပွဲကို နိုဝင်ဘာ ၄ ရက်တွင် မန္တလေးမြို့ ၃၂×၃၃ ကြား၊ ၇၇×၇၈ ကြားရှိ ရွှေဖြူပလာဇာ ဒုတိယထပ်တွင် ပြုလုပ်သွားမည်ဟု Job Camp Organizer Team မှ အဖွဲ့ဝင်တစ်ဦးကပြောသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်သည်များ၊ ဝန်ထမ်းများ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များ၊ ဝန်ထမ်းခံစားခွင့်နှင့် မျှော်လင့်ချက်များ၊ အလုပ်ရှင်များ၏ဝန်ထမ်းများအပေါ် မျှော်လင့်ထားမှုများ၊ ဝန်ထမ်းနှင့် အလုပ်ရှင်ကြားအပြန်အလှန်ထားရှိရမည့်ကျင့်ဝတ်များ အစရှိသည့်အကြောင်းအရာများကို လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ အလုပ်အကိုင်ရှာဖွေနေသူများ သိရှိစေရန် ရည်ရွယ်ပြုလုပ်သည်ဟုဆိုသည်။

"အလုပ်လုပ်ချင်စိတ်ရှိတဲ့ လူငယ်များအတွက် အကျိုးရှိမယ့် ဆွေးနွေးပွဲတစ်ခုပါ။ ဘယ်သူမဆို အခမဲ့တက်ရောက် နားထောင်ဆွေးနွေးနိုင်ပါတယ်"ဟု Job Camp Organizer Team မှ ဆရာကောင်းလွန်းက ပြောကြားသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
အသက်(၂၅)နှစ်အောက်၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။ **ဖုန်း-၃၇၈၁၄၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ရန်ကုန်မြို့ လှိုင်သာယာရှိ အိမ်မိုး သွပ်ပြားစက်ရုံတွင် တာဝန်ထမ်းဆောင်ရန်
HR Executive -မ-(၃)ဦး
Assistant Supervisor (Factory) -ကျား(၆)ဦး
Marketing Representative -ကျား(၃)ဦး
Chief Security Officer -ကျား(၃)ဦး
Security Leader -ကျား(၆)ဦး
Security -ကျား(၃)ဦး
Driver -ကျား(၃)ဦး
Office Assistant -ကျား-မ (၅)ဦး
ဒက္ခိဏကုန်ထုတ်လုပ်ငန်းလီမိတက်၊ အခန်းအမှတ်၆၀၃၊ဇလ္ဘာ၊ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်။
**ဖုန်း-၆၈၄၆၅၅၊ ၆၈၅၆၂၉**

--------------------------------

P.R. Supervisor -M/F(2)-မြန်မာ အင်္ဂလိပ်ဘာသာပြန် ကျွမ်းကျင်၊Senior Supervisor -M(4)-ကျွမ်းကျင်သူတစ်လ($800) ဝန်းကျင်၊ Senior Chinese-Burmese Translator -M\F(2), Assistant Accountant -F(2), Admin Officer/ Human resource Officer -M/F(4), Clerk -F(2) အမှတ်စဉ်(၂-၆ တရုတ်စာကျွမ်းကျင်၊ အသက် ၂၅-၃၀ အတွင်း၊ ကွန်ပျူတာကျွမ်းကျင်၊သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံရှိသူ။
**ဖုန်း-၀၉ ၄၃၀ ၆၃၅၀၆**

--------------------------------

Recruitment Executive (2)posts, Female only/ Age between 23~27 years/ Computer and good Communication in English. Senior Marketing Executive (1) post, Female Only/ Any Graduate / Age between 25~28 / Cn use computer/ At least (3) years exp; in related field/ Good Personality. Product Counselor (10) Posts, Preferable Any Graduate/ Age between 18~25 years, Address: Bld; 24/26, Rm 4-B/C, Race Course Condo, South Race Course Street, Tamwe. **Ph: (Hotline-09-4200 33366~77, 01 860 3886~7**

--------------------------------

**You & Me အလှပြင်ခန်းမ**
အမျိုးသမီးဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ ကျွမ်းကျင် -မ(၃)ဦး၊ ခေါင်းနှိပ်လျှော်၊ မျက်နှာသစ်ကျွမ်းကျင် -မ(၃)ဦး၊ ခြေသည်း၊ လက်သည်း ပန်းချီကျွမ်းကျင်-မ(၂)ဦး၊ အမှတ်-၃၈၀၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၀၉ ၇၃၀၉၆၅၇၂**

--------------------------------

**ကျွမ်းကျင်ယာဉ်မောင်းအလိုရှိသည်**
အသက်(၆၅)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး ၃ နှစ်၊ ကျန်းမာရေးကောင်းရမည်။ အလုပ်ကြိုးစားသူဖြစ်ရမည်။ ၃၀-၁၁ ၂၀၁၂ ရက်မတိုင် မီ ပေးပို့နိုင်ပါသည်။
အမှတ်-၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊
**ဖုန်း-၀၁-၆၅၇၈၃၀၊ ၀၁-၆၅၇၈၃၁၊**

--------------------------------

**အလိုရှိသည်**
ယာဉ်မောင်း -ကျား(၃)ဦး၊ အတွေ့အကြုံ ၃ နှစ်အထက်ရှိသူ အော်တိုဂီယာမောင်းနိုင်သူဖြစ်ရမည်။ Speedy Auto Services Co.,Ltd အမှတ်-၁၃၈၊ အထက်ပန်းဆိုးတန်းလမ်း၊ **ဖုန်း-၃၉၃၂၀၂**

--------------------------------

ဝန်ထမ်းအလိုရှိသည်
Marketing Supervisor မ(၁)ဦး၊ Sale & Marketing Assistant မ(၂)ဦး၊ အသက်(၂၇)နှစ်အောက်၊ Driver ကျား(၂)ဦး၊ အသက်(၅၀)နှစ်အောက်။
**ဖုန်း-၃၇၄၂၈၃**

--------------------------------

**မြင့်မြတ်ကြယ် ကုမ္ပဏီလီမိတက်**
Sale & Marketing Supervisor -ကျား(၁)ဦး၊ မ (၁)ဦး၊ ဘွဲ့ရရှိသူ ဖြစ်ရမည်။ လူသုံးကုန်နှင့် အလှကုန်လုပ်ငန်း အတွေ့အကြုံ တစ်နှစ် အနည်းဆုံးရှိရမည်။
Sales -ကျား(၂)ဦး၊ မ(၃)ဦး၊ ၁၀တန်း၊ ဘွဲ့ရ၊ အလှကုန်လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရမည်။
အရောင်းမြှင့်တင်ရေးဝန်ထမ်း -ကျား(၃)ဦး၊ မ (၅)ဦး၊ ပညာအရည်အချင်း ၁၀ တန်း၊ အရောင်းကျွမ်းကျင်သူဖြစ် ရမည်။
Sales Assistant -ကျား(၂)ဦး၊ မ(၂)ဦး၊ ပညာအရည်အချင်း ၁၀ တန်း။
အမှတ်-၂၈/၃၀ (ဘီ)၊ သစ္စာလမ်း၊ ပထမထပ်ညာ၊ မင်္ဂလာတောင်ညွန့်။
**ဖုန်း-၀၉ ၅၀၁၆၃၂၈၊ ၀၉ ၈၆ ၂၀၅၀၈**

--------------------------------

Deluxe Formula Industrial Co., Ltd .
Maintenance & Store Keeper -F(2)Posts, Maintenance (EC/MC)AGTI- M(3)Posts
အမှတ် -၂၉၊ ပန်းတင်းဝန် ဦးရွှေဘင်လမ်း၊စက်မှုဇုန်(၁)၊လှိုင်သာယာမြို့နယ်၊
**ဖုန်း-၀၁-၆၈၅၅၂၆၊ ၀၁ ၆၈၅၉၈၈၊**

--------------------------------

Sales Executive (M/F) (2)Posts, Any graduate, Fluent in spoken and written English, Must have excellent communication and interpersonal skill, Must have good computer knowledge, Can work under pressure and must have team spirit, 2 years experience in related fields is more preferable, Contact: Building-C Room-402,4th Floor, Dagon Center, Myaynigone, San Chaung Tsp, Yangon.

--------------------------------

Sales & Marketing Manager -(၁)ဦး၊ Medical Representative -(၃)ဦး၊ Room#512, M.G.W Tower, Bo Aung Kyaw Road, Botahtaung T/S, Yangon.
**Ph: 256563, 4412637**

--------------------------------

nova International Technology Co., Ltd ,
Security and Service လုပ်ငန်းအတွက် Seles and Marketing Supervisor (2)Posts M/F, Sales and Marketing Staff (2) Posts M/F, No. 58(A), ညောင်တုန်းလမ်း၊ စမ်း ချောင်းမြို့နယ်၊ ရန်ကုန်၊
**ဖုန်း-၀၉ ၄၃၁၀၇၁၄၇၊၀၉ ၇၃၀၃၀၃၆၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
True Trust Media Marketing Supervisor-F(1), Marketing Executive -F(3) အသက်(၂၀)မှ(၂၅) နှစ် အတွင်း တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊ အမှတ်-၁၂၄၊ စံရိပ်ငြိမ်၊ ရတနာမြိုင်လမ်း၊လှည်းတန်း၊ကမာရွတ်မြို့နယ်။
**ဖုန်း-၀၉-၇၃၁၃၆၃၃၅**

--------------------------------

စတီး(Steel) ဝရိန်ကျွမ်းကျင် (၅)ဦး၊ သံသရိန်ကျွမ်းကျင်(၂)ဦး၊
**ဖုန်း-၀၉ ၅၁၆၁ ၆၃၂၊ ၀၉ ၇၃၀၁၄၃၅၂**

--------------------------------

Asst:Front Office Manager (1) M, Receptionist (2) M/F, Waiter/ Waitress (2) M/F, Cook (2)M, Security (2)M/F, Reception Supervisor (1) M/F, Sakura Residence, No.9, Block 10, Inya Road Kamaryut Township, Yangon, **Ph: 01 525001**

--------------------------------

စေတနာအထွေထွေ ဝန်ဆောင်မှုလုပ်ငန်းအတွက်
Site Engineer -ကျား၊မ (၃)ဦး၊
Marketing Manager -ကျား၊မ (၃)ဦး၊
Accountant - မ(၃)ဦး၊
Computer ကျောင်းဆင်း-ကျား၊မ(၃)ဦး၊
Driver/ Sale Drive - ကျား(၃)ဦး၊
Marketing/ အရောင်း-ကျား၊မ(၅)ဦး၊
Office Staff - မ(၃)ဦး၊
အရောင်း(နေ/စားငြိမ်း)-ကျား၊မ (၅)ဦး၊
**ဖုန်း-၂၄၃၈၁၉၊ ၀၉-၄၄၈၅၄၂၀၁၈**

--------------------------------

Ignite Myammar International Trading Co., Ltd.
Sale / Marketing Executive -M/F (2)Posts,
Customer Service Manager-M/F (2)posts. အောင်ဇေယျအိမ်ယာ၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်၊ အလုံမြို့နယ်။
**Ph: 09 -5210778, 95-1-214148,**

--------------------------------

25th Group Co., Ltd
General Manager -M(1)
Dy General Manager -M(2)
Manager -M(3)
Accountant -F(3)
Coordinator - F(3)
Security -M(30),
**Ph: 01- 526648**

--------------------------------

မ-(၁)ဦး၊ အခြေခံပညာ ဆယ်တန်းအောင်၊ ဆက်ဆံရေးကောင်းမွန်၍ ရုပ်ရည်ချောမောပြေပြစ်ရမည်။
ကျား(၁)ဦး၊ ခတ်ပုံအကူ၊
**ဖုန်း-၂၂၄၈၁၉**

--------------------------------

Nibban Electric & Electronics Makes Life Grat!
Factory Mnager-M(1), Accountant -F(2), Purchaser -F(2), Marketing -M/F (3), Chinese Transalator- M/F (2)
**Ph: 389523, 585103**

--------------------------------

Estate MyanmarCo., Ltd.အိမ်ခြံမြေအကျိုးဆောင်၊
Secretary- မ(၂)ဦး၊
Site Engineer -ကျား၊မ (၂)ဦး၊
Auto CAD Design Drawer -ကျား၊မ(၂)ဦး၊
Sale Executive - ကျား၊မ(၅)ဦး၊
Sale & Marketing -ကျား၊မ (၅)ဦး၊
ရုံးဝန်ထမ်းအကူ -ကျား(၂)ဦး၊
ယာဉ်မောင်း(ကျွမ်းကျင်) လုပ်သက် ၅ နှစ်နှင့် အထက်)-ကျား(၃)ဦး၊
QA, QC (Electrical) -ကျား(၅)ဦး၊
Overseas Experience ရှိသူ ဖြစ်ရမည်။ **ဖုန်း-၀၁ ၅၁၂၀၂၉၊ ၀၁ ၇၀၁၀၆၂**

--------------------------------

ကဖီးနှင့် မြန်မာထမင်းဟင်း၊ အဖျော်ဆရာ-ကျား(၁)ဦး၊ မြန်မာထမင်းဟင်း ကျား၊မ(၁)ဦး၊ စာပွဲထိုးကျွမ်းကျင် -ကျား(၅)ဦး၊ ရှမ်းအစားအစာ -မ(၁)ဦး၊ အထွေထွေလုပ်သား-မ(၃)ဦး၊ တရုတ်အစားအစာကျွမ်းကျင်-ကျား(၁)ဦး၊

--------------------------------

မီဒီယာလုပ်ငန်းအတွက် တစ်ပတ်အတွင်း ဆက်သွယ်ရန် Marketing Assistant- မ(၅)ဦး၊ သတင်းထောက်-ကျား၊မ (၅)ဦး၊
**ဖုန်း-၀၁ ၅၅၇၀၉၅၊ ၀၉ -၄၃၀ ၉၃၅၀၃**

--------------------------------

Media & Advertising လုပ်ငန်းအတွက် Marketing -F(3)Posts, Graphic Designer -M(2)Posts, Office Staff-M(2)Posts,
**Ph: 01-202825,**
**09-4921 4619**

--------------------------------

BE (Civil) -M(1)Post, လုပ်ငန်းအတွေ့အကြုံငါးနှစ်ရှိရမည်။ B.com -M/F (1)Post, LLB-M/F (1)Post,
**Ph: 067 500051**

--------------------------------

ကွန်ပျူတာ-မ(၂)ဦး၊ Excel ကျွမ်းကျင်၊ Sale & Marketing Staff-ကျား၊မ (၇)ဦး၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ ၂ နှစ် ရှိရမည်။
Project Engineer-ကျား၊မ (၃)ဦး၊ B.E(EP)သို့ AGTI (EP) အတွေ့ အကြုံ ၂နှစ်ရှိရမည်။
Office Staff-မ(၁)ဦး၊ ဘွဲ့ရ
Store စာရင်းကိုင် -မ (၅)ဦး၊ ဘွဲ့ရ၊ အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
အထွေထွေ (၂)ဦး၊
ယာဉ်မောင်း (၂)ဦး၊ အသက်(၃၀)မှ (၄၅) နှစ်အတွင်း Silver Tiger Co., Ltd. အမှတ်-G , ၄၅၆၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း၊ ရန်ကုန်၊ ကြော်ငြာပါသည့်နေ့မှ ၁၅ ရက်အတွင်း။

--------------------------------

Vigen Myanmar တွင် တာဝန်ထမ်းဆောင်ရန်
ဝန်ထမ်း -မ (၅၀)ဦး အသက်(၂၀)မှ(၂၈)၊ ကိုရီးယားစကားပြန်-မ(၅)ဦး၊ အသက် (၂၀)မှ (၂၀)၊ သန့်ရှင်းရေး-မ(၅)ဦး၊ အသက်(၂၀) မှ (၃၀)၊ အမှတ်စဉ်(၁)နှင့် (၂) အတွက် ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ လိုအပ်လျှင် ပြည်ပသို့ သွားရောက်နိုင်သူဖြစ်ရမည်။
**ဖုန်း-၀၁-၅၃၂၀၄၈၊ ၀၉ ၄၂၀၀၄၁၃၅၁**

--------------------------------

**ယာဉ်မောင်းအလိုရှိသည်**
အိမ်ကားယာဉ်မောင်း -ကျား(၂)ဦး၊ အသက် ၃၅-၅၀ နှစ်ကြား၊ နေ့စားတစ်ရက် ၇၀၀၀ ကျပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ **ဖုန်း-၅၂၃၄၉၆**(ရုံးချိန်အတွင်း)

--------------------------------

အရောင်းဝန်ထမ်း -မ(၃)ဦး၊ အတွေ့အကြုံ ၂ နှစ်၊ အခြေခံလစာ ၈၀၀၀၀ ကျပ်၊
ရောင်း၊ မောင်းဝန်ထမ်း-ကျား(၄)ဦး၊ အတွေ့အကြုံ ၂ နှစ်၊ အခြေခံလစာ ၁၂၀၀၀၀ ကျပ်၊ Mya Ayer Manufacturing Co., Ltd. အမှတ်-၅၅၊ ကျန်စစ်သားစက်မှုဇုန်(၂)၊ ဒဂုံအရှေ့၊ ရန်ကုန်မြို့။
**ဖုန်း-၀၉-၇၃၀၄၆၈၁၇၊**
**၀၉-၇၃၂၄၁၀၁၅**

--------------------------------

ရန်ကုန်တွင်ဖွင့်လှစ်မည် ဟိုတယ်တွင် တာဝန်ထမ်းဆောင်ရန်
Hotel Manager-(1)
Front Office Supervisor -(2)
HK Supervisor- (1)
Food & Beverage Supervisor- (1)
Receptionist Staffs- (1)
House Keeping Staffs -(1)
Kitchen Staffs- (1)
Waiters and Waitress-(1)
Maintainces Staffs - (1)
အမှတ် -၁၂၆-အေ၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ **ဖုန်း-၅၂၄၈၄၄**

--------------------------------

Deluxe Formula Industrial Co.,Ltd.
စာရင်းကိုင်ကျွမ်းကျင် -မ(၃)ဦး၊ B.Com (or) LCCI Level III အောင်မြင်ပြီး
Sales & Marketing Supervisior-ကျား၊မ (၃)ဦး၊ ဘွဲ့ရဖြစ်ရမည်။ ဈေးကွက်အတွေ့အကြုံ ၃ နှစ်အထက် ရရှိရမည်။
Sales & Marketing Leader - ကျား၊ မ (၅)ဦး၊ ဈေးကွက်အတွေ့အကြုံ ၂ နှစ် အနည်းဆုံးရှိရမည်။
Sale & Marketing - ကျား၊ မ(၅)ဦး၊ ဈေးကွက်အတွေ့အကြုံ ၁ နှစ် ရှိရမည်။
No. 29, Pan Din Wun U Shwe Bin Street, Industrial Zone (1), Hlaing Tharyar Township Yangon, Myanmar.
**Ph: 685526, 685988**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
မင်္ဂလာဇင်းတိုက်တွင် တာဝန်ထမ်းဆောင်ရန် Marketing ဝန်ထမ်း -မ (၂)ဦး၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လစာအပြင် ၁၀ ရာခိုင်နှုန်းပါ အကျိုးခံစားခွင့်ရမည်။ **ဖုန်း-၂၁၀၈၀၀**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။




Marketed & Distributed by: THUKHA DANA

Head Office - No.84, 12th Street, Lanmadaw Township, Yangon. Ph : 01- 215151, 215252, 215454.
Mandalay - No.141, 34th Street, Between (78th & 79th) Street, Mandalay. Ph : 02-69377, 69388, 69363.




MARKETED & DISTRIBUTED BY **THUKHA DANA CO., LTD.**

1. Head Office : No.84, 12th Street, Lanmadaw Township, Yangon.
   Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing.
   Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

# Education

7DAY NEWS JOURNAL

Vol.11, No.33 • OCTOBER 25 , 2012



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်များ အပြောင်းအလဲနှင့် ကျောင်းဝင်ခွင့်

**နေလင်းထွန်း**

**၂၀၁၂ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော ကျောင်းသားများအတွက် တက္ကသိုလ်ဝင်ခွင့်များ စိစစ်ရွေးချယ်လျက်ရှိရာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်များ၏ အမှတ်ကန့်သတ်ချက်များထွက်ရှိလာပြီဖြစ်သည်။**

ပညာသင်နှစ် တိုးမြှင့်လိုက်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ကျောင်းသားလက်ခံမှု လျှော့ချလိုက်ခြင်းသည် ကျောင်းသားနှင့် မိဘအုပ်ထိန်းသူများအပေါ် အပြောင်းအလဲ သက်ရောက်မှုဖြစ်စေခဲ့သည်။

အထူးသဖြင့် ကျောင်းသားလက်ခံမှုများ လျှော့ချလိုက်ခြင်းကြောင့် ယခင်နှစ်ထက် မြင့်တက်သွားသော တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ကန့်သတ်ချက်များသည် နာမည်ကြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိလိုသော ကျောင်းသားများ၏ မျှော်လင့်ချက်ကို ထိခိုက် စေခဲ့သည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်များတွင် ကျောင်းသားလက်ခံမှု လျှော့ချလိုက်ခြင်းကြောင့် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များသို့ ကျောင်းသားအများအပြား ရောက်ရှိသွားမည်ဖြစ်သည်။

ယခုနှစ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်များတွင် ရန်ကုန်နည်းပညာတက္ကသိုလ်သည် အမှတ်ကန့်သတ်ချက်အမြင့်ဆုံးဖြင့် ထိပ်ဆုံးမှ ရပ်တည်နေခဲ့ပြီး ဆေးတက္ကသိုလ်ကလည်း ယခင်နှစ်ထက် အမှတ်ကန့်သတ်ချက် သိသိသာသာ မြင့်တက်သွားခဲ့သည်။

ပညာရေးတက္ကသိုလ်များ၊ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာတက္ကသိုလ်များ၊ အခြေခံကျန်းမာရေး တက္ကသိုလ်တို့သည် အမှတ်ကန့်သတ်ချက်များ မြင့်တက်ခဲ့ပြီး ဆေးဝါးတက္ကသိုလ်သည် ယခင်နှစ်ထက် အမှတ်အနည်းငယ်လျော့ကျသွားခဲ့သည်။

တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရာတွင် မိမိရရှိခဲ့သော ရမှတ်ကိုအခြေခံ၍ ဝင်ခွင့်လျှောက်လွှာတွင် ဖြည့်သွင်းခဲ့သော ဦးစားပေးအစီအစဉ်အတိုင်း ဆုံးဖြတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဦးစားပေးအစီအစဉ်တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသောတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အထူးပြုဘာသာရပ်များကို လုံးဝစဉ်းစားမည်မဟုတ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြထားသည်။

ဝင်ခွင့်လျှောက်လွှာ တင်သွင်းရာတွင် ဦးစားပေးအစီအစဉ်များကို ပြည့်စုံစွာ ဖြည့်စွက်ခဲ့ခြင်း မရှိသော ကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်အတွက် ယာယီဆိုင်းငံ့ခံထားရခြင်းများ ရှိနေသည်။

“ဦးစားပေးအစီအစဉ်မှာ အပြည့်မဖြည့်မိလို့ အပယ်ခံရတဲ့ ကျောင်းသားတွေရှိနေတယ်။ အဲ့ဒီကျောင်းသားတွေက အဆင့်မြင့်ပညာဦးစီးဌာနမှာ သွားစုံစမ်းပြီးတော့ ပြန်လျှောက်လို့ရနေပါပြီ။ အပယ်ခံထားရတဲ့ ကျောင်းသားတွေ ပြန်လျှောက်ကြဖို့လိုအပ်ပါတယ်”ဟု

**စာ(၃၀)သို့**

## အဝေးသင်တက္ကသိုလ်တာဝန်များနှင့်ပတ်သက်၍ တက္ကသိုလ်ဆရာ၊ ဆရာမများ အိတ်ဖွင့်စာပေးပို့

**နေလင်းထွန်း**

**ရန်ကုန်၊**
**အောက်တိုဘာ-၁၈**

တက္ကသိုလ်ဆရာ၊ ဆရာမများသည် ၎င်းတို့ မူလတက္ကသိုလ်များ၏ တာဝန်များနှင့် သက်ဆိုင်ခြင်းမရှိသော အဝေးသင်တက္ကသိုလ်၏ လုပ်ငန်းတာဝန်များ လုပ်ကိုင်နေရခြင်းကြောင့် လုပ်အားခေါင်းပုံဖြတ်နေသည့် သဘောသက်ရောက်နေကြောင်းတက္ကသိုလ်ဆရာ၊ ဆရာမများအသင်းက အဝေးသင်တက္ကသိုလ် တာဝန်များနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့သည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးကဏ္ဍတွင် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များကို သင်ကြားပို့ချနိုင်ရန် နေ့တက် တက္ကသိုလ်များနှင့် အဝေးသင်တက္ကသိုလ်များဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး အဆိုပါ တက္ကသိုလ်များသည် သီးခြားဖွဲ့စည်းပုံများဖြင့် ဖွဲ့စည်းထားသော တက္ကသိုလ်များဖြစ်ကြောင်း အိတ်ဖွင့်ပေးစာတွင် ဖော်ပြထားသည်။

တက္ကသိုလ်များသည် သီးခြားဖွဲ့စည်းပုံနှင့် ဖွဲ့စည်းရပ်တည်ထားသော်လည်း တက္ကသိုလ်များ၏ သင်ကြားရေး၊ စာမေးပွဲစစ်ဆေးရေး စသည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်နေသည့်အပြင် တည်ဆဲနိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သော ဥပဒေ၊ နည်းဥပဒေများ အပါအဝင်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုတော့မည့် နိုင်ငံ့ဝန်ထမ်း ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

“ဆရာ၊ ဆရာမတွေကတော့ ခိုင်းတယ်ဆိုရင် ငြင်းဖို့လည်း စိတ်ကူးမရှိကြပါဘူး။ ဒါပေမဲ့လည်း ပွင့်ပွင့်လင်းလင်းတော့ ဖြစ်သင့်တာပေါ့။ တာဝန်ထမ်းဆောင်ရတာရှိသလို အခွင့်အရေးလည်း ရသင့်တာပေါ့။ အခုက စာလာသင်ဆို သင်ရတာပဲ။ ဝန်ပိနေလည်း လုပ်ရတာပေါ့။ တချို့ဌာနတွေဆို လုံခြုံရေးထိုင်နေရတုန်းပဲ။ လုပ်ထုံးလုပ်နည်း တွေကိုလည်း ရှင်းရှင်းလင်းလင်း ဖြစ်စေချင်ပါတယ်”ဟု ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများအသင်းမှ တာဝန်ရှိသူက ပြောသည်။

နေ့တက်တက္ကသိုလ်ဆရာ၊ ဆရာမများသည် အဝေးသင်ကျောင်းသားများကို အနီးကပ် ၁၀ ရက်သင်တန်းများ၊ လက်တွေ့သင်တန်းများကို ရုံးပိတ်ရက်ဖြစ်သော စနေနှင့် တနင်္ဂနွေနေ့များတွင် သင်ကြားပို့ချနေရခြင်း၊ စာစဉ်များကို တာဝန်ယူစစ်ဆေးပေးနေရခြင်းနှင့် စာမေးပွဲတာဝန်များကို ထမ်းဆောင်နေရလျက်ရှိပြီး လုပ်ထုံးလုပ်နည်းများမှာ ပွင့်လင်းမြင်သာမှု အားနည်းနေကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများက ထောက်ပြခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့ရှိ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းတို့စုပေါင်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသို့ လိပ်မူထားသော အိတ်ဖွင့်ပေးစာနှင့် ပတ်သက်၍ တုံ့ပြန်မှုတစ်စုံတစ်ရာ မရှိသေးကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။


အနိုင်မာဆုံးနှင့် ယုံကြည်စိတ်အချရဆုံး

MYANMAR NOBLE COLLEGE

edexcel Approved Centre No.93711

သင်ယူလေ့လာနိုင်မည့် ဘာသာရပ်များနှင့် အသစ်ချိတ်ဆက်ထားသော နိုင်ငံတကာမှ တက္ကသိုလ်များအကြောင်းဟောပြောပွဲ

**Summit Parkview Hotel (Ballroom), Oct 28 - (Sun) - 2012, 10 am - 1 pm**

- **HND Business**
- **HND Computing & System Development**
- **HND Engineering**

(Construction and the Built Environment, Electrical and Electronic Engineering, Mechanical Engineering)

**2013 Intake** အတွက်ကျောင်းသားသစ်များလက်ခံနေပါပြီ။

နိုင်ငံတကာပညာရေးနှင့်လူငယ်များ၏အနာဂတ်ခေါင်းစဉ်ဖြင့်
ဆရာဦးမော်သန်းအငြိမ်းစားပါမောက္ခချုပ်(စီးပွားရေးတက္ကသိုလ်)မှ ဟောပြောပို့ချပေးပါမည်။

MNC မှတဆင့်တက်ရောက်နိုင်သည့်ပညာရေးလမ်းကြောင်းများခေါင်းစဉ်ဖြင့်
ဆရာဦးအောင်ကျော်ဆန်း(ပညာရေးအတိုင်ပင်ခံ)မှ ရှင်းလင်းတင်ပြပေးပါမည်။

MYANMAR NOBLE COLLEGE မှတဆင့် ဆက်လက်တက်ရောက်နိုင်ရန် စီစဉ်ပေးမည့်နိုင်ငံနှင့် ကျောင်းများ

UK
- University of Portsmouth
- University of the West of England
- University of Huddersfield
- London School of Commerce

MALAYSIA
- SEGi University College
- Sunway University
- Taylor's University
- The University of Nottingham

AUSTRALIA
- Charles Sturt University

SINGAPORE
- MDIS
- Kaplan Higher Education Academy
- Auston Institute of Management
- Trant Global

အမှတ်(၁၀၈)၊ နှင်းဆီလမ်း(အထက်)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၂၀ ၄၇၆၊ ၀၉-၇၃၁ ၆၃ ၉၇၅။

7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# မူလတန်းနှင့် အလယ်တန်းအဆင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို လိုတိုး၊ ပိုလျှော့ရေးဆွဲနေ

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားများအတွက် အသက်အရွယ်နှင့် လိုက်ဖက်၍ ခေတ်နှင့်လျော်ညီသော သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ပြုပြင်ရေးဆွဲနေပြီဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

အခြေခံပညာဘာသာရပ်အားလုံးကို တိုးမြှင့်သတ်မှတ်မည့် ပညာသင်နှစ်နှင့်အညီ လက်ရှိ သင်ခန်းစာများအား လိုတိုး၊ ပိုလျှော့ရေးဆွဲနေခြင်းဖြစ်ပြီး အခြေခံပညာသင်ရိုးညွှန်းတမ်းဌာနခွဲမှ ဦးဆောင်ရေးဆွဲနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"အကြမ်းရေးဆွဲနေတာဖြစ်ပါတယ်။ ကလေးတွေ ဝန်ထုပ်ဝန်ပိုး မဖြစ်ရအောင် မလိုအပ်တာတွေကို ချုံ့ပြီး တိုးသင့်တာကို တိုးသွားမယ်။ ၅း၄း၃ စနစ်နဲ့ သင်ရင် အသင့်ဖြစ်နေအောင်လို့ပါ။ လိုတိုး၊ ပိုလျှော့လုပ်သွားမှာပါ။ ချုံ့တာကတော့ ပိုများပါမယ်။ မူလတန်းနဲ့ အလယ်တန်းကို အရင်ပြုပြင်ပြောင်းလဲသွားမှာပါ"ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပြင်ဆင်ရေးဆွဲရေးနှင့်ပတ်သက်၍ ပြည်ပရောက်မြန်မာပညာရှင်များနှင့် ပြည်တွင်းမှ ပညာရေးကျွမ်းကျင်သူများက နယ်ပယ်စုံမှ ကျွမ်းကျင်သူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရန် ဆန္ဒရှိနေကြသည်။

သက်ဆိုင်ရာနယ်ပယ်အစုံမှ ကျွမ်းကျင်သူများပါဝင်မှုနှင့် ပတ်သက်၍ "လောလောဆယ်တော့ မရှိသေးပါဘူး" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာ အဆင့်မီ မြှင့်တင်ဆောင်ရွက်ရေးအတွက် လက်ရှိ သင်ရိုးညွှန်းတမ်းဌာနခွဲတွင် ဝန်ထမ်းအင်အားဖြည့်ဆည်းပေးရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ ၂၀၁၅ တွင် အာဆီယံ လူ့အဖွဲ့အစည်းထူထောင်မည်ဖြစ်၍ အပြန်အလှန် ဆက်သွယ်ရာတွင် အင်္ဂလိပ်ကျွမ်းကျင်မှုရှိနေရန် လိုအပ်ချက် ရှိနေသည်။

သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးတွင် စိန်ခေါ်မှုအနေဖြင့် သင်ခန်းစာနှင့် ကိုက်ညီသော သင်ထောက်ကူများကို လက်တွေ့ပြုလုပ် အသုံးပြုမှု အားနည်းနေပြီး အရည်အသွေးပြည့်မီသော သင်ကြားသင်ယူမှုပစ္စည်းများအား ကျောင်းအားလုံးသို့ တစ်ပြေးညီဖြန့်ဝေပေးနိုင်မှု မရှိသေးကြောင်း အခြေခံပညာကဏ္ဍ စီမံကိန်းစာတမ်းတစ်စောင်တွင် သုံးသပ်ထားသည်။

# နိုင်ငံခြားတွင် ဆေးပညာသွားရောက်သင်ယူရန် စိတ်ဝင်စားမှု မြင့်တက်

**နေလင်းထွန်း**

**ရန်ကုန်၊**

**အောက်တိုဘာ-၂၀**

ပြည်တွင်းဆေးတက္ကသိုလ်များက ကျောင်းသားလက်ခံမှု ထက်ဝက်လျှော့ချခဲ့ပြီးနောက် နိုင်ငံရပ်ခြားတွင် ဆေးပညာသွားရောက်လေ့လာသင်ယူရန် စိတ်ဝင်စားမေးမြန်းမှု သိသိသာသာမြင့်တက်လာနေကြောင်း နိုင်ငံတကာပညာရေးဝန်ဆောင်မှု လုပ်ငန်းများမှ သတင်းရရှိသည်။

မြန်မာကျောင်းသားများ ပြည်ပနိုင်ငံတွင် ဆေးပညာသင်ယူရန် စိတ်ဝင်မှုမြင့်တက်နေခြင်းကြောင့် မလေးရှား၊ တရုတ်၊ ဖြိတိန် စသည်နိုင်ငံများမှ ဆေးပညာကျောင်းများသည်ပြည်တွင်း၌ဈေးကွက်မြှင့်တင်မှုအစီအစဉ်များ ဆောင်ရွက်မှုရှိနေသည်။

"ဒီနှစ်ဆေးတက္ကသိုလ်အမှတ်မြင့်သွားလို့ နိုင်ငံခြားမှာ သွားတက်ဖို့ လာမေးတဲ့ကျောင်းသားတွေ တော်တော်များနေပါတယ်။ တစ်ခုသတိထားစေချင်တာက နိုင်ငံခြားမှာ ဆေးကျောင်းသွားတက်ပြီးလို့ ပြန်လာရင် ဒီမှာ ဆမရဖို့ အာမခံချက် မပေးနိုင်ပါဘူး။ မိဘက ချမ်းသာလို့ ဒီမှာလည်း ဆေးကျောင်းမရဘူး၊ နိုင်ငံခြားမှာပဲ ဆရာဝန်ဘွဲ့ တစ်ခုသွားယူမယ်။ ပြန်လာရင် ဆေးဆိုင်ဖွင့်မယ်ဆိုတဲ့သူတွေအတွက်ကတော့ အဆင်ပြေမှာပါ"ဟု နိုင်ငံတကာ ပညာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသော Crown Education ၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ဆန်းက ဆိုသည်။

ပြည်ပနိုင်ငံများတွင် ဆေးပညာသင်ယူရန် ကျောင်းလခ ကျပ်သိန်းထောင်ချီ ကုန်ကျမည့်အပြင် ဘွဲ့ရရှိပြီးပါက ဆေးကုသခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် အလွန်အမင်းကြိုးစား အားထုတ်မှုရှိမှသာ ရပ်တည်မှုရရှိနိုင်မည် ဖြစ်သည်။


"ဆေးကျောင်းကတော့ တခြားဘာသာရပ်တွေနဲ့ မတူပါဘူး။ ပိုပြီးခက်ခဲပါတယ်။မိဘကလည်း ငွေရေး၊ ကြေးရေးပိုင်းမှာ အကုန်အကျခံနိုင်မှု ရှိရမယ်။ ကျောင်းသားတွေအနေနဲ့လည်း အဆင့်ဆင့်ကို ကျော်ဖြတ်နိုင်မှု ရရှိရမယ်။ မရှိ ရှိတာ ရောင်းချပြီးတော့ နိုင်ငံခြားမှာ ဆေးကျောင်းသွားတက်တာတော့ မဖြစ်စေချင်ပါဘူး" ဟု Myanmar Search International ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်က ပြောသည်။

ထို့အပြင် နိုင်ငံရပ်ခြားတွင် ဆေးပညာဘွဲ့ရရှိခဲ့ပြီး ပြည်တွင်း၌ ဆေးကုသခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခွင့်အတွက် ဆမ ရရှိရန် တိကျခိုင်မာသော သတ်မှတ်ချက်များ လိုအပ်နေခြင်းသည် ပြည်ပတွင် ဆေးပညာသင်ယူလိုသော ကျောင်းသားများအနေဖြင့် အဓိက စဉ်းစားရမည့်အချက်ဖြစ်ကြောင်း ပညာရေးလေ့လာသူများက ဆိုသည်။

**ဒုတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း**
**AGTI (CIVIL) 1994, INSEIN**

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားအား (8-12-2012) ရက် အမျိုးသားနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် ကျောင်းသား/ကျောင်းသူ သူငယ်ချင်းများအားလုံး မပျက်မကွက်အမြန်ဆုံး ဆက်သွယ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| Section (A) | ဆက်သွယ်ရန် | Section (B) |
| --- | --- | --- |
| ဦးကိုကိုသက် | | ဦးအောင်ဇော်မြင့် |
| 09-5045040 | | 09-5190779 |
| ဦးထိပ်တင်ဟန်လင်း | | ဦးဝင်းနိုင်ဦး |
| 09-49233295 | | 09-5022180 |
| ဒေါ်ခင်မိုးအေး | | ဒေါ်နွယ်နီထွန်း |
| 09-43206932 | | 09-8573046 |
| ဦးဇော်လွင်မိုး (S'pore) | | ဒေါ်သီတာဝင်း |
| (+)65-91125183 | | 09-5014882 |




**KAPLAN INFORMATION DAY @ YANGON**
**10 AM ~ 4 PM @ 26 OCTOBER 2012 (FRIDAY)**

**Full-time Programmes**

Our prestigious university partners in Singapore:

University College Dublin National University of Ireland, Dublin
- ✓ Ranked 31st by the Economist (Full-time MBA ranking 2010)
- ✓ UCD School of Business holds 'Triple Crown' prestigious accreditations from AACSB, EQUIS & AMBA

Murdoch UNIVERSITY
- ✓ Murdoch University has consistently been awarded high ratings in the Good Universities Guide in Australia
- ✓ Murdoch University graduates are considered for employment within the Singapore Public Service (http://www.careers.gov.sg/Useful+Links/acredit.htm)

northumbria UNIVERSITY
- ✓ Ranked 66th in Sunday Times University Guide 2012
- ✓ Ranked 55th in the Guardian University Guide 2013
- ✓ Ranked 54th in the Complete University Guide 2013

BIRMINGHAM CITY University
- ✓ Ranked Top 30 in UK by The Sunday Times University Guide 2012 for graduate placement
- ✓ Ranked 60th in the Guardian University Guide 2013
- ✓ Ranked 63rd in the Independent Complete University Guide 2013

Our programmes cover a wide range of disciplines:
- Accounting & Finance
- Business & Management
- Communication & Media
- Hospitality & Tourism Management
- Humanities & Social Sciences
- Information Technology

KAPLAN HIGHER EDUCATION ACADEMY

edutrust

**စင်ကာပူ - ယူကေ - ဩစတြေးလျ - နယူးဇီလန် ပညာရေးပြပွဲ**

**Oct 27 - 2012 @ Summit Parkview Hotel, 10am to 2pm**

- (၁၀)တန်းရမှတ်ကြောင့် YIT ဝင်ခွင့်မရသူများအတွက် စင်္ကာပူအင်ဂျင်နီယာကျောင်းများ
- အင်္ဂလန် ထိပ်တန်းအဆင့်(၁၀)စာရင်းဝင်ကျောင်းများဝင်ခွင့်နှင့် ဆေးကျောင်းဝင်ခွင့်
- ပြပွဲအတွင်းကျောင်းအပ်ပါက Singapore Hostel တစ်လ အခမဲ့နေထိုင်ခွင့်
- ပညာသင်ထောက်ပံ့ကြေး (၄၀)% (အင်္ဂလန် - စင်္ကာပူ)အခွင့်အရေး

**ဝင်ကြေး အခမဲ့**



AUSTON INSTITUTE OF MANAGEMENT | JCU SINGAPORE | KAPLAN HIGHER EDUCATION ACADEMY | MDIS | psb Academy | SHELTON
UNIVERSITY OF SURREY | LANCASTER UNIVERSITY | Kingston University London | US University of Sussex | BellerbysCollege | THE UNIVERSITY OF SYDNEY
THE UNIVERSITY OF WESTERN AUSTRALIA | TaylorsCollege | THE UNIVERSITY OF AUCKLAND NEW ZEALAND | AUT UNIVERSITY | MASSEY UNIVERSITY NEW ZEALAND | LASALLE

CROWN EDUCATION

**Call us: 09 732 732 77 - 09 50 85 185**

Technology

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.11, No.33 • OCTOBER 25 , 2012

# ပြည်ပကုမ္ပဏီများ အိုင်စီတီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု မြင့်တက်နေ

**ယုဇနကိုကို၊ ခိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

မြန်မာနိုင်ငံ အိုင်စီတီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာ နည်းပညာကုမ္ပဏီများ၏ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိနေကြောင်း နိုင်ငံခြားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို စောင့်ကြည့်လေ့လာနေသူ ပြည်တွင်းအခြေစိုက် ကွန်ပျူတာလုပ်ငန်းရှင်နှင့် ပညာရှင်တစ်ချို့က ပြောသည်။

ပြည်တွင်း ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍတွင် လိုအပ်ချက်များ ရှိနေဆဲဖြစ်ခြင်း၊ အများပြည်သူနှင့် အဆင်ပြေသည့် ဝန်ဆောင်မှုများ အများအပြား မရှိသေးခြင်းစသည့် အားနည်းချက်များက နိုင်ငံတကာ အိုင်စီတီကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြသည့် အဓိကအကြောင်းရင်းများဖြစ်ကြောင်း အထက်ပါ ကျွမ်းကျင်လုပ်ငန်းရှင်နှင့် ပညာရှင်များက ဆိုသည်။

"မြန်မာနိုင်ငံရဲ့ အိုင်စီတီကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ဆိုရင် အမေရိကားလို နိုင်ငံမျိုးကိုကြိုဆိုသင့်တယ်။ ယူအက်(စ)ကတော့ နည်းပညာမှာလည်း ကမ္ဘာမှာ အကြီးဆုံးပဲလေ။ စင်ကာပူတို့ မလေးရှားတို့လို နိုင်ငံမျိုးကတော့ ဒုတိယကြိုဆိုသင့်တဲ့နိုင်ငံမျိုးပါ။ နောက်တရုတ်နိုင်ငံ။ တရုတ်ကတော့ အခုတောင် ရင်းနှီးမြှုပ်နှံမှု လုပ်နေကြပါပြီ" ဟု MIT (Myanmar Information Technology Pte Ltd) နည်းပညာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးထွန်းသူရသက်က ဆိုသည်။

ယခုလက်ရှိအချိန်တွင်စင်ကာပူနိုင်ငံ၏ မိုဘိုင်းဖုန်းအော်ပရေတာ လုပ်ငန်းကြီးဖြစ်သော Sin Tel (Singpore Telecom-municatios Limited) လီမိတက်၊ မလေးရှားနိုင်ငံ၏ Axiata ဆက်သွယ်ရေးကုမ္ပဏီ၊ ဂျပန်နိုင်ငံ၏ Diawa ဆက်သွယ်ရေးကုမ္ပဏီနှင့် NTT (Nippon Telegraph & Telephone) ကုမ္ပဏီတို့အပြင် ဥရောပမှနည်းပညာကုမ္ပဏီအချို့သည် မြန်မာနိုင်ငံ၏ အိုင်စီတီကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိနေကြောင်း စုံစမ်းသိရှိရသည်။

ထို့အပြင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြီးခဲ့သည့်လကတောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အပြီးတွင် ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအတွက် ကန်ဒေါ်လာ ပမာဏများစွာကို ကူညီထောက်ပံ့ပေးမည်ဟု ပြည်တွင်းအခြေစိုက် ကွန်ပျူတာလုပ်ငန်းရှင်နယ်ပယ်မှ စုံစမ်းသိရှိရသည်။

'ပြည်တွင်း အိုင်စီတီကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ အခုဆိုရင် နိုင်ငံတကာက တော်တော်လေးစိတ်ဝင်စားနေကြပြီ။ ဆက်သွယ်ရေးကဏ္ဍကတော့ တခြားကဏ္ဍတွေနဲ့နှိုင်းယှဉ်မယ်ဆိုရင် မြန်မြန်လုပ်ပြီး မြန်မြန် အမြတ်အစွန်းရနိုင်တယ်။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍက လုပ်မယ်ဆို နိုင်ငံတကာကုမ္ပဏီတွေအတွက် အရမ်းလုပ်လို့ကောင်းတဲ့ ကဏ္ဍကြီးတစ်ခုလို့ မြင်တယ်"ဟု Barons Tele-Link Service Co., Ltd မှ ဒါရိုက်တာ ဦးဇော်မင်းဦးက ၎င်း၏အမြင်ကို သုံးသပ်သည်။

နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ပြည်တွင်း အိုင်စီတီကဏ္ဍသို့ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ပြင်ဆင်နေကြချိန်နှင့် တစ်ပြိုင်နက်တည်း ၎င်းတို့၏ စိုးရိမ်မှုအချို့လည်း ရှိနေကြသည်။

စာ(၂၄)သို့

# မိုက်ကရိုဆော့ဖ်၏ သင်ပုန်းကွန်ပျူတာအား iPad နှင့်အပြိုင် ဈေးနှုန်းသတ်မှတ်

**ဆန်ဖရန်စစ္စကို၊**

**အောက်တိုဘာ-၂၀**



အက်ပဲလ်ကုမ္ပဏီထုတ် iPad အား စိန်ခေါ်ရန် ပုံဖော်ထားသော Surface သင်ပုန်းကွန်ပျူတာသစ်အား အကြမ်းဖျင်းအားဖြင့် iPad ဈေးနှုန်းအတိုင်းသာ ဈေးဖွင့်မည်ဖြစ်ကြောင်း မိုက်ကရိုဆော့ဖ်က ပြောကြားသည်။

မိုက်ကရိုဆော့ဖ်သည် Surface ကွန်ပျူတာအတွက် ကြိုတင်မှာယူမှုများကို စတင်လက်ခံနေပြီဖြစ်ပြီး မှတ်ဉာဏ် 32 GB ကွန်ပျူတာအား ကန်ဒေါ်လာ ၄၉၉ ဖြင့် ဈေးဖွင့်ထားသည်။ 64 GB အတွက်မူ ကန်ဒေါ်လာ ၆၉၉ ဈေးနှုန်းသတ်မှတ်ထားသည်။

ယင်းဈေးနှုန်းများမှာ မှတ်ဉာဏ်နည်းသော iPad ဈေးနှုန်းနှင့်အတူတူပင်ဖြစ်သည်။ သို့သော် အက်ပဲလ်ကုမ္ပဏီက ရှေ့လာမည့်ရက်အနည်းငယ်အတွင်း ဈေးနှုန်းလျှော့ချထားသည့် iPad Mini ကို ဖော်ထုတ်ပြသဖွယ်ရှိသည်။

မိုက်ကရိုဆော့ဖ်၏ Surface ကွန်ပျူတာများအား အောက်တိုဘာ ၂၆ ရက်မှစ၍ အမေရိကန်နှင့် ကနေဒါနိုင်ငံတစ်ဝန်းရှိ မိုက်ကရိုဆော့ဖ်စတိုးများတွင် ဝယ်ယူနိုင်မည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်း ဈေးကွက်ရှစ်ခုတွင်လည်း အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်သည်။ ယင်းဈေးကွက်များမှာ ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ဟောင်ကောင်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ဖြစ်သည်။

ယင်းသင်ပုန်းကွန်ပျူတာတွင် အောက်တိုဘာ ၂၆ ရက်၌ စတင်မိတ်ဆက်မည့် Windows 8 OS ကို အသုံးပြုထားကြောင်း သိရသည်။

*—Ref: AFP*

# မြန်မာစာပရောဂျက်

## MCF လွှဲပြောင်းတာဝန်ယူရန် စီစဉ်နေဆဲဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

အစိုးရက ဘတ်ဂျက်ချထားပေးမှု ရပ်ဆိုင်းလိုက်ပြီဖြစ်သော မြန်မာစာစနစ်အကောင်အထည်ဖော်ရေးအဖွဲ့ Myanmar NLP (National Language Project) ကိုမြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)သို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ပြောကြားထားသော်လည်း အသင်းချုပ်အနေဖြင့် အဆိုပါ လွှဲပြောင်းတာဝန်ယူမှုအတွက် စီစဉ်နေဆဲဖြစ်ကြောင်း သိရသည်။

"မြန်မာစာစနစ် အကောင်အထည်ဖော်ရေးအဖွဲ့ကို ကျွန်တော်တို့ အသင်းချုပ်က လွှဲပြောင်းတာဝန်ယူဖို့ စီစဉ်နေတုန်းပဲ ရှိပါသေးတယ်။ အခုလို မြန်မာစာပရောဂျက်တစ်ခုဟာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တယ်။ ဒါပေမဲ့ ကွန်ပျူတာအသင်းချုပ်တစ်ခုတည်းနဲ့ မရဘူး။ တကယ်တတ်တဲ့ တကယ်လုပ်မယ့် လူအင်အား၊ နည်းပညာနဲ့ တခြားအထောက်အပံ့တွေ လိုပါတယ်"ဟု အဆိုပါအသင်းချုပ်၏ ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထိုပရောဂျက်ကို ပထမဆုံး တာဝန်ယူခဲ့ခြင်းဖြစ် ဝန်ထမ်းများ၏ လစာများကို အလွဲသုံးစားလုပ်သည့်ပြဿနာ ပေါ်ပေါက်ပြီး ရက်သတ္တပတ်အကြာတွင် Myanmar NLP ကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)သို့ လွှဲပြောင်း ပေးအပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံကိုယ်စားပြု ရပ်တည်ပေးနိုင်မည့် နိုင်ငံတကာမှ လက်ခံသည့် စံသတ်မှတ်ချက်ရှိ ကွန်ပျူတာသုံးမြန်မာစာစနစ်ကိုအကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရက Myanmar NLP (National Language Project) ဆိုသည့် အဖွဲ့အစည်းကို ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်တွင် တည်ထောင်ခွင့်ပေးခဲ့ပြီး ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာလေးသန်းခန့် (ယခုအချိန်ထိ) ရင်းနှီးမြှုပ်နှံပေးခဲ့ကြောင်း ပြည်တွင်းအခြေစိုက် ကွန်ပျူတာလုပ်ငန်းရှင်နှင့် ပညာရှင်နယ်ပယ်မှ စုံစမ်းသိရှိရသည်။

ပုဂ္ဂလိကနယ်ပယ်မှ ကွန်ပျူတာပညာရှင်များ၊ ဝါသနာပါသူများနှင့် စုစည်းတည်ထောင်ခဲ့သည့် အဆိုပါ မြန်မာစာစနစ် အကောင်အထည်ဖော်ရေးအဖွဲ့ Myanmar NLP သည် ဝန်ထမ်းများ၏ လစာငွေများ အလွဲသုံးစား ပြုလုပ်ခံရမှုနှင့်စတင်တည်ထောင်ချိန်မှ အဖွဲ့လုပ်ဆောင်ချက်များ မရပ်တန့်မီအချိန်ကာလ (ခြောက်နှစ်ဝန်းကျင်) အထိ အောင်မြင်သော ပရောဂျက်တစ်ခုမှ ထွက်ပေါ်မလာခဲ့ကြောင်းလည်း သိရသည်။

ထို့ကြောင့် အစိုးရက ၎င်းတို့၏ ဘတ်ဂျက်ချထားပေးမှုကို ရပ်ဆိုင်းပစ်လိုက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ လွှဲပြောင်းရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံမှာ မြန်မာစာစနစ်အတွက် သေသေချာချာ လုပ်ပေးနိုင်မယ့် အဖွဲ့အစည်းတွေလိုအပ်တယ်။ ပြည်တွင်းရဲ့ အိုင်စီတီကဏ္ဍအတွက် တစ်ခုခုရရင်တော့ ဒီနယ်ပယ်က ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေကလည်း ပြန်ပြီး ထောက်ပံ့ပေးမှာပဲ။ ဘတ်ဂျက်ထုတ်ပေးတဲ့ အစိုးရဘက်က ကြည့်ရင် ခြောက်နှစ်လောက်အတွင်း ဘာပရောဂျက်မှ မပြီးဘဲ ငွေအများကြီး ရင်းနှီးမြှုပ်နှံထားရတာကလည်း မဟုတ်သေးဘူးလေ။ ဒါပေမဲ့ အစိုးရက ရင်းနှီးစိုက်ထုတ်ပေးထားတဲ့ ဘတ်ဂျက်ဆိုတာကလည်း တကယ်လုပ်နေတဲ့အောက်ခြေက ဝန်ထမ်းတွေဆီရောက်ချင်မှ ရောက်မယ်။ အစကတည်းက ပုဂ္ဂလိက ပညာရှင်အဖွဲ့အစည်းတွေ လက်အောက်မှာရှိသင့်ခဲ့တာ" ဟု ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သူဦးရဲမြတ်သူက သုံးသပ်ပြောကြားသည်။

မြန်မာစာစနစ် ပါသော်လည်း Apple, Microsoft အစရှိသော ကမ္ဘာကျော် နည်းပညာကုမ္ပဏီကြီးများ၏ အိုင်စီတီထုတ်ကုန်အချို့တွင် ယခုအချိန်ထိ

စာ(၂၄)သို့



## စာ(၂၃) - ပြည်ပကုမ္ပဏီများ အိုင်စီတီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု မြင့်တက်နေ မှ

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဥပဒေ ထွက်ရှိမလာသေးခြင်းနှင့်အစိုးရကပြည်တွင်းဆက်သွယ်ရေးကဏ္ဍကို ဆက်လက်ကြိုးကိုင်ခြယ်လှယ်မှုများ ရှိနေဦးမည်ကို စိုးရိမ်နေကြခြင်းဖြစ်ကြောင်းနိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလေ့လာစောင့်ကြည့်နေသူ ကွန်ပျူတာပညာရှင်အချို့က ပြောသည်။

"ဒီမှာလာပြီး ရင်းနှီးမြှုပ်နှံပြီဆိုရင် ဘယ်နိုင်ငံတကာ ကုမ္ပဏီလုပ်ငန်းမဆို ကျိန်းသေအမြတ်ရဖို့ပဲ လိုချင်ကြမှာပဲ။ ဒီအတွက်ပြည်တွင်း၊ ပြည်ပကုမ္ပဏီအချင်းချင်းကို တရားမျှတတဲ့ယှဉ်ပြိုင်ခွင့်ကိုပေးရမယ်။ လုပ်ပိုင်ခွင့်တွေကို အစိုးရကပေးသင့်တယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်သုံးသပ်သည်။

ထို့ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း ဆက်သွယ်ရေးလုပ်ငန်းသို့ ဝင်ရောက်လိုနေသည့်နိုင်ငံတကာကုမ္ပဏီများကိုလည်း ၎င်းတို့၏ လက်ဝေခံကုမ္ပဏီများ ကဲ့သို့ပင် မျှတသည့် ယှဉ်ပြိုင်မှုနှင့်လုပ်ကိုင်ခွင့်များကို တန်းတူညီမျှပေးမှသာ နိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးလာမည်ဟု ကွန်ပျူတာပညာရှင်အချို့က ပြောကြားသည်။

"အခုလို နိုင်ငံတကာကို ဖွင့်ပေးတယ်ဆိုရင်လည်း ညီညီမျှမျှဖွင့်ပေးသင့်တယ်။ နောက်တစ်ခုက ကိုယ့်အိမ်နီးချင်းနိုင်ငံတွေ ဆက်သွယ်ရေး ကဏ္ဍမှာဖြစ်ဖြစ် ဘယ်ကဏ္ဍမှာဖြစ်ဖြစ် ဘယ်လိုအောင်မြင်လာအောင် လုပ်ခဲ့ကြလဲဆိုတာတွေကို ပြန်ပြီးလေ့လာအတုယူသင့်တယ်။ ဥပမာ ဗီယက်နမ်လိုနိုင်ငံမျိုးဆိုတာ မြန်မာနိုင်ငံနဲ့ အဆင့်တူတူလောက်ပါပဲ။ ဒါပေမဲ့ နည်းပညာကျတော့ ကိုယ်တွေထက်သာနေပြီ" ဟု ဦးထွန်းသူရသက်က ဆိုသည်။

နိုင်ငံတကာက မြန်မာနိုင်ငံကို စိတ်ဝင်တစားလေ့လာ စောင့်ကြည့်မှု အမြင့်ဆုံးဖြစ်နေသည့် လက်ရှိအချိန်တွင် ဥရောပ၊ အာရှအစရှိသော ဒေသများရှိ နည်းပညာ တိုးတက်မှုဖွံ့ဖြိုးသည့် နိုင်ငံကြီးများက ပြီးခဲ့သည့်လအနည်းငယ်မှ စတင်ကာ ပြည်တွင်း အိုင်စီတီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် မကြာခဏ လာရောက်လေ့လာမှုများ ဆက်တိုက်ပြုလုပ်နေခြင်းဖြစ်သည်။

**TRADEMARK CAUTION**

VISA International Service Association, a company incorporated in USA at 900 Metro Center Boulevard, Foster City, California, U.S.A 94404 is the Owner and Sole Proprietor of the following Trademark:-

**Reg: 4/10704/2012**

In respect of : Int'l class 36 :
"Financial services, banking, bill payment services, electronic processing and transmission of bill payment data, electronic processing of insurance claims, credit card services, debit card services, charge card services, pre-paid card services, electronic credit and debit transactions, electronic funds transfer, smart cards and electronic cash services, cash disbursement, cash replacement rendered by credit card and debit cards, electronic cash transactions, check verification, check cashing, deposit access and automated teller machine services, payment processing services, processing of financial transactions online via a global computer network or via telecommunication, mobile or wireless devices, transaction authentication and verification services, and dissemination of financial information and electronic payment data via a global computer network or via telecommunication, mobile or wireless devices."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 25.Oct.2012




ပိုမို ထူးခြားဆန်းသစ်မှုတွေနဲ့အတူ နိုင်ငံတကာဆက်သွယ်ရေးကွန်ယက်မှာ ဖြန့်ကြက်ပျံသန်းကြရအောင်

ကမ္ဘာ့အကြီးဆုံး လေကြောင်းဆက်သွယ်ရေးကွန်ယက်များအနက် တစ်ခုအပါအဝင်ဖြစ်သော ကိုရီးယားလေကြောင်းအနေနဲ့ နိုင်ငံပေါင်း ၄၁နိုင်ငံနဲ့ မြို့တော်ပေါင်း ၁၂၁မြို့ကို ပျံသန်းပြေးဆွဲပေးနေပါပြီ။ ကိုရီးယားလေကြောင်းနဲ့အတူ ခရီးစဉ်တွေမှာ လိုက်ပါပျံသန်းကြရင်း ကမ္ဘာကြီးဟာ သင့်အတွက်တော့ မြို့လေးတစ်မြို့သာဖြစ်လာပါလိမ့်မယ်။

| Origin | Destination | Departure | Arrival | Day |
|---|---|---|---|---|
| Yangon | Seoul | 2345 | 0805[+1] | Tue, Thu, Sat, Sun |
| Seoul | Yangon | 1840 | 2215 | Tue, Thu, Sat, Sun |

Excellence in Flight
KOREAN AIR

## ADSL တပ်ဆင်ခနှင့် လစဉ်ကြေးများလျှော့

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ADSL အင်တာနက် တပ်ဆင်ခနှုန်းထားများနှင့် လစဉ်ကြေးများအား နိုဝင်ဘာလ ၁ ရက်မှ စတင်၍ ဒုတိယအကြိမ် ထပ်မံလျှော့ချလိုက်ကြောင်း သိရသည်။

ယခင်ADSL တပ်ဆင်ခနှုန်းထားများမှာ ကျပ် ၁၅ သိန်းမှ ၆ သိန်းသို့ လျှော့ချပေးခဲ့ပြီး ယခုအခါADSL ကနဦးတပ်ဆင်ခနှင့် လစဉ်ကြေးအဖြစ်ကနဦးတပ်ဆင်ခ Class A အဆင့်မှာ ကျပ်ငါးသောင်းဖြစ်ပြီး လစဉ်ကြေးမှာ ၁၇,၀၀၀ ကျပ်နှင့် နှစ်စဉ်ကြေး ကျပ်ငါးသောင်းဖြစ်ကြောင်း သိရသည်။ ၎င်း Class A ၏ အမြန်နှုန်းမှာ 512 Kbps ဖြစ်သည်။

ADSL ကနဦး တပ်ဆင်ခနှင့် လစဉ်ကြေးများကို လျှော့ချသတ်မှတ်လိုက်သည့်အတွက် ယခင်နှုန်းထားများထက်တပ်ဆင်ခ၌ ၁၂ ဆနှင့် လစဉ်ကြေးတွင် ၃၈ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ လျှော့ချလိုက်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

"ADSL လိုင်းတွေ ဈေးနှုန်းလျှော့ချတာ ကောင်းပါတယ်။ ဒါပေမဲ့ အင်တာနက် မြန်နှုန်းလည်း ပြင်ဆင်ဖို့လိုတယ်။ အခုအင်တာနက်မြန်နှုန်းက အရင်နဲ့ ဘာမှသိပ်မကွာလှဘူး"ဟု ADSL အင်တာနက်စနစ်အား သုံးစွဲသူ အသက်(၂၈) နှစ်အရွယ် ကိုဇေယျာထွန်းက ပြောသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ကျေးလက်ဒေသများပါမကျန် ပြည်သူများ အင်တာနက် အသုံးပြုနိုင်ရန် အတွက် ADSL စနစ်၏ ကောက်ခံနှုန်းများအား ယခုကဲ့သို့ လျှော့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## စာ(၂၃)- မြန်မာစာပရောဂျက် မှ

တိကျသည့် စံသတ်မှတ်ချက်ရှိသော မြန်မာစာစနစ်ကို ထည့်သွင်းနိုင်ရန် အခက်အခဲရှိနေသေးသည်ဟု ပြည်တွင်း ပြည်ပရှိ ကွန်ပျူတာဟာရှင်အချို့က ဆိုသည်။

ထို့ကြောင့်ပင် ကွန်ပျူတာသုံးမြန်မာစာစနစ် အကောင်အထည်ဖော်သည့်အဖွဲ့ကိုလွှဲပြောင်းယူရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တာဝန်ရှိသူများက စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံတကာက စံသတ်မှတ်ချက်ရှိတဲ့ မြန်မာစာစနစ်ဖောင့်တစ်ခုကို ထုတ်သင့်နေပြီ။ အခုချိန်ထိမြန်မာစာစနစ်နဲ့ပတ်သက်ပြီး စံသတ်မှတ်ချက်ဆိုတာ မရှိသေးဘူး။ နိုင်ငံတကာက လက်ခံလာတဲ့ စနစ်တစ်ခုကို ရေးဆွဲနိုင်မယ့် အဖွဲ့အစည်းတွေ ခိုင်ခိုင်မာမာ ထွက်လာဖို့ တကယ်လိုနေပြီ" ဟုနည်းပညာကုမ္ပဏီကြီးတစ်ခုမှ အွန်လိုင်းမန်နေဂျာတစ်ဦးက သုံးသပ်ပြောကြားသည်။

အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရားဝင်ရှိခဲ့သည့် Myanmar NLP ရပ်ဆိုင်းသွားပြီးနောက်ကွန်ပျူတာအသင်းချုပ်သို့ လွှဲပြောင်းမည်ဆိုသည့် အကြောင်းအရာနှင့်ပတ်သက်ပြီး တိကျသည့်မည်သည့် ဆုံးဖြတ်ချက်မှ ထွက်ပေါ်မလာသေးသော်လည်း နိုင်ငံတကာမှ လက်ခံမည့် စံသတ်မှတ်ချက်တစ်ခုရှိ မြန်မာစာဖောင့်ပရောဂျက်တစ်ခုကို ပြည်တွင်းအခြေစိုက် ကွန်ပျူတာပညာရှင်အချို့က စုစည်းဆောင်ရွက်နေကြကြောင်းလည်း စုံစမ်းသိရှိရသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012



နှစ် ငါး ဆယ် ကျော်

# ဟိုအတိတ်ကိုပင်လွမ်း

သင်းရီ

**တစ်** နေ့က မဂ္ဂဇင်းတစ်အုပ်ကို ထိုင်ဖတ်နေသော ကျွန်တော့်အပါးသို့ ဒုတိယတန်းတွင် ကျောင်းတက်နေသည့် မြေးမလေးက သူ့လေ့ကျင့်ခန်းစာအုပ်ကလေးကိုင်ကာ ရောက်လာသဖြင့် ဖတ်လက်စစာအုပ်ကို ဘေးချထားလိုက်ရသည်။ ကျွန်တော် သဘောပေါက်ပြီးသားဖြစ်၏။ သူကျက်ထားသည့်စာတွေကို ကျွန်တော့်ထံ နှုတ်တိုက်အာဂုံ အလွတ်ပြန်ဆိုဖို့ ရောက်လာခြင်းဖြစ်သည်။ သူက ဉာဏ်အလွန်ကောင်းသည်။ စာတစ်ပုဒ်ကို ခဏလေးကျက်ရုံနှင့် အလွတ်ရတတ်သည်။ လစဉ်စာမေးပွဲတွေ၌လည်း အဆင့်ကောင်းကောင်းရသည်။ သူ့ရမှတ်တွေက ဘာသာတိုင်းတွင် ၉၅-၁၀၀ တွေချည်းလိုလိုဖြစ်သည်။

"ဘဘ. . သမီး သိပ္ပံအလွတ်ဆိုမယ်"

သူဖွင့်လျက်သား ကိုင်လာသည့် သူ့လေ့ကျင့်ခန်းစာအုပ်ကလေးကို ယူဖတ်ကြည့်လိုက်သည့်အခါ မေးခွန်းက "သင့်ကျောင်းတွင်ရှိသော အစိုင်အခဲငါးမျိုးကို ဖော်ပြပါ" ဖြစ်လျက် အဖြေက "ကျွန်ုပ်၏ကျောင်းတွင်ရှိသော အစိုင်အခဲငါးမျိုးမှာ ကျောက်သင်ပုန်း၊ စားပွဲ၊ ကုလားထိုင်၊ သောက်ရေအိုး၊ တံမြက်စည်းတို့ ဖြစ်ပါသည်"ဟု ဖြစ်၏။

မေးခွန်းနှင့်အဖြေကို ဖတ်မိသည့်အခါ ကျွန်တော် မျက်မှောင်ကုပ်သွားရသည်။ သည်စာကို အလွတ်ကျက်ရန် လိုအပ်သည့်စာဟု ကျွန်တော်မထင်။ ထို့ကြောင့် "ဒီအဖြေက မြေးဘာသာမြေး ရေးလာခဲ့တာ မဟုတ်ဘူးလား။ ကျက်စရာလိုသေးလို့လား မြေးရယ်"ဟု ကျွန်တော်မေးသည့်အခါ "ဆရာမ သင်ပုန်းပေါ်မှာ ရေးပေးတာကို သမီးကူးလာခဲ့တာ ဘဘ" ဟု ဆိုသဖြင့်ကျွန်တော့်စိတ်ထဲပို၍ ဘဝင်မကျ ဖြစ်လိုက်ရ၏။

ပညာသင်ကြားခြင်း၏ အဓိက ရည်ရွယ်ချက်ဟာ ဘာလဲဟု ကျွန်တော်တွေးမိရသည်။ ကျွန်တော် နားလည်သလောက်ဖြင့် ပညာသင်ကြားခြင်း ဆိုသည်မှာ မိမိဘာသာ ကြည့်မြင်စဉ်းစားတွေးခေါ် ချင့်ချိန်ဆုံးဖြတ် လုပ်ကိုင်တတ်အောင် မူလတန်းကျောင်းသားလေးဘဝမှပင် စတင်လျက် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်ဟု မြင်သည်။ ရေးပေးသည်ကိုသာ နှုတ်တိုက်ကျက်ရသည့် ကြက်တူရွေးစာအံ သင်ကြားပုံကို စစ်မှန်သော ပညာသင်ကြားနည်းဟု ကျွန်တော်က လက်မခံချင်။

တကယ်တော့ ဆရာမက သင်ပုန်းပေါ်တွင် ချရေးပေးလိုက်မည့်အစား အခန်းထဲတွင်ရှိသော အစိုင်အခဲ အရာဝတ္ထုတွေကို ကလေးတွေကိုယ်တိုင် ကြည့်ရှုမှတ်သားစေပြီးမှ ကျောင်းသားကို သူ့ဘာသာသူ ပြန်ရေးခိုင်းလျှင် မကောင်းပေဘူးလားဟု တွေးမိသည်။

ထို့ကြောင့် "မြေးရယ် မြေးတို့ စာသင်ခန်းထဲမှာ ကျောက်သင်ပုန်း၊ စားပွဲ၊ ကုလားထိုင်တွေပဲရှိသလား။ တခြားမရှိတော့ဘူးလား။ မြေးပဲ အခု တွေးကြည့်လိုက်စမ်းပါဦး"ဆိုသည့်အခါ မြေးမလေးက ခေါင်းခါသည်။ ဆရာမ ရေးပေးလိုက်သည့် အတိုင်းပဲ ကျက်မည်။ အဲဒီထဲကအတိုင်းသာ ဘဘက လိုက်ကြည့်ပေးပါဟု ဆိုသည်။ ဆရာမ ရေးပေးလိုက်သည့် အတိုင်း မဟုတ်လျှင် အမှတ်မရမှာ စိုးရိမ်ပုံရသည်။ ကျွန်တော်ပြောသည့်စကားကို လက်ခံမည့်ပုံမပေါ်သဖြင့် လက်လျှော့ကာ သူဆိုတာကိုပဲ နားထောင်ပေးလိုက်ရ၏။

နောက်တစ်ခု မှတ်မှတ်သားသား ထားမိခဲ့တာတစ်ခုလည်း ရှိသေးသည်။ တမြန်နှစ် ဆယ်တန်းစာမေးပွဲ နီးချိန်တုန်းကဖြစ်၏။ ဆယ်တန်းဖြေမည့် တူမဝမ်းကွဲလေးတစ်ယောက် ကျွန်တော့်ဆီရောက်လာသည်။

"ဦးဦး သမီးကို စာမေးပွဲအတွက် 'မေ့မရသော သူငယ်ချင်းတစ်ယောက်'ဆိုတဲ့ စာစီစာကုံးရယ်၊ 'အနှစ်သက်ဆုံးဂျာနယ်တစ်စောင်'ဆိုတဲ့ စာစီစာကုံးရယ် နှစ်ပုဒ်လောက် ရေးပေးစမ်းပါ"ဟုဆိုလာသဖြင့် ဘာလုပ်ဖို့တုံး သမီးရဲ့မေးတော့ သူကဖြေသည်။ "စာမေးပွဲအတွက် ကျက်ဖို့ပေါ့ ဦးဦးရဲ့"တဲ့။

ကျွန်တော်မျက်ခုံးအနည်းငယ် ပင့်သွားသည်။ သည်တူမလေးက ပညာရေးတွင် ခပ်ညံ့ညံ့ထဲမှမဟုတ်။ သူ့မိဘများကဆိုသည်နှစ်ဆယ်တန်းတွင် သူ့ကို ဂုဏ်ထူးတွေ ဘာတွေတောင် မှန်းထားသည်။ သည်လိုကလေးက ကျွန်တော့် ဆီလာပြီး အလွတ်ကျက်ဖို့မြန်မာစာ စာစီစာကုံးရေးပေးပါဆိုတော့ "ဟ ဘယ်လိုကြီးတုံး"ဟု အံ့သြရသည်။

"သမီးရယ် ကိုယ့်သူငယ်ချင်းအကြောင်းရေးတာပဲ သမီးကိုယ်တိုင်ရေးတာထက်ပဲ ဦးဦးရေးတာက ပိုကောင်းနိုင်ပါ့မလား" ကျွန်တော်ပြောတော့ သူက ခပ်တိုတိုပဲ လိုရင်းကိုပြောသည်။ "သမီးမှ မရေးတတ်တာ"တဲ့။ မြန်မာစာစာစီစာကုံးကိုပင် မရေးတတ်ပါဘူးဟု ဆိုနေသော စာတော်သည့် ဆယ်တန်းကျောင်းသူ တူမလေးကို ကျွန်တော် တအံ့တသြ ကြည့်မိရသည်။ သို့သော် မကျေနပ်နိုင်သေးသဖြင့် တိုက်တွန်းစကားဆိုမိပြန်သည်။

"အကြိုက်ဆုံး ဂျာနယ်ဆိုတာလေး ရေးကြည့်ပါလား။ ဂျာနယ်တွေမှ အပုံအပင် အမျိုးပေါင်းတစ်ရာကျော်လောက်တောင် ရှိမလားပဲ။ အဲဒီအထဲက တစ်စောင်စောင်လောက်အကြောင်း ရေးကြည့်ပါလား သမီးရယ်"

သည်တော့လည်း သူက ခေါင်းခါပြန်သည်။ ခေါင်းခါရုံမျှမဟုတ် ပွင့်ပွင့်ဟဟပင် ရိုးသားဖြူစင်စွာ ရယ်လိုက်သေးသည်။

တူမလေး၏ ဟန်ပန်မျက်နှာထား အဖြူထည်သက်သက်ပေါ်တွင် မြန်မာစာ စာစီစာကုံးမရေးတတ်သည့် ဆယ်တန်းကျောင်းသူတစ်ဦး၏ ရှက်ရွံ့နေသော အရိပ်အယောင် တစ်ခုမျှမတွေ့ရ။

"အဲဒါမှ ပိုဆိုးရော ဂျာနယ်မှ သမီး မဖတ်ဖူးတာ ဦးဦးရဲ့။ ကဲပါ ဦးဦးရယ် အဲဒီနှစ်ပုဒ်ကို ရေးသာပေးပါ။ စာမေးပွဲမှာ ပါမယ်လို့ သမီး စပေါ့တ်ရထားလို့ပါ။ သန်ဘက်ခါကျရင် လာယူမယ်နော်။ ဦးဦးကို ရက်ဒ်လေဘယ်တစ်လုံး ကန်တော့ပါ့မယ် ဦးဦးရယ်နော်" ရောင်းတန်း စာစီစာကုံးစာအုပ်တွေထဲက ကျက်ရင် သူများတွေနဲ့ တူနေမှာစိုးလို့ ရေးပေးပါနော် ဦးဦး။ သမီးက စာစီစာကုံးတစ်ခုပဲလိုနေတာ။ ကျန်တာတွေက အကုန်လုံးကို အပိုင်ကျက်ထားပြီးသား စာစီစာကုံးသာရ မြန်မာစာဒီ ထွက်ပြီပဲ"

ကျွန်တော်က ရေးပေးပါ့မယ် မပြောသေးခင်၊ သူပြန်မည့်ပုံမပေါ်။ သူတကယ်မရေးတတ်တာ သေချာသည်။

"ကဲကဲ ရက်ဒ်လေဘယ်တွေ ဘာတွေ လုပ်မနေပါနဲ့ကွာ။ ဦးဦး ရေးပေးပါ့မယ်"ပြောလိုက်မှ ပြုံးပြုံးရွှင်ရွှင်နှင့် သူပြန်ပြေးသွားတော့သည်။

ပျော်ရွှင်စွာ ပြန်သွားသည့် တူမလေးကိုကြည့်ရင်း ကျွန်တော်ကဖြင့် ရင်မော၍ ကျန်ခဲ့ရပါသည်။

အတန်းစဉ်တွင် အမှတ်ကောင်းကောင်းဖြင့် အောင်လာခဲ့သည့် ဆယ်တန်းကျောင်းသူတစ်ယောက်က မြန်မာစာ စာစီစာကုံးတစ်ပုဒ်ကိုပင် မရေးတတ်သဖြင့် တစ်ပါးသူ ရေးပေးသည့် စာစီစာကုံးကို အလွတ်ကျက်၍ ဆယ်တန်းစာမေးပွဲကို ဖြေရမည်ဆိုသည့်အခါ ကျွန်တော့်စိတ်ထဲ မကြည်လင်နိုင်တော့။

သည်ခေတ် ပညာရေးဆိုတာက အဲဒီလိုကြီးလား တွေးမိသည်။ သည်လိုဆိုလျှင် ဉာဏ်ပညာဆိုသည်ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်မည်လဲ။ ဘောင်တစ်ခုအတွင်းမှ ကျက်မှတ်ထားသည်များကို ပြန်လည်ရွတ်အံ အာဂုံဆောင်ရသည့် အလုပ်သက်သက်ဖြင့် အတန်းစဉ်ကိုဖြတ်သန်းကာ ဘွဲ့လက်မှတ်တစ်ခုခု ရရှိသွားခြင်းသည်ပင် ပညာ၏ ပြီးပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်ဟုဆိုလျှင် သေးသိမ်လွန်းစွတကားဟု ကျွန်တော်ညည်းတွားမိရသည်။

ပညာဆိုသည့် စကားလုံးကို အဘိဓာန်တွင် ကြည့်မိတော့ "အသိဉာဏ်၊ အပြားအားဖြင့် သိတတ်သောဉာဏ်၊ ဆည်းပူးယူရသော အသိဉာဏ်၊ ယင်းအသိဉာဏ်ကိုရရာရကြောင်း ရှာဖွေ ဆည်းပူးအပ်သောအတတ်"ဟု တွေ့သည်။

အခြား အဘိဓာန်တစ်ခု၌လည်း ပညာအပြားမျိုးသုံးပါးဟု ပညာကို ဖွင့်ဆိုရာ၌ စိန္တာမယပညာ (ကြံစည်သဖြင့် သိအပ်သော အရာမျိုး)၊ သုတမယပညာ (သူတစ်ပါးထံမှကြား၍သိသော အရာမျိုး)၊ ဘာဝနာမယပညာ (ပွားများသဖြင့် သိသောအရာမျိုး)ဟု တွေ့ရသည်။ ပညာရခြင်း၏ အကြောင်းရှစ်ပါးထဲတွင်လည်း ပရိပုစ္ဆမေးမြန်းခြင်းဖြင့် ရခြင်း။ ယောနိသော မနသိကာယ ဝေဖန်ကြံဆခြင်းဖြင့် ရခြင်းဟု တွေ့ရသည်။

အောက်စ်ဖို့ဒ်အင်္ဂလိပ် အဘိဓာန်တွင်မူ (experience and knowledge together with the power of applying them critically or partically)ဟု Wisdom ဟူသော ဉာဏ်ပညာကို ဖွင့်ဆို၏။ အတွေ့အကြုံနှင့် အသိပညာကိုပေါင်းစပ်ကာ ဆင်ခြင်တိုင်းတွာ လက်တွေ့ဆောင်ရွက်နိုင်ခြင်းဟု အဓိပ္ပာယ်ရပေမည်။

သို့ဆိုလျှင် ပေးထားရင်းစွဲကို ထိုးထွင်းဉာဏ်မဲ့စွာ နှုတ်တိုက်ကျက်မှတ်ရသည့် ယခုခေတ် သင်ကြားရေးစနစ်က ကိုယ်ပိုင်ဦးနှောက်အပေါ် အားကိုးအားထားပြုရဲသည့် ပီဘိလူချွန်လူတော်လေးတွေ ပေါ်ပေါက်အောင် မွေးထုတ်ပေးနိုင်ပါ့မလားဟု သံသယပွားပူပန်မိသည်။

ဆယ်တန်းရောက်သည့်တိုင် ကိုယ့်ပတ်ဝန်းကျင်တွင် တောင်လိုပုံနေသည့် ဂျာနယ်တွေထဲမှ တစ်စောင်တလေကိုတောင် ယောင်လို့မှ ဖတ်မကြည့်ခဲ့ဖူးသည့်၊ မြန်မာလိုရေးရသည့် စာစီစာကုံးမျှကိုပင်လည်း တစ်ပုဒ်ဖြစ်အောင် မရေးဖူးသေးသည့် တူမလေးအကြောင်း တွေးရင်းနှင့်မှ စာရေးသူ ငယ်စဉ်မူလတန်းကျောင်းသားလေးဘဝကို ပြန်လည်သတိရမိသည်။

စာရေးသူတို့ငယ်ငယ် တတိယတန်း၊ စတုတ္ထတန်းကျောင်းသားအရွယ်ကပင် စာစီစာကုံးရေးတတ်အောင် ငယ်ဆရာများက သင်ကြားပေးခဲ့ဖူးပါသည်ဟုဆိုလျှင် ပုံပြင်ဟုပင် ထင်ကြလေမည်လားမသိပါ။ ပုံပြင်ဟုပင် ထင်ဦးတော့ပြန်ပြောပြချင်ပါသေးသည်။

တကယ်တော့ သူငယ်တန်းလေး၊ သူငယ်တန်းကြီး၊ ပထမတန်း၊ ဒုတိယတန်းဆိုသည့် လက်ဦးမဆွကတည်းကပင် မြန်မာစာကို ရေရေလည်လည် ရေးတတ်ဖတ်တတ်အောင် အပိုင်အနိုင် သင်ကြားပေးခဲ့ကြသည့် ကံ့ကူလက်လှည့်ငယ်ဆရာများ၏ ကျေးဇူးကို ယနေ့အထိ မေ့လို့မရ။

အထူးသဖြင့် ကား ကျွန်တော်၏ ငယ်ဆရာတစ်ဦးဖြစ်သော တတိယတန်း အတန်းပိုင်ဆရာကြီး ဦးလှမောင်ကို အမြဲလိုသတိရနေမိသည်။ ယခုတော့ ဆရာကြီး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းကြာလှပြီ။ ကျွန်တော်ကဖြင့် မမေ့နိုင်သေးပါ။

ဆရာကြီးက စေတနာအသင်အပြ ကောင်းသလောက် စိတ်တော့ဖြင့် နည်းနည်းတိုတတ်၏။ လက်သံကလည်းပြောင်သည်။ ထိုဆရာနှင့်မှ ကျွန်တော်က တည့်တည့်တိုးလေ၏။

ကျွန်တော်ဆိုသည့်အကောင်ကလည်း ခွပ်မယ့်ကြက် အမောက်ကလေး အရဲသားနှင့်ဆိုသလို အကောင်မျိုး။ တွေ့ကြပြီဆိုတော့ တကယ့်ကိုမှ မှတ်မှတ်ရရ. . .။

အဲဒီနေ့က ကျွန်ုပ်တို့၏ ကျောင်းပတ်ဝန်းကျင်ဆိုသည့် စာစီစာကုံးကို အိမ်စာအဖြစ် ရေးခိုင်းလိုက်သည်။ အရေးမခိုင်းခင်လည်း ဆရာကြီးက ကျောင်းဝင်းအနီးအပါးတွင်ရှိသော စေတီတော်တွေ၊ ဘုန်းကြီးကျောင်းတွေ၊ ရေကန်တွေ၊ ရထားလမ်း၊ လယ်ကွင်းတွေအကြောင်း ကျောင်းသားတွေကို မေးလိုက်ပြောလိုက်ဖြင့် အချိန်အတော်ယူလိုက်သေးသည်။ ပြီးမှရေးခိုင်းလိုက်ခြင်းဖြစ်သည်။

သို့ပါလျက် ကျွန်တော်က အတတ်ဆန်းပြီး လက်စွမ်းပြဖြစ်အောင်ပြလိုက်မိသည့်အတွက် ပြဿနာပေါ်တော့၏။

တတိယတန်းကျောင်းသားဆိုသည့်တိုင် မြန်မာစာကို လည်လည်ပတ်ပတ် ဖတ်တတ်နေပြီဖြစ်သည့် ကျွန်တော်က ထိုစဉ်က နာမည်ကြီးသည့် စာရေးဆရာကြီး မြစကြာရေးသော သရဲတစ္ဆေဝတ္ထုတွေကို စွဲစွဲလမ်းလမ်း ဖတ်ထားမိသည်က ပြဿနာ၏အစဖြစ်မည်လားတော့ မပြောတတ်။ ကျွန်တော်၏ ကြီးတော်၊ ဘထွေးတို့က သရဲတစ္ဆေအကြောင်း ကြုံတိုင်းအပြောကောင်းကြတာလည်း ပါမည် ထင်သည်။ ထိုအတွေးစိတ်ကူး ပယောဂနှစ်ခုကြောင့်ပင် ကျွန်ုပ်တို့၏ကျောင်းပတ်ဝန်းကျင် စာစီစာကုံးကို ဆရာ အညွှန်းပြောလိုက်သလို မဟုတ်ဘဲ ကျွန်တော့်သဘောနှင့်ကျွန်တော် ထွင်ရေး ရေးမိသွားတော့သည်။

ရေးပုံက ကျောင်းနှင့် မလှမ်းမကမ်းတွင် မြင်နေရသည့် ရွာသင်္ချိုင်းကုန်းအကြောင်း ဖြစ်လေသည်။ ထိုသင်္ချိုင်းတွင် စာရေးဆရာကြီး မြစကြာ ဝတ္ထုထဲကအတိုင်း အောက်လမ်းဆရာနှင့် သရဲမတို့ အစွမ်းပြိုင်သည့်အကြောင်း တုရေးတာလည်းပါ၊ ကြီးတော်ကြီးတွေပြောဖူးတာတွေ ထည့်ရေးတာလည်းပါနှင့် ကျွန်ုပ်တို့၏ ကျောင်းပတ်ဝန်းကျင် စာစီစာကုံးထဲတွင် အောက်လမ်းဆရာတွေသရဲမတွေ ထည့်ပြီး ဖန်ဆင်းလိုက်မိသည့်အခါ ပြဿနာက ကြီးတော့ပြီ။

ကျွန်တော်ရေးသည့် စာစီစာကုံးကိုဖတ်ပြီး ဒေါသထွက်နေသည့် ဆရာကြီးဦးလှမောင်က ကျွန်တော့်ကိုခေါ်ပြီး ဒါဘာလဲကွဟု မေးသည်။ ကျွန်တော်ကလည်း ကိုယ့်ဟာကိုယ် စိတ်ချစွာနှင့်ပင် "ဝတ္ထုပါဆရာကြီး"ဟုဖြေသည်။ စာရေးဆရာကြီးမြစကြာ၏ ဝတ္ထုဝိဉာဉ်က ကျွန်တော့်တွင် ပူးကပ်နေသည်ကိုး. . .။

ဆရာကြီးက "ဘာကွ" ဟု ဒေါသဖြင့်အော်မှ ကျွန်တော်နည်းနည်းတုန်လှုပ်သည်။ "ဝတ္ထုဆိုရင်ဖြင့်လည်း အဲဒီ သမံတလင်းပေါ်မှာဝပ်စမ်းကွာ" ဆရာကြီး ဝပ်ခိုင်းသဖြင့် သမံတလင်းကြမ်းခင်းပေါ်မှာ ဘာမှန်းမသိဘဲ ကျွန်တော်ဝပ်ရသည်။

"တစ်တန်းလုံးပြောကြစမ်း။ ဒီကောင် ဘာလုပ်နေတာလဲ" ဟု အတန်းကိုမေးတော့ အတန်းထဲမှ သူငယ်ချင်းတွေလည်းမဖြေတတ်။ ကျွန်တော်လည်း ဘာကြောင့် သည်လိုလုပ်ခိုင်းသည်မသိ။ သို့သော် ဆရာကြီးက "ဒီကောင် ဝပ်နေတာမဟုတ်လား"ဟု အတန်းကို မေးတော့ တစ်တန်းလုံးက "ဟုတ်ပါတယ် ဆရာကြီး"ဟု တညီတညာတည်း ဖြေကြသည်။

စာ(၃၁) သို့

7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေး

ဒေါက်တာကျော်လတ်

ယခုအခါ များစွာသောစာပေများတွင် မြန်မာပြည်ပညာရေးစနစ်နှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးကြသည်ကို နေ့စဉ်ဖတ်ရှုနေရပေသည်။ များမကြာမီကလည်း ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ပြည့် အကြိုပွဲများ ကျင်းပခဲ့ရာ လွန်ခဲ့သော နှစ် ၃၀ ခန့်က မြန်မာဆိုရှယ်လစ်ပါတီခေတ်က ပညာရေးနှင့်ပတ်သက်၍ အရေးကြီးသောပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရပေသည်။ မြန်မာပြည်၏ အဆင့်မြင့်ပညာရေး(သို့မဟုတ်)တက္ကသိုလ်ပညာရေးနှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးချက်တို့မှာမိမိတို့တက္ကသိုလ် (သို့မဟုတ်) ရန်ကုန်တက္ကသိုလ်ကို ယခင်ကဲ့သို့ ပြန်လည်အဆင့်မြှင့်တင်ကြရန် ဆန္ဒများရှိကြသည်ဟု သုံးသပ်ရပေမည်။

ပညာရေးသည်လည်းကောင်း၊ တက္ကသိုလ်ပညာရေးသည်လည်းကောင်း၊ မိမိတို့တိုင်းပြည်၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန်သည် အဓိကဖြစ်ပေသည်။ လူငယ်လူရွယ်များ တက္ကသိုလ်များသို့ တက်ရောက်သင်ကြားကြခြင်းသည် တက်ရောက်သင်ကြားသူ လူငယ်များအတွက်သော်လည်းကောင်း၊ မိမိတို့နိုင်ငံအတွက်သော်လည်းကောင်း၊ အကျိုးရှိ၍ လိုအပ်ချက်များကိုဖြည့်တင်းရန်ဖြစ်ပေသည်။ မိမိတို့မြန်မာနိုင်ငံ၏ တက္ကသိုလ်တို့မှာ ၁၉၈၀ ခုနှစ်ခန့်အထိ များစွာသော အိမ်နီးချင်းနိုင်ငံများရှိ တက္ကသိုလ်များနှင့် နှိုင်းစာသော်တန်းတူညီတူခန့်ရှိခဲ့၍ များစွာအဆင့်မနိမ့်ကြောင်း စာရေးသူလေ့လာဖူးပါသည်။ သို့သော် စာရေးသူတို့ အသက်(၂၀)ခန့်ဖြစ်သော ၁၉၆၂ ခုနှစ် နောက်ပိုင်းမှစ၍ တက္ကသိုလ်များတွင် သင်ကြားခဲ့ပြီး ဘွဲ့များရရှိခဲ့သည့်တိုင်အောင် တက္ကသိုလ် ပညာတတ်များနှင့် သင့်လျော်သော အလုပ်အကိုင်များ မရရှိနိုင်ခြင်းသည် မိမိတို့နိုင်ငံ၏ တက္ကသိုလ်ပညာရေးစနစ်နှင့် တိုင်းပြည်လိုအပ်ချက်တို့ ကိုက်ညီမှုရှိသော အားနည်းချက်ဖြစ်ပေသည်။ ပုဂ္ဂလိကကဏ္ဍတွင်လည်း အဆင့်နိမ့်သော အလုပ်များကို လုပ်ကိုင်လက်ခံကြရပေသည်။ ထို ၁၉၆၅ ခုနှစ်ခန့်မှ ယနေ့တိုင် တက္ကသိုလ်များမှ ဘွဲ့များရရှိခဲ့ကြသော်လည်း အစိုးရဌာနများတွင် အောက်တန်းစာရေးအလုပ်ကိုပင် ရရှိရန် ခက်ခဲလျက်ရှိပေသည်။ ထို ၁၉၆၅ ခုနှစ်ခန့်မှစ၍ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားကြခြင်းသည် တက်ရောက်ပညာသင်ကြားကြသူများနှင့် နိုင်ငံတော်အတွက် လက်တွေ့အကျိုးမရှိဘဲ ဘွဲ့ဝတ်စုံနှင့် ဓာတ်ပုံများကို ဧည့်ခန်းတွင်ပြသထားရန်သာ အကျိုးရှိပေသည်။

ထိုသည်ကိုအခြေခံ၍ တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားကြသူများသည် မိမိတို့ လူငယ်ထု၏ ရာခိုင်နှုန်းမည်မျှရှိသည်၊ တက္ကသိုလ် ပညာရေးစနစ်ကြီး တစ်ခုလုံးသည် မိမိတို့လူငယ်များ၏ မည်သည့် အစိတ်အပိုင်းနှင့် သက်ဆိုင်ပတ်သက်သည်ကိုတွက်ချက် ဆန်းစစ်ကြည့်မိပါသည်။ မြန်မာပြည်လူဦးရေ၏ ၁၇ ဒသမ ၆ ရာခိုင်နှုန်းခန့်(သို့မဟုတ်) ၁၀၄ သိန်းခန့်သည် အသက်(၁၅)နှစ်မှ (၂၄)နှစ်ရှိသော သူများဖြစ်သည်ကို တွေ့ရှိရပါသည်။ (Statistical Year Book 2010, P-24 ကို အခြေခံ၍ တွက်ချက်ပါသည်။) ထိုအသက် (၁၅)နှစ်မှ (၂၄)နှစ်ရှိသော လူငယ်ဦးရေ ၁၀၄ သိန်းခန့်မှ ၅ သိန်းခန့်သည်သာ တက္ကသိုလ်များတွင် တက်ရောက်စာသင်နေကြသည်ဟု တွေ့ရှိရ၍ မိမိတို့လူငယ်ထု၏ ၄ ဒသမ ၈ ရာခိုင်နှုန်းသည်သာ တက္ကသိုလ်များတွင် ပညာဆည်းပူးကြခြင်းဖြစ်ကြောင်း သုံးသပ်ရမည်ဖြစ်၍ မိမိတို့ပညာရေးစနစ်ကြီး တစ်ခုလုံး (သို့မဟုတ်) အသက်(၁၅)နှစ်မှ (၂၄)နှစ်ခန့်ရှိလူငယ်များအတွက် ပညာရေးစနစ်ကြီး တစ်ခုလုံးကို လူငယ်အများစုတို့ အကျိုးကိုဦးတည်၍ ပြန်လည်သုံးသပ်ကြရသင့်ပေသည်။

မိမိတို့တိုင်းပြည်တွင် တင်ပြခဲ့သည့်အတိုင်း လူငယ်ငါးသိန်းခန့်သည် တက္ကသိုလ်များသို့တက်ရောက်ပညာသင်ကြားနေကြသည့်အပြင် ရရှိသော စာရင်းဇယားများအရ Vocational Education ခေါ် Government Technical Institutions, Agricultural Institutions, Education Colleges, Government Technical High Schools အစရှိသောကျောင်းများတွင် တက်ရောက်သင်ကြားနေသူတို့မှာ ၂၀၀၀၀ ကျော်ခန့်သာရှိ၍ (Statistical Yearbook, CSO, p.400) စုစုပေါင်း ၅ ဒသမ ၂ သိန်းခန့်သည်သာ တက္ကသိုလ်များတွင် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပညာ ပို့ချသောကျောင်းများတွင် ပညာသင်ကြားနိုင်ကြသည်ဟုသုံးသပ်ရ၍ ယင်းမှာ အသက်(၁၅)နှစ်နှင့် (၂၄)နှစ်အတွင်း လူငယ်တို့၏ ငါးရာခိုင်နှုန်းသာ ရှိပေသည်။


မိမိတို့တိုင်းပြည်ရှိ အသက်(၁၅)နှစ်မှ (၂၄)နှစ်ရှိ လူငယ် ၉၅ ရာခိုင်နှုန်း(သို့မဟုတ်)လူငယ်ထု ၉၈ သိန်းကျော်ခန့်အတွက် အသက်မွေးနိုင်မှုပညာနှင့် ဘဝအာမခံချက်များအတွက် အစီအစဉ်များ ချမှတ်ရန် များစွာလိုအပ်နေပေသည်။

အသက်မွေးဝမ်းကျောင်းပညာ ပို့ချရေးလိုအပ်ချက်နှင့် ပတ်သက်၍ စာရေးသူ၏ လက်တွေ့ဘဝ အတွေ့အကြုံကိုလည်း တင်ပြအပ်ပါသည်။ စာရေးသူမှာ နှစ်ပေါင်းများစွာ ဗိသုကာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့၍ များစွာသော Skilled Labour ခေါ် ကျွမ်းကျင်လုပ်သားများနှင့် ဆက်ဆံခဲ့ရပါသည်။

ထိုလုပ်ငန်းရပ်များတွင် အကြီးဆုံးသော အခက်အခဲနှစ်ရပ်မှာ (၁) များစွာသော ကျွမ်းကျင်လုပ်သား Skilled Labour များသည် ဗိသုကာများ၊ အင်ဂျင်နီယာများ ရေးဆွဲသော ပုံစံများကို နားလည်နိုင်ခြင်းမရှိခြင်းနှင့် (၂) ပန်းရန်ဆရာ၊ လက်သမားဆရာ၊ ပိုက်ဆရာ အစရှိသော ကျွမ်းကျင်လုပ်သားများတွင် ယင်းတို့၏ ပညာတတ်ကျွမ်းမှု၊ မည်သည့်အဆင့်နှင့် တတ်ကျွမ်းမှုတို့အတွက် သက်သေအထောက်အထား စာရွက်စာတမ်းများ မရှိခြင်းဖြစ်ပေသည်။

ပထမ အချက်ဖြစ်သော ကျွမ်းကျင်လုပ်သားများ၊ အင်ဂျင်နီယာပုံစံများ မဖတ်တတ်ခြင်းနှင့် လွန်စွာအခြေခံကျသော တွက်ချက်နည်းများ လစ်လပ်နေခြင်းသည် မိမိတို့တိုင်းပြည်၏ ကျွမ်းကျင်လုပ်သားများအတွက် စနစ်တကျ ပညာသင်ကြားရေး လိုအပ်လျက်ရှိကြောင်း ဖော်ပြလျက်ရှိပေသည်။ ကျွမ်းကျင်လုပ်သားများ ယင်းတို့၏ ပညာအဆင့်ကို သတ်မှတ်ဖော်ပြသော လက်မှတ်အထောက်အထားများ မရှိခြင်းကြောင့် အချိန်ကုန်၊ ပစ္စည်းကုန်၍ လုပ်ငန်းမအပ်မီ အလုပ်စမ်းသပ်ကြရပါသည်။

ထိုသည်တို့ကို အခြေခံ၍ မိမိတို့တိုင်းပြည်တွင် Vocational Education ခေါ် အသက်မွေးဝမ်းကျောင်းပညာရေးစနစ် ပေါ်ထွန်းလာရန်၊ ကြိုးစားရန်များစွာ လိုအပ်လျက်ရှိပေသည်။ ထိုစနစ်၊ ထိုအစီအစဉ်မှာ ဖော်ပြခဲ့သည့်အတိုင်း အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်းရှိ လူငယ်ထု ၁၀၀ သိန်းခန့်အတွက် ရည်မှန်းရမည်ဖြစ်ပါ၍ ချက်ချင်းလက်ငင်းအကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းရပ်မဟုတ်ပါပေ။ သို့ပါ၍ အစပထမအနေဖြင့် Training of the Trainers ဟုခေါ်ဆိုနိုင်မည့် သင်ကြားပို့ချမည့်ဆရာများကို စတင်မွေးထုတ်ရမည်ဖြစ်သည်။ ထိုဆရာဖြစ်မည့်သူများသည် မြန်မာပြည်တွင် အလုပ်လက်မဲ့ဖြစ်နေပြီး B.E ခေါ် အင်ဂျင်နီယာဘာသာရပ်အသီးသီးမှ အင်ဂျင်နီယာများဖြစ်သင့်ပေသည်။ သို့သော် ထိုအင်ဂျင်နီယာဘွဲ့လက်မှတ်ကိုင်တို့သည် လက်တွေ့လုပ်ရမည်ကို ဝါသနာပါသော အပင်ပန်းခံနိုင်သောသူများ ဖြစ်သင့်ပေသည်။




*Ref: Statistical Yearbook, CSO*

| ခုနှစ် | ခန့်မှန်းလူဦးရေ (သိန်းဂဏန်းဖြင့်) | ၁၅ နှစ်မှ ၂၄ နှစ်ကြား ခန့်မှန်းလူငယ်ဦးရေ (သိန်းဂဏန်းဖြင့်) | အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ တက္ကသိုလ်များရှိ ကျောင်းသားဦးရေ | အသက်မွေးမှု ပညာရပ် မဟုတ်သည့် တက္ကသိုလ်များမှ ကျောင်းသားဦးရေ | အသက်မွေးဝမ်းကျောင်းပညာရပ် လေ့ကျင့်ရေး သင်တန်းကျောင်းများမှ ကျောင်းပြီးထားသူ လူငယ်အရေအတွက် | ပုံမှန်လေ့ကျင့်မှု ရယူထားသူလူငယ် စုစုပေါင်း အရေအတွက် |
|---|---|---|---|---|---|---|
| 2003-04 | 532.22 | 93.67 | 0.634 | 5.920 | 0.411 | 6.965 |
| 2004-05 | 543.00 | 95.57 | 0.680 | 6.792 | 0.337 | 7.810 |
| 2005-06 | 554.00 | 97.50 | 0.612 | 5.219 | 0.249 | 6.080 |
| 2006-07 | 565.20 | 99.48 | 0.673 | 5.213 | 0.214 | 6.100 |
| 2007-08 | 575.00 | 101.20 | 0.666 | 4.019 | 0.180 | 4.865 |
| 2008-09 | 583.80 | 102.75 | 0.689 | 4.361 | 0.248 | 5.298 |
| 2009-10 | 591.30 | 104.07 | 0.692 | 4.285 | 0.241 | 5.218 |

7Day News Journal

# Current Affairs

Vol.11, No.33 • OCTOBER 25 , 2012

# မြန်မာကနေ တရုတ်နဲ့ အိန္ဒိယကို တင်ပို့နေတဲ့ သစ်လုံးပမာဏက ကျွန်မကိုတော်တော်အံ့အားသင့်စေပါတယ်

**အေးမြကျော်**



မစ္စဖိတ်ဒိုဟာသီ

မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကြောင့် စီးပွားရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပြီးနောက် စီးပွားရေးအခွင့်အလမ်းများပွင့်လန်းလာတော့မည်ဖြစ်သည်။ နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်မှုများတွင် ကမ္ဘာကျော်သော မြန်မာ့ကျွန်းသစ်အပါအဝင် သစ်ရောင်းဝယ်ရေးမှာလည်း ကဏ္ဍအဖြစ်ပါဝင်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မဟာစီးပွားရေးနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံကြားတွင် တည်ရှိပြီး မြန်မာ့သစ်လုံးများ ဈေးပေါပေါနှင့် တရားမဝင်နည်းလမ်းများမှ တင်ပို့ရောင်းချနေခြင်းက မြန်မာနိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အေဂျင်စီ Environmental Investigation Agency-EIA က ပြောကြားလိုက်သည်။

EIA သည် ကမ္ဘာအနှံ့တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မသမာမှုများကို စုံစမ်းဖော်ထုတ်သည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ပွင့်လင်းလာသော မြန်မာနိုင်ငံတွင် မကြာမီဖြစ်တည်လာတော့မည့် နိုင်ငံတကာနှင့် သစ်ရောင်းဝယ်ဖောက်ကားမှုများတွင် တရားမဝင်သစ်ခိုးထုတ်မှုများ လျော့နည်းနိုင်သမျှ လျော့နည်းအောင် ကူညီပေးရန် ကနဦးအနေနှင့် ပြည်တွင်းမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များနှင့် ဆွေးနွေးရန် ရောက်ရှိလာခြင်းဖြစ်သည်။ EIA ၏ စုံစမ်းထောက်လှမ်းထားသော အချက်အလက်များတွင် မြန်မာနိုင်ငံမှ သစ်လုံးများအပါအဝင် သစ်တောထွက်ပစ္စည်းများကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အထိ ၇ နှစ်တာကာလအတွင်းမက်ထရစ်တန်ပေါင်း ၁၉ ဒသမ ၉ သန်းကို တင်ပို့ရောင်းချခဲ့ပြီး ရောင်းချငွေအဖြစ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၂ ဘီလီယံရရှိခဲ့သည်။ ထိုပမာဏမှာ တစ်နှစ်လျှင် ပျမ်းမျှ ၂ ဒသမ ၄ ကုဗမီတာတင်ပို့ပြီး ရရှိငွေမှာ အမေရိကန်ဒေါ်လာ ၆၂၇ သန်းဖြစ်သည်။

လန်ဒန်တွင်အခြေစိုက်ပြီး တရားမဝင် သစ်ခိုးထုတ်မှုများ ပပျောက်အောင်အင်ဒိုနီးရှားနိုင်ငံတွင် ၁၀ နှစ်တာအတွေ့အကြုံရှိသော EIA မှသစ်တောဆိုင်ရာ လှုပ်ရှားမှု ခေါင်းဆောင် မစ္စဖိတ်ဒိုဟာသီနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံကာ မေးမြန်းထားသည်များကို ဖော်ပြပေးလိုက်ပါသည်။

**ပထမဆုံး EIAအနေနဲ့ မြန်မာနိုင်ငံကို ဘာကြောင့် လာရတဲ့ အကြောင်းရင်းကို ပြောပြပေးပါလား။**

ကျွန်မတို့ကို မြန်မာနိုင်ငံမှာရှိတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေနဲ့ ပေါင်းပြီး အလုပ်တွေ အတူတူတွဲလုပ်ဖို့ ဖိတ်ကြားခံရလို့ပါ။ ကျွန်မတို့ကလည်း ဒီမှာ တရားမဝင် သစ်ခိုးထုတ်မှုတွေ၊ သစ်တောထွက်ပစ္စည်း တရားမဝင် ရောင်းဝယ်မှုတွေနဲ့ပတ်သက်ပြီး ကျွန်မတို့အဖွဲ့အနေနဲ့ ဘာလုပ်ပေးနိုင်မလဲဆိုတာ လေ့လာချင်တာလည်း ပါပါတယ်။ မကြာခင်မှာဘဲ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံက သစ်တွေဝယ်ဖို့ လက်ဦးမှု ရယူတော့မှာပါ။ အဲဒါက မြန်မာနိုင်ငံအတွက်လည်း အရမ်းကို အသုံးဝင်ပါတယ်။ ကျွန်မတို့အနေနဲ့ အလုပ်လုပ်မယ်ဆို မြန်မာနိုင်ငံအကြောင်းလေ့လာဖို့ အများကြီးကို လိုပါသေးတယ်။ မြန်မာနိုင်ငံဟာ တရားမဝင် သစ်ရောင်းဝယ်ရေးမှာ မဟာဗျူဟာကျပါတယ်။ မြန်မာနိုင်ငံဟာ နှစ်စဉ် ဒေါ်လာသန်းနဲ့ ချီဆုံးရှုံးနေပါတယ် ဘာလို့လဲဆိုတော့ အိမ်နီးချင်းနိုင်ငံတွေက မြန်မာနိုင်ငံက သစ်လုံးတွေကို ဈေးပေါပေါနဲ့ မသမာတဲ့နည်းနဲ့ဝယ်တယ်။ ပြီးတော့ ကုန်ချောလုပ်ပြန်ရောင်းပြီး သူတို့ အမြတ်ထုတ်ကြတယ်လေ။ ဒါဟာ မကောင်းတဲ့ နည်းလမ်းဘဲလို့ ကျွန်မတို့မြင်တယ်။ ဒီဆယ်နှစ်အတောအတွင်း ကျွန်မတို့ ဘာတွေ သင်ယူခဲ့ရလဲဆိုတော့ ဒေသတွင်းမှာ တရားမဝင် သစ်ခိုးထုတ်မှုတွေက မှုခင်းဖြစ်ရပ်တွေကို ဖြစ်ပေါ်စေတယ်။ အဲဒါက ဥရောပ က အချို့သော ဝယ်ယူသူတွေကို အကျိုးအမြတ်ပိုရစေနိုင်တဲ့အချက်ပေ့ါ။ ဒါပေမဲ့ လာမယ့်နှစ် မတ်လမှာတော့ ဒီတရားမဝင် သစ်ခိုးထုတ်မှုတွေကို တားဆီးနိုင်မယ့် ဥပဒေတစ်ရပ်ကို ဥရောပသမဂ္ဂအနေနဲ့ ပြဋ္ဌာန်းသွားဖို့ ရှိတယ်။ အဲဒီဥပဒေက ဥရောပသမဂ္ဂသစ်ထုတ်လုပ်ရေးဥပဒေ (European Union Timber Regulation-EUTR) လို့ ခေါ်ပါတယ်။ သူက နှစ်ပိုင်းရှိတယ်။ ပထမက ဥရောပမှာ သစ် (သို့မဟုတ်) သစ်အချောထည် ပစ္စည်းတွေ ဝယ်ရင် တရားမဝင် သစ်ဝယ်ယူမှုကို တားမြစ်ထားတယ်။ ဒုတိယအချက်ကတော့ ကျွန်မတို့ အင်တိုက်အားတိုက် တွန်းအားပေးခဲ့တဲ့ သစ်ဝယ်ယူသူ လုပ်ငန်းရှင်တွေက သူတို့ဝယ်တဲ့သစ်တွေ ဘယ်ကခုတ်လှဲလာတာလဲ ဆိုတာကို ပြောပြနိုင်ရမယ် ဆိုတာပါဘဲ ။ ဒါ ဘာလဲဆိုတော့ ကျွန်မ ဥပမာပေးပြောရရင် အခု တရုတ်နိုင်ငံက မြန်မာက သစ်လုံးတွေကို ဝယ်တယ်။ ပြီးတော့ သူတို့က အချောထည် ပရိဘောဂတွေလုပ်ပြီး တရုတ်နိုင်ငံတွင်းမှာ ရောင်းသလိုမျိုးပေ့ါ။ တကယ်လို့ ဥပဒေထွက်လာရင် ဥရောပက သစ်ဝယ်မယ့်သူတွေက ဒီသစ်တွေ ဘယ်ကရလဲဆိုတာ မေးတော့မယ်။ အဲဒီတော့ ဥပဒေအရ ဖြေကိုဖြေရမယ်။ ဆိုတော့ မေးခွန်းက အဲဒီဥပဒေက မြန်မာပြည်မှာ အလုပ်ဖြစ်မလား ဆိုတာပါပဲ။ တစ်ကမ္ဘာလုံးမှာ အကောင်းဆုံးကျွန်းသစ်ဖြစ်တဲ့ မြန်မာ့ကျွန်းသစ်ကို လူတွေက ဝယ်ကြတော့မယ်။ အခုဆို ပိတ်ဆို့အရေးယူမှုတွေလည်း ဖယ်ရှားလိုက်ပြီဆိုတော့ မြန်မာကသစ်တောတွေမှာဖိအားတွေ ပိုများလာတော့မယ့် သဘောပါ။ ဘာလို့လဲဆိုတော့ ဥရောပက မြန်မာနိုင်ငံက ကျွန်းသစ်တွေကို အရမ်း သဘောကျပါတယ်။ ကျွန်မတို့ မြန်မာပြည်တွင်းက အရပ်ဘက်အဖွဲ့အစည်း (Civil Society) တွေနဲ့ တွဲပြီး သစ်တောတွေ ရေရှည်တည်တံ့ အောင် ဘယ်လိုကာကွယ်မလဲဆိုတာ၊ ဘယ်လို လက်တွဲအလုပ်လုပ်နိုင်မလဲဆိုတာ နည်းလမ်းရှာရပါမယ်။ တစ်ချိန်တည်းမှာ တရားမဝင်သစ်ထုတ်လုပ်ရေးနဲ့ ဆက်နွှယ်နေတဲ့ အကျင့်ပျက်ချစားမှုတွေ ပွင့်လင်းမြင်သာမှု မရှိတာတွေကို မီးမောင်းထိုးပြဖို့ လိုသလို အစိုးရကိုလည်း ဒီ့ထက် ပိုပြီး ပွင့်ပွင့်လင်းလင်း သတင်းအချက်အလက်တွေ ထုတ်ပြန်ဖို့ တွန်းအားပေးသင့်ပါတယ်။ တစ်ဖက်မှာလည်း သစ်တောတွေကို ဝမ်းစာအတွက် မှီခိုနေရသူတွေ အတွက်လည်း မမေ့သင့်ပါဘူး။ ဒီတော့ ကျွန်မတို့ ဘာလုပ်နိုင်မလဲဆိုတာ နည်းလမ်းရှာရမှာပေ့ါ။

**အခုဆိုရင် မြန်မာအစိုးရက ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့ပြီ အဲဒီအကျိုးဆက်ကြောင့် အရေးယူပိတ်ဆို့မှုတွေလည်းဖယ်ရှားပေးခဲ့ပြီးပြီဆိုတော့ ဥရောပနဲ့နိုင်ငံတကာက လုပ်ငန်းရှင်တွေက မြန်မာနိုင်ငံက သစ်တွေကို ခုနကပြောသွားသလို ဝယ်တော့မယ် ရောင်းဝယ် ဖောက်ကားတော့မယ်။ မြန်မာအစိုးရအနေနဲ့ လာတော့မယ့် သစ်ရောင်းဝယ်မှုတွေအတွက် အခုကစပြီး ဘာတွေပြင်ဆင်ထားသင့်သလဲ။**

ဒါကြောင့် ကျွန်မတို့အခု ဒီမှာရှိနေတာပေ့ါ။ ကျွန်မတို့ယုံကြည်တဲ့ တစ်ခုတည်းသော အဖြေရှာနိုင်မယ့် နည်းလမ်းကတော့ လေးဦး လေးဖလှယ်ပါဝင်တဲ့ လုပ်ငန်းစဉ်တွေ လုပ်သွားဖို့ လိုအပ်တယ်။ အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ လူမှုအသိုင်း အဝိုင်းနဲ့ စက်ရုံအလုပ်ရုံတွေက ဒါကို မှီခိုနေရတယ်လေ။ ဒါကြောင့် ကျွန်မတို့ ဖြစ်စေချင်တာက စားပွဲဝိုင်းတစ်ခုတည်းမှာ အားလုံးထိုင်ပြီး တွေ့ဆုံဆွေးနွေးပြီး အမြဲအဖြေရှာကြည့်ဖို့တိုက်တွန်းလိုပါတယ်။ ကျွန်မတို့ အင်ဒိုနီးရှားမှာ သစ်တရားမဝင် ခိုးထုတ်မှုတွေ လျော့နိုင်သမျှ လျော့အောင်ကြိုးစားတဲ့အခါ အရပ် ဘက်လူ့အဖွဲ့အစည်း (Civil Society )တွေကို ကြားခံအဖြစ် တည်ဆောက်ပြီး အသုံးပြုခဲ့တယ်။ ဒီကြားခံတွေကနေ အစိုးရအတွက်၊ သစ်ထုတ်လုပ်ရေး လုပ်ငန်းတွေအတွက် ပြဿနာတွေဖြေရှင်း နိုင်မယ့် နည်းလမ်းတွေ အများကြီး ထွက်ခဲ့တယ်။ ငြင်းခုံမှုတွေ၊ ဆွေးနွေးမှုတွေကနေ နောက်ဆုံး နည်းလမ်းတွေ ထွက်လာတာပဲ။ အစိုးရဌာနတစ်ခုတည်း သစ်ခိုးထုတ်မှုတွေ၊ တရားမဝင် သစ်ရောင်းဝယ်မှုတွေ၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို တားဆီး ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ လက်တွေ့မှာ ချက်ချင်း လုပ်နိုင်မယ့် နည်းကတော့ အစိုးရအနေနဲ့ သစ်အလုံးလိုက် တင်ပို့ခြင်းကို ချက်ချင်းပိတ်ပင်ပစ်လိုက် ဖို့ပါပဲ ။ ဒါက ပထမဆုံးအနေနဲ့ နိုင်ငံရေးစိတ်ဓာတ်အင်အားကို ပြသလိုက်သလိုလည်း ဖြစ်ပါလိမ့်မယ်။ ဒုတိယအချက်ကတော့ သစ်တောတွေကို အသက်ရှူခွင့်ပေးလိုက်တာပါဘဲ။ ဒါက မြန်မာနိုင်ငံမှာ ဥရောပက သစ်လုပ်ငန်းနဲ့ ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေအတွက် တွန်းအားတစ်ခု ဖြစ်စေမှာပါ။

**EIA အနေနဲ့ အင်ဒိုနီးရှားအပါအဝင် တရားမဝင်သစ်ထုတ်တဲ့ နိုင်ငံတွေမှာ စုံစမ်းထောက်လှမ်းမှုတွေ လုပ်ခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ အရင်က နိုင်ငံရေး အခြေအနေ တွေကြောင့် မလုပ်နိုင်ခဲ့ဘူး ပြောခဲ့တော့ အခုဒီကိုရောက် လာပြီဆိုတော့ ဘာတွေဆက် လုပ်သွားဖို့ ရှိပါသလဲ ။ ရှေ့အစီအစဉ်တွေက ဘာများဖြစ်မလဲ။**

ချက်ချင်းလုပ်လို့ရတဲ့ အလုပ်ကတော့ လူတွေများများနဲ့ တွေ့ပြီး သူတို့အသံတွေ နားထောင်တာပါပဲ။ ဒီမှာ အခြေအနေအချို့က နည်းနည်းရှုပ်ထွေးပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်နိုင်မလဲဆိုတာ မေးခွန်းတစ်ခုပါ။ နောက်တစ်ခုက ကျွန်မတို့ EIA အနေနဲ့ အင်ဒိုနီးရှားနိုင်ငံမှာ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး သစ်ခိုးထုတ်တာတွေကို တားဆီးခဲ့တာဟာ အရမ်းအားကောင်းခဲ့တယ်။ အဲဒီအတွေ့အကြုံတွေ အောင်မြင်တာတွေကို ဒီမှာ ပြန်အသုံးချလို့ ရနိုင်ပါတယ်။ အရေးကြီးတဲ့ အချက်ကတော့ အင်ဒိုနီးရှားမှာတုန်းက ဒေသခံအရပ်ဘက် အဖွဲ့အစည်းတွေနဲ့ အီးယူ အရပ်ဘက် အဖွဲ့အစည်းတွေ ပူးပေါင်းပြီး တစ်စိုက်မတ်မတ် လှုံ့ဆော်မှုတွေလုပ်ခဲ့တယ် ဆိုတာပါဘဲ။ ကျွန်မတို့ ဥရောပသမဂ္ဂက မကြာမီထွက်လာတော့မယ့် ဥပဒေသစ်ကို စောင့်ကြည့်ဖို့ အရမ်းကို စိတ်အားထက်သန်နေပါတယ်။

**အချပ်ပို(B)သို့**

# စာအိတ်ထဲ ကျည်ဆန်ထည့် စိန်ခေါ်ခံရပေမယ့် ငြိမ်းချမ်းရေးအတွက် နောက်မတွန့်သူ

**အားမာန်**


သမ္မတရုံးဝန်ကြီးဦးအောင်မင်း

**ကမ္ဘာပေါ်တွင် ပြည်တွင်းစစ်ဖြစ်ပွားမှု အရှည်ကြာဆုံးနိုင်ငံဟု မှတ်တမ်းဝင်နေသော မြန်မာနိုင်ငံ၌ တစ်နှစ်အတွင်း အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ရှေ့တန်းမှဦးဆောင်လုပ်ကိုင်ခြင်းဖြင့် အရေးပါသူတစ်ဦး ပေါ်ထွက်ခဲ့သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ တာဝန်ပေးမှုအရ ရထားပို့ဆောင်ရေးဝန်ကြီးအဖြစ်မှငြိမ်းချမ်းရေးဖော်ဆောင်သူဖြစ်လာသောပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဦးအောင်မင်းက ၂၀၁၁ အောက်တိုဘာ ၁၉ တွင် အပစ်အခတ်ရပ်စဲရေးကိုပင် နှစ် ၆၀ ကျော်ကြာ သဘောတူညီချက်မရခဲ့ဖူးသော ကေအင်န်ယူအဖွဲ့နှင့် ဆွေးနွေးပြီးစတင်ခဲ့သည်။ တစ်နှစ်တာ ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅စ်ဖွဲ့နှင့် ငြိမ်းချမ်းရေးအတွက် ၄၅ ကြိမ်တိုင်တွေ့ဆုံဆွေးနွေးခဲ့သည်။**

ထိုအထဲတွင်ကေအိုင်အေ(ကချင်လွတ်မြောက်ရေးတပ်မတော်)မှအပကျန်တိုင်းရင်းသားအဖွဲ့များအားလုံးနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိခဲ့သည်။ ဦးသိန်းစိန်အစိုးရ၏သက်တမ်းတစ်နှစ်ကျော်ကာလအတွင်းကမ္ဘာ့နိုင်ငံများကပင အံ့သြရလောက်အောင် နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများ၊ အပြောင်းအလဲများခဲ့သောမြန်မာနိုင်ငံတွင် ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသောစစ်ပွဲများချုပ်ငြိမ်းပြီးငြိမ်းချမ်းရေးရရန်မှာနိုင်ငံအတွက်အရေးကြီးဆုံးအကြောင်းအရာများထဲကတစ်ခုဖြစ်သည်။ ကေအိုင်အို၊ကေအိုင်အေအဖွဲ့များနှင့်ငြိမ်းချမ်းရေးရရှိအောင်ဦးဆောင်ဆွေးနွေးနေသူလည်းဖြစ်သောနိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကို အောက်တိုဘာ ၂၁ ရက်၌ နေပြည်တော်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။




**အစိုးရသစ်လက်ထက်မှာ ရထားပို့ဆောင်ရေး ဝန်ကြီးကနေ ငြိမ်းချမ်းရေး ဖော်ဆောင်သူအဖြစ် ဦးဆောင် လုပ်ကိုင်တော့ နိုင်ငံရေးလေ့လာသူတွေ မျက်စိလည်သွားတယ်။ ဘာကြောင့်ရထားပို့ဆောင်ရေး ဝန်ကြီးကနေ ငြိမ်းချမ်းရေး ဖော်ဆောင်သူ ဖြစ်လာရတာလဲ။**

လူတစ်ယောက် ရာထူးရတယ်။ အာဏာ၊ လုပ်ပိုင်ခွင့်ရတယ်ဆိုတာ ခေါင်းဆောင်လုပ်တဲ့သူ အပေါ်မှာ မူတည်တယ်။ ခေါင်းဆောင်ဆိုတာ အခုလောလောဆယ် ဦးသိန်းစိန်ပေါ့။ ဗိုလ်ချုပ်မှူးကြီးတို့လက်ထက်ကလည်း ဒီလိုပဲ။ ကျွန်တော်တို့ ကြိုးစားပြီး လုပ်ခဲ့တာပဲ။ သူတို့က ကျွန်တော်တို့ရဲ့ လုပ်ရည်ကိုင်ရည်ကို မသိတော့ ကျွန်တော်တို့ကို မခိုင်းဘူး။ ဘာလို့ မခိုင်းလဲဆိုတော့ အဲဒီမှာ ဘာသာရပ် Attachment ဆိုတာရှိတယ်။ သူက အရင်တုန်းက တွဲလုပ်ခဲ့ဖူးတဲ့သူတွေ၊ သူနဲ့ခင်တဲ့သူတွေ၊ ဒီ Attachment ဖြစ်တဲ့ သူတွေကိုပဲခိုင်းတာ။ အခုသမ္မတကြီး၊ သမ္မတဖြစ်လာတော့ သူက ကျွန်တော်တို့ကို ခိုင်းတယ်။ သမ္မတကြီးနဲ့ ကျွန်တော်တို့ပြောကြကြေးဆို ငယ်ငယ်လေးကတည်းက အတူနေခဲ့ဖူးတယ်။ နေခဲ့ဖူးတော့ ကျွန်တော်တို့အကြောင်း ကောင်းကောင်းသိတယ်။ ကျွန်တော်တို့ကို ခိုင်းရင်ရမယ်ဆိုတာသိလို့ ကျွန်တော်တို့ကို ခိုင်းတာပဲ။ ဒါကြောင့် Attachment က စကားပြောတယ်။ အခုက သမ္မတကြီးကနေ တိုက်ရိုက်ခိုင်းလို့ ဟိုမှာ သွားပြောတယ်။ သမ္မတကြီးကိုယ်စား ကျွန်တော်က လိုအပ်တာတွေ ဆုံးဖြတ်ချက်တွေ ရဲရဲတင်းတင်း ဆုံးဖြတ်တယ်။ ဒီကိုပြန်လာတော့လည်း သမ္မတကြီးက ကျွန်တော် ဆုံးဖြတ်တာတွေကို တာဝန်ယူတယ်။ သမ္မတကြီးကဘာလို့ခိုင်းလဲဆိုတော့ ယုံလို့ခိုင်းတာ။ ကျွန်တော့်ရဲ့ အားသာချက်တွေက ဘာလဲဆိုတော့ မြန်မာပြည်တစ်ပြည်လုံး မြေပုံမလို၊ စကားပြန်မလိုဘဲ လမ်းပြမလိုဘဲနဲ့ သွားလို့ရတယ်။ ဘာလို့ သွားလို့ရလဲဆိုတော့ ၁၉၆၈ တပ်ထဲဝင် တယ်။ ၁၉၇၁ မှာ ဗိုလ်ဖြစ်တယ်။ အဲဒီအချိန်ကစပြီး မြန်မာပြည်တစ်ပြည်လုံးကို မရောက်တဲ့နေရာ တစ်ခုမှ မရှိဘူး။ မဆက်ဆံဖူးတဲ့ တိုင်းရင်းသား၊ တစ်ယောက်မှ မရှိဘူး။ တိုင်းရင်းသားတွေနဲ့ တွေ့ရင် သူတို့ရဲ့ စိတ်ထဲမှာ ဘာတွေခံစားနေရသလဲ၊ သူတို့အတွက် ဘာတွေလိုလဲဆိုတာ အမြဲစဉ်းစားတယ်။ ကိုယ်ချင်းစာတရားထားတယ်။ ကိုယ်မလုပ်နိုင်တာ တိုင်းရင်းသားကို မခိုင်းဘူး။ ကျွန်တော်စစ်တပ်ထဲမှာ လုပ်ခဲ့ပေမယ့် နာမည်ပျက်တစ်ခုမှ မရှိဘူး။ ရောက်တဲ့နေရာတိုင်း တိုင်းရင်းသားတွေက ချစ်တယ်။ ဒါတွေကို သမ္မတကြီးက သိတယ်။

ကျွန်တော် ကိုယ်တိုင်က ငြိမ်းချမ်းရေးကို လိုလားတယ်။ ကျွန်တော်ငယ်တုန်းက ထောက်လှမ်းရေးမှာကျတယ်။ ထောက်လှမ်းရေးမှာ များသောအားဖြင့် သူများတွေ ထောင်ကျမှ ရာထူးတက်တယ်။ သူများတွေ အပြစ်များများ ပေးနိုင်တဲ့အခါမှ ရာထူးတက်တာ၊ ကိုယ့်ထောက်လှမ်းရေးသမိုင်းမှာ တစ်ဦးတစ်ယောက်ကိုယ်မှ ထောင်မချခဲ့ဘူး။ လူတစ်ဦးတစ်ယောက်ကိုမှ ဒုက္ခရောက်အောင် မလုပ်ခဲ့ဘူး။ ဒုက္ခရောက်တဲ့သူတွေကို လိုက်ကယ်တာပဲ ရှိတယ်။ ခင်ဗျားတို့ ဒီလူကို အပြစ်ချတာ မှားတယ်။ ဒီလူမှာ အပြစ်မရှိဘူး။ ခင်ဗျာတို့ ဒီလောက်အပြစ်ကြီးချလို့ မရဘူးလို့ ရှေ့နေလိုက်တော့ ကျွန်တော့်ကို ဘယ်လောက်ထိ အပြောခံရဖူးလဲဆိုတော့ ဗိုလ်ချုပ်တင်ဦး(မျက်မှန်ဦးတင်ဦး)ကမင်းပွဲခဘယ်လောက်ရလို့ရှေ့နေလိုက်တာလဲလို့မေးဖူးတယ်။ ကျွန်တော်ပွဲခရလို့ လိုက်တာ မဟုတ်ဘူး။ တကယ်နစ်နာတဲ့သူတွေရှိလို့ သူတို့ဘက်က ရပ်တည်ပြီး ပြောပေးတာလို့ ပြန်ပြောလိုက်တယ်။

**စာ(၂၉)သို့**

7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012



**စာ(၂၈)မှ...**

ကျွန်တော်ရဲ့ စိတ်ဓာတ်က ငြိမ်းချမ်းရေးလိုလားတယ်။ နယ်မြေလည်းကျွမ်းတယ်။ တိုင်းရင်းသားတွေရဲ့ နစ်နာချက်တွေ ခံစားချက်တွေကိုလည်းသိတယ်။ အဲလိုလူမျိုးမှ မခိုင်းရင် ဘယ်လိုလူခိုင်းမလဲ။

ငြိမ်းချမ်းရေး လုပ်တဲ့အခါမှာ တွေ့ဆုံဆွေးနွေးမှုတွေ အများကြီး လုပ်ရတယ်။ အလုပ်သဘောဆွေးနွေးမှုတွေ အများကြီးလုပ်ရတယ်။ ငြိမ်းချမ်းရေးလုပ်တဲ့အခါ သူတို့နယ်မြေကို သွားရတယ်။ စခန်းထဲ သွားတဲ့အခါ ကိုယ်ပေါ်မှာ လက်နက်ပါ၊ မပါ၊ Body Search လုပ်တယ်။ ဝန်ကြီးတစ်ဦးအနေနဲ့ Body Search လုပ်တာခံရတယ်။ ကျွန်တော်စိတ်မဆိုးဘူး။ ကျွန်တော်က သူတို့စားစေချင်လို့ မုန့်ဝယ်သွားတယ်။ မစားဘူး။ အဆိပ်ခတ်မှာ ကြောက်လို့။ ပေးတဲ့ ဖောင်တိန်တွေ၊ နာရီတွေ သူတို့ မယူဘူး။ ဒီထဲမှာ ချိန်ကိုက်ဗုံးတွေ၊ ဘာတွေ သူတို့ကို ဒုက္ခပေးမှာကြောက်လို့ မယူဘူး။ အဲလိုကနေယုံကြည်မှု စတည်ဆောက်ရတာ။ ငြိမ်းချမ်းရေးလက်မှတ်ထိုးတာ ကျွန်တော်ကိုယုံတာလည်း တစ်ပိုင်းပါတယ်။ သမ္မတကြီးပေါ်မှာယုံတာလည်းတစ်ပိုင်းပါတယ်။ လူတွေမြင်တာက အခုချက်ချင်းသွား၊ အခုလက်မှတ်ထိုးတယ်လို့ ထင်နေတာ။ အဲဒီမတိုင်ခင်မှာ လုပ်တဲ့ အလွတ်သဘောဆွေးနွေးပွဲတွေမှာ အများကြီးညှိခဲ့ပြီးခါမှ အဲဒီလို လက်မှတ်ထိုးနိုင်တာ။ ဆွေးနွေးမှုတွေသွားတဲ့အခါ အောင်မြင်ချင်မှ အောင်မြင်တာ။ စကားလေးနည်းနည်းမှားသွားတာနဲ့ နောက်ပြန်ဆုတ်သွားမယ်။ ဥပမာ မွန်ပြည်သစ်ပါတီနဲ့ ဘုရားသုံးဆူမှာ စကားသွားပြောတဲ့အခါ အထွေထွေအတွင်းရေးမှူး ဦးနိုင်ဟန်သာက ကျွန်တော်ကိုဘယ်လောက်ထိပြောလဲဆို တစ်နာရီခွဲကြာတယ်။ နှစ်ပေါင်း၆၀လုံးမှာ အစိုးရအပေါ် မကျေနပ်တာ ပုံပြီး ပြောတယ်။ ကျွန်တော်ပြုံးပြီး နားထောင်တယ်။ အဲဒီမှာ ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးဆို ဒီလောက်အကြာကြီး ပြောလို့ စိတ်တွေတိုနေတယ်။ သူ့ကို ခင်ဗျားစိတ်တိုရင် အစည်းအဝေးခန်းထဲက ထွက်သွား။ ဘာမှဝင်မပြောနဲ့။ ခင်ဗျားပြောရင်ပျက်သွားလိမ့်မယ်။ တစ်နာရီခွဲကြာ သူပြောပြီး ပြောစရာမရှိတော့မှ ကျွန်တော်ပြောတာ။

တိုင်းရင်းသားတွေတောင်းတဲ့အဓိကအချက်က တန်းတူညီတူမှု၊ ကြီးကြီးကျယ်ကျယ်ပြောရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ နိုင်ငံရေးအသုံးအနှုန်းနဲ့ပြောရင် Power Sharing (အာဏာခွဲဝေ အသုံးပြုမှု) ပေါ့။ နောက်တစ်ခု သူတို့ ဘာတောင်းဆိုလဲဆိုရင် စီးပွားရေးနဲ့ ပတ်သက်ပြီး ဘာလဲဆိုတော့ Resource Sharing ။ ဥပမာ ကချင်ပြည်နယ်မှာဆိုရင် ကျောက်စိမ်းထွက်တယ်။ ကျောက်စိမ်းက ထွက်တဲ့ ရာခိုင်နှုန်းအမြတ်ကို သူတို့လိုချင်တယ်။ သူတို့ပြည်နယ်တွေက ထွက်တဲ့ သတ္တုတွေရဲ့ ရာခိုင်နှုန်းကို သူတို့လိုချင်တယ်။

Power Sharing နဲ့ ပတ်သက်လို့ ကျွန်တော်ရဲ့ ခံယူချက်ကတော့ ကရင်ပြည်နယ်ကို ကရင်တွေ အုပ်ချုပ်ရမယ်။ ရှမ်းပြည်နယ်ကို ရှမ်းတွေ အုပ်ချုပ်ရမယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ အုပ်ချုပ်ရမယ်။

Resource Sharing လွှတ်တော်က ဆွေးနွေးတော့မယ်။ ကျောက်စိမ်းဆိုရင် ဘယ်လောက်ပေးခဲ့ပါ။ ရေနံဆိုရင် ဘယ်လောက်ပေးခဲ့ပါ။ ပေးပုံပေးနည်း ရာခိုင်နှုန်းတူချင်မှ တူမယ်။ ပေးတဲ့ပိုက်ဆံကိုလည်း တိုင်းနဲ့ပြည်နယ်အစိုးရကိုပဲ ပေးမှာပေါ့။ အစိုးရကလည်း သူ့တိုင်းနဲ့ပြည်နယ်ထဲမှာ လိုတဲ့ လမ်းတွေ၊ တံတားတွေ၊ ဆေးရုံတွေ၊ ကျောင်းတွေ စတာတွေ လုပ်မှာပေါ့။ ကျွန်တော်တို့က ကြိုစဉ်းစားထားပါတယ်။

**အရင်းအမြစ် ခွဲဝေသုံးစွဲမှု (Resource Sharing) နဲ့ ပတ်သက်ပြီး ဘယ်လွှတ်တော်မှာဆွေးနွေးမှာပါလဲ။**

အခုကျင်းပနေတဲ့လွှတ်တော်မှာ ဆွေးနွေးတော့မှာ။

**ဝန်ကြီးပထမဆုံး ငြိမ်းချမ်းရေးဆွေးနွေးမှု ကေအင်ယူနဲ့ လုပ်ဖို့မဲဆောက်ကိုမြဝတီကနေကိုယ်တိုင်ကားမောင်းပြီး သွားခဲ့တာ သိရပါတယ်။ ဒီလိုပဲ ဆွေးနွေးမှုတွေ လုပ်တဲ့အခါ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေရဲ့ နယ်မြေထဲကို အကြိမ်ပေါင်းများစွာ သွားခဲ့တယ်။ အဲဒီအချိန်မှာ ကိုယ့်ရဲ့ အသက်အန္တရာယ်ကို စိုးရိမ်တာမျိုး ဖြစ်ဖူးလား။**

ငယ်ငယ်တုန်းက စစ်သားလုပ်တဲ့အခါမှာ စိတ်တစ်ခုပဲ ထားတယ်။ အဲဒီစိတ်က ဘာလဲဆိုတော့ သေရုံကလွဲလို့ ဘာမှမဖြစ်ဘူး။ ဆိုတော့ ဘာမှမကြောက်တော့ဘူး။ အခု အစိုးရဝန်ကြီးဖြစ်လာတော့ ပြုတ်ရုံက လွဲလို့ ဘာမှမဖြစ်ဘူး။ ကျွန်တော်လည်း အာဂတိ လိုက်စားတာလည်း မရှိဘူး။ ကျွန်တော့်ကို ဘာလို့ထောင်ချမှာလဲ။ မှားခြင်းမှားရင် လုပ်ရင်ကိုင်ရင်း မှားတဲ့အမှားပဲ ရှိမယ်။ ကျွန်တော့်ကိုဖြုတ်ရုံကလွဲလို့ ဘာမှမဖြစ်ဘူး။ သေရုံကလွဲလို့လည်း ဘာမှ မဖြစ်ဘူး။ ပြုတ်ရုံကလွဲလို့လည်း ဘာမှမဖြစ်ဘူးဆိုတဲ့ လူတစ်ယောက်က ဘာမှမကြောက်တော့ဘူး။ ဒီလိုပဲ သွားရတာ။ ချင်းမိုင်ကို ကျွန်တော်သွားတဲ့အခါ ကျွန်တော့်ကို မကျေနပ်တဲ့ အဖွဲ့အစည်းတစ်ခုက စာအိတ်ထဲမှာ ပစ္စည်းတစ်ခုထည့်ပြီး ပေးလိုက်တယ်။ တိုင်းရင်းသားတွေမှာ အစဉ်အလာတစ်ခု ရှိတယ်။ အဲဒါဘာလဲဆိုရင် လူတစ်ယောက်ကို စိန်ခေါ်တဲ့အခါမှာ အဲဒီပစ္စည်းတစ်ခုကို ထည့်ပေးတယ်။ အဲဒီစာအိတ်က ဘာလဲဆိုရင် ကျည်ဆန်တောင့် ထည့်ပေးထားတယ်။ ဒါ ကျွန်တော်ကို စိန်ခေါ်တာ။ ဒီကိစ္စကို မရှုပ်ပါနဲ့ဆိုတဲ့ သဘောပေါ့။ ဒီလို စိန်ခေါ်ခံရတာ။ နောက် သူတို့ဘာပြောလဲဆိုတော့ ဥပမာ အဆင့်အမြင့်ဆုံး အိုဘားမားတောင် သတ်ဖို့ လူငှားရင် ဘတ် ၄၂၀၀၀ ပဲပေးရတယ်။ ဘတ် ၄၂၀၀၀ ပေးရင် သတ်ရဲတဲ့သူတွေ ရှိတယ်လို့ ပြောတယ်။ ကျွန်တော်က ပြန်ပြောလိုက်တယ်။ ဦးအောင်မင်းဆိုရင်တော့ ဘတ် ၁၀၀၀၀ တော့ တန်ကြေးရှိမယ်လို့ ထင်တယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်တော့မှ မစိုးရိမ်ဘူး။

ပထမဆုံး ကေအင်ယူနဲ့တွေ့တဲ့အခါ ဘန်ကောက်ကနေ မဲဆောက်ကို ၆ နာရီပဲ ကားမောင်းရတဲ့ခရီးက ရေကြီးနေလို့ ရေလွတ်တဲ့တောင်ပေါ်လမ်းတွေကမောင်းရင်းနဲ့ ၁၃ နာရီ မောင်းရတယ်။ ကချင်ဘက်ကိုသွားတော့လည်း ပထမလွယ်ဂျယ်မှာ တွေ့မယ်ဆိုပေမယ့် မိုင်းဂျာရန်အထိ ခေါ်တယ်။ လိုက်သွားတယ်။ ဒီလိုပဲ စွန့်စွန့်စားစား သွားရတာပဲ။

**အင်အားကြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ကေအင်ယူနဲ့ နှစ်၆၀ကျော်အတွင်း ပထမဆုံးအကြိမ် အပစ်အခတ် ရပ်စဲအောင်ဆောင်ရွက်နိုင်တာ တွေ့ရတယ်။ တခြား အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ ကေအိုင်အေနဲ့တော့ အခြေအနေက မထူးသေးဘူး။ ဒီအဖွဲ့ကြီး နှစ်ဖွဲ့နဲ့ ငြိမ်းချမ်းရေး ဆွေးနွေးတဲ့အခါ ကြုံရတဲ့ အတွေ့အကြုံက ဘာဖြစ်မလဲ။**

ကေအင်န်ယူက နှစ်ပေါင်း ၆၀ လောက် အစိုးရအဖွဲ့နဲ့ ထိတွေ့မှု လုံးဝ မရှိဘဲနဲ့ အထင်လွဲနေတယ်။ ယုံကြည်မှု ကင်းမဲ့နေတယ်။ ထိတွေ့ဆက်ဆံတဲ့အခါမှာ ကျွန်တော်နဲ့ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ကျွန်တော့်ကိုယုံလာတယ်။ ကျွန်တော်ဘယ်လောက်ထိ ပြောလဲဆိုတော့ ထမင်းစားတဲ့အခါမှာ ခင်ဗျားတို့ မစားနဲ့။ ကျွန်တော်အရင် စားမယ်။ ကျွန်တော် မသေတော့မှ ခင်ဗျားတို့စား။ သူတို့အဖွဲ့က ကျွန်တော်တို့ကို ပြောတာရှိတယ်။

**အချုပ်ပို(A)သို့**





တစ်မိနစ်ကို တစ်ပုံးနှုန်းထွက်နေသည့် ဝယ်လောင်က ရေနံတွင်းတစ်တွင်း

ဓာတ်ပုံ-မောင်သာချို

# မှော်ရုံတောထဲက မှော်ဆရာ အိပ်မက်များ

မောင်သာချို

**(တစ်)**

ဟိုးခပ်ငယ်ငယ်တုန်းကတော့ အမေ့အိပ်ရာဝင် ပုံပြင်တွေထဲမှာ မှော်ဆရာဆိုတာကို စပြီးကြားဖူးခဲ့ပါသည်။ မှော်ဆရာနှင့်အတူ မှော်ပညာတွေရော၊ ဆယ့်နှစ်ကြိုးတွေရော၊ ကဝေတွေရော၊ တစ္ဆေတွေရော၊ စုန်းတွေရော၊ သိုက်တွေရော၊ အို စုံလို့။ နောက်တော့ ကိုကိုလေးအမည်ခံ ဒဂုန်ခင်ခင်လေး၏ "မှော်ဆရာမှတ်တမ်း" ကို ဖတ်ရပါသည်။ တကယ့် မှော်ဆရာ ဇာတ်လမ်းတွေ။ ထို့နောက် ဆရာမြသန်းတင့် ဘာသာပြန်သော "မှော်ရုံတောမှာ မောလှပြီ" ပန်းချီကျော် ဂေါ်ဂင်၏ ဘဝပုံရိပ်။ ထို့နောက် ထူးအိမ်သင်၏ "မှော်ဆရာအိပ်မက်" သီချင်း အယ်လ်ဘမ်။ မှော်ဆိုတာ လှည့်စားတတ်တယ် ထင်ပါရဲ့။သီတာဒေဝီပူဆာ၍ ရာမမင်းသားသမင်လိုက်ရင်း မျက်စိလည် သွားခဲ့ရသည့် တောမှာ မှော်ရုံတောပဲ မဟုတ်လား။

နောက်တော့ လူ့ဘဝရဲ့ မှော်သားဆန်ဆန် အသက်ရှင်နေထိုင်ရုန်းကန်ရသော ဘဝမှော်တောကြီးများ ရှိရာဆီသို့တစ်ခါတစ်ခါ ရောက်သွားရပြန်ပါလေသည်။

**(နှစ်)**

မြန်မာနိုင်ငံ မြောက်ဖျားရှိ နာမည်ကျော် ဖားကန့်ဒေသ ကျောက်စိမ်းမှော်များရှိရာသို့ ရောက်သွားခဲ့ဖူးပါသည်။ 'မှော်ဆိုတာ လုပ်ကွက်ကို ခေါ်တာဗျ' ဟု လိုရင်းတိုရှင်းရှင်းပြသော ဒေသခံများနှင့်အတူ တစ်တောင်တက် တစ်တောင်ဆင်းကာ မှော်တွေထဲမှာ လျှောက်သွားခဲ့ဖူးပါသည်။ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းပါးပေါ်က ဟုမ္မလင်း၊ ခန္တီးဒေသတစ်ဝိုက် နာဂတောင်တန်းများဆီက ရွှေမှော်များရှိရာဆီသို့လည်း ရောက်ခဲ့ဖူးပါသည်။

ကမ္ဘာကြီး ကိုယ်တိုင်က မှော်ရုံတောကြီးများလား။ သူ့ဝမ်းဗိုက်ကြီးထဲကနေ ဟိုနားဆီမှာ ကျောက်စိမ်းတွေ ထုတ်ပေးလိုက်။ သည်နားဆီမှာ ရွှေတွေထုတ်ပေးလိုက်။ သည့်အပြင် ပတ္တမြားတွေ၊ သဘာဝဓာတ်ငွေ့တွေ၊ ရေနံတွေ။

တစ်ခါက ရေနံများ ရှိရာဆီသို့ ဖျိုးခနဲ ဖျတ်ခနဲဆိုသလို ရောက်သွားဖူးပါသည်။ ရန်ကုန်ကနေ ပုဂံညောင်ဦးအထိ လေယာဉ်နှင့် ပျံသန်းချိန်က တစ်နာရီဝန်းကျင်။ ထို့နောက် လေဆိပ်ရှေ့ရှိ အဆင့်သင့်စောင့်နေသော ကားပေါ်သို့တက်ကာ ပုဂံညောင်ဦးကနေ ဧရာဝတီမြစ်ကို ဖြတ်ပြီး အနောက်ဘက်ကမ်းပါးရှိ ပခုက္ကူသို့။ ထို့နောက် ချင်းတွင်းမြစ်ကို ယှဉ်ကာ သွားနေရင်း ရေစကြိုဘက်သို့ မလိုက်ဘဲ မြိုင်ဘက်သို့ လှည့်ကာ မြိုင်ကနေ ကျောက်ခင်းလမ်းအတိုင်း လမ်းကြမ်းကြီးထဲ မောင်းချသွားလိုက်ရာ ဘောင့်ဘင်၊ ဗဟင်းစသည့် ရွာများကို ဖြတ်သန်းသွားပြီးသည့်နောက် တောင်ခြေအစပ်က ဝယ်လောင်ရွာ၌ လမ်းဆုံးသွားပါသည်။ ဝယ်လောင်ရွာ၏ အနောက်ဘက်၌ တန့်ကြည့်တောင်၏ အဆွယ်တောင်တန်းခပ်ရွှယ်ရွှယ်ကတောင်မြောက်တန်းလျက် ရှိပါသည်။ သူ့ဟိုဘက်မှာက ပုံတောင်ပုံညာတောင်တန်း။ ရေနံမှော်တွေက ပေါက်နယ်နှင့် မြိုင်နယ်စပ်ကြားတန့်ကြည်တောင်စွယ်တွေ တစ်ဝိုက်မှာရှိနေခြင်း ဖြစ်ပါသည်။

ရေနံမှော်တွေထဲ ရှိရာဆီသို့ ကားနှင့် သွားဖို့ကတော့ မလွယ်လှ။ တရုတ်ဆိုင်ကယ်များသာဖုန် အလူးလူး၊ ရွှံ့အလူးလူးဖြင့် အဆင်းအတက် ခက်ခဲလှသော မတ်စောက်ကျဉ်းမြောင်းသည့် တောင်ရိုးတောင်စွယ် လမ်းတွေပေါ်မှာ လွန်းထိုးနေကြခြင်းဖြစ်ပါသည်။ အားအကိုးရဆုံးကတော့ နွားလှည်းတွေ၊ ရေနံတိုင်ကီတွေကိုသယ်တာလည်းသည်နွားလှည်းတွေ။ မှော်ထဲက စားသောက်ဆိုင်ကလေးများ၊စတိုးဆိုင်ကလေးများ အတွက် လိုအပ်သမျှ ပစ္စည်းတွေကိုသယ်တာလည်းသည်နွားလှည်းတွေ။ ရေနံတွင်းတူးဖို့အတွက် လိုအပ်သမျှသံပိုက်ကအစ မီးစက်အဆုံးကို သယ်တာလည်း သည်နွားလှည်းတွေ။ ရေနံတူးသူများ ခပ်သူများ ယာယီခိုနားနေထိုင်ဖို့ တဲဆောက်ရန် ဝါးလုံးကအစ ဝါးကပ်အဆုံးကို သယ်တာလည်း သည်နွားလှည်းတွေ။

"ခေတ်အဆက်ဆက်ကတော့ ဓားမဦးချမြေမှာ စိုက်ပျိုးစားသောက်လာကြတာပေါ့ဗျာ။ အခုတော့လည်း မှော်တောပေါ့။ ၁၉၉၈ လောက်တုန်းက ဦးဖိုးနီဆိုတဲ့လူကြီးက စပြီး စမ်းတူးကြည့်တာ။ အဲသည့် ဦးဖိုးနီကလည်း ဆူးဝင်းဘက်မှာ အင်္ဂလိပ်ခေတ်က တစ်ပိုင်တစ်နိုင် ရေနံတွင်းကလေးတွေ တူးခဲ့ကြဖူးတာကို သိထားတော့ သည်မှာလည်း ရမယ်ထင်ပြီး တူးကြည့်တော့ အဲသမှာ ရေနံရတာနဲ့ သူလိုက်တူး ကိုယ်လိုက်တူး တူးကြရင်း ခုလိုများလာတာဆိုပါတော့"

ဟုတ်ပါသည်။ ဆူးဝင်း ဘုရားလေး ကုန်းဘက်က မှော်တွေက အင်္ဂလိပ်ခေတ်ကတည်းက လက်စလက်န ရှိခဲ့ဖူးသော မှော်များ ဖြစ်ပါသည်။ အခုဝယ်တောင်ရွာပတ်ဝန်းကျင်မှာက ဝယ်တောင် တရုတ်ကုန်းမှော်တဲ့။ ဝယ်တောင်ဆီ ကြည်ကုန်းမှော်တဲ့။ ဝယ်တောင်ကျောက်စလောင်းမှော်တဲ့။ ဝယ်တောင်တောင်ကြပ်မှော်တဲ့။ ဝယ်တောင်ထောက်ခွမှော်တဲ့။ မှော်တွေ မှော်တွေ။ ရေနံမှော်ကလေးတွေ။ တောင်ကုန်း တောင်တန်းတွေကြားမှာ ဟိုနားဆီမှာ ရေနံတစ်တွင်း၊ သည်နားဆီမှာ ရေနံတစ်တွင်း။ ဟိုနားဆီမှာတဲအစုစု သည်နားဆီမှာ တဲအစုစု။ ပေါက်တို့ မြိုင်တို့ ရေစကြိုတို့ဝန်းရံ စသည့် နယ်မြေမိုလားမသိ။ သနပ်ခါးပင်တွေကတော့ဘယ်နေရာကို ကြည့်ကြည့်မိုးတိုး မတ်တတ်။

အဝီစိတွင်း တူးသလို နှစ်လက်မသံပိုက်ကို မြေကြီးထဲပေ တစ်စထောင်၊ တစ်ထောင့်ငါးရာဝန်းကျင်အထိ စက်နှင့် တူးသွင်းကာ ရေနံကြောကို ရှာကြရသည့် လုပ်ငန်းဖြစ်ရာ တွေ့သည်လည်းရှိ မတွေ့သည်လည်းရှိမို့ မှော်ဆန်သည်ကတော့ အမှန်ပဲဖြစ်ပါသည်။ ရေနံကြောကို တွေ့ကာ ရေနံကလည်း အထွက်ကောင်းပြီဆိုလျှင်ဖြင့် မှော်ပေါက်သည်ဟု သူတို့ဆိုကြပါသည်။

မှော်ပေါက်သော ရေနံတွင်းတစ်ကွင်းဘေးသို့ ရောက်သွားပါသည်။ ရေနံအကြည်က ပိုက်ခေါင်းကနေ တဗွမ်းဗွမ်း ထွက်ကျနေရာ ခပ်၍ မနိုင်တော့။ မြေကြီးကို ကျင်းတူးကာ တာလပတ်ဖြင့်ခံပြီး ခပ်ယူနေကြရပါသည်။

"သည်မှော်က ပေါက်တာလေးငါးရက်ပဲ ရှိသေးတယ်။ တစ်နေ့ တိုင်ကီအလုံးငါးဆယ်"

ကြားရုံနှင့် လန့်သွားလောက်သည့် ကိန်းဂဏန်းဖြစ်ပါသည်။ ရေနံအကြည်က တိုင်ကီတစ်လုံးကို တစ်သိန်းနှစ်သောင်း ဈေးလောက် ပေါက်နေရာ အလုံးငါးဆယ်နှင့် မြှောက်လိုက်ပေတော့။

ရေနံဈေးအနှစ်တွေချည်းပဲ ထွက်သည့်တွင်း တစ်ခုနားသို့လည်း ရောက်သွားပါသည်။ သည်တွင်းကတော့ ခပ်တွင်း။ စက်ဖြင့်မောင်းကာ ရေနံဈေးကိုအပေါ်သို့ တက်လာအောင်ငင်ယူပြီးပုံးထဲသို့ ခပ်ထည့်နေရခြင်း ဖြစ်ပါသည်။

"တစ်နေ့လုံးမှ ရေနံချေးက သံပုံးလေးငါးလုံးစာပဲရတော့တယ်။ တွင်းက ခန်းစပြုပြီလေ"

ရေနံဈေးကတော့ တိုင်ကီတစ်လုံးကို ကိုးသောင်းဝန်းကျင်သာ ဈေးပေါက်ပါသည်။ သူ့ဈေးနှင့်သူ မဆိုးလှသော်လည်း တွင်းက ခန်းစပြီးမို့ အားမကိုးလောက်တော့။

"တဗွမ်းဗွမ်း ထွက်နေတဲ့ ရေနံအကြည်တွင်းတွေက အလွန်ဆုံးခံလှရင် ခြောက်လပေါ့။ စိမ့်ထွက်နေတဲ့ တွင်းရယ် ရေနံဈေးတွင်းရယ်ကတော့ ကံကောင်းရင် သုံးလေးနှစ်ဆက် ထွက်နေတတ်တယ်"

ဒေသခံက မှော်ပုံကြမ်းကို အဆက်မပြတ် ဆိုသလို ပါးစပ်ဖြင့် ရေးခြစ်ပြ၍သာ နေပါသည်။ မှော်ဆရာတွေကတော့သည်မှော်တောထဲမှာ တစ်တွင်းခန်းသွားလိုက် နောက်တစ်တွင်း ထပ်စမ်းလိုက်။

"ဓားမဦးချ စိုက်ပျိုးစားခဲ့တဲ့ မြေတွေဆိုတော့ ပိုင်ရှင်ရှိတယ်ပေါ့။ သူ့မြေထဲမှာ ကိုယ်က ရေနံဝင်တူးရင် တိုင်ကီ ခုနစ်လုံး။ ဒါမှမဟုတ် ရှစ်လုံး။ ဒါမှမဟုတ် ကိုးလုံးထွက်ရင် မြေရှင်ကို တစ်လုံးပေးရတယ်။ တွင်းတစ်တွင်း တူးတဲ့ စရိတ်ကလည်း သိန်းတစ်ရာတစ်ရာ့ငါးဆယ်ဝန်းကျင်ဆိုတော့ တချို့မြေရှင်က ပထမတွင်းကို ကြိုက်သလောက် ထွက်၊ လုံးဝမယူဘဲ အလကားပေးတာမျိုးလည်း ရှိတတ်ပါတယ်"

ရေနံက ဆောင်းတွင်ပိုထွက်တတ်ပြီး နွေ၌ ဆွံ့အသွားလေ့ရှိသည်ဟု ဆိုပါသည်။ဝယ်တော်ရွာက တစ်လကို တိုင်ကီအလုံး သုံးထောင်ခန့်ထွက်ပြီး သည်နားတစ်ဝိုက် မှော်တွေကနေ လစဉ်အလုံးတစ်သောင်းလောက်ထွက်သည်ဟု ဆိုပါသည်။ သည်ကနေ ရေနံချက်သည့် မုံရွာ၊ ကျောက္ကာ ဒေသများသို့ သယ်ယူကြရခြင်းဖြစ်ပါ၏။

ဝယ်လောင်က ရပ်ရွာဖွံ့ဖြိုးရေးအတွက် ရေနံတစ်တိုင်ကီ သယ်ဆောင်သွားတိုင်း ငွေ ၈၀၀၀ (သို့မဟုတ်) ၉၀၀၀ ကောက်ယူကာ ရပ်မိရပ်ဖ တာဝန်ရှိသူများနှင့် ရန်ပုံငွေ စုဆောင်းကြသည်ဟု ဒေသခံတချို့က ရှင်းပြလာပါ၏။

သည်ရန်ပုံငွေက ဒေသဖွံ့ဖြိုးရေးအတွက် တကယ့်ကို အသုံးချသင့်သည့် ငွေပဲဖြစ်ပါသည်။ လျှပ်စစ်မီးရဖို့။ ကတ္တရာလမ်းခင်းဖို့။ စာသင်ကျောင်းဆောက်ဖို့၊ ဆေးရုံဆေးခန်းဆောက်ဖို့။ စာကြည့်တိုက်ဆောက်ဖို့။ စသည့်ဖြင့် စသည်ဖြင့်။

သဘာဝသယံဇာတဆိုသည်က အမြဲတမ်းမထွက်။ အချိန်တန်တော့ ခန်းကြမြဲခြောက်ကြမြဲ။ ကာရာအိုကေလေးဆိုလိုက်။ Black Label လေး သောက်လိုက်၊ ပခုက္ကူတို့မကွေးတို့ဘက်သို့တက်ကာ အညောင်းအညာဖြေလိုက်၊ ကိုယ်ပိုင်ကားကြီးတွေကို တောလမ်းတွေထဲ ဝုန်းဒိုင်းကြဲ ဖြတ်မောင်းသွားနေလိုက်နှင့် ကျေနပ်ကာ အနာဂတ်ကို မျက်စိမှောက်မနေဖို့ကိုတော့ ဆရာချစ်ဦးညိုတို့ မနုနုရည်(အင်းဝ) တို့ ကိုယ်စား ကျွန်တော်က သတိပေးခဲ့မိပါသည်။

မှော်ရုံတောတွေကပဥ္စလက်ဆန်လှသည် မဟုတ်လား။ ရေနံမှော်တွေကရော ဘာသားနဲ့ ထုထားလို့တဲ့တုံး။ ဘယ်နေ့ခန်းမလဲမသိ။ ဘယ်နေ့ ခြောက်မလဲ မသိ။ အခုတော့ မှော်ဆရာ အိပ်မက်တွေမက်ကာ မှော်ရုံတောမှာ မောကြပေဦးပေါ့။ ။

## စာ – ၂၅၊ နှစ်ငါးဆယ်ကျော် ဟိုအတိတ်ကိုပင်လွမ်း မှ

သည်တော့မှ ဆရာကြီးက "အဲဒီလိုဝပ်နေတာကို ဟော့ဒီလို ထုတော့ဝပ်ထုမဖြစ်လားဟေ့တပည့်တို့"ပြောရင်း ကျွန်တော့် ကျောကို သူ့လက်သီးဆုပ်ဖြင့် အုန်းခနဲထုမှ "အောင်မလေး တီးပဟ"ဟု ကျွန်တော်သဘောပေါက်သည်။ ဆရာကြီးက "ဝပ်ဦးဟ ထုဦးဟ အဲဒါမှ ဝပ်ထုဖြစ်တာဟ"နှင့် ကျွန်တော့် ကျောကို စိတ်တိုတိုနှင့် သုံးလေးချက် ထုတော့သည်။ ကျွန်တော်လည်း အတော်လေး အီစလံဝေသွားသည်။စိတ်ကျေနပ်အောင်ထုပြီးသွားမှ ကျွန်တော့်ကို ပြန်အထခိုင်းသည်။ ခဏအကြာတွင်မူ ကျွန်တော့်စာအုပ်ကို နောက်တစ်ခေါက်ထပ်ဖတ်ပြီးသွားပုံရသည့် ဆရာကြီးက ဘာစိတ်ကူးရသည်မသိ ကျွန်တော့်ကို အတန်းရှေ့ပြန်လာရပ်ခိုင်းပြီး ကျွန်တော် ထွင်ထားသည့် ဝတ္ထုဟုဆိုသောစာကို တစ်တန်းလုံးသို့ သူကိုယ်တိုင်ဖတ်ပြသည်။ ကျွန်တော်ကမူ သူ့ဘေးမှာ ရပ်နေရ၏။

ဆရာကြီး ဖတ်ပြနေသည့် ကျွန်တော့်ဝတ္ထုကို ကျောင်းသားတွေ တဝါးဝါးရယ်တော့ ဆရာကြီးနည်းနည်းပြုံးစပြုသည်။ အစအဆုံးဖတ်ပြပြီးသည့်အခါတွင်မှ

"ခွေးကောင် လုပ်လာလိုက်တာ ကြီးကြီးကျယ်ကျယ် ဝတ္ထုတဲ့" ဟုပြောရင်း ကျွန်တော့်ခေါင်းမှ ဆံပင်တွေကို သူ့လက်ဖြင့် ထိုးဖွပြီး ကျွန်တော့်ခေါင်းကို ကိုင်လှုပ်ဆွဲရမ်းနေသဖြင့် ကျွန်တော့်ကိုယ်လုံးသေးသေးလေး ယိမ်းထိုးနေသေးတာ ကျွန်တော်မှတ်မိသည်။ ဆရာကြီးကို ကျွန်တော် မော့ကြည့်တော့ သူပြုံးနေပါသည်။ ထိုအပြုံးသည် သူရေးခိုင်းလိုက်သည့်အတိုင်း ရေးလာတာမဟုတ်သည့်တိုင် ကျွန်တော့်ကိုယ်ပိုင်စိတ်ကူးဖြင့် အားထုတ်တီထွင်ကြိုးစားရေးလာသည့် စာကြောင်းတွေအပေါ် ခွင့်လွှတ်နိုင်သည့် အပြုံးမျိုးဟု ကျွန်တော်ထင်သည်။

ဆရာကြီးထုထားသည့် ကျွန်တော့်ကျောကုန်းက အနည်းငယ်နာဆဲဖြစ်သော်လည်း ကျွန်တော့်စာကို အားလုံးကို ဖတ်ပြသဖြင့် ကျွန်တော်ပျော်ပါသည်။ ဆရာကြီးဦးလှမောင်၏ ထိုနေ့က အပြုံးသည်လည်း ကျွန်တော့် မျက်လုံးထဲမှ ယနေ့ထက်တိုင် ထွက်မသွားနိုင်ခဲ့သေးပါ။

အခုပြန်တွေးတော့ လွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ်ကျော်တစ်ခေတ်တုန်းက ပညာသင်ကြားပုံနည်းစနစ်နှင့် ဆရာများကို ကျွန်တော့်ရင်ထဲ လွမ်းတသသ. . .။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ်၊ ကျော်သီဟ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင်အယ်ဒီတာ | လှထွန်းဦး |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

(၁)

အမွေအနှစ်တွေ ခြစ်ခြုတ်စုဆောင်းထုခွဲပြီး ဝယ်ထားလိုက်မိတဲ့ ဘကုန်းနံ ပါတ်ကားလေးတစ်စီးက သံရည်ကျိုလုပ်ငန်းရှင်များရဲ့ မစမှုကြောင့် နေ့ချင်းညချင်း သိန်းတစ်ရာကျော်ရှုံးရမယ့်ကိန်း ဆိုက်သွားခဲ့ပါတယ်။ တကယ်တော့ အဲဒီတိုယိုတာ ကိုရိုလာလေးက အော်ရီဂျင်နယ်တွေ မပွန်းပဲ့သေးတဲ့ ကားကောင်းကားသန့်လေးပါ။ ရွှေနဲ့မဟုတ်တောင် ကျွန်းသစ်တို့ ကျောက်စိမ်းတို့တွေနဲ့လဲလှယ်ပြီး သွင်းလာရတဲ့ နိုင်ငံတော်ရဲ့ပိုင်ခွင့် (အက်ဆက်) တစ်ခုပါ။ အဲဒါကို အလကားမတ်တင်းနဲ့ သံရည်ကျိုစက်အရောက်ပို့ပေးရင်စလစ်ကလေးတစ်ခု ပြန်ရမယ်။ သွက်သွက်လက်လက် ဒေါက်ရှိုးကားတစ်စီးဘဝကနေ စာရွက်တစ်ရွက်ဖြစ်သွားရတဲ့ မျက်လှည့်ဇာတ်လမ်းကြီးပါ။ အဲဒီ စလစ်ကိုပြပြီး ကားသွင်းခွင့်လျှောက်၊ ဒေါ် လာလိုက်ရှာပြီး ကားတစ်ပတ်နွမ်းတစ်စီးဝယ်သွင်း။ ဘာထူးလဲ။ ညာမောင်းကားပဲရမယ်။ မော်ဒယ်မြင့်လာမယ်။ အင်ဂျင်သက်တမ်းနုပျိုလာမယ်ဆိုပေမယ့် ကိုယ့်ကားလည်းပြစ်မျိုးမှည့်မထင်အော်ရီဂျင်နယ်ပဲ။ ဒေါက်ရှိုးပဲ။ လမ်းပေါ် မှာ တင့်တယ်နေတာပဲ။ ခုတော့ ငါးဆယ်နဲ့ ရောင်းမယ်ဆိုတာတောင်လာကြည့်မယ့်လူမရှိဘူး။

**ဒေါက်တာမောင်မောင်စံ**



# ကားအဲကွန်း ပြင်မယ်ဆိုရင်

ကံကောင်းချင်တော့ (ထုံးစံအတိုင်း) မူအပြောင်းမှာ အပ်ကားတွေ ဈေးတက်လာတယ်။ ရှစ်ဆယ်၊ ကိုးဆယ် ဖြစ်လာတယ်။ ရောင်းလိုက်ပြီး သုံးဆယ်လောက်ထပ်လိုက် လိုက်ရင် ကြမ်းလည်းကြမ်း၊ ညံ့လည်း ညံ့တဲ့ပရိုဘောက်စ်လောက်တော့ ပြန်ရမယ်။ ဝန်ထမ်းဆုကြေးတို့ ရွှေတို ရွှေစတို့ ရောင်းပြီး ဝယ်ထားတာကလည်း ဘောင်ဝင်၊ မဝင် မသိရတော့ ပရိုဘောက်အတွက် ဝင်ငွေခွန်ထပ်ဆောင်ရရင် သဗ္ဗနာမ်ပေါင်းနဲ့ ဆယ်သိန်းလောက်ထပ်ကုန်တော့မယ်။ ကိုယ့်ဘဏ်စာရင်းမှာက ဆယ်သိန်းလောက်ပဲရှိတာ။ ဒါနဲ့ ဟိုကဒီက ဆွဲပြီး ၂၈/တစ်စင်းကို အလိုက်ပေးလဲယူလိုက်ပါတယ်။

(၂)

ကားလာပြတုန်းက အဲကွန်းက အေးနေတာပဲ။ နောက် နှစ်ရက်လောက်ရှိတော့ မအေးတော့ဘူး။ ရှင်းပါတယ်။ ပွဲစားက ပိုင်ရှင်နဲ့ပေါင်းပြီး အရေးပေါ် ဂက်စ်ဖြည့်လာတာ။ ရန်ကုန်မှာက ကားမှာ အဲကွန်းမရှိလို့ မရဘူး။ ဒါကြောင့် အဲကွန်းသွားပြင်ရတယ်။

အဲကွန်း သွားပြင်ရင် ဂက်စ်ကုန်နေတယ်။ ပြောလိမ့်မယ်။ တကယ်လည်း ဂက်စ်ကုန်နေတာဖြစ်တော့ လက်ခံရမှာပဲ။ ပြီးရင် ပိုက်တွေ ပိုက်ဆက်တွေ စစ်မယ်။ ပေါက်နေတယ် လဲရလိမ့်မယ် ပြောလိမ့်မယ်။ ပြီးရင် ကွန်ပရက်ဆာက သိပ်ပြီးအားမရှိဘူး။ အသစ်စက်စက် ကိုရီးယားမိတ်ယူမလား။ တစ်သိန်းသုံးသောင်း၊ ဂျပန်ကျပြန်သထားတာက ခြောက်သောင်းလို့ ပြောလိမ့်မယ်။ ပြီးရင် ကွန်ပရက်ဆာ မကောင်းတာကို သက်သေပြမယ်ဆိုပြီး ကွန်ပရက်ဆာကိုဖြုတ်၊ အထဲကို ကွန်ပရက်ဆာဆီ နည်းနည်းထည့်ပြမယ်။ ပြီးရင် လှည့်ပြလိမ့်မယ်။ လှည့်ပြရင် ဆီတွေပြန်အန်ကျလာလိမ့်မယ်။ အဲဒါ ကွန်ပရက်ဆာ မကောင်းတော့လို့ဖြစ်တာလို့ ပြောလိမ့်မယ်။ အမှန်တော့ သူတို့က ပြောင်းပြန်လှည့်ပြတာ။ အမှန်အတိုင်း လှည့်ပြရင် ဆီတွေက အတွင်းစုပ်ဝင်သွားမယ်။ ပြောင်းပြန်လှည့်တော့ အပြင် ပြန်အန်ထွက်လာတာ။ အမှန်တော့ အဲဒီ ကွန်ပရက်ဆာက ဂျပန်အော်ရီဂျင်နယ် အကောင်းကြီး။ တခြားဆုံးဖြစ်ရင် ဆီးလ်တွေ ချောင်ကုန်တာမျိုးပဲ ဖြစ်တယ်။ ဆီးလ်တွေ ချောင်နေရင်လည်း ကွန်ပရက်ဆာမှာ ဆီယိုနေရမယ်။ ဒါကြောင့် ပိုက်လိုင်းတွေစစ်ပြီး ဝါရှာလဲမယ်။ ကွန်ပရက်ဆာမှာလည်း ဝါရှာလဲမယ်။ ပြီးရင် ဂက်စ်ဖြည့်မယ်လို့ပဲ ပြောရပါတယ်။ ဒီတော့ မောင်မင်းကြီးသားတွေ လာချေသေးတယ်။ အဲဖစ်လတာလို့ခေါ် တဲ့ လေသန့်

> **အဲကွန်းသွားပြင်ရင် ဂက်စ်ကုန်နေတယ်၊ ပြောလိမ့်မယ်။ တကယ်လည်း ဂက်စ်ကုန်နေတာ ဖြစ်တော့ လက်ခံရမှာပဲ။ ပြီးရင် ပိုက်တွေပိုက်ဆက်တွေ စစ်မယ်။ ပေါက်နေတယ်လဲရလိမ့်မယ် ပြောလိမ့်မယ်။ ပြီးရင် ကွန်ပရက်ဆာက သိပ်ပြီးအားမရှိဘူး။ အသစ်စက်စက် ကိုရီးယားမိတ်ယူမလား။ တစ်သိန်းသုံးသောင်း၊ ဂျပန်ကျ ပြန်သထားတာက ခြောက်သောင်းလို့ ပြောလိမ့်မယ်။ ပြီးရင် ကွန်ပရက်ဆာ မကောင်းတာကို သက်သေပြမယ်ဆိုပြီး ကွန်ပရက်ဆာကိုဖြုတ် အထဲကို ကွန်ပရက်ဆာဆီ နည်းနည်း ထည့်ပြမယ်။ ပြီးရင် လှည့်ပြလိမ့်မယ်။**

ကားက အဲဒီလို ဖိန်းပြီး ဖြုတ်ယူထားတဲ့ ကွန်ပရက်ဆာကို ခြောက်သောင်းနဲ့တပ်ပေးပြီး ကိုယ့်ကွန်ပရက်ဆာကို မသိချင်ယောင်ဆောင်ပြီး ယူထားလိမ့်မယ်။ ပြန်ယူသွားမယ်လုပ်ရင် ငါးထောင်တစ်သောင်းလောက်နဲ့ ရအောင်ပြန်ဝယ်လိမ့်မယ်။

(၃)

ကျွန်တော်သွားပြတဲ့ ဆိုင်ကလည်း အဲဒီအဆင့်အတိုင်း တသွေမတိမ်း လုပ်သွားပါတယ်။ ဟိုတစ်နေ့က ကားလာပြတော့ အေးနေသေးတာပဲဆိုတော့ ကွန်ပရက်ဆာပျက်တာ ယွင်းတာ မဖြစ်နိုင်ဘူး။ ရှင်းနေတာပဲ။ အလွန်ဘူးလဲရမယ်တဲ့။ ဒါကလည်း လဲစရာမလိုပါဘူး။

ဒါနဲ့ ဂက်စ်ဖြည့်ပြီး ဘောက်ချာတောင်းတော့ ဂက်စ်က နှစ်ပေါင်ကို ၁၄,၀၀၀ လို့ ပြောတယ်။ နှစ်ဆဈေးတင်လိုက်ပြန်ပြီ။ တော်သေးတယ်လို့ပဲ ပြောရမယ်။ သူတို့ပြောသမျှ လိုက်လုပ်ရရင် စုစုပေါင်း တစ်သိန်းခွဲကျော်မယ်။ ခုတော့ သုံးသောင်း မပြည့်တပြည့်နဲ့ ပြီးသွားတယ်။ ကားတစ်စီး အဲကွန်းလာပြင်ရင် အနည်းဆုံး နှစ်သောင်းကနေ အများဆုံးတစ်သိန်းလောက်အထိ ညာယူချင်တဲ့ လူတွေနဲ့ ဆက်ဆံမိလျက်သား ဖြစ်သွားတာ ကိုယ့်ကံပါပဲ။

(၄)

အကြံပေးပါရစေ။ ကားမှာ အဲကွန်းပျက်တယ်။ ဂက်စ်ဖြည့်ချင်တယ်ဆိုရင် (တစ်) မြန်မာဆိုင်ရှာပြီး သွားပါ။ စားချင်းစား ကိုယ့်မြန်မာလူမျိုးစားပါစေ။

(နှစ်) ဂက်စ်ဖြည့်ထားတာ တစ်နှစ်နီးပါးမို့ ဂက်စ်ကုန်နေတာဖြစ်ရင် ဂက်စ်ပဲဖြည့်မယ်ပြောပါ။

(သုံး)ပိုက်လိုင်း လေယိုမယို စစ်ချင်စစ်ပါ။ စစ်ရင်ကြည့်နေပါ။ ဆပ်ပြာရည် သုတ်ပြီး အဲကွန်ဖွင့်စက်နှိုးလိုက်ရင် မလုံတဲ့နေရာမှာ လေပူဖောင်းထပါတယ်။ စောင့်ကြည့်ပါ။ လေပူဖောင်းရှိနေရင်တော့ ဝါရှာလဲရမယ်။

(လေး)ကွန်ပရက်ဆာ ဖြုတ်မစစ်ပါစေနဲ့။ ဂက်စ်ပဲ ဖြည့်ခိုင်းပါ။ ဂက်စ်မဖြည့်ခင်မှာ အဲဒီပိုက်လိုင်း တစ်လျှောက် လေထိုးသွင်းပြီး စမ်းရပါသေးတယ်။ အဲဒီအခါမှာ ဆပ်ပြာရည်နဲ့ ပူးဖောင်းကို စောင့်ကြည့်ပါ။ ကားကိုထားပြီး အပ်ခဲ့တာမျိုး မလုပ်နဲ့။ ဝါရှာတွေ ချောင်ထားပြီး လေမလုံသလို လုပ်တတ်တယ်။

(ငါး) ဂက်စ်ဖြည့်တဲ့အခါ ကြည့်နေပါ။ အမြင့်ဆုံးအမှတ်ရောက်ပြီး ခဏငြိမ်နေတဲ့အဆင့်ကို ရောက်ရမယ်။

(ခြောက်) ပြီးရင် အင်ဂျင်နှိုးပြီး အဲကွန်းဖွင့်ပါ။ ကွန်ပရက်ဆာ ပိုက်လိုင်းကို ကိုင်ကြည့်ပါ။ အေးလာလိမ့်မယ်။ အဲဒါဆိုရင် ပြီးပြီ။

(ခုနစ်) တစ်ပတ် ၁၀ ရက်ကြာရင် ဂက်စ်ပြန်တိုင်းပါ။ စောင့်ကြည့်ပါ။ လေမလုံရင် ဂက်စ်တစ်ခါဖြည့်တာ နှစ်ရက်လောက်ပဲ ခံမယ်။ တစ်ပတ်လုံးလုံး အဆင်ပြေနေရင် သွားမစစ်လည်း ရတယ်။

(ရှစ်) အရေးအကြီးဆုံးကတော့ ရိုးသားပြီး စေတနာထားတဲ့မြန်မာလုပ်ငန်းရှင်ကို အားပေးဖို့ပါပဲ။ ။

# Business

7DAY NEWS JOURNAL

Vol.11, No.33 • OCTOBER 25 , 2012




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အတွင်းရှိ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း

## အပ်ကားအခွန် လျှော့သော်လည်း စလစ်ဈေးပြန်မြင့်နေ၍ မထူးခြား

**သိမ့်သိမ့်စိုး၊ မိုးညို**

**ရန်ကုန်၊ အောက်တိုဘာ-၁၆**

လေလံပြန်လည်မှတ်ပုံတင်ယာဉ်များအနက် Mazda ကားများကို ဖျက်သိမ်းအပ်နှံခြင်း ဆောင်ရွက်ပေးနေပြီဖြစ်သော်လည်း ကားဈေးနှုန်းများ ထူးထူးခြားခြားပြောင်းလဲခြင်းမရှိကြောင်း ကားအရောင်းအဝယ် ပြုလုပ်နေသော ကားပွဲစားများက ပြောသည်။

"လေလံကားတွေ အအပ်ခံတယ်ဆိုပေမယ့် ကားအရေအတွက်က နည်းတော့ ဈေးကွက်သိပ်မပြောင်းဘူး။ အခွန်လျှော့တာ ပေမယ့် စလစ်ဈေးက ပြန်တက်သွားတော့ ကားဈေးကွက်က သိပ်မပြောင်းဘူး" ဟု ကားပွဲစားတစ်ဦးကပြောသည်။

လေလံအုပ်စုဝင် Mazda ကားများ၏ စလစ်ဈေးနှုန်းမှာ ကျပ်သိန်း ၉၀ ဝန်းကျင်သာ ရှိသည်။

ကားဈေးနှုန်းများ ကျဆင်းရခြင်းမှာ ပြည်ပမှ တင်သွင်းလာသော ကားအရေအတွက် များပြီး လေလံပြန်လည် အအပ်ခံသော ကားနည်းနေခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းခြင်း မရှိခြင်းဖြစ်ကြောင်း ကားပွဲစားတစ်ဦးကပြောသည်။

လက်ရှိတွင် ပြည်တွင်းကားဈေးကွက်သို့ ပါမစ်မလိုဘဲ တင်သွင်းခွင့်ရှိသည့် Point-3 ယာဉ်အမျိုးအစားများမှာ ဈေးနှုန်းများ ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်ဖြစ်နေသည်။ သို့သော် အမြင့်ကား အများစုဖြစ်သည့် ပါမစ်ရှိမှသာ တင်သွင်းရသော ပါဂျဲရို၊ မာစီဒီး၊ ဆာ့ဖ် ယာဉ်ကြီးများမှ စလစ်ဈေးနှင့်အတူ လိုက်လံမြင့်တက်နေသည်။ Pint-3 ယာဉ်ငယ်များ ၁၀ သိန်းမှ ၁၅ သိန်းအထိ ကျဆင်းချိန်တွင် အမြင့်ကားအများစုမှာ ကျပ် ၁၀ သိန်းမှ သိန်း ၂၀ အထိ မြင့် တက်လာပြီး စလစ်တစ်စောင်လျှင် ၉၅ သိန်းမှ ၉၈ သိန်းအထိ မြင့်တက်လာခဲ့သည်ဟု ဟံသာဝတီကားဈေးကွက်မှ စုံစမ်းသိရှိရသည်။

ကားများပြန်လည်အပ်နှံရာတွင် ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ကောက်ခံသည့်

စာ(၃၄)သို့

## နိုဝင်ဘာတွင် အမေရိကန်၊ ဗြိတိန်အပါအဝင် ပြည်ပနိုင်ငံများနှင့် အပြန်အလှန် ငွေလွှဲနိုင်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

နိုင်ငံတကာနှင့် ငွေလွှဲပို့ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နေသော Western Union Money Transfer အဖွဲ့နှင့်ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်အချို့ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်၍ လာမည့်နိုဝင်ဘာလမှစတင်ကာနိုင်ငံတကာနှင့် အပြန်အလှန် ငွေလွှဲနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါဘဏ်များမှ သတင်းရရှိသည်။

" Western Union Money Transfer လုပ်နေတဲ့ ဘဏ်လုပ်ငန်းဖြစ်လို့ သူနဲ့ချိတ်ဆက်ပြီးရင်တော့ နိုင်ငံတကာကို အလွယ်တကူ ငွေလွှဲပို့တာ လုပ်လို့ရသွားမယ်။ တစ်နိုင်ငံချင်းဆီမှာရှိတဲ့ဘဏ်တွေနဲ့ ချိတ်ဆက်စရာမလိုဘဲ နိုင်ငံတကာ ငွေလွှဲပို့တာကို ဆောင်ရွက်သွားနိုင်မယ်" ဟု စီဘီဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

Western Union အဖွဲ့သည် မြန်မာနိုင်ငံနှင့် အဓိကငွေလွှဲလုပ်ငန်းများ ဆောင်ရွက်နေသော စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံများအပြင် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျနှင့် အီးယူနိုင်ငံများ အပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၂၀၀ ခန့်ဖြင့် ချိတ်

စာ(၃၄)သို့

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၄ | ၈၅၈ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၄ | ၈၅၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၁ | ၇၀၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၀၂ | ၁၁၂၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂၅ | ၂၇. ၃၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၀ | ၁၃၁ | ကျပ် |

၂၀၁၂ အောက်တိုဘာ ၂၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၇၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၃၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၅၃၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၈၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၁၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၀၅. ၂၆ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၅၉၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၃၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၄၉၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၇၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၃၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၃၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၈၈၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၂၄. ၀၀၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၁၄၀ |
| ငွေ | ၁ အောင်စ | ၃၂. ၀၉၇ |
| ကြေးနီ | ပေါင် | ၃၆၃. ၇၅၀ |
| သဘာဝဓာတ်ငွေ့ | **mmbtu** | ၃. ၆၁၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ အောက်တိုဘာ ၂၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။





Hot Line – ၀၉.၄၃၀.၂၂၂.၂၅ ၀၉.၉၁.၀၀၀.၇၅၃၊ ၀၉.၅၅.၂၂.၁၂၃ ၊ ၀၉.၇၃၀.၁၇၀.၇၃၊ ၀၉.၅၀၂.၁၁.၄၄

7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

စာ(၃၃) - နိုဝင်ဘာတွင် အမေရိကန်၊ ဗြိတိန်အပါအဝင် ပြည်ပနိုင်ငံများနှင့် အပြန်အလှန် ငွေလွှဲနိုင်မည် မှ

ဆက်ကာ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးနေသော အဖွဲ့ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"Western Union နဲ့ ချိတ်ဆက်ပြီးသွားရင် အဝေးရောက်နေတဲ့ နိုင်ငံသားတွေ ငွေလွှဲပို့တဲ့အခါမှာ မြန်မြန်ဆန်ဆန်နဲ့ နေ့ချင်းရောက် ငွေလွှဲပို့နိုင်မယ့် အားသာချက်တွေ ရှိလာမယ်" ဟု MOB ဘဏ်မှ တာဝန်ရှိသူတစ်ဦး ဖြစ်သော ဦးသန်းဝင်းကပြောသည်။

လက်ရှိတွင် Western Union နှင့်ချိတ်ဆက်လုပ်နိုင်ရန် ဆောင်ရွက်နေသော MOB နှင့် စီဘီဘဏ်များကို ထိုအဖွဲ့မှ လုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းများ လာရောက်၍ သင်တန်းများ ပေးပို့နေကြောင်း သိရသည်။

လတ်တလောတွင် ငွေလွှဲပို့လုပ်ငန်းများကို ဆောက်ရွက်နိုင်ရန် စီဘီဘဏ်အနေဖြင့် မလေးရှားနိုင်ငံရှိ Maybank, IME Money Express တို့နှင့်လည်းကောင်း၊ စင်ကာပူနိုင်ငံရှိ BKK Forex Pte Ltd ငွေလွှဲလုပ်ငန်း၊ Singapore Post ငွေလွှဲလုပ်ငန်းများဖြင့်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်နေသကဲ့သို့ ထိုင်းနိုင်ငံရှိ Bangkok Bank တို့နှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ထိုကြောင့်နိုင်ငံတကာမှငွေလွှဲပို့သူများအနေဖြင့် Western Union နှင့် ချိတ်ဆက်ထားသောဘဏ်များ(သို့မဟုတ်)ထိုအဖွဲ့အစည်း ဆိုင်းဘုတ်ချိတ်ကာ လုပ်ဆောင်နေသော နေရာများတွင် မိမိပို့လိုသော နိုင်ငံကိုပြော၍ ပေးပို့နိုင်မည်ဖြစ်သည်။

စာ(၃၃) - အပ်ကားအခွန် လျှော့သော်လည်း စလစ်ဈေးပြန်မြင့်နေ၍ မထူးခြား မှ

အခွန်နှုန်းထားကို ၆၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသော်လည်း ကားစလစ်ဈေးနှုန်းများသည် ကျပ်သိန်း ၆၀ ဝန်းကျင်မှ ကျပ်သိန်း ၉၀ ထိမြင့်တက်သွားသောကြောင့် ကားဈေးနှုန်းများ ကျဆင်းမှု မရှိခြင်းဖြစ်သည်ဟု ကားအရောင်းအဝယ်ပြုလုပ်သူများက ပြောသည်။

ထို့အပြင် ကားတင်သွင်းသည့် CIF တန်ဖိုးများကို ပြင်ဆင်သတ်မှတ်မည်ဆိုပါက ပြည်တွင်းကားဈေးကွက်ကို ထူးထူးခြားခြားသက်ရောက်မှုမရှိနိုင်ကြောင်း သို့သော် Point-3 တန်းဝင် အသေးယာဉ်များ၏ ဈေးနှုန်းကို ပြန်မြှင့်၍ အမြင့်ကားများ၏ ဈေးနှုန်းကျဆင်းအောင်လုပ်ခြင်း ဖြစ်သော်လည်း ကားတင်သွင်းမှု ပမာဏများပြားနေသောကြောင့် ယင်းကဲ့သို့ မဖြစ်လာနိုင်ကြောင်း၊ ဈေးနှုန်းများ ထပ်မံ၍ ကျဆင်းမှသာ အရောင်းအဝယ်များ သွက်လာနိုင်ကြောင်း ဟံသာဝတီကားပွဲစားဝင်းမှ ကားပွဲစားတစ်ဦးက ပြောသည်။




TRADEMARK CAUTION
VISA International Service Association, a company incorporated in USA at 900 Metro Center Boulevard, Foster City, California, U.S.A 94404 is the Owner and Sole Proprietor of the following Trademark:-

VISA

Reg: 4/10705/2012
In respect of : Int'l class 36 : "Financial services, banking, bill payment services, electronic processing and transmission of bill payment data, electronic processing of insurance claims, credit card services, debit card services, charge card services, pre-paid card services, electronic credit and debit transactions, electronic funds transfer, smart cards and electronic cash services, cash disbursement, cash replacement rendered by credit card and debit cards, electronic cash transactions, check verification, check cashing, deposit access and automated teller machine services, payment processing services, processing of financial transactions online via a global computer network or via telecommunication, mobile or wireless devices, transaction authentication and verification services, and dissemination of financial information and electronic payment data via a global computer network or via telecommunication, mobile or wireless devices."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 25.Oct.2012

ယာဉ်အိုယာဉ်ဟောင်းအပ်နှံဖျက်သိမ်း၊ အစားထိုးတင်သွင်းခြင်း စီမံချက်တွင် လေလံပြန်လည်မှတ်ပုံတင်ယာဉ်များအနက် Mazda အုပ်စုမှ ကျန်ရှိသည့် ယာဉ်အမျိုးအစားအားလုံးကို အောက်တိုဘာ ၁၆ ရက်မှစ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများရှိ ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနများတွင် ဖျက်သိမ်းအပ်နှံခြင်းကို ဆောင်ရွက်ပေးပြီဖြစ်ကြောင်း ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"Mazda အုပ်စုဝင်ကားတွေကို အပ်တာလက်ခံနေပြီ။ ဒါပေမဲ့ ကားတိုင်းအပ်ရမယ်လို့ ပြောတာ မဟုတ်ဘူး။ ကားပိုင်ရှင်တွေ အပ်ချင်ရင် အပ်လို့ရတယ်။ မအပ်ချင်ရင်လည်း မအပ်ဘဲ နေလို့ရတယ်။ ဒါကတော့ ရင်ပိုင်ရှင်တွေရဲ့ ဆန္ဒပဲ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခု ယာဉ်ဟောင်းပြန်အပ်ရန် လက်ခံနေသည်ကို မအပ်လိုသော ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ ခရိုင်ရုံးများတွင် မအပ်လိုကြောင်း အကြောင်းကြားလျှင် သက်တမ်းတိုး တံဆိပ်တုံး နှိပ်ပေးလိုက်မည် ဖြစ်သည်။ ယင်းမအပ်လိုသော ယာဉ်များမှာ လမ်းမပေါ်တွင် မောင်းနှင်မည်ဆိုပါက မြို့ပြအင်္ဂါရပ်နှင့်အညီ ပြုပြင်ပြီးမှ မောင်းနှင်နိုင်မည် ဖြစ်သည်။

Mazda အုပ်စုဝင်မှ B360, B600, Familia အမျိုးအစားယာဉ်များကို ဇူလိုင် ၁၂ ရက်တွင် ဖျက်သိမ်းအပ်နှံခြင်း ဆောင်ရွက်ခဲ့သည်။

ယာဉ်အို ယာဉ်ဟောင်းများ ဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်း စီမံချက်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး မှတ်ပုံတင်သက်တမ်းနှစ် ၄၀ ကျော် စ၊ ဆ၊ ဇ အက္ခရာယာဉ်များကို ပထမအဆင့် အနေဖြင့်လည်းကောင်း၊ နိုဝင်ဘာ၈ရက်တွင်နှစ်၃၀ကျော်မှ နှစ်၄၀ အတွင်း ဈ၊ ည အက္ခရာများကို ဒုတိယအဆင့်အဖြစ်လည်းကောင်း၊ ယခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် နှစ် ၂၀ ကျော်မှ နှစ် ၃၀ ကျော်အတွင်း ဏ မှ ဗ အက္ခရာယာဉ်များကို တတိယအဆင့်အနေဖြင့်လည်းကောင်း ဖျက်သိမ်းဆောင်ရွက်ပေးခဲ့သည်။

ယာဉ်အို ယာဉ်ဟောင်းများ အပ်နှံခြင်း စတင်ဆောင်ရွက်ခဲ့သော ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ယခုအောက်တိုဘာ ၁၅ ရက်ထိ ပြန်လည်အပ်နှံသည့် ယာဉ် ၃၂၉၀၀ စီးရှိပြီဖြစ်သည်။

# ရွှေဈေးနည်းနည်း ပြန်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

ရွှေဈေးနှုန်းများ ကျဆင်းလာသလိုဖြတ်စနှင့်အပိုင်းဈေးကွက် ဝယ်လိုအားများပါ ကျဆင်းလာကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် တစ်အောင်စလျှင် ၁,၇၇၀ ဒေါ်လာဝန်းကျင်မှ ၁,၇၅၀ ဒေါ်လာအောက်ထိ ကျဆင်းသွားခြင်းကြောင့် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၈,၀၀၀ ကျပ် ဝန်းကျင်ရှိနေခဲ့သော ပြည်တွင်းနှုန်းများမှာလည်း ၇၈၂,၅၀၀ ကျပ်ထိကျဆင်းခဲ့သည်။

ထိုသို့ ရွှေဈေးနှုန်းများ ကျဆင်းသော်လည်း ပြည်တွင်းရွှေဈေးကွက်တွင် အထည်ဈေးကွက်ဝယ်လိုအားကောင်းပြီး အပိုင်းဈေးကွက်နှင့်ဖြတ်စဈေးကွက်တွင်ဝယ်လိုအားကျဆင်းနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။"အသင်းရုံးမှာလုပ်တဲ့ဈေးကွက်မှာ အရောင်းအဝယ်အေးတယ်။ ရွှေဈေးကျတယ်ဆိုပေမယ့် တရုတ်ငွေဈေးအေးတော့ တရုတ်ဘက်က မဆွဲဘူး။ ဒါကြောင့် အပိုင်းဈေးကွက်မှာ အရောင်းအဝယ်အေးနေတယ်" ဟု အပိုင်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်တစ်ဦးက ပြောသည်။

တရုတ်ငွေပေါက်ဈေးနှင့်တွက်ချက်ပြီး ပြည်တွင်းရွှေဈေးနှုန်းသည် တရုတ်နယ်စပ်ပေါက်ဈေးထက် ဈေးနိမ့်မှသာ တရုတ်နယ်စပ်ဝယ်လိုအားကောင်းလေ့ရှိသည်။ လတ်တလောတွင် ပြည်တွင်းရွှေဈေးသည် နယ်စပ်ပေါက်ဈေးထက် ကျပ် ၅,၀၀၀ ဝန်းကျင်များနေသဖြင့် နယ်စပ်ဝယ်လိုအားကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"အပိုင်းအရောင်းအဝယ် မလိုက်တာက ၇၉၀,၀၀၀ ကျော်ကို မှန်းနေကြတဲ့သဘောပဲ။ ဒီဈေးတန်းရောက်မှ ထုတ်ရောင်းမယ်ပေါ့။ အရပ်ဘက်ကလည်း ထုတ်ရောင်းတာနည်းတော့ ဈေးကွက် အရောင်းအဝယ်နည်းနေတာပေါ့" ဟု ရွှေလုပ်ငန်းရှင်များက ပြောသည်။ ရွှေဈေးနှုန်းများသည် ယခု အောက်တိုဘာ ၁၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၃,၅၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်မှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၃၈,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် ပြုလုပ်နေကြသည်။

# မြန်မာသင်္ဘောသားများ အိမ်နီးချင်းနိုင်ငံများတွင် အလုပ်အကိုင်ရရေး ဆောင်ရွက်မည်

**မိုးညို**

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

မြန်မာသင်္ဘောသားများ အိမ်နီးချင်းများတွင် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိနိုင်ရေးအတွက် အိမ်နီးချင်း နိုင်ငံများနှင့် ချိတ်ဆက်ကာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေကြောင်းပို့ဆောင်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးသက်ဌေးက ပြောသည်။

အဓိကအားဖြင့် စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများတွင် မြန်မာသင်္ဘောသားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် အဓိကဆောင်ရွက်သွားမည်ဟု ၎င်းက ပြောသည်။ မြန်မာသင်္ဘောများအတွက် ဒုတိယတန်းစား အရာရှိများကို ကမ်းရိုးတန်း အိမ်နီးချင်းနိုင်ငံများတွင် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် စင်ကာပူနိုင်ငံအပြင် အခြား နိုင်ငံများနှင့် အောက်တိုဘာ ၁၇ ရက်က ပြုလုပ်ခဲ့သော အာဆီယံဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် အဓိကထားဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် အိမ်နီးချင်းနိုင်ငံ အချင်းချင်း အာဆီယံနိုင်ငံများ၏ ကိုယ်ပိုင်သင်္ဘောဈေးကွက်များ ဖော်ဆောင်ရေး၊ သင်္ဘောအရာရှိများ၏ လုပ်ခလစာနှုန်းများ သတ်မှတ်ခြင်း၊ ဆိပ်ကမ်းဘက်ဆိုင်ရာဝန်ထမ်းများ လေ့ကျင့်သင်ကြားပေးခြင်း၊ အဆင့်မြင့်ရေကြောင်းနည်းပညာရပ်ဆိုင်ရာ သင်တန်းကျောင်းများ ထူထောင်နိုင်ရေးနှင့် သင်္ဘောဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှု အစီအစဉ်များနှင့် အလုပ်အကိုင်ခန့်ထားရေးဆိုင်ရာကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြသည်။

"မြန်မာ သင်္ဘောသားအများစုက စင်ကာပူကမှတစ်ဆင့် လိုင်းကြီးတွေဖြစ်တဲ့ ဥရောပနိုင်ငံက သင်္ဘောကုမ္ပဏီတွေနဲ့ ချိတ်ဆက်သွားလာနေရတာ၊ ကုန်ကျစရိတ်က နှစ်ဆင့်ဖြစ်နေတာပေါ့" ဟုဥရောပသင်္ဘောလိုင်းတစ်ခုတွင် ၁၀ နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ဖူးသော သင်္ဘောသားတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှ တိုက်ရိုက် အိမ်နီးချင်း နိုင်ငံများရှိ သင်္ဘောကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါက လခနှုန်းထားမှာ တူညီသော်လည်း ကုန်ကျစရိတ်အားဖြင့် သက်သာလာနိုင်ကြောင်း အဆိုပါ သင်္ဘောသားကပင် ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ သင်္ဘောသား ဝန်ဆောင်မှုကုမ္ပဏီအများစုမှာ ဥရောပနိုင်ငံများရှိ သင်္ဘောသား ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးကောင်းမွန်သော အိမ်နီးချင်း နိုင်ငံအများစုက လုပ်ကိုင်ဆောင်ရွက်ရန် ကမ်းလှမ်းမှု ရှိလာပါက မြန်မာသင်္ဘောသားများအတွက် ရွေးချယ်စရာနှင့် အခွင့်အလမ်းကောင်းများ ရရှိနိုင်ကြောင်း UNITEAM သင်္ဘောသားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3 | 530,000 |
| Galaxy S2 | 380,000 |
| Galaxy S Plus | 280,000 |
| Galaxy Note | 470,000 |
| Galaxy Ace | 175,000 |
| Galaxy Cooper | 195,000 |
| Galaxy Mini | 120,000 |

**Today's Mobile, Yangon Mobile, Best More Smart Mobile, Mobile Bank ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### Sony Ericsson

| Model | Price |
|---|---|
| Ericsson Arc S | 249,000 |
| Ericsson Neo | 219,000 |
| Ericsson X8 | 115,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S (64 GB) | 700,000 |
| iPhone 4S (32 GB) | 650,000 |
| iPhone 4S (16 GB) | 585,000 |
| iPhone 5 (16 GB) | 880,000 |
| iPhone 5 (32 GB) | 980,000 |
| iPhone 5 (64 GB) | 1,070,000 |

### Huawei

| Model | Price |
|---|---|
| U 8836 D (GSM) | 188,000 |
| U 8825 D (GSM) | 129,000 |
| U 9200 (GSM) | 270,000 |
| U 8860 (GSM) | 179,000 |
| U 8812 D (GSM) | 134,000 |
| U 8818 (GSM) | 128,000 |

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 85,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| LG | DV808 | 21,000 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Samsung | WA85V$_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 190,000 |

**အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၂၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၀) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၇၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၄၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၈,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၅၀၀-၃၆,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

**အောက်တိုဘာ(၁၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Oct(14) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(15) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(16) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(17) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(18) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(19) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(20) | 3,650 | 3,950 | 4,000 | 4,000 |

**ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6″ | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Atom 1.86GHz, 2GB DDR3, 320HDD,2GB VGA,10.1" | 253,000 |
| Intel Sandy Bridge 2.5GHz,4GB DDR3, 500HDD,2GB VGA, 14" | 575,000 |
| Intel Sandy Bridge 2.2GHz, 2GB DDR3, 500 HDD,1GB VGA, 14" | 465,800 |
| Intel JVY 2.3GHz, 8GB DDR3, 750 HDD,1GBVGA, 15.6" | 974,000 |
| **Singtech** | |
| Intel Core(13) 2.3GHz 2GB DDR3,500 HDD, 2GB VGA,14.1" | 380,000 |
| Intel Core 3 2.2GHz 2GB DDR3,500HDD,1GB VGA,14" | 397,000 |
| Intel Pentinum 2.2GHz 2GB DDR3,500 HDD, HD, 14" | 329,000 |

7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# ဆီးရီးယားအရေး ကြားဝင်ဖြေရှင်းဖို့ အချိန်တန်ပြီလား

■ ကြည်နေဝင်းမင်း



အမေရိကန်နဲ့ ဥရောပဟာ သူတို့ရဲ့ ကိုယ်ပိုင်စစ်ပွဲတွေကို ငြီးငွေ့လာလို့များ အခြားပြည်သူတွေရဲ့ စစ်ပွဲကို ကျောခိုင်းနေတာများလား။ ဆီးရီးယားနိုင်ငံမှာ သေဆုံးတဲ့ လူစာရင်းဟာ လူပေါင်း ၃၀,၀၀၀ ကျော်သွားခဲ့ပါပြီ။ ကုန်ခဲ့တဲ့ ရက်အနည်းငယ်ကပင် အလောင်းပေါင်း ၂၅၀ ထပ်တိုးလာခဲ့လို့ ၂၀၀၆-၀၇ အီရတ်ပုန်ကန်မှု အထွတ်အထိပ်ကာလကို အမှတ်ရစရာဖြစ်လာပါတယ်။ အကယ်၍များ ဆီးရီးယားစစ်ပွဲဟာ လအနည်းငယ်ကနေ နှစ်ချီပြီး ကြာမြင့်လာခဲ့မယ်ဆိုရင် (အဲဒီလို ကြာမြင့်မယ့်အလားအလာလည်း ရှိနေပါတယ်) ဆီးရီးယားနိုင်ငံရဲ့ ခမ်းနားကြီးကျယ်တဲ့ မြို့ကြီးတွေဟာ အုတ်ပုံဘဝရောက်သွားပြီး အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးဟာလည်း ဖုန်မှုန့်တွေနဲ့ မွန်ထူနေပါလိမ့်မယ်။

ဒီလို ဘေးဆိုး၊ ကြမ္မာဆိုးကို ကာကွယ်ဖို့ရာအတွက် နေတိုးအဖွဲ့အနေနဲ့ ဆီးရီးယားကိစ္စမှာ ကြားဝင်ဖြေရှင်းဖို့ရာ လူသားချင်းစာနာထောက်ထားတဲ့ မဟာဗျူဟာကျကျ လုပ်ငန်းတစ်ရပ် စတင်အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ သမ္မတဘာရှားအယ်လ်အာဆတ်ရဲ့ လေတပ်ကို ဝေဟင်ပေါ် တက်မလာနိုင်အောင် လုပ်ခြင်းဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပါတယ်။ သူပုန်တပ်ဖွဲ့တွေပြန်လည်စုစည်းနိုင်ပြီး လေ့ကျင့်လို့ရအောင် လုပ်ပေးနိုင်ခဲ့ရင် စစ်ပွဲကို မြန်မြန်ကူညီ အဆုံးသတ်ပေးနိုင်ပါလိမ့်မယ်။ မစ္စတာအာဆတ်ကို မြန်မြန်ပြုတ်ကျအောင် လုပ်နိုင်ရင် ဆီးရီးယားနိုင်ငံကို သူ့ဟာသူလည်း ငြိမ်းချမ်းပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့လည်း ငြိမ်းချမ်းတဲ့နိုင်ငံအဖြစ် ပေါ်ထွက်လာဖို့ရာ အခွင့်အရေး ပေးရာရောက်ပါတယ်။

မစ္စတာအာဆတ်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ နည်းဗျူဟာတွေကြောင့် အင်တိုက်အားတိုက် ကြားဝင်ဖြေရှင်းသင့်တယ်ဆိုတဲ့ အပေါ် ပိုပြီးကောင်းတဲ့ အကြောင်းပြချက် မရှိပါဘူး။ ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြသူတွေအပေါ် သူ့ရဲ့တပ်ဖွဲ့တွေ ပစ်ခတ်ချိန်ပွဲစကတည်းကဆိုသလို မစ္စတာအာဆတ်ဟာ အလွန်အကျွံနှိပ်ကွပ်ခဲ့ပါတယ်။ ဒဏ်ခတ်အပြစ်ပေးခြင်းမခံရတာနဲ့ အာဏာကို အသည်းအသန် ဆုပ်ကိုင်ထားလိုခြင်းကနေပြီး မစ္စတာအာဆတ်ဟာ လက်နက်ကြီးတွေ အသုံးပြုနေရာကနေ လေယာဉ်နဲ့ တိုက်ခိုက်ရေး ရဟတ်ယာဉ်တွေအထိ အဆင့်တက်လာကာ အခုဆိုရင် အတွဲလိုက် ကလပ်စတာဗုံးတွေပါ အသုံးပြုလာပါတယ်။ ဆီးရီးယားနိုင်ငံရဲ့ မြို့ကြီးနှစ်မြို့ဖြစ်တဲ့ ဒမတ်စကပ်စ်နဲ့ အလက်ပိုမြို့တွေမှာ အရပ်သားတွေအပေါ် နှိမ်နင်းခဲ့တာကိုကြည့်ရင် ဘာကြောင့် သေဆုံးသူစာရင်း ဒီလောက်အထိ တိုးလာသလဲဆိုတာ သိနိုင်ပါတယ်။ ဒီလိုရက်စက်မှုတွေကနေ ဖျောက်ဖျက်မရနိုင်တဲ့ အမုန်းတရားတွေကို မွေးဖွားပေးလိုက်တာဖြစ်တဲ့အတွက် သူပုန်တွေကလည်း ဆက်ပြီးတိုက်ပွဲဝင်ကြမှာပါပဲ။

မစ္စတာအာဆတ်ဟာ ဘာသာရေးနဲ့ လူမျိုးရေးပဋိပက္ခတွေကိုလည်း ဖန်တီးခဲ့ပါတယ်။ သူပုန်တွေကို ဆီးရီးယားနိုင်ငံရဲ့ ဆွန်နီလူများစုကို ကျောထောက်နောက်ခံပေးတဲ့ အကြမ်းဖက်သမားတွေလို့ဖွင့်ဆိုခြင်းအားဖြင့် အခြားဆီးရီးယားလူနည်းစုတွေ သူ့ဘက်ပေါင်းလာမယ်လို့ အာဆတ်က မျှော်လင့်ပါတယ်။ သူ့ရဲ့အာလာဝိုက်မျိုးနွယ် လူဆိုး၊ သူခိုးတွေကလည်း လူသတ်မှု၊ မုဒိန်းမှုတွေ သောက်သောက်လဲ ကျူးလွန်ပြီး ကွဲပြားမှုတွေ ပိုဖြစ်စေပါတယ်။ သူပုန်တွေကလည်း လူမဆန်တဲ့ ပြစ်မှုတွေ ကျူးလွန်လာပြီး သည်းခံမှုတွေ လျော့ပါးလာတာနဲ့အမျှ ဆီးရီးယားနိုင်ငံဟာလည်း သမ္မတအာဆတ်လက်ထဲကနေ တင့်တောင့်တင့်တယ် ကျန်ရှိဖို့ မျှော်လင့်ချက်လည်း နည်းပါးလာပါတယ်။

နောက်ဆုံးအနေနဲ့ ပြောရရင် မစ္စတာအာဆတ်ဟာ အရှေ့အလယ်ပိုင်းဒေသကိုမတည်မငြိမ်ဖြစ်စေပါတယ်။ ရုရှားနဲ့ အီရန်နိုင်ငံတို့ရဲ့ ထောက်ခံမှုကို ရယူလိုက်ခြင်းဖြင့်လည်း သူဟာ အဆုံးမသတ်နိုင်တဲ့ ကိုယ်စားပြုစစ်ပွဲတစ်ရပ်ဖန်တီးလိုက်ပြီး ဒီစစ်ပွဲမှာ တူရကီနဲ့ ပင်လယ်ကွေ့နိုင်ငံတချို့က သူပုန်တွေကို ထောက်ခံနေပါတယ်။ သူ့ရဲ့တပ်ဖွဲ့တွေဟာ တူရကီနဲ့ အပြန်အလှန်ပစ်ခတ်ကြပြီး ဒုက္ခသည်တွေဟာလည်း ဆီးရီးယားနယ်နိမိတ်ကနေ လျှံထွက်လာခဲ့ပါတယ်။ လက်ဘနွန်မှာဟစ်ဘိုလာတွေပါလာပြီး ကာ့ဒ်လူမျိုးတွေကြားမှာလည်း စစ်သွေးကြွ အမျိုးသားရေးဝါဒ ကြီးထွားလာပါတယ်။ အီရတ်နိုင်ငံမှာလည်း လူမျိုးရေး၊ ဘာသာရေး တင်းမာမှုတွေ မြင့်တက်လာတဲ့နေရာမှာ ရှီးယားတွေ ဦးဆောင်တဲ့ အစိုးရက မစ္စတာအာဆတ်ကို ပံ့ပိုးပြီး ပုန်ကန်သူဆွန်နီတွေနဲ့ အယ်လ်ကိုင်ဒါအကြွင်းအကျန်တွေက သူပုန်တပ်ဖွဲ့တွေကို ထောက်ခံနေပါတယ်။

ဆီးရီးယားဟာ တာရှည်ပြီး ပြင်းထန်တဲ့ လူမျိုးရေး၊ ဘာသာရေး ကွဲပြားတဲ့ ပြည်တွင်းစစ် ကြုံနေရတာဖြစ်ပြီး လူထောင်ပေါင်းများစွာ အသက်နဲ့ပေးဆပ်ရပါလိမ့်မယ်။ ဓာတုလက်နက်၊ ဇီဝလက်နက်တွေကို မလုံမခြုံဖြစ်စေပြီး မဟာဗျူဟာမြောက် အရေးအကြီးဆုံးဒေသကို မတည်မငြိမ်ဖြစ်စေပါတယ်။ ဒါကို တားဆီးဖို့ရာ ပြင်ပကမ္ဘာအတွက် အကျိုးစီးပွားနဲ့ သက်ဆိုင်သလို တာဝန်လည်းရှိပါတယ်။ ဒါပေမဲ့လည်း အခုအချိန်မှာ ဝင်ရောက်တားဆီးတာဟာ နောက်ဆုံးရွေးချယ်စရာဖြစ်တယ်ဆိုရင်တောင်မှ သွေးထွက်သံယိုမှုတွေရှိမှာပဲ ဖြစ်ပါတယ်။

စစ်ရေးသက်သက်ချည်းပဲ ပြောမယ်ဆိုရင် ဒါကို ဖြစ်အောင် လုပ်လို့ရနိုင်ပါတယ်။ နေတိုးအဖွဲ့က ဆီးရီးယားနိုင်ငံအပေါ်မှာ လေယာဉ်မပျံသန်းရဇုန် တည်တံ့အောင်လုပ်နိုင်ပါတယ်။ ဝေဟင်ပေါ်ပျံလာတဲ့ ဘယ်ဆီးရီးယားလေယာဉ်ကိုမဆို ဖျက်ဆီးပစ်မယ်လို့ ခြိမ်းခြောက်လိုက်ရုံနဲ့ပဲ မစ္စတာအာဆတ်ရဲ့ လေယာဉ်တွေကို မြေပြင်မှာပဲ ရှိနေစေနိုင်ပါတယ်။ ဒါပေမဲ့လည်း အမေရိကန်စစ်ရေးစီမံကိန်းရေးဆွဲသူတွေကတော့ မစ္စတာအာဆတ်ရဲ့ လေကြောင်းကာကွယ်ရေး စနစ်တွေကိုလည်း ဖျက်ဆီးခိုင်းမှာပါပဲ။ သို့သော်ပိုပြီး ကြီးမားတဲ့ ခေါင်းကိုက်စရာကိစ္စကတော့ မပျံသန်းရဇုန် ထူထောင်ပြီးနောက်မှာ ဘာတွေ ဆက်ဖြစ်မလဲဆိုတဲ့ အချက်ပါ။

ရည်ရွယ်ချက်က ဆီးရီးယားအရပ်သားတွေကို ကာကွယ်ဖို့ ဆိုပေမယ့်လည်း မစ္စတာအာဆတ် ဘယ်လောက်အထိ ဆက်လက်တိုက်ပွဲဝင်မယ်ဆိုတာ ဘယ်သူမှ သေချာမပြောနိုင်ပါဘူး။ လေကြောင်းအင်အားလည်း မသုံးနိုင်တော့တဲ့အတွက် သူ့တပ်ဖွဲ့က စိတ်ပျက်ပြီး သူ့အပေါ် အာဏာပြန်သိမ်းတာ ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ်လည်း သူပုန်တွေက လပေါင်းများစွာ ဆက်တိုက်ရင်းနဲ့ သူ့ကို ရာထူးက ပြုတ်ကျအောင် လုပ်နိုင်ပါတယ်။ ဒီလိုဖြစ်လာရင်တော့ အနောက်နိုင်ငံတွေရဲ့ အဓိဌာန် ဘယ်လောက်ခိုင်မာသလဲဆိုတာကို စမ်းသပ်မှာပဲဖြစ်ပြီး နှစ်ပေါင်းများစွာ မီးကုန်ယမ်းကုန် တိုက်မယ့် စစ်ပွဲထက်တော့ ပိုကောင်းပါလိမ့်မယ်။

တစ်ဖက်မှာလည်း စည်းလုံးညီညွတ်ရေးအတွက် သူပုန်တပ်ဖွဲ့တွေအပေါ် စိတ်မချနိုင်ဖြစ်တာလည်း ရှိပါတယ်။ လေယာဉ်တွေကို ဖျက်ဆီးနိုင်တဲ့ ဒုံးကျည်တွေ အစွန်းရောက်အစ္စလာမ်မစ်တွေလက်ထဲ ရောက်သွားနိုင်တာဖြစ်တဲ့အတွက် အဆင့်မြင့်လက်နက်တွေကို သူပုန်တွေပေးဖို့ ငြင်းဆန်နေကြတာပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပဋိပက္ခကာလ တိုတောင်းလေ၊ မစ္စတာအာဆတ်ကို ဖြုတ်ချလိုက်တဲ့ သူပုန်အဖွဲ့တွေကို အနောက်နိုင်ငံတွေအပေါ် ကရုဏာသက်တဲ့ အလယ်အလတ်ဝါဒီတွေက ထိန်းချုပ်ဖို့ အလားအလာ ပိုများလေဖြစ်နိုင်ပါတယ်။

လက်ရှိမှာတော့ ဆီးရီးယားမှာ ကြားဝင်ဖြေရှင်းဖို့အရေး ပြောမယ့်လူမရှိသလောက်ပါဘဲ။ အမေရိကန်မှာလည်း ရွေးကောက်ပွဲရှိနေတော့ ဒီအကြောင်း မပြောသလောက်ပါပဲ။ ဒါပေမဲ့လည်း အရှေ့အလယ်ပိုင်း တည်ငြိမ်မှုဟာ အမေရိကန်ရဲ့ အကျိုးစီးပွားပဲဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးတွေကို ကာကွယ်နေတယ်လို့ အမြင်ခံရပြီး အီရန်အတွက် အရေးကြီးတဲ့ ဒေသတွင်း မဟာမိတ်ငြင်းပယ်လိုက်ခြင်းလည်းမည်ပါတယ်။

သံတမန်ရေးအနေနဲ့ လုံခြုံရေးကောင်စီ ထောက်ခံချက်ရရှိဖို့ရာ အခွင့်အရေး နည်းနေတာဖြစ်တဲ့အတွက် အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ဟာ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ နိုင်ငံသားတွေကို ရမ်းကားတဲ့ အစိုးရတွေကနေ အကာအကွယ်ပေးရေး ကမ္ဘာကြီးရဲ့ တာဝန်ဝတ္တရားကို တင်ပြတိုက်တွန်းနိုင်ပါတယ်။

ဆီးရီးယားပဋိပက္ခ တာရှည်လာပြီး တစ်လပြီးတစ်လ သွေးထွက်သံယိုမှုတွေ ဆက်လာတာနဲ့အမျှ လွန်ခဲ့တဲ့ ၁၅ နှစ်တုန်းကကိုဆိုဗိုစစ်ပွဲလိုပဲ ဝင်ရောက်အရေးယူဖို့ တိုက်တွန်းမှုတွေ ပိုများလာပါလိမ့်မယ်။ ကမ္ဘာကြီးက မြန်မြန်ဝင်ပြီး ဖြေရှင်းနိုင်လေ လူ့အသက်ပေါင်း အများအပြားကို ကယ်တင်နိုင်လေဖြစ်ပြီး ဆီးရီးယားနိုင်ငံကို တစ်စည်းတစ်လုံးတည်း ပြန်ဖြစ်လာစေဖို့ရာ လုပ်ဆောင်နိုင်မယ့် အခွင့်အရေးလ ည်း ပိုများလာပါလိမ့်မယ်။

—*Ref: Economist*

**TRADEMARK CAUTION**
VISA International Service Association, a company incorporated in USA at 900 Metro Center Boulevard, Foster City, California, U.S.A 94404 is the Owner and Sole Proprietor of the following Trademark:-

PLUS

Reg: 4/10703/2012
In respect of : Int'l class 36 : "Financial services, banking, bill payment services, electronic processing and transmission of bill payment data, electronic processing of insurance claims, credit card services, debit card services, charge card services, pre-paid card services, electronic credit and debit transactions, electronic funds transfer, smart cards and electronic cash services, cash disbursement, cash replacement rendered by credit card and debit cards, electronic cash transactions, check verification, check cashing, deposit access and automated teller machine services, payment processing services, processing of financial transactions online via a global computer network or via telecommunication, mobile or wireless devices, transaction authentication and verification services, and dissemination of financial information and electronic payment data via a global computer network or via telecommunication, mobile or wireless devices."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 25.Oct.2012

7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

## မာလီနိုင်ငံအကျပ်အတည်း ဒေသတွင်းခေါင်းဆောင်များ ဆွေးနွေးသော်လည်း အဖြေရှာမရ

**ဘာမာကို၊အောက်တိုဘာ-၂၀**

အယ်လ်ကိုင်ဒါအဖွဲ့နှင့် ချိတ်ဆက်ထားသည့် အစ္စလာမ်မစ်များက မာလီနိုင်ငံမြောက်ပိုင်းအား သိမ်းပိုက်ထားခြင်းကို ဆွေးနွေးရန် ဒေသခံခေါင်းဆောင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ မာလီနိုင်ငံ မြို့တော်ဘာမာကိုတွင် တွေ့ဆုံစည်းဝေးခဲ့သော်လည်း လုံခြုံရေးခြိမ်းခြောက်မှုကို ကိုင်တွယ်ရေးနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများအား မဖြေရှင်းနိုင်ခဲ့ကြောင်း သိရသည်။

အစ္စလာမ်မစ်သူပုန်များသည် မတ်လအတွင်း အာဏာသိမ်းရန် ကြိုးပမ်းခဲ့ပြီး မာလီသမ္မတကို ပြုတ်ကျသွားစေကာ နိုင်ငံမြောက်ပိုင်းကို သိမ်းပိုက်ခဲ့သည်။ ထို့အတွက် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများနှင့် အစ္စလာမ်မစ်များအတွက် လွတ်မြောက်နယ်မြေတစ်ရပ် ဖြစ်ပေါ်နေခဲ့သော်လည်း ထိုကိစ္စကို ကိုင်တွယ်ရေးနှင့် ပတ်သက်၍ သဘောထားကွဲလွဲနေသဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမှ ကြိုးပမ်းမှုများမှာ မထိရောက်ခဲ့ပေ။

“နိုင်ငံမြောက်ပိုင်းက အန္တရာယ်ရှိတဲ့ အခြေအနေကို အလျင်အမြန် ဘယ်လိုကိုင်တွယ်မလဲဆိုတာက အဓိက စိန်ခေါ်မှုဖြစ်နေတယ်”ဟု အာဖရိကသမဂ္ဂ ဥက္ကဋ္ဌသစ် ဒလာမီနီဇူးမားက အစည်းအဝေး၌ ပြောကြားသည်။

ယခု မာလီအရေးဆွေးနွေးပွဲတွင် မာလီ၏ အိမ်နီးချင်းနိုင်ငံများ၊ အာဖရိကသမဂ္ဂ၊ ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ပြီး မြောက်ပိုင်းနှင့် အဆက်အသွယ်ရှိသော အကြမ်းဖက်ကွန်ရက်များနှင့် မာလီသူပုန်အဖွဲ့များအပေါ် ပိတ်ဆို့တားဆီးမှုများလုပ်ရန် သဘောတူခဲ့ကြသည်။ *—Ref: Reuters*

## ရွေးကောက်ပွဲစနစ် အပြောင်းအလဲပြုလုပ်ရန် ကူဝိတ်စော်ဘွားပြောကြား


**ကူဝိတ်၊အောက်တိုဘာ-၂၀**

လာမည့်ရွေးကောက်ပွဲများမတိုင်မီ နိုင်ငံ၏ရွေးကောက်ပွဲစနစ်လိုအပ်ချက်များအား အပြောင်းအလဲအချို့ပြုလုပ်ရန် အမိန့်ပေးလိုက်ကြောင်း ကူဝိတ်စော်ဘွားက ပြောကြားသည်။ ထိုအချိန်မှာပင် ရွေးကောက်ပွဲအား သပိတ်မှောက်မည်ဟု အတိုက်အခံများ၏ ခြိမ်းခြောက်မှုများလည်း ပေါ်ထွက်ခဲ့သည်။

ရှိတ်ဆာဘားအယ်လ်အာမက်အယ်လ်ဆာဘားက လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ပါလီမန်ကို ဖျက်သိမ်းခဲ့ပြီး ရွေးကောက်ပွဲများ ကျင်းပရန် ပြင်ဆင်နေသည်။ ယင်းရွေးကောက်ပွဲများမှာ ရေနံအများအပြားထုတ်လုပ်ပြီး အမေရိကန်၏ မဟာမိတ်လည်းဖြစ်သော ကူဝိတ်နိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုကို အဆုံးသတ်စေလိမ့်မည်ဟု မျှော်လင့်ထားကြသည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီလပါလီမန်ရွေးကောက်ပွဲတွင် လူများစုနေရာ ရရှိခဲ့သော အတိုက်အခံများကမူ လာမည့် ရွေးကောက်ပွဲ၌ အစိုးရလိုလားသော ယှဉ်ပြိုင်သူများအတွက် အကျိုးရှိနိုင်မည့် မဲပေးမှုစည်းမျဉ်းများကို အာဏာပိုင်များက ပြဋ္ဌာန်းလိုက်မည်ကို စိုးရိမ်ကြသည်။

“ရွေးကောက်ပွဲ စနစ်မှာ အပြောင်းအလဲ တစ်စိတ်တစ်ပိုင်းလုပ်ဖို့အတွက် ဥပဒေကြမ်းတစ်ရပ်ထုတ်ပြန်ဖို့ ညွှန်ကြားထားပါတယ်။ ဒါကို အမျိုးသားရေးစည်းလုံးမှု ဆက်လက်ထိန်းသိမ်းရေး၊ မဲပေးတဲ့စနစ်ကို တိုးတက်အောင်လုပ်ဖို့နဲ့ ဒီမိုကရေစီအလေ့အကျင့် တိုးတက်ခိုင်မာလာစေဖို့ ရည်ရွယ်ပါတယ်”ဟု နိုင်ငံတကာရုပ်သံမှ ထုတ်လွှင့်သည့် မိန့်ခွန်း၌ ကူဝိတ်စော်ဘွားကပြောကြားသည်။ *—Ref: Reuters*






7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

## 7DAY BOOK REVIEW

## ဖရန့်(ဇ)ကာ(ဖ)ကာ၏ ပြောင်းလဲခြင်းနှင့် အခြားဝတ္ထုတိုများ (မြင့်သန်း)




အသက်ငယ်ငယ်ဖြင့် ကမ္ဘာကျော်ခဲ့ပြီး လေးဆယ့်တစ်နှစ်အရွယ်မှာပင် အဆုတ်ရောဂါကြောင့် ကွယ်လွန်ခဲ့သော ကမ္ဘာ့စာပေလောကတွင် ဩဇာကိတ္တိမကြီးမားသည့် ကမ္ဘာကျော်စာရေးဆရာကြီး ဖရန့်(ဇ)ကာ(ဖ)ကာ၏ စာပေါင်းစုကို စာရေးဆရာမြင့်သန်းက ဘာသာပြန်ဆိုထားသည့် စာအုပ် ဖြစ်သည်။ မူရင်းမှာ ဂျာမန်ဘာသာဖြင့် ရေးထား၍ ဘာသာပြန်ဆိုရာတွင် တစ်ဆင့် ဘာသာပြန်ချက်ဖြစ်သော အင်္ဂလိပ်မူဖြင့်သာမက ဂျာမန်မူနှင့်ပါ တိုက်ဆိုင်စစ်ဆေးရေးသားခဲ့ရကြောင်း စာရေးသူက ဆိုထားသည်။ ယခုစာအုပ်တွင် ဖရန့်(ဇ)ကာ(ဖ)ကာ၏ အတ္ထုပ္ပတ္တိနှင့် အက်ဆေးများ၊ ဝတ္ထုတိုများ၊ ပုံပြင်များပါရှိပြီး အခန်းရှစ်ခန်းခွဲကာ ဖော်ပြထားသည်။ ကာ(ဖ)ကာ၏ စာများသည် သိမ်မွေ့ညက်ညောသော အနုပညာဖန်တီးမှု၊ စိတ္တဗေဒဆန်သော ရေးသားမှုများဖြစ်၍ သာမန်စာဖတ်သူတစ်ဦးအနေဖြင့် ဖတ်ရှုရာတွင် အခက်အခဲရှိနိုင်ပြီး အလွယ်တကူ နားလည်သဘောပေါက် မလွယ်သောစာများဖြစ်၍ စာရေးသူမြင့်သန်းကလွဲလျှင် မြန်မာဘာသာဖြင့် ယခုကဲ့သို့ အနီးစပ်ဆုံး ပြန်ဆိုနိုင်သူမှာ ရှားပါလိမ့်မည်။ အမှာတွင် "ကာ(ဖ)ကာတို့၊ ဆာထာတို့ကို ဖတ်ဖို့မလိုပါဘူးဟု အယူရှိသူများကိုမူ အထူးဆိုစရာ အကြောင်းမရှိလှပါ။ လိပ်ကျောကုန်းများ မို့မောက်၍ ပြောင်ချောနေသည်မှာ ရေမတင်နိုင်ရန်သာ ဖြစ်ပါသည်"ဟု ရေးထားသည်။ ရာပြည့်စာအုပ်တိုက်က တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### နိုဗယ်ဆုကို လှောင်ပြောင်ချီးမြှင့်တဲ့ အစ်ဂ်နိုဗယ်ဆုအကြောင်း

ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း သိပ္ပံပညာ၊ ဆေးပညာ၊ စာပေနှင့် ငြိမ်းချမ်းရေးတို့အတွက် နိုဗယ်ဆုများပေးအပ်လေ့ရှိရာ လူသိများထင်ရှားသောဆုများအဖြစ် ရပ်တည်နေသည်။ နိုဗယ်ဆုကဲ့သို့ပင် ယင်းဆုအမည်ကိုယူ၍ ဂျွန်လှောင်ပြောင်သည့်သဘော ချီးမြှင့်သော အစ်ဂ်နိုဗယ် Ig Nobel ဆုမှာလည်း ယခုဆယ်စုနှစ်များအတွင်း ထင်ရှားသည့် သိပ္ပံဆိုင်ရာဆုတစ်ဆုဖြစ်သည်။ အစ်ဂ်နိုဗယ်ဆုများကို နှစ်စဉ်အောက်တိုဘာလဆန်းပိုင်းတွင် သိပ္ပံသုတေသနများမှ ပုံမှန်မဟုတ်သော ထူးခြားပြီး အံ့ဩဖွယ်ရာ ရှာဖွေတွေ့ရှိအောင်မြင်မှု၁၀ မျိုးခန့်ကို ဆု ၁၀ ခု ချီးမြှင့်လေ့ရှိသည်။ ဆုများကို ချီးမြှင့်ရခြင်းရည်ရွယ်ချက်မှာ ဆုချီးမြှင့်ခံရသည့် သုတေသနတွေ့ရှိချက်သည် "ပထမဆုံးအနေဖြင့် လူအများကိုရယ်မောစေရမည်။ ထို့နောက် တွေးတောသွားစေရမည်"ဟု ဖော်ပြထားသည်။ ဆုများမှာ တစ်ခါတစ်ရံတွင် ဝေဖန်ခြင်း(သို့မဟုတ်)နူးညံ့သိမ်မွေ့စွာ လှောင်ပြောင်ခြင်းလည်းဖြစ်သည်။ အစ်ဂ်နိုဗယ်ဆုများကို သိပ္ပံဟာသမဂ္ဂဇင်း Annals of Improbable Research (AIR)က နိုဗယ်ဆုရှင်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့ဖြင့် ဟားဗတ်တက္ကသိုလ်၊ ဆန်းဒါးစ်သီရေတာခန်းမတွင် အခမ်းအနားဖြင့် ဆုချီးမြှင့်သည်။ ဆုရသူများကလည်း နိုဗယ်ဆုရှင်များအတိုင်းပင် မက်ဆာချူးဆက်နည်းပညာတက္ကသိုလ် MIT ၌ အများရှေ့ဟောပြောပို့ချမှုလုပ်ရသည်။

ပထမဆုံး အစ်ဂ်နိုဗယ်ဆုကို ၁၉၉၁ တွင် AIR မဂ္ဂဇင်း၏ အယ်ဒီတာ၊ ပူးတွဲတည်ထောင်သူမာ့က်အေဘရာဟမ်က ဖန်တီးခဲ့သည်။ ဆုဆယ်မျိုးခွဲထားပြီး နိုဗယ်ဆုကဲ့သို့ပင် ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ စာပေနှင့်ငြိမ်းချမ်းရေးဆုများအပြင် ပြည်သူ့ကျန်းမာရေး၊ အင်ဂျင်နီယာပညာရပ်၊ ဇီဝဗေဒနှင့် ပညာရပ်မျိုးစုံယှက်နွယ်လေ့လာမှု သုတေသနနယ်ပယ်များအတွက်ပါ ချီးမြှင့်သည်။ ဆုများကို ချီးမြှင့်သည့် နမူနာများမှာ ရယ်စရာကောင်း၍ မမျှော်လင့်သော နည်းလမ်းများဖြင့် ရှာဖွေတွေ့ရှိမှုများကို ချီးမြှင့်သည်။ ဥပမာအားဖြင့် လူသားများ၏ တည်ရှိမှုအသွင်အပြင်သည် ငှက်ကုလားအုပ်များအား လိင်စိတ်နှိုးဆွမှု ဖြစ်ပေါ်စေသည်ဟူသောအချက်ကို တွေ့ရှိမှုမှသည် "ငါးစက္ကန့်ဥပဒေသ" ဟုခေါ်သော ရယ်စရာယုံကြည်မှုတစ်ခုဖြစ်သည့် ကြမ်းပြင်ပေါ် ပြုတ်ကျသွားသော အစားအစာတစ်ခုသည် ငါးစက္ကန့်အတွင်း ပြန်ကောက်ယူလိုက်ပါက အဆိပ်ပိုးမွှားသင့်မည်မဟုတ်ဟူသော ယုံကြည်မှုကို သိပ္ပံသုတေသနပြုခြင်းအထိ ပါဝင်သည်။

၂၀၁၂ အတွက် အစ်ဂ်နိုဗယ်ဆုများချီးမြှင့်ခဲ့ရာတွင် စိတ်ပညာအစ်ဂ်နိုဗယ်ဆုကို နယ်သာလန်ပညာရှင် အန်နီတာအာလန်းနှင့် ရော့ဖ်ဇဝမ်း၊ ပီရူးမှ တူလီယိုဂွါဒယ်လုပ်တို့၏ လေ့လာမှုဖြစ်သည့် "ဘယ်ဘက်သို့ စောင်း၍ကြည့်ပါက အီဖယ်တာဝါသည် ပိုသေးသလိုထင်ရသည်"ဟူသော အမြင့်ခန့်မှန်းမှုဆိုင်ရာ သုတေသနအတွက် ပေးအပ်ခဲ့သည်။

—Ref: Wiki/improb

## တစ်ပတ်တာကံကြမ္မာ

အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

မိမိအလိုဆန္ဒ မှန်သမျှ ပြည့်စုံခြင်း ကြုံမည်။ တောင့်တမှုမှန်သမျှ ဆန္ဒပြည့်မြောက်မည်။ လူလွတ်များအဖို့ မိမိက ကြိုက်နှစ်သက်သောသူများနှင့် အဆင်ပြေခြင်း ရှိမည်။ လူချစ်လူခင်ပေါများမည်။ ငွေကြေးကံကောင်းမည်။ ရည်မှန်းထားသည်များ အလုံးစုံ အောင်မြင်မည်။ ရောင်းဝယ် ဖောက်ကားမှုများ အောင်မြင်ခြင်းကြုံမည်။ ပြဿနာများ တရားတဘောင်များရှိက အနိုင်ရရှိမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

လူမျိုးကွဲ၊ လူမျိုးခြား ကပြားများ အကျိုးပေးမည်။ အထူးသဖြင့် အသားညို၊ အသားမည်း လူမျိုးကွဲ ကပြားစပ်သူများမှ အကျိုးပေးမည်။ မိဘအကြီးအကဲများ ကျန်းမာရေး အညံ့ရှိမည်။ အိမ်ပူခြင်းများ ကင်းဝေးမည်။ ခြံ၊ ကား၊ အဝန်း အစရှိသည်တို့နှင့် ပတ်သက်၍ ဆောင်ရွက်မှုများ အဆင်ပြေမည်။ သူခိုးသူဝှက် အန္တရာယ် သတိထားရမည်။ ငွေကြေးကံကောင်းမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ပြီး တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ အလုပ်တိုးတက်ခြင်း၊ ငွေကြေးကံကောင်းခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်ခြင်း ရှိမည်။ ပေါ်ပေါက်လာသော အခြေအနေများကို စနစ်တကျ အသုံးချ၍ ကောင်းသော အကျိုးဆက်များ ဖန်တီးနိုင်မည်။ မမျှော်လင့်ဘဲ ငွေဝင်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ငွေကြေးလာရောက် အပ်နှံသူများကြုံမည်။ လက်မခံသင့်ပေ။ မိမိဝင်မည့် ငွေမဝင်သလို ဖြစ်မည်။ အိမ်သို့ အိမ်ထောင်ပျက်၊ တစ်ခုလပ်၊ ယောကျ်ားပူမိနေသူတစ်ဦးလာ၍ ညည်းညူပြောဆိုမှုများ လက်မခံသင့်။ အိမ်သို့အပူကူးဆက်တတ်သည်။ မိဘအကြီးအကဲ ကျန်းမာရေးအညံ့ရှိမည်။ နေအိမ်၏ အရှေ့မြောက် အရပ်တွင် အပျက်အစီးများ ရှိနေမည်။ အိမ်ရှိ အိုး၊ အစ်၊ အုတ်စသော တနင်္ဂနွေနံ ပစ္စည်းဟောင်းများ စွန့်ပစ်ပါ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ပြောရေး ဆိုရေး အောင်မြင်မည်။ မိမိရေးရာသာမက တစ်ပါးသူအရေး အရာကိစ္စများကိုပင် ပါဝင်ပတ်သက်ပြောဆိုရခြင်း ရှိမည်။ ပတ်ဝန်းကျင်တွင် ထင်ပေါ်ကျော်ကြားခြင်းနှင့် အောင်မြင်မှုများရရှိမည်။ ဉာဏ်ပညာအတတ်ကို အခြေတည်၍ ဆောင်ရွက်လိုက်သည်များမှ အကျိုးကောင်းရရှိမည်။ တစ်ပါးသူနှင့် ယှဉ်ပြိုင်ဆောင်ရွက်မှုများအောင်မြင်မည်။ မိသားစုတွင်နေရာထိုင်ခင်းကိစ္စများဆောင်ရွက်အောင်မြင်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အခက်အခဲများ ဖြေရှင်း၍ အောင်မြင်သည်။ အလှူအတန်းပြုနိုင်မည်။ ထိုနေ့အတွက် ပြုလုပ်သော ကုသိုလ်သည် ချက်ချင်းလက်ငင်း အကျိုးပေးမည်။ အရပ်ဝေး၊ ခရီးဝေးသွားလာရန် စီစဉ်မှုများ အဆင်ပြေမည်။ မမျှော်လင့်ထားသော မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံစည်းမည်။ လုပ်ငန်းခွင်အတွင်း တိုးတက်မှုများရရှိမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ထူးခြားသော ကံပွင့်ရက်များဖြစ်သည်။ အခက်အခဲကြားမှ တိုးတက်မည်။ ငွေကြေးကိစ္စပြောဆိုခြင်းများ အောင်မြင်မည်။ အတတ်ပညာနှင့် ပတ်သက်သော အကျိုးခံစားရမည်။ အကြီးအကဲများထံမှ ကောင်းသော အထောက်အကူရမည်။ လူမျိုးကွဲ အကျိုးပေးမည်။ လုပ်အားကြောင့်သာမက ကံကြောင့် ငွေဝင်မည်။ အပြောင်းအလဲကိစ္စအတွက် ဆောင်ရွက်အောင်မြင်မည်။ စိတ်ချမ်းသာစရာများ ကြုံတွေ့ရမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

ဆိုးသယောင်နှင့် ကောင်းသည်။ အခက်အခဲကြုံပြီးမှ တိုးတက်မည်။ ရန်များကြားမှ အရာရာ အဆင်ပြေမည်။ အခြေအနေပေးသည့်အပေါ် မှေးထိန်းလုပ်ရင် တိုးတက်မှုရမည်။ လူမျိုးကွဲ၊ လူမျိုးခြားကောင်းကျိုးပေးမည်။ မိသားစုအတွက် ဆောင်ရွက်ထားသော ကိစ္စများမှ ထူးခြားသော တိုးတက်မှုရမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ ပြန်ရမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

မိတ်ကောင်း၊ ဆွေကောင်းများနှင့် ဆက်နွယ်၍ စိတ်အေးချမ်းမှုရှိမည်။ ကူညီသူပေါ်မည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မှုရရှိမည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ ဖြေရှင်းအောင်မြင်မည်။ အကြီးအကဲများနှင့် တွေ့ဆုံစကားပြောဆိုမှုများ အဆင်ပြေမည်။ ထူးခြားသည့် ပုဂ္ဂိုလ်ထူးခြားနှင့် တွေ့ရမည်။ ဆေးဝါးကောင်းများ ရရှိခြင်း၊ ထူးခြားထက်မြက်သည့် အဆောင်ကောင်းရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အညံ့ကင်းစင်၍ ကောင်းခြင်း အဖြာဖြာ တိုးတက်မှု အလုံးစုံရရှိမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ တစ်ဦးတစ်ယောက်တည်း ဖြေရှင်းရန် ကိစ္စများကို ကြာသပတေးနေ့၊ စနေနေ့ မွေးသူများနှင့် တိုင်ပင်ညှိနှိုင်း၍ အဆိုး အညံ့များ ရင်ဆိုင်ဖြေရှင်းနိုင်မည်။ အနောက်တောင်အရပ်သို့ ခရီးသွားခြင်း၊ ၎င်းအရပ်ဒေသများနှင့် ပူးတွဲ၍ လုပ်ငန်းလုပ်ကိုင်ခြင်းများမှ အကျိုးရရှိမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ဆရာသမား အကြီးအကဲများထံမှ ကောင်းသော အကူအညီအထောက်အကူရရှိမည်။ မိသားစုတွင် မြေ၊ နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုမှုများ အောင်မြင်မည်။ အကြီးအကဲ ဆရာသမားများ၏ စကားနာယူလေ အကျိုးရှိလေဖြစ်မည်။ ပျိုရွယ်သူများအတွက် ပညာသင်တန်းတက်ရောက်ခွင့်ကြုံမည်။ သွားလေရာရောက်လေရာ မျက်နှာပွင့်လန်းမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အပြောအဆို အောင်မြင်ခြင်း၊ အလုပ်အကြံအောင်မြင်ခြင်းများ ကြုံမည်။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူရမည်။ စိတ်ကူးသစ်များကို လက်တွေ့အကောင်အထည် ဖော်သင့်သည်။ ပြောရေးဆိုခွင့်များ အောင်မြင်မည်။ စိတ်ကူးကြံစည်ပြီး လုပ်ကိုင်လိုက်သည်များမှ ထူးခြားသော အကျိုးဆက်ရမည်။ မိဘအကြီးအကဲ ကျန်းမာရေးအညံ့ရှိသည်။

# 7DAY PUZZLE


### အလျားလိုက်

၁။ အခြေခံလူတန်းစားများ နားခိုစရာအတွက် အစိုးရက စီမံပေးသင့်သည့်အရာ
၈။ စည်းကမ်းများ လိုက်နာရတော့မည့်သူတွေ
၉။ စာပေနိုဗယ်ဆုရရှိသူ
၁၀။ ပရိသတ်အတွက် အမြည်းသီးချင်းဖြန့်သည့်အဖွဲ့
၁၁။ မျက်နှာသစ်ဆေးတွင် ပါဝင်သည့်ဓာတုပစ္စည်းတစ်မျိုး
၁၂။ အပူလှိုင်းဖြတ်နိုင်သည့်ဒေသ

### ဒေါင်လိုက်

၂။ မြန်မာ့ယဉ်ကျေးမှုနယ်မြေတွင် ကျင်းပသည့်ပါတီတစ်မျိုး
၃။ မျက်စိကျန်းမာရေးကို ဂရုပြုရမည့်သူများ
၄။ သဘောထားကွဲလွဲသူများ
၅။ ဆန်ရှားပါးနေသည့်အရပ်
၆။ ရန်ကုန်တွင် တစ်လလူခုနစ်ဦး သေရသည့်အကြောင်းရင်း
၇။ အိမ်တိုင်းနီးပါး မြင်းမွေးကြသည့်နေရာ

**ပဟေဠိ အမှတ်စဉ်(၂၀၅)**



**Smart Dictionary ကံထူးသူ**

၁။ မြတ်ရတနာထွေး၊ ၁၂/ဒဂမ(နိုင်)၀၂၁၂၄၅ ၆၇၊ ဘုရထာ-၂လမ်း၊ တောင်ဥက္ကလာပ။

**ကျန်အဖြေမှန်သူများ**

၂။ တာရာကျော်၊ ၈/ပခတ(နိုင်)၂၇၂၃၀၁
၃။ နေသူရိန်။ ၁၃/တကန(နိုင်)၁၆၀၁၁၈
၄။ နေမျိုးဇလကျော်၊ ၁၂/ဒဂတ(နိုင်)၀၈၀၀၈၆၀
၅။ မောင်နန္ဒနိုင်၊ ၁၂/စခန(နိုင်)၀၇၂၃၆၅
၆။ ဦးမြင့်နိုင်၊ ၁၂/ဥကမ(ဧည့်)၀၀၀၀၁၃
၇။ ဦးမျိုးသန့်၊ ၁၂/မဂဒ(နိုင်)၀၁၆၆၃၀

**ပဟေဠိ အမှတ်စဉ်(၂၀၄)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ....................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၀) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၆-၁၀-၂၀၁၂ သောကြာနေ့၊ ညနေ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

# Free Classified

**အခမဲ့ ကြော်ငြာကဏ္ဍ**

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်- A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **ဖုန်း- ၀၉-၇၃၀၃၇၇၇၆**
**၀၉-၇၃၂၀၄၃၇၄**

**ရောင်းမည်**

-No.F-7, ချမ်းသာရွှေပြည်အိမ်ရာ၊ ပေ(၅၅×၇၅)၊ မ၀တမှတ်တိုင်အနီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း။ (သိန်း-၆၀၀)
-အမှတ်(၅၃၀)၊ (၁၄)ရပ်ကွက်၊ ပေ(၄၀×၆၀)၊ ပါမစ်မြေကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း။ (သိန်း-၂၀၀)
**ဖုန်း- ၀၉ ၄၉၃၂၄၀၈၄**

**ဝယ်ယူမည်**

သီရိကျော်မှ ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းမြို့နယ်များရှိ မြေကွက်များကို အိမ်တိုင်ရာရောက် ဈေးကောင်းပေးဝယ်သည်။
**ဖုန်း- ၀၉ ၄၄၈၀၂၄၃၄၃**

**ကားရောင်းမည်**

-Toyata Hilux Surf, 99 Model, ဒီဇယ်၊ (ခဲ/ရွှေ)ပုလဲရောင်။
-Nissan Sloon, 2009 Model, 1500cc, 40000km.
**Ph: 09 5102408**

**သင်တန်း**

တိုးတက်နေသောခေတ်နှင့်အညီမရှိမဖြစ် လိုအပ်သော ကွန်ပျူတာဘာသာရပ်ကို အခြေခံမှစ၍ စနစ်တကျလေ့လာလိုပါက
**ဖုန်း- ၀၉ ၇၃၀၃၈၃၈၄**

**Myo Min**

လူကြီးမင်းတို့၏ နေအိမ်ရှိ အိမ်တွင်းလျှပ်စစ်မီးများ ပြန်လည်ပြုပြင်ခြင်း၊ အသစ်တပ်ဆင်ပေးခြင်းများကိုဆောင်ရွက်ပေးနေပါပြီ။
**ဖုန်း- ၀၉ ၈၆ ၂၃၉၅၉**

**သင်တန်း**

အရပီအခြေခံ ရေး၊ ဖတ်၊ ပြော၊ ဘာသာပြန်နှင့် သဂျိုးဒ် အချိန်တိုအတွင်း တတ်မြောက်အောင် သင်ကြားပေးသည်။ **ဖုန်း- ၂၄၅၃၄၁**

**မြေကွက်ရောင်းမည်**

မြနန္ဒာရွာရှိ မြေကွက်၊ ပေ(၃၀×၁၅) နှင့် အခြားမြေကွက် နှစ်ခုတွဲဆက်လျက် (၂၀)သိန်း။ အကျိုးဆောင်ခပေးမည်။ **ဖုန်း- ၀၉ ၉၁၀ ၂၀၈၈၇**

**ILMC**

**(International Languages and Management Centre)**

တစ်ဦးချင်း (သို့မဟုတ်) Company များ အဖွဲ့အစည်းများအတွက် သင်တန်းများ။ **ဖုန်း- ၀၉ ၄၂၀၁၄၈၀၈၀**

**Victor**

အင်္ဂလိပ်စကားပြော(သီးသန့်) အခြေခံအားနည်းသူများအတွက်။ သီးသန့်ဝိုင်း(၁၀၀၀၀)ကျပ်
**ဖုန်း- ၀၉ ၅၀၉၆၇၉၄**

**New Future**

အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်းများ ဘာသာစုံ(သို့)တစ်ဘာသာချင်း ပညာရေးနည်းပြများဖြင့် အိမ်သီးသန့်ဝန်ဆောင်မှုပေးသည်။ တရုတ်စာ၊ အင်္ဂလိပ်စာ 4 Skills သင်သည်။
**ဖုန်း- ၀၉ ၇၃၀၇၇၃၀၁**

**ရောင်းမည်**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ညောင်ပင်ကျေးရွာ၊ ငါးပိ၊ ငါးခြောက်စက်မှုဇုန်အနီး (နှစ်ထပ်တိုက်)၊ ပေ(၉၅×၁၃၅)၊ သိန်း(၄၀၀)။**ဖုန်း- ၀၉ ၄၂၀၀၀၄၄၂၅**

**ကျေးဇူးဆပ်ပါမည်**

ကျွန်မ မလဲ့လဲ့မျိုးမြတ်၏ မှတ်ပုံတင် ၆/ထဝန(နိုင်)၁၂၇၅၄၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း- ၀၉ ၄၅၀၀၅၁၀၀၆**

**ပျိုးပင်**

**English Language School**

အင်္ဂလိပ်စာ အခြေခံအားနည်းသူများအတွက် Basic မှပြန်ပြီး သင်ကြားပေးသည်။
**ဖုန်း- ၀၉ ၄၂၁၁၃၇၄၈၆**

**'Sunny Trip' Car Rental**

မိသားစု၊ အသင်းအဖွဲ့များအတွက် အဆင့်မြင့် Tour Grade 45 Seater Saloon Model မြင့် ကားမျိုးစုံကို ချိုသာသောဈေးနှုန်းဖြင့် စီးလုံးငှားရမ်းပေးသည်။ **ဖုန်း- ၀၁- ၅၆၄၆၁၅**

**သင်ကြားပေးသည်**

International School မှ ကျောင်းသား၊ ကျောင်းသူများကို မြန်မာစာ အခြေခံမှစ၍ သင်ကြားပေးသည်။
**ဖုန်း- ၀၉ ၄၂၀၅၁၇၁၁**

**ရောင်းမည်**

လက်ရှိ ဖွင့်လှစ်ထားဆဲ အင်တာနက်ဆိုင် အမြန်ရောင်းမည်။
**ဖုန်း- ၀၉ ၅၄၁၇၄၀၈**

**ညွှန်းစာပေ**

လုပ်ငန်းခွင်ဆိုင်ရာ အထောက်အကူပြု စာအုပ်များကို အင်း၀(ပန်းဆိုးတန်း)၊ အရုဏ်သစ် (ဗိုလ်ချုပ်လမ်း)၊ TAB Book Centre (တော်ဝင်စင်တာ)စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ **ဖုန်း- ၀၁- ၃၈၆၆၉၃**

**KNOWLEDGE BANK**

**Library & Education Services**

Business/Marketing/Human Resource Management.
**Ph: 386693**

**San Thit**

Refrigerator, Air-Con, Washing Machine & Electrical Wiring, Repair, Maintenance, Installation, Sale & Service Door to Door Service. **Ph: 09 421087913**

**Super Top**

နိုင်ငံခြားဘာသာစကား သင်တန်းကျောင်း၊ သင်တန်းကြေး - လစဉ် ၅၀၀၀ ကျပ်၊ နိုင်ငံခြားသွားအမြန် တစ်လပြတ် သင်တန်းများရှိသည်။
**ဖုန်း- ၀၁-၅၀၄၉၁၃**

**'Power Zone' LED Display**

အမှတ်(၂/၆-၁၀)၊ သမိုင်းဘူတာရုံလမ်းမကြီးနှင့် ရန်ကုန်-အင်းစိန်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်။
**ဖုန်း- ၅၂၂၇၀၇**

**လှူဒါန်းနိုင်ပါသည်**

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၁၂၆) ရပ်ကွက်၊ နဝဒေးလမ်းရှိ အနန္တမေတ္တာပရိယတ္တိစာသင်တိုက်တွင် အနန္တမေတ္တာဇီဝိတဒါန(အခမဲ့) ဆေးခန်းဖွင့်မည်ဖြစ်ပါ၍ ဆေးပစ္စည်းများ၊ အလှူငွေများ လှူဒါန်းနိုင်ပါသည်။
**ဖုန်း- ၀၉ ၇၃၁၈ ၂၈၄၈**

**ဆရာ J.S**

ဂုဏ်ထူးမှန်းသူများအတွက်သာ ၁၀ တန်း(တက္ကသိုလ်ဝင်တန်း)၅လပြတ် အင်္ဂလိပ်စာ။**ဖုန်း- ၀၉၄၂၂၄၆၄၇၉၀**

**အမြန်ရောင်းမည်**

Warranty သက်တမ်းရှိသေးသော Steel Wheel Roller များနှင့် Service Hour 700 နှင့် 1300 ဝန်းကျင်သာသုံးရသေးသော Vibratory Roller (Compactor)များ ရောင်းမည်။
**ဖုန်း- ၀၉ ၅၅၅၃၅၉၂**

**ငှားမည်**

စာသင်ခန်းမများ အချိန်ပိုင်းငှားမည်။ မင်္ဂလာဈေးကားမှတ်တိုင် (၅)လွှာ
**ဖုန်း- ၀၉ ၅၀၉၆၇၉၄**

**တိုက်ခန်းရောင်းမည်**

ကျိုက္ကဆံဘုရားလမ်း၊ မြေညီထပ်၊ သဃ်န်းကျွန်း စံပြဆေးရုံရှေ့။
**ဖုန်း- ၂၂၂၀၄၂**

**သင်ကြားသည်**

၈၊ ၉၊ ၁၀ တန်း ဘာသာစုံ အိမ်အရောက်သင်ကြားပေးသည်။ ဆေးတက္ကသိုလ် ပထမနှစ်အတွက် ဘာသာစုံ Guide ရှိသည်။
**ဖုန်း- ၀၉ ၇၃၀၄၇၀၁၅**

**သင်ကြားသည်**

I.L.B.C, Total, C.I.S.M စသောကျောင်းများမှ ကျောင်းသူကျောင်းသားများအား တစ်ဘာသာချင်း(သို့) ဘာသာစုံ သင်ကြားပေးနေပါသည်။
**ဖုန်း- ၀၉ ၇၃၀၁၁၈၀၉**

**ရောင်းမည်**

စမ်းချောင်း၊ သပြေညိုလမ်း၊ ၅ လွှာ၊ ပေ(၂၅×၆၀)၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အခန်း(၃)ခန်းပါ။ (ပွဲစားမလို)
**ဖုန်း- ၀၉ ၇၃၀၀၆၁၉၀**

**Kaung Lay**

Computer Sales & Service

Networking and Video Studio. No.223, 36th Street, Upper Block, Kyauktada TSP, Ygn.
**Ph: 09 448002559**

**အိမ်နှင့်ခြံရောင်းမည်**

၉ မိုင်၊ ပြည်လမ်း၊ ဗိုလ်ဉာဏလမ်းသွယ်၊ ပေ(၅၀×၇၀)၊ အိမ်နှင့်ခြံရောင်းမည်။ သိန်း(၃၅၀၀) ညှိနှိုင်းဈေး။ (ပွဲစားမလို)
**ဖုန်း- ၀၉ ၇၃၀၂၈၇၂၆**

**ခြံရောင်းမည်**

မင်္ဂလာဒုံမြို့၊ ပုလဲမြို့သစ်၊ သဃ်န်းကျွန်းကြီး၊ အောင်စည်းခံဘုရားလမ်းမပေါ် (အရှေ့ပိုင်း)၊ ထောင့်ကွက်ခြံ၊ ပေ(၄၅×၁၇၅)၊ သိန်း(၈၅၀)၊ ညှိနှိုင်းဈေး။ **ဖုန်း- ၀၉ ၅၅၀၄၇၂၃**

**သင်တန်း**

AutoCAD (2D, 3D, Rendering), Adobe Photoshop (Photo Retouching & Design), Basic Computer အိမ်အရောက်သင်သည်။
**ဖုန်း- ၀၉ ၄၃၀၉၇၃၉၇**

**DynamicWin Computer Services**

ကွန်ပျူတာနှင့် ပတ်သက်သည့် ကိစ္စအဝဝကို စိတ်တိုင်းကျသည် အထိဝန်ဆောင်မှုပေးပါသည်။
**ဖုန်း-၀၉-၇၃၀၁၂၄၆၉၊၂၅၄၅၀၃**

**MY DATA**

Game & Software

ရန်ကုန်မြို့တွင်ရှိသော MY DATA , Game & Software ဆိုင်ခွဲအား အောက်တိုဘာ ၁ ရက်မှစ၍ ဟင်္သာတမြို့တွင် စတင်ဖွင့်လှစ်လိုက်ပါပြီ။ အမှတ်(၁) နတ်မော်လမ်း၊ပန်းဘဲတန်းရပ်ကွက်၊ ဟင်္သာတမြို့။
**ဖုန်း- ၀၉ ၄၃၀၅၇၃၃၄**

**ဝန်ဆောင်မှု**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။
**ဖုန်း-၀၉-၄၂၀၁၇၆၁၂၄**

Environment

7 DAY NEWS JOURNAL

Vol.11, No.33 • OCTOBER 25 , 2012



တရုတ်နိုင်ငံ ရှန်ဆီပြည်နယ်၊ လင်ဖန်းမြို့ရှိ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ ယင်းမြို့မှာ ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုအများဆုံး မြို့တစ်မြို့ဟု သတ်မှတ်ခံရသည် ဓာတ်ပုံ - AFP

# အစပျိုးလာသည့် ကျောက်မီးသွေး ပြဿနာ

အိဖြူမွန်

**ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ထွက်ရှိသော ပတ်ဝန်းကျင်ညစ်ညမ်းမှုများ လျှော့ချရန် ကြိုးပမ်းဆောင်ရွက်နေသော်လည်း မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကြောင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် ခွင့်ပြုလာခြင်းအပေါ် ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားသူများနှင့် ဒေသခံများက ဝေဖန်ကန့်ကွက်ပြောဆိုမှုများရှိလာသည်။**

ကာဗွန်ထုတ်လွှင့်မှုများသော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများရှိသည့် အိမ်နီးချင်းထိုင်းနိုင်ငံတွင် ပြည်သူများ၏ ကန့်ကွက်မှုများကြောင့် စွမ်းအင်လိုအပ်မှုကို မြန်မာနိုင်ငံမှ ဓာတ်ငွေ့ဝယ်ယူသုံးစွဲခြင်းဖြင့် ဖြေရှင်းလျက်ရှိသည်။

"သူများနိုင်ငံမှာ လျှော့ဖို့စဉ်းစားနေတဲ့အချိန်မှာ အခုလို ကျောက်မီးသွေးနဲ့ထုတ်ဖို့စဉ်းစားတာတော့ မကောင်းဘူး။ ဆိုးကျိုးကောင်းကျိုးတွေကို မြင်နေရတော့ သင်ခန်းစာယူသင့်နေပြီ"ဟု မြိတ်မြို့နယ်တွင် ကျောက်မီးသွေးလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုအပေါ် ကန့်ကွက်သည့် မြို့ခံကိုဥက္ကာက ပြောကြားသည်။

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနော့ဆိုက်၊ ဟိုက်ဒရိုကာဘွန်၊ မီသိမ်း၊ မီးခိုးပြာလွင့်အမှုန်အမွှားများ အာဆင်းနစ်၊ ဘော့၊ ခရိုမီယမ်၊ ခဲ၊ မဂ္ဂနီးစ်ကတ်မီယံ၊ သွပ်၊ ပြဒါးနှင့် ရေဒီယိုဓာတ်ကြွ ပစ္စည်းများ ထွက်ပေါ်လေ့ရှိသည်။

စွန့်ပစ်ပစ္စည်းများ လူ့ခန္ဓာကိုယ်အတွင်း ရောက်ရှိပါက ကင်ဆာရောဂါ၊ အဆုတ်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပေါ်နိုင်ကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများမှာ အက်ဆစ်မိုးရွာသွန်းခြင်းနှင့် ဂေဟစနစ်ပျက်ယွင်းခြင်းများ ကြုံတွေ့လာနိုင်ဖွယ်ရှိကြောင်း ပြည်တွင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားသူများက ပြောသည်။

ထုတ်ယူသည့် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံ အရွယ်အစားပေါ်မူတည်၍ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းအနည်းအများကြောင့် ဖြစ်ပွားနိုင်သော ရောဂါများသည်လည်း အချိန်ကာလ ပြောင်းလဲနိုင်ကြောင်း ပတ်ဝန်းကျင်လှုပ်ရှားသူများက သုံးသပ်ပြောကြားသည်။

လက်ရှိတွင် မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နေသောတီကျစ်ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှထုတ်လွှတ်နေသောဓာတ်ငွေ့များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း သတ္တုတွင်းဝန်ကြီးဌာန ကျောက်မီးသွေးမိုင်းတွင်းများတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာစောမိုးမြင့်က ပြောသည်။

လက်ရှိ တစ်နိုင်ငံလုံးတွင် သုံးစွဲနေသော လျှပ်စစ်ဓာတ်အားတွင် ရေအားလျှပ်စစ်မှ ၇၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၄ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ၄ ရာခိုင်နှုန်းရှိသည်။ ယင်းပမာဏသည် လုံလောက်သော ပမာဏမဟုတ်ချေ။ လျှပ်စစ်ဓာတ်အား လိုအပ်ချက် များပြားနေသောကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်စေမည့် အသုံးချမှုများ မပြုလုပ်ဘဲ သဘာဝဓာတ်ငွေ့မှ ထုတ်ယူသုံးစွဲရန် အစိုးရအား မြစ်ဆုံစီမံကိန်းရပ်ဆိုင်းရန် ကန့်ကွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက ထောက်ပြပြောဆိုလာကြသည်။

လျှပ်စစ်လိုအပ်ချက် ပြဿနာကို ဖြေရှင်းရာတွင် အများက ထောက်ပြကြသည့် ပြဿနာမှာ သဘာဝဓာတ်ငွေ့ကို ပြည်ပနိုင်ငံများသို့ နှစ်ပေါင်းများစွာ စာချုပ်များချုပ်ဆို ရောင်းချထားခြင်း ဖြစ်သည်။ ထို့ကြောင့် သဘာဝဓာတ်ငွေ့မှ ထုတ်ယူသုံးစွဲရန် အခက်တွေ့နေကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သုံးသပ်ပြောကြားသည်။

ထို့ကြောင့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို မဖြစ်မနေသုံးစွဲမည့်အခြေအနေတွင် ရှိသောကြောင့် အသုံးပြုရာတွင် Clean Cold နည်းပညာဖြင့် သုံးစွဲရန် နည်းပညာမြင့်မားသည့် ဂျပန်နိုင်ငံသို့ သမ္မတကိုယ်တိုင်သွားရောက်လေ့လာမှုများပြုလုပ်နေကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကျောက်မီးသွေးတန်ချိန် ၂၅၈ သန်း ထွက်ရှိမည့်သတ္တုသိုက် ၁၆ ခုရှိသည်။ စာ(၄၀) သို့

## ပလိပ်အင်းဂေဟစနစ်အား အဓိကခြိမ်းခြောက်နေသော ပြဿနာ

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

ဆောင်းခိုငှက်များ လာရောက်ကျက်စားသော ပလိပ်အင်း၏ ဂေဟစနစ်အား အဓိက ခြိမ်းခြောက်နေသောပြဿနာမှာ အင်းရေများ ဖောက်ထုတ်ပြီး လယ်ယာမြေများ ချဲ့ထွင်လာသောကြောင့်ဖြစ်ကြောင်း ပလိပ်အင်းကို သုံးနှစ်လေ့လာသုတေသန ပြုလုပ်ခဲ့သူ မြန်မာ့ငှက်ဝါသနာရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

လာရောက် ကျက်စားနေသော ငှက်မျိုးစိတ်များကို အမဲလိုက်ရောင်းချခြင်းများလည်း ရှိကြောင်း၊ ရောင်းချမှုများထက် လယ်မြေများ ချဲ့ထွင်ခြင်းက ပလိပ်အင်းကောရန် အဓိက အချက်ဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ဘုရင်ခေတ်က တည်ရှိခဲ့သော အင်းများ ကောရခြင်းမှာလည်း လယ်မြေများ ချဲ့ထွင်ခြင်းကြောင့် ဖြစ်ကြောင်း ပလိပ်အင်းတွင် ကျက်စားသည့် ဆောင်းခိုငှက်များနှင့် ပတ်ဝန်းကျင် ဂေဟစနစ်ပြပွဲနှင့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"ဒီပလိပ်အင်းမှာငှက်တွေအများကြီးလာတယ်။ အဲဒါကြောင့် လယ်သမားလည်းမလာရဆိုတာမျိုး ထိန်းသိမ်းကာကွယ်လို့မရပါဘူး။ လူလည်း လူဝမ်းစာရှာသလို့ ငှက်လည်းငှက်ဝမ်းစာရှာမယ် သူဟာနဲ့သူဆိုရင် ဘာပြဿာနာမှမရှိဘူး။ ကန်ရေကောမယ်ဆိုရင်သစ်တော ပြုန်းတီးမှုကြောင့် ထွက်ရှိတဲ့ ကာဗွန်ထုတ်လွှင့်မှု သုံးဆရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကမ္ဘာ့ဆောင်းခိုငှက်များ ပျံသန်းရာ လမ်းကြောင်း ၉ ကြောင်းတွင် မြန်မာနိုင်ငံမှ လမ်းကြောင်းနှစ်ကြောင်းဖြတ်သန်းသောကြောင့် ငှက်မျိုးစိတ်များစွာ နေထိုင်သော ဂေဟစနစ်ကြီးသည့် နိုင်ငံဖြစ်ကြောင်း၊ ပလိပ်အင်းသည် ငှက်မျိုးစိတ်များစွာ လာရောက်ကျက်စားကြသည့် ဒေသများတွင် ပါဝင်သောကြောင့် အချိန်မီ ထိန်းသိမ်းကာကွယ်ရမည်ဖြစ်ကြောင်း ငှက်အသင်းဥက္ကဋ္ဌ ဦးစိုးညွန့်က ပြောသည်။ ထို့ကြောင့် ပလိပ်အင်းရေရှည်တည်တံ့ရေးကို ရည်ရွယ်ပြီး ဟောပြောပွဲနှင့် ပလိပ်အင်းအလှအပများ၊ ငှက်များ ကျက်စားဝင်ရောက်မှု မှတ်တမ်းဓာတ်ပုံများ ပြပွဲကို မန္တလေးမြို့ Oriental House တွင်အောက်တိုဘာလ ၂၆ နှင့် ၂၇ ရက်များ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ပလိပ်အင်းသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင်ရှိသော ကုန်းတွင်းရေတိမ်ဒေသ တစ်ခုဖြစ်ပြီး မိုးရာသီတွင် ကန်ရေပြင်သည် ၃၂၇ ဒသမ ၇၆ ဟက်တာ ရှိပြီး နွေရာသီတွင် ၄၀ ဒသမ ၄၇ ဟက်တာ ကျယ်ဝန်းသည်။

ENVIRONMENT Cartoon






Tourism
7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု ညီလာခံကျင်းပမည်

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု ညီလာခံကို ၂၀၁၃ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ဒီညီလာခံက အဓိကမြန်မာနိုင်ငံမှာ ဟိုတယ်မလုံလောက်တဲ့ ကိစ္စကို ဆွေးနွေးကြမှာပါ။ အခုဆိုရင် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေ လာတော့မှာ၊ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းကို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေက တအားစိတ်ဝင်စားနေတာ” ဟုမြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌဦးဖြိုးဝေရာဇာက ပြောကြားသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု ညီလာခံကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF)နှင့် စင်ကာပူနိုင်ငံရှိSphere Conferences တို့ ပူးပေါင်း၍ ပြုလုပ်မည်ဖြစ်သည်။

“Sphere က ကမကထ လုပ်မယ့်ပွဲပါ။ ကျွန်တော်တို့ဆီမှာက ဟိုတယ်၊ ခရီးနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်တယ်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေသာ ထွက်လာရင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ အများကြီး ဝင်လာမှာပါ” ဟုဦးဖြိုးဝေရာဇာကပင် ဆိုသည်။

ယင်းပွဲဖြစ်မြောက်ရေးအတွက် Sphere Conference နှင့်မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့သည် အောက်တိုဘာ ၂ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ သဘောတူစာချွန်လွှာ (MOU) ချုပ်ဆိုခဲ့သည်။

“Sphere Conference အနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်သူများ၊ ပူးပေါင်းဆောင်ရွက်လိုသူများအား ဖိတ်ကြားပြီး မြန်မာနိုင်ငံရဲ့ ခရီးသွားဘဏ္ဍာ တိုးတက်လာတာကိုလည်း အသေအချာ ရှင်းပြမှာပါ” ဟု Sphere Conference ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ Chua Wee Phang က ဆိုသည်။

ရင်းနှီးမြှုပ်နှံမှု ညီလာခံကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

“ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေလာမယ်ဆို ဒါကောင်းတဲ့ကိစ္စပါ။ ခရီးသွားလုပ်ငန်းဆိုတာ တခြားစီးပွားရေးလုပ်ငန်းနဲ့ မတူဘူး။ သူတို့ရင်းနှီးမြှုပ်နှံရင်တောင် Management ပိုင်းပဲ ဖြစ်မှာပါ။ Operation ပိုင်းအနေနဲ့က မြန်မာခရီးသွားလုပ်ငန်းရှင်တွေ အကုန် လုပ်နိုင်ပါတယ်။ FDI ဥက္ကဋ္ဌမှာ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တဲ့ ဥပဒေကိုစောင့်ကြည့်ရဦးမှာပါ” ဟု ထွန်းမြန်မာ ခရီးသွားလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြတ်က ပြောသည်။

# ပြည်တွင်း ခရီးသွားလာမှုနှုန်း မြင့်တက်



ပြည်တွင်းခရီးသွားအဆင့်မြင့်ယာဉ်တစ်စီး

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

ယခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ပြည်ပခရီးသွား ဧည့်သည်ဝင်ရောက်မှု မြင့်တက်လာရုံတင်မက ပြည်တွင်းခရီးသွားလာမှုနှုန်းပါ ၃၀ ရာခိုင်နှုန်းခန့်မြင့်တက်လာကြောင်းပြည်တွင်း ခရီးသွားလုပ်ငန်းများမှ သိရသည်။

“အောက်တိုဘာလထဲမှာဆိုရင်ပြည်တွင်းခရီးသွားဦးရေတော်တော် တက်လာတယ်။ သီတင်းကျွတ်၊တန်ဆောင်တိုင်ဆိုခရီးသွားတဲ့သူပိုများတယ်။ ဥပမာ တောင်ကြီး တန်ဆောင်တိုင်ပွဲဆို ကားလက်မှတ်တွေ အခုလောက်ကတည်းက ကြိုမှာကြတယ်” ဟု ရွှေကြေးစည်ခရီးသွားလုပ်ငန်းမှတာဝန်ခံတစ်ဦးက ဆိုသည်။

ခရီးသွားရာသီ စချိန်မှစ၍ ဧည့်သည်အဝင်မှာ သိသိသာသာများလာပြီး အောက်တိုဘာ လဆန်းမှစ၍ ပြည်တွင်းခရီးသွားများလည်း ပိုလာကြောင်း၊ ပြည်တွင်း ခရီးစဉ်များ၏ ကားလက်မှတ်ရောင်းအားများမြင့်တက်လာပြီး အထူးသဖြင့် မန္တလေး၊ ပြင်ဦးလွင်၊ အင်းလေး၊ တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ပင်းတယတို့အပြင် ပဲခူးခရီးစဉ် လက်မှတ်များ အရောင်းမြင့်တက်လာကြောင်းအောင်ဆန်းကွင်း အရှေ့ဘက်တန်းရှိခရီးသွားဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ သိရသည်။

“ဒီနှစ် ပဲခူးကို ခရီးသွား ဧည့်သည်လာနှုန်း တော်တော်များတယ်။ ရန်ကုန်ကနေ နေ့ချင်းပြန်လာတဲ့သူတွေလည်း မနည်းဘူး။ ပဲခူးရွှေမော်ဓောဘုရားမှာဆို ဧည့်သည် မပြတ်ဘူး” ဟု ပဲခူးမြို့ ရွှေမော်ဓောအရပ်၌နေသူ ကိုအောင်မိုးက ဆိုသည်။

အောက်တိုဘာလအတွင်း ရွှေကျောင်းမီးမျှောပွဲ၊ အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ တောင်ကြီးတန်ဆောင်တိုင်ပွဲစသည့်သီတင်းကျွတ်၊ တန်ဆောင်တိုင် ပွဲများကြောင့် ပြည်တွင်း ခရီးသွားလာမှု မြင့်တက်ပြီး ပြည်တွင်းခရီးစဉ် လက်မှတ်များ ရောင်းအားမြင့်တက်လျက်ရှိကြောင်း ပြည်တွင်း ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများမှ သိရသည်။

# ခရီးသွားလုပ်ငန်းဆိုင်ရာ Web Portal

**နိုင်ချို** **ရန်ကုန်၊ အောက်တိုဘာ-၁၉**

မြန်မာ့ခရီးသွားလုပ်ငန်းတွင် အဆင်ပြေစွာ အသုံးပြုနိုင်မည့် Travel Web Platform တစ်ခုကို စတင်အသုံးပြုနိုင်ပြီဖြစ်သည်။

မြန်မာပြည်တွင်း အခြေစိုက် ထိုWeb Portal တွင် နိုင်ငံခြား သားဧည့်သည်များအနေဖြင့် ၎င်းတို့၏ နိုင်ငံမှပင် အကြွေးဝယ်ကတ်များကို အသုံးပြု၍ Oway Web Platform အတွင်း အရေအတွက် ရာနှင့်ချီရှိသော လေကြောင်းလိုင်းလက်မှတ်များ၊ ဟိုတယ်များ၊ အနားယူရာ နေရာဌာနများ၊ စားသောက်ဆိုင်များနှင့် အခြားဝန်ဆောင်မှုများအား စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ကြောင်း Oway ကုမ္ပဏီမှ သိရသည်။

“ဒီ Oway Web Platform မှာ ဟိုတယ်တွေကို ကြိုတင် ဘွတ်ကင်ခ် လုပ်လို့ရမယ်။ တခြားဝန်ဆောင်မှုတွေလည်း အများကြီးပါ။ ကျွန်တော်တို့ အခု လုပ်ငန်းပေါင်း ၁,၅၀၀ နဲ့ ချိတ်ဆက်ထားတယ်။ ပြည်တွင်းက ဟိုတယ် ၄၀၀လောက်ပါတယ်။ နိုင်ငံတကာလေကြောင်းလိုင်းတွေနဲ့လည်း ချိတ်ဆက်ထားတယ်” ဟုOway ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဦးနေအောင်က ပြောသည်။ ၎င်းကပင် ဆက်လက်၍ ထို Web Platal အနေဖြင့် ပြည်ပခရီးသွားများသာမက မြန်မာ့ခရီးသွားများအနေဖြင့် ခရီးသွားအေးဂျင့်များထံမှတစ်ဆင့် ဈေးနှုန်းကြီးမြင့်မှုကို ရှောင်ရှားနိုင်ရန်နှင့် နိုင်ငံရပ်ခြားရှိ အဆင့်မြင့်ဟိုတယ်များသို့ တိုက်ရိုက်အခန်းကြိုတင်မှာယူနိုင်မည်ဖြစ်သည်။

လာမည့်လအနည်းငယ်အတွင်း Online Banking စနစ်ဖြင့် အသုံးပြုနိုင်ရန် ရောဝတီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် အေဂျီဒီဘဏ်တို့ဖြင့် ချိတ်ဆက်ထားပြီး ယခုလက်ရှိတွင် Oway ၏ ကြိုတင်ငွေပေးကူပွန်များကို Capital , ဂန္ဓမာနှင့် Ruby Mart စသည့်စူပါမားကက်ကြီးများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ ထို Web Platal မှာ www.oway.com.mm ဖြစ်ပြီး ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများသာမက အခြားဝန်ဆောင်မှုများပါ ပါဝင်သည်။




7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# Cartoon



























7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# ကမ္ဘောဒီးယားဘုရင်ဟောင်းဈာပနတွင် မလျော်ကန်သည့် အပြုအမူလုပ်မိခဲ့၍ ထိုင်းသတင်းထောက်တောင်းပန်

**ဘန်ကောက်၊ အောက်တိုဘာ-၂၀**

ထိုင်းနိုင်ငံ၏ ချန်နယ်-၃ ရုပ်သံလိုင်းမှ သတင်းထောက်တစ်ဦးသည် ကွယ်လွန်သူကမ္ဘောဒီးယားဘုရင်ဟောင်း သီဟာနု၏ ဈာပနအခမ်းအနားတွင် မလျော်ကန်သည် အပြုအမူ ပြုမူခဲ့မိသည့်အတွက် ကမ္ဘောဒီးယားပြည်သူများကို ချန်နယ်-၃ ရုပ်သံလိုင်းနှင့်အတူ တောင်းပန်ခဲ့ကြောင်း သိရသည်။ ယင်းသတင်းထောက် သာနီလက်ဆရီချိုင်းသည် ဘုရင်၏ ဈာပနအခမ်းအနားသို့ တက်ရောက်သတင်းယူရာတွင် ဘုရင်အား ထိုင်ကန်တော့ရာ၌ သူမ၏ ညာခြေထောက်အောက်တွင်ဘုရင်သီဟာနုပုံပါသော စာရွက်တစ်ခုကို မတော်တဆနင်းထားခဲ့မိသည်။ သူမ၏ ယင်းပုံကို ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦးက ဓာတ်ပုံရိုက်ယူခဲ့ပြီး လူမှုမီဒီယာတွင်ဖြန့်ခဲ့ရာ သူမကို ကမ္ဘောဒီးယား ပြည်သူများစွာကလည်း ဝေဖန်ရှုတ်ချခဲ့ကြသည်။ သာပါနီသည် ဖြစ်စဉ်ပြီးနောက် ချက်ချင်းပင် ထိုင်းနိုင်ငံရှိကမ္ဘောဒီးယားသံရုံးသို့သွားကာ ဘုရင်သီဟာနုဓာတ်ပုံရှေ့တွင်ဝန်ချတောင်းပန်ခဲ့သည်။ ချန်နယ်-၃ လိုင်းကလည်း သာပါ နီ၏ မလျော်ကန်သည့် အပြုအမူအတွက် ကမ္ဘောဒီးယားအစိုးရနှင့် တော်ဝင်မိသားစုကို ခွင့်လွှတ်ပါရန် တောင်းပန်ခဲ့ပြီး သတင်းထောက်တွင် စော်ကားရန် ရည်ရွယ်ချက်မရှိကြောင်း ဆိုခဲ့သည်။

ထိုင်းမှ နေးရှင်းသတင်းစာတွင်လည်း ယမန်နေ့က ကမ္ဘောဒီးယားကျောင်းသားများသည် ထိုဖြစ်စဉ်ကို ကန့်ကွက်သည့်အနေဖြင့် ထိုင်းနယ်စပ်တွင် သပိတ်မှောက်မည်ဟု ကြေညာထားကြောင်း သတင်းဖော်ပြခဲ့သည်။ သို့သော် နယ်စပ်တွင် ဆန္ဒပြမှု မဖြစ်ခဲ့ကြောင်းသတင်းကဆိုသည်။

—Ref: Xinhua


Photo - Reuters




# ဂျပန်-အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှု အငြင်းပွားကျွန်းစုများကြောင့် ပယ်ဖျက်

**တိုကျို၊အောက်တိုဘာ-၂၀**

ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ပြည်ပတပ်ဖွဲ့များ၏ လက်ထဲသိမ်းယူခံထားရသော ကျွန်းကို ပြန်လည်ရရှိရေး တိုက်ပွဲဝင်သည့်ပုံစံ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုကို တရုတ်နှင့် ဂျပန်ကျွန်းစုများပိုင်ဆိုင်မှုအငြင်းပွားနေခြင်းကြောင့် ပယ်ဖျက်လိုက်ကြောင်း သိရသည်။ ယခုစစ်ရေး လေ့ကျင့်မှုမှာ တရုတ်နှင့် အငြင်းပွားနေသော ကျွန်းစုများနှင့် မပတ်သက်ဘဲ အခြားကျွန်းတစ်ကျွန်းပါဝင်သည့် လေ့ကျင့်မှုသာဖြစ်ကြောင်း ဂျပန်အစိုးရ ရင်းမြစ်များကို ကိုးကား၍ သတင်းကဆိုသည်။ ယခင်က ဂျပန်သတင်းများ ဖော်ပြချက်အရ စစ်ရေးလေ့ကျင့်မှုအတွက် အိုကီနာဝါကျွန်းမကြီးအနီး ဆီရီဆူနာဂျီးမားကျွန်းကို အသုံးပြုမည်ဖြစ်ကြောင်း ယင်းကျွန်းမှာ လူမနေသော ကျွန်းဖြစ်ကြောင်း သိရသည်။

ဂျပန်နှင့် တရုတ်တို့သည် ဂျပန်တွင် ဆင်ကာကူဟုခေါ်ပြီး တရုတ်တွင်ဒိုင်အိုယုဟုခေါ်သော ကျွန်းစုများ ပိုင်ဆိုင်မှုအငြင်းပွားနေပြီး မကြာမီလပိုင်းများအတွင်း အငြင်းပွားကန့်ကွက်မှုများ နှစ်နိုင်ငံစလုံး၌ ဖြစ်ပေါ်ခဲ့သည်။

—Ref: AFP

# မြန်မာတိုင်းရင်းသား လူနည်းစုများအတွက် လူသားချင်းစာနာမှုအကူအညီ ဒေါ်လာ ၃ သန်း ဂျပန်ပေးမည်

**တိုကျို၊အောက်တိုဘာ-၁၉**

ဂျပန်နိုင်ငံမှအလှူဒါနအဖွဲ့အစည်းတစ်ခုဖြစ်သော နီပွန်ဖောင်ဒေးရှင်းသည်မြန်မာတိုင်းရင်းသားလူနည်းစုများအတွက် လူသားချင်းစာနာမှု အထောက်အပံ့ ဒေါ်လာ သုံးသန်းကို မြန်မာအစိုးရ၏ ပထမဆုံးအကြိမ် သဘောတူမှုနှင့်အတူ ပေးအပ်သွားမည်ဟု သိရသည်။ ဂျပန်အစိုးရနှင့် ပူးတွဲအလုပ်လုပ်နေသော နီပွန်ဖောင်ဒေးရှင်းသည် ယင်းအစားအစာနှင့် ဆေးဝါးထောက်ပံ့မှု အကူအညီပေးအပ်မည့် အစီအစဉ်ကို တိုကျို၌ အောက်တိုဘာ ၁၈ က ကျင်းပခဲ့သော ကွန်ဖရင့်တွင် မြန်မာလက်နက်ကိုင် အဖွဲ့များ၏ တပ်ပေါင်းစုဖြစ်သော ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီအဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးပြီး ကြေညာခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် မာဆာရူဆာတိုက ယခု သဘောတူညီချက်သည် မြန်မာ့ဒီမိုကရေစီရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးရန် ဂျပန်အစိုးရ၏ ကြိုးပမ်းမှုများကို ရောင်ပြန်ဟပ်ကြောင်း ဆိုသည်။

နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဟီဒီယိုဖူကူဒါကလည်း မြန်မာအစိုးရသည် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကို အသိအမှတ်မပြုသော်လည်း ဖောင်ဒေးရှင်း၏ ထောက်ပံ့မှုကို အတည်ပြုပေးခဲ့ကြောင်း ဤသည်မှာ ငြိမ်းချမ်းရေးဖြစ်စဉ် တိုးတက်မှုရရန် မျှော်လင့်ချက်များကို သိသိသာသာ အရှိန်မြှင့်စေကြောင်း ပြောသည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံတွင် အရပ်သားအစိုးရတက်လာပြီးနောက် မြန်မာ့ပြုပြင်ပြောင်းလဲရေးများ အရှိန်မြှင့်ရန် ကြွေးမြီဘီလီယံနှင့်ချီ၍ လျှော်ပစ်ခြင်း၊ အကူအညီများ အသစ်ပြန်လည်ပေးအပ်ခြင်းအပါအဝင် ထောက်ခံမှုများ ပြုလုပ်နေသည်။ ဂျပန်ကုမ္ပဏီများသည်လည်းမြန်မာနိုင်ငံတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ အခြားနိုင်ငံရပ်ခြား ပြိုင်ဘက်များနှင့်အတူ ဝင်ရောက်လာပြီဖြစ်သည်။

—Ref: AP



# တောင်တရုတ်ပင်လယ်အရေး ကျင့်သုံးရမည့်မူ ချမှတ်ရန်လိုအပ်ဟု စင်ကာပူဝန်ကြီးချုပ်ပြောကြား

**စင်ကာပူ၊အောက်တိုဘာ-၂၁**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက အာဆီယံဒေသသည် တောင်တရုတ်ပင်လယ်အရေးအတွက် လိုက်နာကျင့်သုံးရမည့်မူများ ချမှတ်ရေးကို ဦးတည်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ နိုဝင်ဘာတွင် ဖနွမ်းပင်၌ ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် စတင်ဆွေးနွေးရန် မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။

ဖနွမ်းပင်တွင်ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီးနောက် စင်ကာပူသတင်းထောက်များအား မစ္စတာလီက ပြောကြားရာတွင် အာဆီယံသည် ဖြေရှင်းရအလွန်ခက်ခဲသော တောင်တရုတ်ပင်လယ် အငြင်းပွားမှုကိစ္စ ကိုင်တွယ်ရေးကို ဦးတည်၍ လုပ်ဆောင်ရမည်ဟု ဆိုခဲ့သည်။ ထို့အပြင် ၎င်းက တစ်ချိန်တည်းမှာပင် အာဆီယံသည် ထိုကိစ္စတစ်ခုတည်းဖြင့် ညီလာခံ၌ ၎င်း၏ အခြားအလုပ်များအပေါ် လွှမ်းမိုးအရိပ်မထိုး စေသင့်ကြောင်း ပြောသည်။ ဝန်ကြီးချုပ်လီက "ပဋိပက္ခကို ကိုင်တွယ်စီမံရေးအတွက် ကျွန်တော်တို့မှာ တောင်တရုတ်ပင်လယ်ကိစ္စ လိုက်နာရမည့်မူသဘောထား ရှိထားပါတယ်။ လိုက်နာမှု သဘောတူညီချက်ရဖို့လိုနေပါတယ်။ အာဆီယံထိပ်သီးဆွေးနွေးပွဲမှာ ဆွေးနွေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

အာဆီယံခေါင်းဆောင်များသည် နိုဝင်ဘာ ၁၇ မှ ၂၀ ရက်အထိ ဖနွမ်းပင်မြို့တွင် ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

—*Ref: CNA*

## Leader's Profile
## အယ်လ်ဘေးနီးယားသမ္မတ
## ဘူဂျာနီရှာနီ



ရဲမင်း

ဘူဂျာဖာအစ်နီရှာနီသည် ဥရောပအရှေ့တောင်ပိုင်းရှိ အယ်လ်ဘေးနီးယားနိုင်ငံ၏ ဆဋ္ဌမမြောက်သမ္မတဖြစ်သည်။ ဂရိ၊ ကိုဆိုဗို၊ မွန်တီနီဂရိုးနှင့် မက်ဆီဒိုးနီးယားနိုင်ငံများ ဝန်းရံနေသော အယ်လ်ဘေးနီးယားနိုင်ငံ၏ သမ္မတအဖြစ် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

ဘူဂျာနီရှာနီကို ၁၉၆၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် အယ်လ်ဘေးနီးယားနိုင်ငံ ဒူးရက်စ်မြို့၌မွေးဖွားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် စလင်ဒါဘက် စစ်ဘက်အကယ်ဒမီမှ ကျောင်းဆင်းခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်အန်တိုနီယိုမြို့၌ မဟာဘွဲ့တက်ရောက်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ကီရာနာတက္ကသိုလ်မှ ဥပဒေဘွဲ့လည်းရရှိခဲ့သည်။ European Studies မာစတာဘွဲ့လည်း ရရှိခဲ့သည်။

ဘူဂျာနီရှာနီသည် ၁၉၉၁ ခုနှစ်တွင် အယ်လ်ဘေးနီးယားဒီမိုကရက်တစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေး အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ပိုင်း အယ်လ်ဘေးနီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၌ နေတိုးအဖွဲ့နှင့် ဆက်ဆံရေးရုံး အကြီးအကဲအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၌ ဝန်ကြီးအဖွဲ့ဝင်အဖြစ်ပြန်လည်တာဝန်ထမ်းဆောင်သည်။

၁၉၉၇ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ ရှုံးနိမ့်သွားခဲ့ရာ ဘူဂျာနီရှာနီလည်း အလုပ်ပြုတ်သွားပြီး Euro Atlantic Military ဟုခေါ်သောအစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အယ်လ်ဘေးနီးယား ဒီမိုကရက်တစ်ပါတီက မြို့တော်တီရာနာ ဌာနခွဲ၏ အထွေထွေအတွင်းရေးမှူး နေရာအတွက် ရွေးကောက်တင်မြှောက်သည်။ ဘူဂျာနီရှာနီသည် ၂၀၀၄ ခုနှစ်တွင် တီရာနာမြို့တော်ကောင်စီဝင်ဖြစ်လာသည်။

၂၀၀၅ ခုနှစ် ရွေးကောက်ပွဲ၌ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးဝန်ကြီး အစ်လီတော့စကာနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ပြီး အနိုင်ရရှိခဲ့သည်။ အမျိုးသားလုံခြုံရေး ပါလီမန်ကော်မရှင်အား ဦးဆောင်ခွင့်ရရှိခဲ့ပြီးနောက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ဘူဂျာနီရှာနီသည် ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲတွင်လည်း ထပ်မံအနိုင်ရရှိခဲ့ပြီး တရားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာဘူဂျာနီရှာနီသည် ၂၀၁၂ ခုနှစ် အယ်လ်ဘေးနီးယားသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး နိုင်ငံ၏ ခြောက်ယောက်မြောက် သမ္မတဖြစ်လာခဲ့သည်။ သမ္မတဖြစ်လာချိန်တွင် ဒီမိုကရက်တစ်ပါတီ ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါလီမန်အမတ်အဖြစ်မှလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးအဖြစ်မှလည်းကောင်း နုတ်ထွက်ခဲ့ရသည်။

လူလတ်ပိုင်းအရွယ်က ရောဂါတစ်ခုကြောင့် ဦးနှောက်သွေးကြောများ ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး ဘယ်ဘက်လက်နှင့် ခြေထောက်များ ကောင်းစွာမလှုပ်ရှားနိုင်သူ ဘူဂျာနီရှာနီသည် ဇနီးသည် အိုဒီတာနီရှာနီနှင့် သားသမီးနှစ်ဦး ထွန်းကားထားသည်။

—*Ref: Wikipedia*

### နောက်ကျောဖုံး - တရုတ်ကုန်တင်သင်္ဘော မီးလောင်မှုဖြစ်ပွား သင်္ဘောသား ၆၄ ဦးကို ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ကယ်တင် မှ

အသေးစားဒဏ်ရာများ ရခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ကဆိုသည်။ သင်္ဘောသည် အင်ဂျင်ပေါက်ကွဲမှုမှတစ်ဆင့် မီးလောင်ခဲ့ဖွယ်ရှိကြောင်း သင်္ဘောအင်ဂျင်နီယာ၏စကားကို ကိုးကား၍ သတင်းတွင် ဖော်ပြသည်။

ဂျပန်ကမ်းခြေစောင့်တပ်သည် တရုတ်နှင့် ဆင်ကာကူကျွန်းစုများပိုင်ဆိုင်မှုအငြင်းပွားနေခြင်းကြောင့် ၎င်း၏ရေပြင်ကို စောင့်ကြည့်လျက်ရှိသည်။ အောက်တိုဘာ ၂၁ ရက်ကလည်း ထိုအငြင်းပွားကျွန်းများအနီးတွင် တရုတ်အာဏာပိုင်တို့၏ တိုက်ရေယာဉ်လေးစီးကို တွေ့ခဲ့ရကြောင်း ဂျပန်ကမ်းခြေစောင့်တပ်များက ပြောသည်။ —*Ref: AFP*

### နောက်ကျောဖုံး - အမေရိကန်တွင် ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွား၍ လူ ၂၃ ဦးသေဆုံး မှ

ယင်းဦးနှောက်ဖုံး အမြှေးရောင်ရောဂါဖြစ်ပွားမှု စုစုပေါင်း ၂၈၁ ခုရှိပြီဖြစ်သည်။

ရောဂါဖြစ်ပွားမှုမှာ မက်ဆာချူးဆက်ပြည်နယ် New England Compounding Center မှ တင်ပို့ရောင်းချသော ဆေးဝါးများကြောင့် ဖြစ်ပေါ်ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါကုမ္ပဏီအား ဖယ်ဒရယ်နှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ တရားစွဲဆိုရန် ပြင်ဆင်နေသည်။

ကိုယ်လက်ကိုက်ခဲနာကျင်မှုများအတွက် အသုံးပြုရန် NECC မှ ထုတ်လုပ်သော စတီရွိုက်ထိုးဆေးများတွင် လူ့အသက်ကို အန္တရာယ်ပြုနိုင်သည့် Exserohilm Fungus များ ပါရှိနေသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးဌာန အရာရှိများက အတည်ပြုပြောကြားသည်။ —*Ref: Reuters*

### နောက်ကျောဖုံး - ခြိုးခြံချွေတာရေး အစီအစဉ်နှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံတစ်ဝန်း ကန့်ကွက်ဆန္ဒပြ မှ




ဆန္ဒပြသူများက 'ခြိုးခြံချွေတာရေး ကျရှုံးနေတယ်'၊ 'ဝန်ကြီးချုပ်ကင်မရွန်း ဗြိတိန်နိုင်ငံကို သတ်နေတယ်'၊ 'ဖြတ်တောက်မှုများ အလိုမရှိ'စသော စာတန်းများ ကိုင်ဆောင်၍ လန်ဒန်မြို့၌ ချီတက်ဆန္ဒပြခဲ့ကြသည်။ ယင်းကန့်ကွက်ဆန္ဒပြမှုများတွင် လူပေါင်းတစ်သိန်း ပါဝင်ချီတက်ခဲ့ကြောင်း ကန့်ကွက်မှုများကို စည်းရုံးလှုံ့ဆော်ခဲ့သည့် ကုန်သွယ်ရေးသမဂ္ဂ(TUC)က ပြောကြားသည်။

"ခြိုးခြံချွေတာရေး အစီအစဉ် မအောင်မြင်ဘူးဆိုတာ ပိုပြီးထင်ရှားလာပါတယ်။ လူပေါင်းနှစ်သန်းခွဲကျော် အလုပ်ပြုတ်နေပါတယ်။ နောက်ထပ် လူပေါင်းသုံးသန်းလောက်ဟာလည်း တစ်လနဲ့တစ်လ အလျင်မီဖို့ မနည်းရုန်းကန်နေရပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်အတွင်းမှာ လတိုင်းလိုလို လုပ်ခလစာတွေ ကျဆင်းလာနေပါတယ်"ဟု TUC အထွေထွေအတွင်းရေးမှူး ဘရန်ဒန်ဘာဘာက ပြောကြားသည်။

ဟိုက်ပ့ါခ်တွင် ပြုလုပ်သည့် လူထုချီတက်ပွဲ၌ လေဘာပါတီ အစိုးရအုပ်ချုပ်နေပါကလည်း အသုံးစရိတ်လျှော့ချမှုများ ရှိမည်ဖြစ်ကြောင်း ပြောကြားသည့် အတိုက်အခံလေဘာပါတီခေါင်းဆောင် အက်ဒ်မီလီဘန်းကိုလည်း ဆန္ဒပြသူများက လှောင်ပြောင်ခဲ့ကြသည်။ —*Ref: The Hindu*

### နောက်ကျောဖုံး - တရုတ်နှင့် ကုန်သွယ်ရေး အငြင်းပွားမှုတွင် မလျှော့နိုင်ဟု အီးယူ အကြီးအကဲ ပြောကြား မှ

နောက် အီးယူက ယင်းကိစ္စကို အရေးယူရန် လုပ်ဆောင်နေသည်။

ထို့အပြင် တရုတ်နိုင်ငံ၏ ဆက်သွယ်ရေးကုမ္ပဏီများဖြစ်သော Huawei နှင့် ZTE တို့ကလည်း ကုန်ပစ္စည်းများကို ဈေးပေါပေါနှင့် ရောင်းချနေသည်လား၊ သို့မဟုတ် အစိုးရထံမှ တရားမဝင် ငွေကြေးထောက်ပံ့မှုများ ရယူနေသည်လား ဆိုသည့် ကိစ္စကိုလည်း ဥရောပသမဂ္ဂက တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ လုပ်ဆောင်ရမယ့် ကိစ္စတွေကနေ ရှောင်ဖယ်သွားမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တင်းမာမှုတွေ မြင့်တက်သွားအောင်လုပ်ဖို့ စိတ်ကူးလည်းမရှိပါဘူး။ အကန့်အသတ်ဘောင်အတွင်း ထားရှိရမယ်ဆိုတာကို တရုတ်ဘက်ကလည်း နားလည်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု အီးယူကုန်သွယ်ရေး အကြီးအကဲက ရိုက်တာသတင်းဌာနနှင့် ပြုလုပ်သည့် အင်တာဗျူးတွင် ပြောကြားသည်။ —*Ref: Reuters*

### စာ(၅၀) - ယူ-၁၉ မြန်မာအမျိုးသမီးဘောလုံးအသင်း အုပ်စုပထမအဖြစ် ခြေစစ်ပွဲအောင် မှ

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သော အဆိုပါ ခြေစစ်ပွဲအုပ်စု(ဂ)တွင်မြန်မာအမျိုးသမီးယူ-၁၉ အသင်းသည် တရုတ်(တိုင်ပေ)ကို ၃-၁ ဂိုး၊ အိမ်ရှင်ဖိလစ်ပိုင်ကို ၄-၀ ဂိုး၊ ဟောင်ကောင်အသင်းကို ၈-၀ ဂိုးဖြင့် ပွဲစဉ်အားလုံး အနိုင်ရရှိကာ အုပ်စုပထမနေရာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီး လူငယ်အသင်းသည် သုံးပွဲကစားရာတွင် ရဂိုး ၁၅ ဂိုး၊ ပေးဂိုးတစ်ဂိုးသာ ရှိခဲ့သည်။ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာအမျိုးသမီးအသင်း အနေဖြင့် လာမည့် ဒီဇင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် ဒုတိယအဆင့်ပွဲစဉ်များသို့ တက်ရောက်ကစားခွင့် ရရှိမည်ဖြစ်သည်။

အုပ်စု(ဂ)မှ မြန်မာအသင်းနှင့်အတူ တရုတ်(တိုင်ပေ) အသင်းသည်လည်း ပထမအဆင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲ၏ ပထမအဆင့် ခြေစစ်ပွဲများကို အုပ်စုသုံးစုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ ခြေစစ်ပွဲအောင်အသင်းနှစ်သင်းစီ(စုစုပေါင်းခြောက်သင်း)သည် ဒုတိယအဆင့်တွင် ထိုင်း၊ ဗီယက်နမ်အသင်းများနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ ဒုတိယအဆင့်ကိုထပ်မံဖြတ်ကျော်နိုင်ပါက ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ မြောက်ကိုရီးယား၊ ဩစတြေးလျစသည့် ထိပ်တန်းအသင်းနှင့်အတူ အာရှ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ် နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၁၃ ခုနှစ်အတွင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012



# အမေရိကန် အမိမြေလုံခြုံရေးဝန်ကြီး ဂျနက်နပိုလီတာနိုနှင့် တွေ့ဆုံခြင်း

■ ကျော်မျိုး

အမေရိကန်ရဲ့ အမိမြေလုံခြုံရေးဝန်ကြီးဌာနဟာ ၉/၁၁ တိုက်ခိုက်မှုပြီးနောက်ပိုင်း ပြင်ပမှ နိုင်ငံအပေါ် ရုတ်တရက် တိုက်ခိုက်မှုတွေကိုကာကွယ်တုံ့ပြန်နိုင်ဖို့တည်ထောင်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အမိမြေလုံခြုံရေးဌာနရဲ့ ဝန်ကြီးဂျနက်နပိုလီတာနိုလောက် စိန်ခေါ်မှု ပြင်းထန်တဲ့ အလုပ်မျိုးကို လုပ်နေရသူ လူများများစားစား မရှိတာ အသေအချာပါ။ မစ္စနပိုလီတာနိုဟာ ဒီအပတ်အတွင်း ဥရောပသို့ ခရီးတစ်ခု ထွက်လာခဲ့ရာ ယူရိုသတင်းဌာနဟာ ဥရောပမဟာမိတ်တွေနဲ့ အမေရိကန်ရဲ့ ပူးပေါင်းဆောင်ရွက်မှုအကြောင်း၊ အမေရိကန်ရဲ့ လုံခြုံရေးအကြောင်းတွေကို မေးမြန်းခဲ့ပါတယ်။ မေးမြန်းသူက ယူရိုသတင်းမှ နီယယ်အိုရိုင်လီဖြစ်ပါတယ်။

**ဝန်ကြီးခင်ဗျာ ဝန်ကြီးဟာ အခုဒီဥရောပရောက်စဉ်မှာ ဥရောပဝန်ကြီးတွေနဲ့ လုံခြုံရေးဆိုင်ရာကိစ္စတွေလည်း ဆွေးနွေးနေပါတယ်။ ဒါပေမဲ့ အရင်ဆုံးအနေနဲ့ နိုင်ငံရေးကိစ္စကို မေးခွင့်ရရင် မေးချင်ပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာ (ရီပက်ဘလေကန်သမ္မတလောင်း) မစ်ရွှမ်းနေက သူ့အနေနဲ့ ကာကွယ်ရေးနဲ့အခြားကိစ္စတွေမှာ အသုံးစရိတ် ပိုတိုးမယ်လို့ ပြောနေပြီး သမ္မတ(အိုဘားမား)ကတော့ အများကြီး ဖြတ်တောက်မယ်လို့ ပြောနေပါတယ်။ အမေရိကန်ဟာ မစ်ရွှမ်းနေလက်အောက်မှာ ပိုလုံခြုံမလား။**

လုံခြုံရေးကိစ္စဟာ တကယ်ပဲ ပါတီစွဲမထားဖို့ လိုအပ်တဲ့ ကိစ္စတစ်ခုဖြစ်တယ်လို့ ကျွန်မထင်ပါတယ်။ ဒီကိစ္စက နိုင်ငံကို လုံခြုံအောင်လုပ်ဖို့ လိုအပ်တဲ့အရာ၊ လုံခြုံရေးစွမ်းရည်ကို ထိန်းသိမ်းရမယ့်အရာပါ။ ဒါဟာ ကာကွယ်ရေးဘတ်ဂျက် သုံးစွဲတဲ့ကိစ္စမှ မဟုတ်ပါဘူး။ ဥပဒေသက်ရောက်စေမှုနဲ့ အခြားသော လုံခြုံရေးအသုံးစရိတ်သုံးစွဲပုံတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒါကပဲ ကျွန်မတို့ အာရုံစိုက်နေတဲ့ အရာဖြစ်ပြီး ကျွန်မရဲ့ အနေအထားနဲ့ ပတ်သက်လို့ စိတ်ကျေနပ်စရာ အကောင်းဆုံးအရာတွေထဲက တစ်ခုကတော့ အမိမြေလုံခြုံရေးဌာနကို ကြီးကြပ်နေတဲ့ အထက်လွှတ်တော်ထဲက ကော်မတီက ပါတီနှစ်ရပ် မျှတစွာတွဲဖက်ထားတဲ့ အခြေခံပေါ်မှာ လည်ပတ်နေတာပါ။ ကော်မတီဟာ တကယ်ပဲ ဘယ်ဟာက အကောင်းဆုံးအဖွဲ့အစည်းလဲ၊ ကျွန်မတို့ အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်နိုင်မလဲ ဆိုတာတွေအပေါ် အာရုံစိုက်နေပါတယ်။ ဝါရှင်တန်ရဲ့ ခေါင်းဆောင်ပိုင်း အများစုယုံကြည်တာကလည်း ဒီလိုမျိုး သဘောတူညီမှု ရလိမ့်မှာပဲရယ်လို့ ဖြစ်တယ်။ ဒါပေမဲ့ သူတို့မလုပ်နိုင်ရင်တော့ ကျွန်မတို့ဟာ ဖြတ်တောက်မှုတွေ ရင်ဆိုင်ရမယ်။ ဒါ ဆို ဆိုလိုတာက ကျွန်မတို့ဟာ လေဆိပ်တွေမှာ ခေတ်မှန်နည်းနည်းပဲ ထားနိုင်တော့မယ်။ ဆိပ်ကမ်းတွေမှာ စစ်ဆေးရေးမှူးတွေ နည်းနည်းပဲ ထားနိုင်မယ်။ နယ်စပ်ဌာနတွေကို စောင့်ကြည့်နေတဲ့ အရာရှိတွေ နည်းသွားမယ် ဆိုတာပဲ။ ဒါကြောင့် ဒီကိစ္စက ကျွန်မတို့ရဲ့ လုံခြုံရေးနဲ့ ပတ်သက်လို့ လက်ရှိ အားထုတ်မှုတွေကို အကျိုးသက်ရောက်လာပါလိမ့်မယ်။

**လက်ရှိအချိန်အထိပေါ့။ အမေရိကန်နဲ့ ဥရောပတို့ဟာ (လုံခြုံရေးအတွက်) သတင်းအချက်အလက်ဖလှယ်ရေးမှာ ပေါင်းစည်းနိုင်မှု ပူးပေါင်းဆောင်ရွက်နိုင်မှုကို တွေ့ပါပြီလား။**

ကျွန်မတို့ ဥရောပနဲ့ရောပြင်သစ်နဲ့ပါ ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိထားပါတယ်။ တကယ်ပဲ ကျွန်မတို့ ပြောနေတာကတော့ ဒီပူးပေါင်းဆောင်ရွက်မှုကို ပိုပြီးအားကောင်းခိုင်မာအောင် ဘယ်လိုလုပ်မလဲပေါ့။ တစ်ချိန်တည်းမှာပဲ လူမှုလွတ်လပ်ခွင့်တွေနဲ့ကိုယ်ရေးကိုယ်တာ အခွင့်အရေးတွေကို ကာကွယ်ပေးဖို့ လိုတယ်လို့ အသိအမှတ်ပြုရင်းနဲ့ပေါ့လေ။ ကျွန်မတို့ဟာ ဥရောပသမဂ္ဂနဲ့အတူ လေကြောင်းခရီးသည်တွေရဲ့ သတင်းအချက်အလက်တွေကို အချို့သော အခြေအနေတွေမှာ ဖလှယ်ဖို့ သဘောတူညီမှု ရထားပြီးပါပြီ။

**တစ်ခါတလေမှာ ဝန်ကြီးအနေနဲ့ ဥရောပနိုင်ငံတွေအကြား ပိုပြီး ခိုင်ခိုင်မာမာ ပေါင်းစည်းဖို့လိုလားနေပါသလား။ ဘာကြောင့်လဲဆိုတော့ သိတဲ့အတိုင်း နိုင်ငံ ၂၇ နိုင်ငံကပေါ်လစီအမျိုးမျိုးဆိုတော့လေ။ ဥရောပကို အမေရိကန်အတွက် တစ်ဦးတည်းသောမိတ်ဖက်အနေနဲ့ ဆက်ဆံနိုင်ရေးမှာ သူတို့ဆီမှာ ဘုံကာကွယ်ရေးနဲ့ လုံခြုံရေးအနေအထားတစ်ရပ်မျိုးရှိတာ ဝန်ကြီး မမြင်ချင်ဘူးလား။**

ဟုတ်ကဲ့။ ကျွန်မလည်း ထင်ပါတယ်။ ကျွန်မလည်း အခုဆိုရာထူးမှာ လေးနှစ်နီးပါးရှိပြီဆိုတော့ ဒီကိစ္စမှာ လှုပ်ရှားမှုတော့ မြင်နေရပါတယ်။ ဒါဟာ သဘာဝကျတဲ့ ကိစ္စလို့ထင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ အမေရိကန်မှာလည်း ပြည်နယ် ၅၀ နဲ့ ဆက်နွှယ်လုပ်ကိုင်နေရတာပါ။ ဒီပြည်နယ်အားလုံးမှာ ဥပဒေ၊ စည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းအမျိုးမျိုးရှိပါတယ်။ ဒီတော့ ကျွန်မတို့ လုပ်နိုင်တဲ့ တစ်ခုသောအရာက ပြောင်းလွယ်ပြင်လွယ်ရှိဖို့ပါ။

**အမိမြေလုံခြုံရေးဌာနကို ၉/၁၁ ဖြစ်စဉ်အပြီးမှာ တည်ထောင်ခဲ့တယ်။ ဒီဌာနဟာ ဘယ်လောက်ကြီးထွားတိုးတက်လာခဲ့ပြီလဲ။ အမေရိကန်နိုင်ငံတွင်းက ကွဲပြားခြားနားတဲ့ လုံခြုံရေးဌာနတွေကြားမှာ သတင်းအချက်အလက်မျှဝေတာ ဘယ်လိုနေလဲ။ ဖြစ်သင့်တဲ့အတိုင်းဖြစ်နေတယ်ဆိုပြီး ဝန်ကြီးကျေနပ်မိပါသလား။**

ဟုတ်ကဲ့။ ကျွန်မတို့ ဘယ်တော့မှ စိတ်ကျေနပ်မှု မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ ဘယ်တော့မှ အလုပ်မပြီးပြတ်လို့ပါ။ ခြိမ်းခြောက်မှုတွေ ဆက်ဖြစ်နေပါတယ်။ အချက်အလက်တွေ စုစည်းဖို့၊ ဆန်းစစ်ဖို့ တီထွင်မှုရှိတဲ့ နည်းပညာတွေ လိုအပ်နေပါတယ်။ ဒါပေမဲ့ ဌာနတွင်း သတင်းအချက်အလက် ဖလှယ်မှုကတော့ ပြီးခဲ့တဲ့ ငါးနှစ်ကထက် ပိုကောင်းလာပါတယ်။

**၉/၁၁ တိုက်ခိုက်မှုကာလတုန်းက (အမေရိကန်)လုံခြုံရေးအဖွဲ့တွေကြားမှာပြိုင်ဆိုင်မှုတစ်ခုရှိခဲ့တယ်။ အခုတော့ ပျောက်သွားပါပြီ။ ဝန်ကြီးအနေနဲ့ အဲဒီလိုကိစ္စတွေကြောင့် ၉/၁၁ လိုမျိုးကိစ္စ နောက်တစ်ခါပြန်မဖြစ်တော့ဘူးလို့ ယုံကြည်မှုရှိနေပါပြီလား။ ပြောနိုင်ပါပြီလား။**

ဒါကို ကျွန်မ အများကြီး ယုံကြည်မှု ရှိပါတယ်။ ၉/၁၁ ကို ဖြစ်စေခဲ့တဲ့ အဖြစ်အပျက်တွေကြောင့် ကျွန်မတို့ဟာ အခုလိုလုပ်ထုံးလုပ်နည်းတွေ၊ အလေ့အကျင့်တွေ ရှိလာတာပါ။ ကျွန်မတို့ဌာနမှာတင်မကပါဘူး။ အက်ဖ်ဘီအိုင်နဲ့ အခြားဌာနတွေ အတွင်းမှာပါဖြစ်ပါတယ်။

၉/၁၁ ကိစ္စကို ပုံတူထပ်လုပ်ဖို့ကတော့ မဖြစ်နိုင်ပါဘူး။ ဒါ က ကျွန်မတို့ဟာ နောက်ထပ်ပုံ စံကွဲ တိုက်ခိုက်မှုမျိုး မကြုံရဘူးလို့ ပြောတာမဟုတ်ဘူးနော်။ ကျွန်မတို့ ဘယ်တော့မှ အနားမရနိုင်ပါဘူး။ အားလုံးပြီးပြီလို့ပြောတာနဲ့ ကျွန်မတို့ ရန်သူတွေက နောက်ထပ်တိုက်ခိုက်ပုံနည်းလမ်းတွေ ရှာတွေ့သွားပါလိမ့်မယ်။

**ဝန်ကြီး စိတ်အပူဆုံးက ဘာပါလဲ။ ကိုယ့်ကိုညမှာ လန့်နိုးစေတာ ပြည်တွင်းအကြမ်းဖက်မှုလား၊ ပြည်ပ တိုက်ခိုက်မှုလား။**

ကျွန်မတို့ အခိုင်အမာ အာရုံပြုတဲ့ နှစ်နေရာကို ပြောချင်တယ်။ တစ်ခုက လေကြောင်းပါ။ ယီမင်ပြင်ပမှာ လေယာဉ်ပေါ်မှာ ကားဗုံးတပ်ထားတာမျိုး ကျွန်မတို့ ကြုံဖူးတယ်။ အခြားနည်းတွေဖြစ်တဲ့ လေယာဉ်တစ်စင်းကို ခရီးသည်ကဖြစ်ဖြစ်၊ ကုန်ပစ္စည်းတင်ပြီးပဲဖြစ်ဖြစ် တိုက်ခိုက်ဖို့ ကြိုးစားအားထုတ်မှုတွေလည်း ကြုံဖူးတယ်။ အခုဆိုရင် ပုံစံမျိုးစုံနဲ့ အွန်လိုင်းတိုက်ခိုက်မှုတွေလည်း ဖြစ်နေပါတယ်။ ဒီနေရာဟာ ကျွန်မတို့ ကိုင်တွယ်နေတဲ့ လျင်မြန်စွာကြီးထွားလာတဲ့ နေရာပါပဲ။

**သမ္မတအိုဘားမားဟာ ၂၀၀၈ မှာ သမ္မတဖြစ်တော့ မိန့်ခွန်းထဲမှာ အီရန်ကို မိတ်ဆွေဆက်ဆံရေးလုပ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဒီလိုမျိုး သဘောထားပွင့်လင်းမှုမျိုးက နောက်တစ်ကြိမ်အိုဘားမားသမ္မတအဖြစ်ပြန်အရွေးခံရရင် ရှိမယ်ထင်ပါသလား။ ကျွန်တော် ဝန်ကြီးကို ဒီမိုကရက်တစ်ဦးအနေနဲ့ မေးကြည့်တာပါ။**

အမေရိကန်နိုင်ငံသားတစ်ဦးအနေနဲ့ ကျွန်မရဲ့ တုံ့ပြန်မှုကတော့ကြည့်ပါ။ ဘာဖြစ်မလဲဆိုတာတွေနဲ့ ကျွန်မ မကစားပါဘူး။ ဒါပေမဲ့ ကျွန်မ ပြောနိုင်တာကတော့ အီရန်နဲ့ အခြားနိုင်ငံတွေရဲ့ နျူလက်နက်ပိုင်ဆိုင်ဖို့ အားထုတ်မှုတွေကို ကမ္ဘာ့ဘယ်နိုင်ငံမဆို အားပေးအားမြှောက် မလုပ်သင့်ပါဘူး။

—*Ref: US Security Cheif "never satisfied". Euro news: 12th Oct.*

## အကြမ်းဖက်ရန် ကြံစည်သူနှင့်တွေ့ဆုံရေး အမေရိကန်၏ခွင့်ပြုချက်ရရန် ဘင်္ဂလားဒေ့ရှ်သံတမန်များကြိုးပမ်း

**ဝါရှင်တန်၊အောက်တိုဘာ-၂၀**

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိဖယ်ဒရယ် Reserve Bank အားဖောက်ခွဲရန် ကြံစည်မှုဖြင့် အကြမ်းဖက်မှုစွဲချက်များနှင့် ရင်ဆိုင်နေရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား၏ အမှုအကြောင်း ဆွေးနွေးရန် ဘင်္ဂလားဒေ့ရှ်သံတမန်များသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တရားရေးဌာန အရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံဆွေးနွေးမှုတွင် ဘင်္ဂလားဒေ့ရှ်သံရုံးအရာရှိများနှင့် မသက်သာ့ကွာဇီမိုဟာမက်ရက်စ်ဝမ်နူးလ်အာဆန်နာဖစ်ဆီနှင့်တွေ့ဆုံရေးလည်းပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဖုန်းဖြင့်ပြောကြားသည်။ သို့သော် အသေးစိတ်အချက်အလက်များကို မူ ၎င်းက မပြောကြားပေ။

နာဖစ်(၂၁ နှစ်)သည် အကြမ်းဖက်ဝါဒနှင့်ဆက်စပ်သောစွဲချက်များဖြင့် နယူးယောက်မြို့၌ အာမခံမရဘဲ ထိန်းသိမ်းခံထားရသည်။ နာဖစ်သည် ၎င်းနှင့်ပူးပေါင်းကြံစည်မည့်သူများဟု ၎င်းထင်မြင်သူများနှင့် ပစ္စည်းသိုလှောင်ရုံတစ်ခုစီသို့ ဗင်ကားတစ်စီးနှင့် လိုက်ပါသွားခဲ့ကြောင်း၊ ယင်းနောက်တွင် Federal Reserve ဘဏ်အား ပေါင် ၁၀၀၀ အင်အားရှိဗုံးဖြင့် ဖောက်ခွဲရန် ကြိုးစားခဲ့ကြောင်း ရာဇဝတ်မှုဆိုင်ရာ စွဲချက်တွင် ဖော်ပြထားသည်။

သို့သော် ၎င်းနှင့်ပူးပေါင်းကြံစည်သူဟု ထင်ရသူများမှာ အယောင်ဆောင်ထားသော ထောက်လှမ်းရေးများဖြစ်နေပြီး ဗုံးဆိုသည်မှာလည်း အလုပ်မလုပ်သော ဆဲလ်ဖုန်းတစ်လုံးဖြစ်နေကြောင်း ပေါ်ထွက်ခဲ့သည်။ ပြည်သူလူထုအနေဖြင့် မည်သည့်အချိန်တွင်မှ အန္တရာယ်မရှိခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

—*Ref: LA Times*

7 Day News Journal

# Entertainment

Vol.11, No.33 • OCTOBER 25 , 2012



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အေသင်ချိုဆွေနှင့် တွေ့ဆုံခြင်း

ကြူကြူဟန်

ဝါရင့်အမျိုးသမီး အဆိုတော်တွေ သီဆိုထားတဲ့ သီချင်းဟောင်းတွေကို ပြန်ဆိုထားတဲ့အေသင်ချိုဆွေရဲ့ 'အနီးဆုံးလူ. . နမ်းမှာလား' အယ်လ်ဘမ် ထွက်ရှိလာတဲ့အခါ အရင်ဆိုဟန်တွေကို မမီဘူးလို့ ဝေဖန်သံတွေရှိသလို တစ်ဖက်မှာလည်း အားပေးမှုတွေ ရရှိထားပါတယ်။ အဲဒီအယ်လ်ဘမ်ထဲကမှ 'နေရာတိုင်းမှာ' သီချင်းနဲ့ပရိသတ်တောင်းဆိုမှုအများဆုံးဆုအဖြစ် ရွှေအက်ဖ်အမ်က ချီးမြှင့်တဲ့ဆုကိုလည်း လောလောလတ်လတ် ရရှိထားတဲ့ အေသင်ချိုဆွေနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**အေသင်ရဲ့ 'အနီးဆုံးလူ. . နမ်းမှာလား' စီဒီက ပရိသတ်အားပေးမှုရခဲ့တယ်လေ။ အခုဆို အဲ့ဒီခွေနဲ့ ဆုရခဲ့တယ်နော်။ အစက ဗီစီဒီမရိုက်တော့ဘူး ဆိုပြီး အခု ပြန်ရိုက်ဖြစ်တော့လည်း ကိုယ်တိုင်ထုတ်လုပ်သူ မလုပ်ဖြစ်တာက။**

အဲ့ဒါမရိုက်တော့ဘူးဆိုတာ သီချင်းတွေက နည်းနည်းရိုးတယ်လေ။ ဘယ်လိုရိုက်ရမယ်ဆိုတာ အေသင်စဉ်းစားတာ ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ အဲ့ဒီတော့ ကိုယ့်ဘာသာကိုယ် ဒီအခွေမထွက်ဘဲနဲ့ သီချင်းခွေအသစ်ကို မျှော်နေတဲ့ ပရိသတ်ကရှိတော့ အေသင်က အသစ်ပဲထုတ်တော့မယ်ဆိုပြီးတော့ လုပ်လိုက်တာ၊ ကြားထဲမှာ ပရိုဂျူဆာ မညိုမာက ကမ်းလှမ်းလာပြီး သူထုတ်မယ်ဆိုတာနဲ့ ထုတ်ဖြစ်သွားတာ။ အမှန်တကယ် ပရိုဂျူဆာရှိလို့ ထုတ်ဖြစ်သွားတာပါ။

**မမျှော်လင့်ဘဲ ပရိုဂျူဆာကြောင့် ဗီစီဒီထုတ်ခွင့်ရတော့ အေသင်ဝမ်းသာနေမှာပေါ့။**

အဓိကပရိသတ်တွေကြောင့်ပါပဲ။

စာ(၄၉)သို့

## ဂျပ်စတင်တင်းဘားလိတ်ခ်နှင့် ဂျက်ဆီကာဘီယယ် လက်ထပ်ပြီ

**လော့စ်အိန်ဂျလိစ်၊ အောက်တိုဘာ-၂၀**

ဟောလိဝုဒ်၏ ကျော်ကြားသော စုံတွဲဖြစ်သည့် ဂျပ်စတင်တင်းဘားလိတ်ခ်နှင့်ဂျက်ဆီကာဘီယယ်တို့သည်ပြီးခဲ့သည့်အောက်တိုဘာ ၁၉ရက်က အီတလီနိုင်ငံတောင်ပိုင်းတွင် တရားဝင်လက်ထပ်ခဲ့ကြောင်း သိရသည်။

ယင်းစုံတွဲသည် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများ ရှေ့မှောက်၌လက်ထပ်ပွဲပြုလုပ်ခဲ့ပြီး ပွဲသို့ဘီယယ်၏ 7th Heaven ရုပ်ရှင်မှ တွဲဖက်သရုပ်ဆောင်များဖြစ်သော ဘီဗာလေမစ်ရှယ်၊ အင်ဒီဆမ်းဘာ့ဂ်၊ တင်းဘားလန့်တို့လည်း တက်ရောက်ခဲ့သည်။ မင်္ဂလာပွဲ ဓာတ်ပုံများကို လာမည့်အပတ်ထုတ် People မဂ္ဂဇင်းတွင် ဖော်ပြသွားမည်ဟု သိရသည်။ မင်္ဂလာပွဲနှင့် ပတ်သက်၍ "လက်ထပ်လိုက်တာ တကယ်ကောင်းပါတယ်။ အခမ်းအနားက လှပခဲ့ပြီး သူငယ်ချင်းမိတ်ဆွေတွေ မိသားစုတွေနဲ့ ဝန်းရံကျင်းပခဲ့တာ သိပ်ထူးခြားလှပါတယ်" ဟု၎င်းတို့စုံတွဲကပြောသည်။ ၂၀၀၇မှ စတင်၍ တွေ့ဆုံခဲ့သော ဂျပ်စတင်နှင့် ဂျက်ဆီကာတို့သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် စေ့စပ်ခဲ့ကြသည်။ ဂျပ်စတင်(၃၁နှစ်)နှင့် ဂျက်ဆီကာ(၃၀နှစ်)တို့သည် မင်္ဂလာပွဲကို အိုင်အိုနီးယန်းပင်လယ်အနီး တောင်ကုန်းမြို့ငယ်လေးဖြစ်သည့် ဘာနယ်လ်ဒါမှ ဖရန့်စစ်ကော်ပိုလာ၏ အဆောက်အအုံ ပလာဇိုမာဂရီတာတွင် ကျင်းပခဲ့သည်။

—Ref: Yahoo



## တရုတ်ရုပ်ရှင်မင်းသမီး Ms. Xu Fan နှင့် အေးသူစံ တွေ့ဆုံခြင်း

မြန်မာနိုင်ငံမှာ အောက်တိုဘာ ၁၃ရက်က (၁၁)ကြိမ်မြောက်ကျင်းပတဲ့ တရုတ်ရုပ်ရှင်ပွဲတော်ကို တရုတ်နိုင်ငံမှ မင်းသမီးရှီဖန် (Ms. Xu Fan) တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ တရုတ်ရုပ်ရှင်ပွဲတော်ကို ပထမဆုံးတက်ရောက်တဲ့ တရုတ်ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ်ပြီး သူမခေါင်းဆောင်ပါဝင်ထားတဲ့ After Shock ရုပ်ရှင်ဇာတ်ကားနဲ့ ရုပ်ရှင်ပွဲတော်ကို စတင်ဖွင့်လှစ်ပြသခဲ့တာပါ။ ငလျင်နောက်ခံမိသားစုဇာတ်ကားဖြစ်ပြီး မိခင်နေရာက သရုပ်ဆောင်တာပီပြင်လို့ နိုင်ငံတကာက ဆုတံဆိပ်တွေ၊ ပြည်တွင်းက ရုပ်ရှင်ထူးချွန်ဆုတွေ အများကြီးရရှိထားတဲ့ After Shock ဇာတ်ကားရဲ့ ခေါင်းဆောင်သရုပ်ဆောင်လည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံခရီးစဉ်အတွင်း ပုဂံဘုရားများ သွားရောက်ဖူးမြော်ဖို့အစီအစဉ်ရှိပြီး ရုပ်ရှင်ပွဲတော်ဖွင့်ပွဲတက်ရောက်လာတဲ့ သူမနဲ့ 7 Day News က ရရှိခဲ့တဲ့အချိန် အနည်းငယ်အတွင်းမှာ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါတယ်။

**မြန်မာနိုင်ငံကိုလာရောက်ရတဲ့ခံစားချက်ကို ပြောပြပေးပါ။**

မြန်မာနိုင်ငံကို ရောက်လာရတာ အခြားနိုင်ငံကိုသွားရတာနဲ့ ခံစားချက်က လုံးဝမတူဘူး။ ခင်မင်ရင်းနှီးမှုက အလိုအလျောက်ဖြစ်ပေါ်လာတယ်။ ဘာကြောင့်လဲဆို အိမ်နီးနားချင်းမိတ်ဆွေဆိုတဲ့ ခံစားချက်ကြောင့် ဒီခင်မင်ရင်းနှီးမှုက အလိုအလျောက် ဖြစ်ပေါ်လာခဲ့တာပါ။

**ကျွန်မတို့နိုင်ငံမှာ ရုပ်ရှင်ရိုက်ရင် ဆင်ဆာအဆင့်ကိုဖြတ်သန်းနေရတုန်းပဲ။ တရုတ်ရုပ်ရှင်တွေကရော ဆင်ဆာကိုဖြတ်သန်းရပါသလား။**

စာ(၄၈)သို့



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

## ရန်ကုန်တွင် ပြန်ကျင်းပမည့် အကယ်ဒမီပွဲ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

မြန်မာရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုပေးပွဲကို ယခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့၌ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို တပ်မတော်အစိုးရလက်ထက်တွင် ၂၀၀၅ ခုနှစ်နောက်ပိုင်းမှ စကာ မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်လာသောနေပြည်တော်တွင် ကျင်းပခဲ့ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှာ ဦးအောင်ကြည်ဖြစ်လာချိန်တွင်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့်အနုပညာရှင်များ၏ တောင်းဆိုချက်အရ ၂၀၁၁ ခုနှစ် အတွက် အကယ်ဒမီပွဲကို ရန်ကုန်မြို့တွင် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ နေပြည်တော်တွင် ကျင်းပခဲ့သည့် ငါးနှစ်တာအတွင်း အများပြည်သူ ပရိသတ်တို့ တက်ရောက်ကြည့်ရှုခွင့်မရခဲ့ဘဲ အစိုးရဌာနမှ ဝန်ထမ်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများသာ တက်ရောက်ခဲ့ရသည့် အကယ်ဒမီချီးမြှင့်ပွဲများဖြစ်ခဲ့ပြီး ယခုရန်ကုန်တွင်ကျင်းပမည့်ပွဲတွင်မူ ယခင် ရန်ကုန်ပွဲများကဲ့သို့ အများပြည်သူကြည့်ရှုနိုင်ရန် လက်မှတ်များ ရောင်းချသွားဖွယ်ရှိကြောင်း ဦးရဲထွဋ်က ပြောသည်။

"ရန်ကုန်မှာလုပ်ရတဲ့ အကြောင်းကိုက အနုပညာရှင်နဲ့ပြည်သူတွေစုံစုံညီညီတက်ရောက်နိုင်ဖို့ဖြစ်တဲ့အတွက် အရင်ပွဲတွေလိုမျိုး လက်မှတ်ရောင်းချဖို့က ယေဘုယျအားဖြင့်တော့ မှန်ပါတယ်။ ကျန်တာတော့ ရုပ်ရှင်လုပ်ငန်းက တင်ပြလာတာကို ညှိနှိုင်းရမှာပါ" ဟု ၎င်းကပြောသည်။

၂၀၁၁ ခုနှစ်အတွက် ချီးမြှင့်မည့်အကယ်ဒမီဆုစာရင်းဝင်ဇာတ်ကားမှာ ၁၅ ကားဖြစ်ပြီး ဒရာမာဇာတ်ကားငါးကားသာပါဝင်ကာ ယင်းငါးကားအနက် ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးထားပြီး နိုင်းနိုင်းနှင့် သက်မွန်မြင့်တို့ သရုပ်ဆောင်ထားသည့်'ပန်းကြာဝတ်မှုန်'ဇာတ်ကားမှာ ထူးချွန်ဆုအနည်းဆုံးနှစ်ခုခန့်ရရှိနိုင်ကြောင်း ခန့်မှန်းထင်ကြေးများ ထွက်ပေါ်နေသည်။


## အက်ရှ်တန်ကုချာ ယခုနှစ် ဝင်ငွေအကောင်းဆုံး ရုပ်သံမင်းသားဖြစ်လာ

**လော့စ်အိန်ဂျလိစ်၊ အောက်တိုဘာ-၁၉**

ဟောလိဝုဒ်သရုပ်ဆောင်မင်းသား အက်ရှ်တန်ကုချာသည်အမေရိကန်ရုပ်သံလောက၏ သရုပ်ဆောင်ကြေးအမြင့်ဆုံးရမင်းသားဖြစ်လာကြောင်း Forbes မဂ္ဂဇင်း၏ နှစ်စဉ်ထုတ်ပြန်သည့် စာရင်းတွင် ဖော်ပြထားသည်။

မဂ္ဂဇင်းပါစာရင်းအရ ကုချာသည် ၂၀၁၂ မေလအထိ တစ်နှစ်တာဝင်ငွေ ဒေါ်လာ ၂၄သန်း ရှိခဲ့ပြီး ဝင်ငွေအများစုကို CBS ရုပ်သံရိုးမှ ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းမှာ ရုပ်သံလောက ဝင်ငွေအကောင်းဆုံး မင်းသား ချာလီရှင်းကိုကျော်ဖြတ်နိုင်ခဲ့ပြီး ဆီလီကွန်တောင်ကြားတွင် ရင်းနှီးမြှုပ်နှံမှုမှလည်း ဝင်ငွေများရခဲ့သည်ဆိုသည်။ ချာလီရှင်းသည် ယမန်နှစ် စာရင်းတွင် ဝင်ငွေဒေါ်လာသန်း ၄၀ဖြင့် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ ယခုနှစ်စာရင်းတွင် အက်ရှ်တန်ကုချာနောက်မှ ဟယုခ်ကော်ရီနှင့် ရေးရိုမာနိုတို့က ဝင်ငွေဒေါ်လာ၁၈သန်းခန့်ဖြင့် ဒုတိယနေရာရခဲ့သည်။

—Ref: Xinhua



## စာ-၄၇၊ တရုတ်ရုပ်ရှင်မင်းသမီးနှင့် တွေ့ဆုံခြင်း မှ

ကျွန်မတို့ တိုင်းပြည်မှာလည်း ဆင်ဆာစနစ်ကရှိတော့ရှိပါတယ်။ (ပြုံးလျက်)ဒါပေမဲ့ကျွန်မတို့ကကန့်သတ်ထားတဲ့ အတွင်း ရိုက်မယ်ဆိုရင်တော့ အ ဆင်ပြေပါတယ်။

**မစ္စရှီဖန် သရုပ်ဆောင်ထားတဲ့ After Shock ရုပ်ရှင်ဇာတ်ကားမှာ သားနဲ့ သမီးယှဉ်တော့ သားကို အသက်ဘေးက ကယ်လိုက်တာဟာ တရုတ်ပြည်ရဲ့ သားယောကျ်ားလေးများအပေါ် ဦးစားပေးတဲ့ ပုံရိပ်ကို ထင်ဟပ်စေပါသလား။**

ရုပ်ရှင်ထဲမှာတော့ အဲဒီအတိုင်းဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မက မိခင်တစ်ယောက်ပါ။ ရှင်လည်း မိခင်တစ်ယောက်ဆိုရင်တော့ ဒီခံစားချက်ကို သိမှာပါ။ စကားပြောနိုင်တဲ့လူကို အရင်ဦးစားပေးကယ်ဆယ်ဖို့က အရေးကြီးတာပဲ မဟုတ်ဘူးလားရှင့်။ မိန်းကလေးကို ကယ်ဖြစ်ရင်တော့ ယောကျ်ားလေးကို မကယ်ဖြစ်လိုက်တဲ့အတွက် မိခင်တစ်ယောက်အနေနဲ့ကစိတ်ထဲမှာ ကောင်းနိုင်မှာ မဟုတ်ပါဘူး။ ဒီရုပ်ရှင်ကားကောင်းတာက လူတစ်ယောက်တည်းပိုင်တာလည်း မဟုတ်ဘူး။ နိုင်ငံတစ်ခုခုက ပိုင်တာလည်းမဟုတ်ဘူး။ ဒါလောကရဲ့ လုပ်ထုံးလုပ်နည်းပဲ ဖြစ်လို့ပါ။

**မြန်မာနိုင်ငံမှာ တရုတ်ဇာတ်လမ်းတွဲတွေက တစ်ခေတ်ဖြစ်ဖူးတယ်။ အခုတော့ ကိုရီးယားဇာတ်လမ်းတွဲတွေက နေရာယူလာတယ်။ ဒါဘာကြောင့်လို့ မစ္စရှီဖန် သုံးသပ်မိပါသလဲ။**

တကယ်ကတော့ မြန်မာပြည်သူ၊ပြည်သားတွေဟာ တရုတ်လူမျိုးတွေရဲ့ ယဉ်ကျေးမှုကို သိရှိနားလည်မှု ပိုပြီးရှိကြမယ်ဆိုရင် တရုတ်ပြည်ရဲ့ ရုပ်ရှင် ဇာတ်ကားတွေကိုလည်း ပိုပြီးနှစ်ခြိုက် လာမယ်လို့ ယူဆပါတယ်။ အခုကတော့ လှလှပပ ဝတ်စားဆင်ယင်မှုမျိုးကို နှစ်သက်နေကြပါတယ်။ တရုတ်လူမျိုးတွေကတော့ စိတ်ပိုင်းယဉ်ကျေးမှုကို ပိုပြီးအလေးထားပါတယ်။ ဒါပေမဲ့ တရုတ်ရဲ့ ရုပ်ရှင်ကို ပြည်ပပရိသတ်တွေ ပိုပြီး ကြိုက်နှစ်သက်အောင်၊ ပြန့်ပွားအောင် နည်းလမ်းတွေအများကြီး ရှာဖွေနေပါတယ်။

**တရုတ်ရုပ်ရှင် သရုပ်ဆောင်တွေအတွက် အခုလက်ရှိဈေးကွက်မှာ ရင်ဆိုင်နေရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုက ဘာများဖြစ်မလဲ။**

ရိုးသားဖြူစင်မှုကတော့ ပထမဆုံးဦးစားပေးပါ။ အခုခေတ်ရဲ့ နောက်ဆုံးပေါ် နည်းပညာတွေ ဘယ်လိုပဲသုံးသုံး ရိုးသားဖြူစင်မှုကိုပဲ အလေးထားရမှာပါ။

**တရုတ်နိုင်ငံမှာ ရုပ်ရှင် ရုံပေါင်း တစ်သောင်းကျော်ရှိတော့ ကိုယ့်ဇာတ်ကားတစ်ကားကို ပရိသတ်လာကြည့်ဖို့ ဘယ်အရာက အကြီးမားဆုံး ဆွဲဆောင်မှုဖြစ်နေပြီလဲ။**

ရုပ်ရှင်ကားကောင်းမယ် ဆိုလို့ကတော့ ဘယ်ရုံပဲဖြစ်ဖြစ်လာကြည့်ကြမှာပါ။

**ကျေးဇူးတင်ပါတယ်။**






7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012



## စာ-၄၇၊ အေသင်ချိုဆွေနှင့် တွေ့ဆုံခြင်း မှ

ဘာပဲဖြစ်ဖြစ် ဒီခွေက ပေါက်ထားတဲ့အတွက်အားလုံးကထုတ်စေချင်တယ်။ ပရိုဂျူဆာရှိလာတဲ့အခါကျတော့ ဘာပဲဖြစ်ဖြစ် ဝမ်းသာတာပေါ့နော်။ ပရိသတ်အတွက်လည်း ဝမ်းသာစရာတစ်ခုပါပဲ။ အေသင်လည်း ပရိသတ်အတွက် ဗီစီဒီထုတ်ခွင့်ရတဲ့အတွက်စိတ်ထဲမှာ ပျော်လည်းပျော်တယ်။ ဒီတစ်ခွေလုံးကိုကိုဇေပါရိုက်တာ။ကိုဇေပါနဲ့ကတိုင်ပင်လို့ကောင်းတယ်လေ။

**ညီမဆံပင်ကို တစ်ခေါင်းလုံး ရွှေအိုရောင်ဆိုးဖို့ ဘယ်လိုအိုင်ဒီယာရသွားတာလဲ။**

အေသင်က ဆိုးချင်တာကြာပြီ။ အေသင်က ဘိုမလေးတွေဆို အရမ်းကြိုက်တယ်။ အင်္ဂလိပ်မလေးတွေ သူတို့ရဲ့ အရောင်လေးတွေက ဒီလိုအရောင်လေးတွေ အရမ်းချစ်ဖို့ ကောင်းတယ်။ မျက်နှာလေးကအစ နုသွားတာပေါ့နော်။ ဆိုးချင်တာ မြန်မာနိုင်ငံမှာကျတော့ ကားရိုက်ရှိတာနဲ့ ဘာနဲ့ အမေကလည်း မဆိုးခိုင်းဘူး။ ဆိုးရင်လည်း ဆံပင်ပျက်စီးမှာတဲ့။ ဆိုင်တွေက မဆိုးပေးဘူး။ အဲ့ဒါ ကိုရီးယားရောက်တော့နန်းဆုနဲ့အေသင်နှစ်ယောက်သား ဆံပင်သွားဆိုးလိုက်ကြတာ။

**သွားခဲ့တဲ့ ခရီးက ကိုရီးယားနိုင်ငံမှာဖျော်ဖြေတာပထမဆုံးလို့ သိရတယ်။ ပရိသတ်ကို အတွေ့အကြုံလေးတွေ ဝေမျှပေးပါဦး။**

ကိုရီးယားမှာ အစစအရာရာ အဆင်ပြေပါတယ်။ အဆင်ပြေတယ်ဆိုတာ ပွဲလုပ်တဲ့ ကန်ထရိုက်တွေက အရမ်းသဘောကောင်းတယ်။ သူတို့က အကုန်လုံးလိုက်ပို့ပေးတယ်။ တော်တော်လည်ပတ်ခဲ့ပါတယ်။ တော်တော်လည်း ပင်ပန်းခဲ့တယ်။ ဒါပေမဲ့ ပင်ပန်းရကျိုးနပ်ပါတယ်။ နေရာအစုံရောက်ခဲ့တယ်။

**ကိုယ် ဟိုး အရင်က အခုအချိန်အထိ ကြိုက်နေဆဲ ပြည်တွင်း၊ပြည်ပ အနုပညာရှင်တွေက ဘယ်သူဖြစ်မလဲ။**

ပြည်ပမှာဆို အေသင်အရမ်း ခရေဇီဖြစ်တာ နှစ်ယောက်ရှိတယ်။ ပထမက ဘရစ်တနေစပီးယား၊ ဘီယွန်းဆေး သူတို့နှစ်ယောက်က အေသင်ရဲ့ ဟီးရိုးလို့ ပြောလို့ ရတယ်။ ပြည်တွင်းမှာဆိုလို့ရှိရင် ဟိုးအရင်ထဲက ကြိုက်တာဆိုရင် မတင်ဇာမော်ကိုကြိုက်တယ်။ မဖြူဖြူကျော်သိန်း၊ အခုနောက်ပိုင်းဆို မချမ်းချမ်း ကြိုက်တယ်။အန်တီမေဆွိ၊အန်တီဟေမာတို့ရဲ့သီချင်းကိုအေသင်နားထောင်တာတော်တော်များပါတယ်။

**အေသင်ရဲ့ အရင်ဖက်ရှင်ပုံစံက ခပ်မိုက်မိုက်စတိုင်လေးတွေ၊ အခုနောက်ပိုင်းဖက်ရှင်က မိန်းကလေးဆန်တဲ့ ဖက်ရှင်တွေဝတ်တာများလာတယ်နော်။**

အေသင်က ယောက်ျားလေးလို နေတာများတယ်။ တကယ်ကြိုက်တာကျတော့ အဲလိုမျိုးလေး အနုအရွထက်ကို မိုက်တဲ့ဘက်ကို ပိုကြိုက်တယ်။ မိုက်မိုက်ခပ်မာမာ ထန်ထန်ကိုပိုကြိုက်တယ်။ နောက်ပိုင်းကျတော့လည်း မြန်မာပြည်ရဲ့ ရေစီးကြောင်းအရ တစ်လိုင်းတည်း မရဘူး။ လိုင်းပေါင်းစုံ လုပ်ရမယ်ဆိုပြီ လုပ်ဖြစ်လာတာပါ။

**ဝိတ်နည်းနည်းပြန်တက်လာတယ်နော်။ ဝိတ်ပြန်မထိန်းတော့ဘူးလား။**

ခန္ဓာကိုယ်ကတော့ ဆက်လက်ထိန်းသိမ်းသွားမှာပါ။ ခန္ဓာကိုယ်က တက်လွယ်၊ ကျလွယ်ဆိုတော့ ခရီးသွားပြီး ပြန်လာရင် အစားမှန်၊ အအိပ်မှန် ပင်ပန်းရင် အေသင် ပိုပြီးတော့ ဝတယ်။ အိမ်မှာနေရင်တော့ လေ့ကျင့်ခန်းလုပ်ဖြစ်တော့ သိပ် မတက်ဘူး။

**၂၀၁၂ က အေသင်အတွက် အပြောင်းအလဲများတဲ့ နှစ်လို့ ပြောလို့ရလား။**

**သီတင်းကျွတ်လည်း နီးပြီဆိုတော့ သီတင်းကျွတ်ကာလမှာ ဘယ်လိုအစီအစဉ်တွေလုပ်ဖို့စီစဉ်ထားလဲ။**

သီတင်းကျွတ်ကတော့ ပွဲတွေပဲ ရှိပါတယ်။ ဒါတွေနဲ့ပဲ လုံးပန်းသွားရမှာ။ တန်ဆောင်မုန်းလပြည့်မှာ အေသင်'အနီးဆုံးလူ . . နမ်းမှာလား' ဗီစီဒီကို ပရိမိုရှင်းလုပ်မယ်။

**ရှိုးပွဲတိုင်းမှာ ပရိသတ်က 'တင်းတယ် . . တင်းတယ်' သီချင်းကို အမြဲတောင်းတုန်းပဲလား။**

ပွဲတိုင်းလိုလို 'တင်းတယ် တင်းတယ်' သီချင်းပဲ။ အခုအချိန်ထိ ဘယ်သွားသွား မရိုးသေးဘူး။ ပရိသတ်တွေနဲ့ စိတ်ချင်းတိုက်ဆိုင်လို့ ထင်တယ်။


**ကိုရီးယားအဆိုတော် PSY ရဲ့ ဂန်နမ်စတိုင်သီချင်းက ဂင်းနစ်စံချိန်တောင်ကျော်သွားတယ်။ တစ်ကမ္ဘာလုံး အားပေးမှု ရနေတယ်လေ။ မြန်မာပြည်မှာလည်း ခေတ်စားနေတယ်။ အေသင်ရော အဲ့ဒီအဆိုတော်ကို အားမကျဘူးလား။**

အားကျမိပါတယ်။ သူက တော်တော်လည်း ကြိုးစားထားပါတယ်။ သီချင်းဆိုတာတော့ တော်တော်ကြာပြီ။ ဒါပေမဲ့ အခုမှ သီချင်းတစ်ပုဒ်ထဲနဲ့ နာမည်ကြီးသွားတာ။ သူကတာလေးကြည့်လိုက်ရင် အရမ်းပေါ့ပါးတယ်။ သူ့ခန္ဓာကိုယ်နဲ့တောင်မလိုက်ဘူး။ အရမ်းကြိုက်တယ်။ ကြည့်မိတော့ ကိုယ်တောင်လိုက်ကမိတယ်။ ကြိုက်လည်း ကြိုက်တယ်။

**သရုပ်ဆောင်ပိုင်းနဲ့ပတ်သက်ပြီးတော့အေသင်ဘာတွေလုပ်ဖို့ရှိလဲ။**

အခုလောလောဆယ် အေသင်ကားရိုက်လက်မခံသေးဘူး။ ဒီဆံပင်ကြောင့်လည်း ပါတယ်။ ဒီဆံပင်နဲ့လည်း အေသင်သီချင်းတွေ ဆိုချင်သေးတယ်။ အဲ့ဒီအခါကျတော့ လက်မခံဖြစ်ဖူးပေါ့နော်။ လက်ခံဖြစ်ရင် ကိုယ့်အတွက် လုပ်ကွက်ကျန်မယ့် ဇာတ်လမ်းမျိုးပေါ့။


### Movie Review
### Chasing Mavericks




ငယ်ငယ်လေးကတည်း ကပင် ပင်လယ်ကမ်းခြေတွင် လှိုင်းစီးခြင်း ဝါသနာထုံသူ ပါရမီရှင် လူငယ်လေးတစ်ယောက်သည် mavericks ဟုခေါ်သည့် အလွန်ကြီးမားပြီး အန္တရာယ်များသော လှိုင်းလုံးကြီးများကိုစီးရန်ပြင်ဆင်သည်။

သို့သော် လူငယ်လေးက သူ့တွင် အတွေ့အကြုံ အလုံအလောက်မရှိခြင်းကို သတိပြုမိပြီး ဝါရင့်လှိုင်းစီးသမားကြီး ဟက်ဆန်၏ အမြော်အမြင်နှင့် အကြံဉာဏ်ကို ရယူရန် ဆုံးဖြတ်လိုက်သည်။ လူကြီးနှင့် လူငယ်ကြား ဖြစ်ပေါ်လာသော သံယောဇဉ်နှင့် စောင့်ရှောက်မှုက မည်သည့်စွန့်စားမှုမျိုးကိုမဆို ကိုင်တွယ်ရန် အသင့်ဖြစ်လာသည်။

ဖြစ်ရပ်မှန်ဇာတ်လမ်း၊ ဒရာမာနှင့် သဘာဝတရားကို အခြေခံထားသော ဇာတ်ကားအား ဒါရိုက်တာ Curtis Hanson နှင့် Michael Apted တို့က ရိုက်ကူးထားပြီး Gerard Butler, Jonny Weston, Elisabeth Shue တို့ ဦးဆောင်ပါဝင်ထားသည်။ 20th Century Fox က အောက်တိုဘာ ၂၆ တွင် ဖြန့်ချိမည်ဖြစ်သည်။



Sports
7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# ရီးရဲလ်မက်ဒရစ် အကယ်ဒမီမှ နည်းပြသုံးဦး မြန်မာလူငယ်ဘောလုံးကစားသမားများကို လာရောက်သင်ကြားပေးမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၂**

စပိန်နိုင်ငံမှကမ္ဘာကျော်ရီးရဲလ်မက်ဒရစ်ဘောလုံးအသင်း အကယ်ဒမီမှ နည်းပြဆရာသုံးဦးသည် မြန်မာနိုင်ငံသို့လာရောက်၍ ယူ-၁၄၊ ယူ-၁၆ ကစားသမားများကို သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ နည်းပြဆရာသုံးဦးသည် ရန်ကုန်မြို့တွင် လာမည့် နိုဝင်ဘာလ ၁၆ ရက်မှ ၂၅ ရက်အထိ မြန်မာလူငယ်များသာမက နည်းပြဆရာများကိုလည်း သင်ကြားပို့ချမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်စက်တင်ဘာလက အင်္ဂလန်နှင့် လီဗာပူး ဘောလုံးသမားဟောင်း ဂျွန်ဘမ်းသည်လည်း မြန်မာယူ-၁၂ ကစားသမားများကို လာရောက်သင်ကြားမှုများ ပြုလုပ်ပေးခဲ့သည်။ အဆိုပါ အစီအစဉ်များမှာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် အကျိုးတူဆောင်ရွက်နေသော Digicel ကုမ္ပဏီ၏ စီစဉ်မှုဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့အဆင့်ရှိတဲ့ ဘောလုံးသမားဟောင်းတွေ၊ နည်းပြတွေ လာရောက်သင်ပေးတဲ့အတွက် မြန်မာလူငယ်လေးတွေအနေနဲ့ကမ္ဘာ့အဆင့်ဘောလုံးပညာတွေနဲ့ ထိတွေ့သင်ယူခွင့် ရရှိစေပါတယ်။ နောက်လက်ရှိကိုယ့်အခြေအနေနဲ့ သူတို့အခြေအနေနဲ့ ကွာဟချက် ဘယ်လောက်ရှိတယ်ဆိုတာလည်း သိရတဲ့အတွက် အလွန်အကျိုးရှိစေပါတယ်" ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်အဖွဲ့ဝင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရီးရဲလ်မက်ဒရစ်အကယ်ဒမီ နည်းပြဆရာများအနေဖြင့်မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)မှ ယူ-၁၄ နှင့် ယူ-၁၆ ကစားသမားများကို ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ နည်းပြဆရာများသည် မြန်မာနေရှင်နယ်လိဂ်လူငယ်အသင်းများ၊ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) နှင့် ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဌာနမှ နည်းပြဆရာများကိုလည်း သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ၁၂ နှစ်အောက် လက်ရွေးစင်အသင်းကို ပဏာမ ကစားသမား ၄၀ ဦးဖြင့်ဖွဲ့စည်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊အောက်တိုဘာ-၂၀**




နိုင်ငံတကာလူငယ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ အသက် ၁၂ နှစ်အောက် လူငယ်လက်ရွေးစင်အသင်းကိုပဏာမကစားသမား ၄၀ ဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါကစားသမားများသည် ပြီးခဲ့သည့် စက်တင်ဘာလက ဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းကျင်းပခဲ့သည့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည် အသက် ၁၂ နှစ်အောက် ဘောလုံးပြိုင်ပွဲမှ ကစားသမားများကို ရွေးချယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ပဏာမကစားသမား ၄၀ ထဲတွင် အောက်မြန်မာပြည်အသင်းမှ ကစားသမား ၂၁ ဦးပါဝင်ပြီး အထက်မြန်မာပြည်အသင်းမှ ကစားသမား ၁၉ ဦးပါဝင်ခဲ့သည်။ ၎င်းကစားသမားများထဲမှ အပြီးသတ်ရွေးချယ်မှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ပြီး အသက် ၁၂ နှစ်အောက် လူငယ်လက်ရွေးစင်အသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပဏာမကစားသမားတွေထဲကရယ်နောက်အကယ်ဒမီတွေက ခြေစွမ်းအကောင်းဆုံးလူငယ်တွေကို လူငယ်လက်ရွေးစင်အသင်းအတွက် ရွေးချယ်သွားမှာပါ။ လာမယ့် 2013 AFC U-13 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပြင်ဆင်သွားမှာပါ။ လောလောဆယ်တော့ လူရွေးချယ်မှုတွေ ပြုလုပ်ထားမှာဖြစ်ပြီး ကလေးတွေပညာရေး မထိခိုက်အောင် စခန်းသွင်းလေ့ကျင့်မှုကိုတော့ နွေရာသီကျောင်းပိတ်ရက်၊မတ်လလောက်မှာစတင်ပြုလုပ်သွားမှာပါ"ဟုမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးကဆိုသည်။

အောက်မြန်မာပြည်ကို ရွေးချယ်ခံထားရသည့် ကစားသမား ၂၁ ဦးကို နိုဝင်ဘာ ၁ ရက်တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌လည်းကောင်း၊ အထက်မြန်မာပြည်မှ ကစားသမား ၁၉ ဦးကို နိုဝင်ဘာ ၂၅ ရက်တွင် မန္တလေးဘောလုံး အကယ်ဒမီ၌လည်းကောင်း အပြီးသတ်လူရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဗဟန်းနှင့် သုဝဏ္ဏလေ့ကျင့်ကွင်းများကို မြက်ခင်းတုကွင်းအဖြစ် တည်ဆောက်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဗဟန်းအားကစားကွင်းနှင့် သုဝဏ္ဏလေ့ကျင့်ရေးကွင်းနေရာများတွင် မြက်ခင်းတုဘောလုံးကွင်း နှစ်ကွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်ဘောလုံးအကယ်ဒမီ တည်ဆောက်မည့် သုဝဏ္ဏလေ့ကျင့်ရေးကွင်းအမှတ်(၃)(၄) မြေနေရာတွင် မြက်ခင်းတုကွင်းတစ်ခုပါဝင်မည်ဖြစ်ပြီး ဗဟန်းအားကစားကွင်းကိုလည်း မြက်ခင်းတုကွင်းအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်ဘောလုံးအကယ်ဒမီမှာကတော့ မြက်ခင်းတုကွင်းတစ်ကွင်းပါမှာပါ ဗဟန်းအားကစားကွင်းမှာ လုပ်မယ့် မြက်ခင်းတုကွင်းကတော့ အမျိုးသမီးသက်တမ်းအလိုက် လက်ရွေးစင်အသင်းတွေ လေ့ကျင့်ရေးကွင်းအဖြစ် အသုံးပြုနိုင်ဖို့ ရည်ရွယ်ပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။

ရန်ကုန်မြို့တွင် လက်ရှိ၌ ရန်ကုန်ယူနိုက်တက်အသင်းပိုင် (လှိုင်)မြက်ခင်းတုကွင်းတစ်ကွင်းရှိပြီး အထက်ပါကွင်းများ ဆောက်လုပ်ပြီးစီးပါက မြက်ခင်းတုကွင်း စုစုပေါင်းသုံးကွင်းရှိလာမည်ဖြစ်ဖြစ်သည်။ ထို့ပြင် ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကလပ်အသင်းများ လေ့ကျင့်ရေးကွင်းအဆင်ပြေမှုရှိစေရန် ရည်ရွယ်၍ လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်တွင် ၁၉ ဧကကျော် ကျယ်ဝန်းသော မြေနေရာတစ်ခုကိုလည်း ငှားရမ်းထားပြီး လေ့ကျင့်ရေးကွင်းများ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"လှိုင်မြို့နယ်က ငှားထားတဲ့ မြေနေရာမှာ အဖွဲ့ချုပ်က လေ့ကျင့်ရေးကွင်းတွေ တည်ဆောက်ဖို့တော့ ရည်ရွယ်ထားပါတယ်။ မြေနေရာ အကျယ်အဝန်းအရတော့ လေ့ကျင့်ရေးကွင်းနှစ်ကွင်း ဆောက်လို့ရပါတယ်။ ဒါပေမဲ့ အဖွဲ့ချုပ်က လေ့ကျင့်ရေးကွင်းတွေ ဆောက်ပြီးမှ အသင်းတွေကို ငှားမလား၊ မြေနေရာပဲ ငှားမလားဆိုတာတော့ ကလပ်အသင်းတွေနဲ့လည်း ဆွေးနွေးရဦးမှာပါ" ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ကွင်းရုံဒါရိုက်တာ ဦးဇော်လင်းက ပြောသည်။

လက်ရှိ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းအချို့မှာ လေ့ကျင့်ရေးကွင်း အခက်အခဲရှိနေသည်။ အများစုမှာ ကျိုက္ကဆံလေ့ကျင့်ရေးကွင်း၊ တက္ကသိုလ်လေ့ကျင့်ရေးကွင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း စသည်တို့တွင် လေ့ကျင့်လျက်ရှိကြပြီး ကလပ်အသင်းအချို့တွင်သာ ကိုယ်ပိုင်လေ့ကျင့်ရေးကွင်း ရှိကြသည်။

# ယူ-၁၉ မြန်မာအမျိုးသမီးဘောလုံးအသင်း အုပ်စုပထမအဖြစ် ခြေစစ်ပွဲအောင်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၁**


အာရှယူ-၁၉ ပထမအဆင့် ခြေစစ်ပွဲဝင်မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်အားလုံး အနိုင်ရရှိကာ အုပ်စုပထမနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

**စာ(၄၅)သို့**



7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# ကြေးအမြင့်ဆုံးဖြင့် ပြည်ပတွင် သွားကစားမည့် ဘော်လီဘောလက်ရွေးစင်ကစားသမား



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၁၈**

မြန်မာလက်ရွေးစင်ဘော်လီဘောကစားသမားအောင်သူသည် လစာကန်ဒေါ်လာ ခြောက်ထောင်ဖြင့် ပြည်ပသို့ သွားရောက်ကစားမည်ဖြစ်ရာ ပြည်တွင်းကစားသမားများအနက် လစာအများဆုံးရရှိသူ ဖြစ်လာမည် ဖြစ်သည်။

ဗီယက်နမ်လိဂ်ပြိုင်ပွဲဝင် Army-9 အသင်းက မြန်မာ့လက်ရွေးစင်ကစားသမား အောင်သူအား ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး မြန်မာကစားသမားသည် တစ်လစာချုပ်ဖြင့် အဆိုပါအသင်း၌ သွားရောက်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ သတင်းရရှိသည်။

အသက် ၂၀ နှစ်အရွယ်ရှိ အောင်သူသည်ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ရန်ကုန်မြို့၌ပြုလုပ်ခဲ့သည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ် ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုနှင့် အကောင်းဆုံးဆု သုံးဆုရရှိထားသူဖြစ်သည်။

“ဗီယက်နမ်ကလပ်က အောင်သူကို ပထမလစာ ကန်ဒေါ်လာ ၄,၅၀၀ နဲ့ စတင်ကမ်းလှမ်းတာပါ နောက်တော့ ညှိနှိုင်းမှုအရ ကန်ဒေါ်လာ၆,၀၀၀ နဲ့သဘောတူညီမှု ရရှိခဲ့ပြီး အပိုဆုကြေးနဲ့ဆိုရင် လစာစုစုပေါင်း ဒေါ်လာ ၇,၀၀၀ လောက်ရမှာပါ” ဟု အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က ပြည်ပသို့သွားရောက်ကစားဖူးသည့် ဘော်လီဘောကစားသမားများသည် လစာအများဆုံးကန်ဒေါ်လာ ၃,၀၀၀ ဝန်းကျင်ခန့်ရရှိခြင်းက အများဆုံးဖြစ်ပြီး ယခုအောင်သူရရှိသည့် လစာသည် ဘော်လီဘောကစားသမားများတွင်သာမက အခြားအားကစားနည်းများတွင်လည်း မရရှိဖူးကြောင်း စုံစမ်းသိရှိရသည်။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ခန့်က ပြည်ပနိုင်ငံများတွင် ဆုကြေးစားသွားရောက် ကစားခဲ့ဖူးသည့် နာမည်ကြီး မြန်မာ့လက်ရွေးစင်ဘောလုံးသမားတိုက်စစ်မှူးဟောင်း ဦးမျိုးလှိုင်ဝင်းက ၎င်းတို့လက်ထက်က လစာအဖြစ်ဒေါ်လာ ၁၅၀၀ မှ ၂၀၀၀ ကြားသာ ရရှိခဲ့ကြောင်း၊ ယခုအချိန်တွင် အားကစားသမားများအနေဖြင့် အခွင့်အလမ်းများပိုမိုရရှိလာသည့်အတွက် ကြိုးစားရန် အကြံပြုလိုကြောင်း ပြောကြားသည်။

အောင်သူသည် ဗီယက်နမ်ကလပ်သို့ အောက်တိုဘာလ ၂၆ ရက်မှ နိုဝင်ဘာလ ၂၆ ရက်အထိ တစ်လစာချုပ်ဖြင့် သွားရောက်ကစားမည်ဖြစ်သည်။ ၎င်းသည် ၂၀၁၁ ခုနှစ်က ထိုင်းလိဂ်ပြိုင်ပွဲဝင်အသင်းတစ်သင်း၌ ငါးလကြာ သွားရောက်ကစားခဲ့ဖူးပြီး ထိုစဉ်က လစာကန်ဒေါ်လာရှစ်ရာသာ ရရှိခဲ့ရာ ယခုဗီယက်နမ်ကလပ်တွင်မူ အဆိုပါလစာထက် ခုနစ်ဆကျော်ရရှိခြင်းဖြစ်သည်။

အောင်သူသည် ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသဇာတိဖြစ်ပြီး ၂၀၀၈ တွင် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် မြန်မာလူငယ်လက်ရွေးစင်အသင်းအတွက်စတင်ရွေးချယ်ခံရပြီး လက်ရှိတွင် မြန်မာလက်ရွေးစင်ဘော်လီဘော အသင်းကစားသမားဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘော်လီဘော ကစားသမားဖြစ်သူ ကျော်ရွှေသည်လည်း ဗီယက်နမ်ကလပ် Army-1 အသင်းတွင် လစာကန်ဒေါ်လာ ၃,၀၀၀ ဖြင့် နိုဝင်ဘာလ ၂ ရက်မှ ၂၆ ရက်အထိ သွားရောက်ကစားမည်ဖြစ်ကြောင်း သိရှိရသည်။

# လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန် အာရှထိပ်သီးအသင်းများကို ကမ်းလှမ်း



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

ဆူဇူကီးဖလားသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသည့်မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ခြေစမ်းကစားရန်အတွက် အာဖရိကမှ ကင်မရွန်းအသင်း အပါအဝင် အာရှထိပ်သီးအသင်းများအား ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

အဖွဲ့ချုပ်သည် ယူအေအီး၊ ဘာရိန်း၊ အိန္ဒိယ၊ တာ့ခ်မင်နစ္စတန်၊ တရုတ်လက်ရွေးစင်အသင်းများအပြင် အာဖရိကမှ ကင်မရွန်းအသင်းကိုလည်း ယခုလ ၁၉ ရက်က တရားဝင်ကမ်းလှမ်းထားကြောင်း သိရသည်။ သို့သော် အဆိုပါ အသင်းများအနက် တရုတ်ဘောလုံးအဖွဲ့ချုပ်ကမူ ခြေစမ်းပွဲအားလာရောက်ကစားဖြစ်လိမ့်မည် မဟုတ်ဟု အကြောင်းပြန်ခဲ့ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဆူဇူကီးဖလားခြေစစ်ပွဲ အောင်မြင်ပြီးနောက် နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း၌ နောက်ဆုံးအဆင့် ပွဲစဉ်များကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲမတိုင်မီ နိုဝင်ဘာ ၁၄ ရက်၌ ရန်ကုန်မြို့တွင် ပြည်ပအသင်းတစ်သင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားနိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆိုသည်။

“ဆူဇူကီးဖလား မတိုင်ခင်မှာ ပြည်ပအသင်းတစ်သင်းနဲ့ ခြေစမ်းကစားနိုင်ဖို့ ကြိုးစားစီစဉ်နေပါတယ်။ နိုင်ငံခြားအသင်းတွေကို ကမ်းလှမ်းထားပေမယ့် အကြောင်း ပြန်ကြားမှုတော့ မရသေးပါဘူး” ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူးဦးဘန်နီတင်အောင်က အောက်တိုဘာ ၂၀ ရက်တွင် ပြောသည်။

ဖိတ်ကြားထားသည့် အသင်းများအနေဖြင့် ထိပ်သီးအသင်းများဖြစ်သည့်အတွက် အဆိုပါအသင်းများနှင့် ခြေစမ်းရပါက

စာ(၅၂)သို့



7 DAY NEWS JOURNAL
ရ ရက် သတင်းဂျာနယ်
Vol.11, No.33 ▪ OCTOBER 25 , 2012

### စာ(၅၁) - လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန် အာရှထိပ်သီးအသင်းများကို ကမ်းလှမ်း မှ

မြန်မာအသင်းအတွက် အလွန် အကျိုးရှိနိုင်ကြောင်း လေ့လာသူများက ဆိုသည်။ ကင်မရွန်းအသင်းသည် လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် ၇၁ ဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ခြောက်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည့် အသင်းဖြစ်သည်။

ဆူဇူကီးဖလား ခြေစစ်ပွဲပြီးနောက် ပြည်တွင်းရှုံးထွက်ဖလား ပြိုင်ပွဲရှိသည့်အတွက် မြန်မာ့ လက်ရွေးစင်အသင်း စခန်းဝင် လေ့ကျင့်မှုအား ခေတ္တရပ်နားထားခဲ့ပြီး လာမည့် နိုဝင်ဘာလဆန်းပိုင်းမှသာ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာနည်းပြ ပတ်ဆောင်ဟွာအနေဖြင့် ခြေစစ်ပွဲမှ လူစာရင်းအား အပြောင်းအလဲ ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း ပြောကြားထားပြီး ရှုံးထွက်ပြိုင်ပွဲများသို့လည်း လိုက်လံကြည့်ရှုလျက်ရှိသည်။

ပြီးခဲ့သည့် အောက်တိုဘာလဆန်းက ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် ဆူဇူကီးဖလားခြေစစ်ပွဲစဉ်တွင် မြန်မာအသင်းသည် လာအိုအသင်းနှင့်အတူ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ နောက်ဆုံးအဆင့် ပြိုင်ပွဲများကို လာမည့် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အောင်မြေသာလမ်း၊ အမှတ်(၁၁၃/၃-က)နေ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော **စီအမ်(စ်)ပိုလာရစ်(စ်) ကုမ္ပဏီ လီမိတက်** သည်အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ပါသည်။

e-city by polaris
Reg.No. 4/10712/2012

e-city
Reg.No. 4/10713/2012

e-city
Reg.No. 4/10714 /2012

အထက်တွင်ကပ်နှိပ် ဖော်ပြထားသော တံဆိပ်အမည် အမှတ်အသားဖြင့် မိုဘိုင်းဖုန်း၊ IT ပစ္စည်းများအားနိုင်ငံခြားမှတင်သွင်း၍ လက်လီလက်ကားရောင်းချခြင်း၊ ဝန်ဆောင်မှုများပေးခြင်းနှင့် ဖြန့်ဝေခြင်းစသည်တို့ကို မြန်မာနိုင်ငံတဝှမ်းလုံးတွင် ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ် အသားကို ခွင့်ပြုချက်မရဘဲဖြစ်စေ၊ စာလုံးပုံစံပြောင်း၍ဖြစ်စေ၊ တစ်နည်းနည်းတုပ၍ ဖြစ်စေ၊ ပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လက်လီလက်ကားဖြန့်ချိရောင်းချခြင်းတို့ကို တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 — 25.Oct.2012

# ချယ်လ်ဆီး-မန်ယူ၊ ကာတာနီးယား-ဂျူဗီ၊ မာယော့ကာ-ရီးရဲလ်တို့၏ ဥရောပလိဂ်ပွဲစဉ်များ ပွဲကြိုခန့်မှန်းချက်

ဒီတစ်ပတ်ရဲ့ ဥရောပလိဂ်ပွဲစဉ်တွေမှာတော့ ပရီးမီးယားလိဂ်ပွဲတွေက ဒါဘီပွဲတွေအပြင် ချယ်လ်ဆီး-မန်ယူ ထိပ်တိုက်တွေ့ဆုံမှုလည်း ပါလာပါတယ်။ စပိန်ပွဲစဉ်တွေထဲမှာတော့ ဇယားထိပ်က ဘာစီလိုနာနဲ့ အသလက်တီကိုမက်ဒရစ်ပွဲတွေက အဓိက စောင့်ကြည့်သွားရမှာပါ။ အီတလီစီးရီးအေမှာလည်း အဝေးကွင်းကစားရမယ့် ဂျူဗီနဲ့ အိမ်ကွင်းနိုင်ပွဲရှာမယ့် နာပိုလီတို့ရဲ့ပွဲတွေကို စောင့်ကြည့်ရမှာပါ။



**ပရီးမီးယားလိဂ်**

**၂၇၊ အောက်တိုဘာ၊ စနေ**

**အာဆင်နယ်-ကျူပီအာ**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ်- ၁-၀

အာဆင်နယ်တို့ ခက်ခဲတဲ့ လန်ဒန်ဒါဘီကို ပြိုင်ရမှာပါ။ ကျူပီအာဟာ မာကျော့တဲ့အသင်းဖြစ်ပြီး အာဆင်နယ်လွယ်လွယ်နဲ့ ဂိုးရဖို့ခက်တယ်။ ခြေစွမ်းအရ အာဆင်နယ်သာပေမယ့် ဂိုးနည်းပြီးကပ်နိုင်မယ့်ပွဲပါ။

**မန်စီးတီး-ဆွမ်းဆီး**
(ည ၁၁း၀၀ နာရီ)
ယမန်နှစ်ရလဒ်- ၄-၀

မန်စီးတီးအိမ်ကွင်းမှာ ဆွမ်းဆီးကို တစ်ခါမှ မရှုံးဖူးပေမယ့် သတိထားရမှာပါ။ ဂိုးနည်းနိုင်တယ်။ မန်စီးတီး အများဆုံး နှစ်ဂိုးလောက်ပဲ ရပါမယ်။

**၂၈၊ အောက်တိုဘာ၊ တနင်္ဂနွေ**

**အဲဗာတန်-လီဗာပူး**
(ည ၈း၀၀ နာရီ)
ယမန်နှစ်ရလဒ်- ၀-၂

ရေးဗားဆိုက်ဒါဘီ နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာ လီဗာပူးက လေးကြိမ်နိုင်ပြီး အဲဗာတန်က တစ်ကြိမ်နိုင်တယ်။ ဒါပေမဲ့ အကြိတ်အနယ်ပွဲတစ်ပွဲ ဖြစ်လာမှာပါ။ လီဗာပူး ဂိုးများဖို့မရှိဘူး။ ကပ်နိုင်မယ်။ သရေပွဲလည်း ဖြစ်နိုင်တယ်။

**ချယ်လ်ဆီး-မန်ယူ**
(ည ၁၀း၃၀ နာရီ)
ယမန်နှစ်ရလဒ်- ၃-၃

ချယ်လ်ဆီးအိမ်ကွင်းခြေစွမ်း အမြင့်ဆုံးဖြစ်နေချိန် မန်ယူနဲ့တွေ့တာပါ။ မန်ယူတို့ စပါးကို ကပ်ရှုံးခဲ့တဲ့ပုံမျိုး မဖြစ်ဖို့လိုပါတယ်။ ချယ်လ်ဆီးအနည်းငယ်သာနေပြီး အပြန်အလှန် သွင်းဂိုးတွေနဲ့ ချယ်လ်ဆီး ကပ်နိုင်မယ်။

**စီးရီးအေ**

**၂၈၊ အောက်တိုဘာ၊ တနင်္ဂနွေ**

**မီလန်-ဂျီနိုအာ**
(နံနက် ၁း၁၅ နာရီ)
ယမန်နှစ်ရလဒ်- ၁-၀

ဒီနှစ်သင်းတွေ့တိုင်းပြီးခဲ့တဲ့ တွေ့ဆုံမှုတွေအရ ဂိုးမပြတ်ဘူး။ ဂိုးနည်းတဲ့ပွဲ ဖြစ်လာပါမယ်။ မီလန်ရှေ့တန်းမှာ ပါတို မပါဝင်နိုင်သေးဘဲ ဘိုဂျန်၊ ဘိုတန်းတို့နဲ့ ပွဲထွက်ရင် ဂိုးနည်းမယ့်ပွဲပဲ။ ဂျီနိုအာ သရေရနိုင်ခြေ ပါးပါးလေး ရှိတယ်။

**ကာတာနီးယား-ဂျူဗင်တပ်**
(နံနက် ညနေ ၆း၀၀ နာရီ)
ယမန်နှစ်ရလဒ်- ၁-၁

ဇယားထိပ်က ဂျူဗီတို့ အဝေးကွင်းဆိုပေမယ့် ရလဒ်ကောင်းမှာပါ။ အဝေးကွင်းမှာလည်း တိုက်စစ်ကောင်းနေတဲ့ ဂျူဗင်တပ်ကိုပဲ နှစ်ဂိုးလောက်ရမယ် မှန်းပါတယ်။

**၂၉၊ အောက်တိုဘာ၊ တနင်္လာ**

**နာပိုလီ-ချီယေဗို**
(နံနက် ၂း၁၅ နာရီ)
ယမန်နှစ်ရလဒ်- ၂-၀

နာပိုလီအိမ်ကွင်းခြေစွမ်း အကောင်းဆုံးဖြစ်နေတယ်။ ဇယားအောက်နားက ချီယေဗိုကို နှစ်ဂိုးလောက်ရအောင် ကစားသွားမှာပါ။ သရေဖြစ်ဖို့ ရာခိုင်နှုန်းနည်းတယ်။

**စပိန်လာလီဂါ**

**၂၈၊ အောက်တိုဘာ၊ တနင်္ဂနွေ**

**ဗယ်လီကာနို-ဘာစီလိုနာ**
(နံနက် ၂း၃၀ နာရီ)
ယမန်နှစ်ရလဒ်- ၀-၇

ယမန်နှစ်ကလို ဂိုးမပြတ်တောင် ဘာကာတို့ လက်ရှိ ခြေစွမ်းနဲ့ နှစ်ဂိုးအသာလောက် ရသွားမှာပါ။ အိမ်ရှင်တို့ သရေရဖို့တောင် မဖြစ်နိုင်ဘူး။

**၂၉၊ အောက်တိုဘာ၊ တနင်္လာ**

**အသလက်တီကိုမက်ဒရစ် - အိုဆာဆူနာ**
(နံနက် ၁း၁၅ နာရီ)
ယမန်နှစ်ရလဒ်- ၀-၀

အကြိတ်အနယ်ဖြစ်မယ့်ပွဲပါ။ အသလက်တီကိုတို့ နိုင်ပွဲရဖို့ ကြိုးစားရမှာဖြစ်ပြီး အိုဆာဆူနာ ဇယားအောက်ခြေက ဆိုပေမယ့် ဒုက္ခပေးနိုင်တယ်။ ဂိုးနည်းနည်းပဲ အိမ်ရှင်တို့ နိုင်မယ့်ပွဲပါ။

**မယော့ကာ-ရီးရဲလ်မက်ဒရစ်**
(နံနက် ၃း၀၀ နာရီ)
ယမန်နှစ်ရလဒ်- ၁-၂

အဝေးကွင်းမှာ ရီးရဲလ်တို့ အခြေအနေကောင်းနိုင်ပါတယ်။ ရာသီအဖွင့်မှာ ဇယားထိပ်က အသင်းတချို့နဲ့ အမှတ်ပြတ်နေပေမယ့် နိုင်ပွဲပြန်ရမှာပါ။ ရီးရဲလ် အပြန်အလှန် သွင်းဂိုးတွေနဲ့ နိုင်ဖွယ်ရှိတယ်။

Worldwide & USA Patented
Prefer™ series of PATENTED hygienic products:
Made In Singapore
Prefer™ Pillowcase
ကူးစက်ရောဂါများအတွက် အကောင်းဆုံးကာကွယ်ပေးနိုင်သည့် စင်္ကာပူနိုင်ငံထုတ်
Prefer™
တခါသုံးကျန်းမာရေးခေါင်းအုံးစွပ်

Prefer™ တခါသုံးကျန်းမာရေးခေါင်းအုံးစွပ်ကို အသုံးပြုနေသည့် စင်္ကာပူနိုင်ငံမှ နာမည်ကြီးအထူးကုဆေးရုံကြီးများ
Singapore General Hospital · Tan Tock Seng Hospital · National University Hospital · KK Women's & Children's Hospital · Gleneagles Hospital · Mount Elizebeth Hospital · East Shore Hospital · Mount Avernia Hospital · Changi General Hospital · Raffles Hospital · National Cancer Centre

Prefer™ တခါသုံးကျန်းမာရေးခေါင်းအုံးစွပ်ကို အသုံးပြုနေသည့် မြန်မာနိုင်ငံမှ နာမည်ကြီးအထူးကုဆေးရုံကြီးများ
ရန်ကုန် → ဆာကူရာအထူးကုဆေးရုံ၊ သုခကမ္ဘာအထူးကုဆေးရုံ၊ ရွှေဂုံတိုင်အထူးကုဆေးရုံ၊ ရွှေလမင်းအထူးကုဆေးရုံ၊ မေတ္တာဆေးခန်း
မန္တလေး → နန်းတော် နန်းတော်အထူးကုဆေးရုံ၊ တော်ဝင်အထူးကုဆေးရုံ။
နေပြည်တော် → သီရိသုခအထူးကုဆေးရုံ။

မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်
Appointed Myanmar Sole Distributor : Asia Greatest Sky Co., Ltd.
Web : www.agsmm.com
Email : customerservice@agsmm.com
အမှတ် (၄၆) 3A၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၅၄၀၂၉၉၇၊ ၀၉ ၂၂၂၀၃၇၁၊ ၀၉ ၄၂၅၀၂၆၅၀၀

# ဆီးရီးယားငြိမ်းချမ်းရေးအတွက် အထူးကိုယ်စားလှယ်ရောက်ရှိလာစဉ် တိုက်လေယာဉ်များက မြို့ငယ်လေးကိုတိုက်ခိုက်

**ဒမတ်စကပ်စ်၊**
**အောက်တိုဘာ-၂၀**

အပစ်အခတ်ရပ်စဲရေးတိုက်တွန်းရန်အတွက် ငြိမ်းချမ်းရေးကိုယ်စားလှယ် လက်ဒါဘရာဟီမီ တစ်ယောက် ဒမတ်စကပ်စ်မြို့သို့ ရောက်ရှိလာစဉ်မှာပင် ဆီးရီးယား ဂျက်လေယာဉ်များက သူပုန်များ ထိန်းချုပ်ထားသော မြို့နယ်လေး တစ်မြို့ကို ပစ်ခတ်တိုက်ခိုက်ကြသည်။

အစ်၊အယ်လ်၊အက်ဟာ မွတ်ဆလင်အားလပ်ရက်များအတွင်း အောက်တိုဘာ ၂၆ ရက်မှစ၍ လေးရက်တာ အပစ်အခတ်ရပ်စဲရေးဖြစ်ပေါ်ရန် မစ္စတာဘရာဟီမီက ကြိုးစားနေသည်။ ၁၉ လကြာမြင့်ခဲ့ပြီဖြစ်သော ပဋိပက္ခအတွင်း လူပေါင်း ၃၄,၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်ရာ ယခုပစ်ခတ်ရပ်စဲမှုမှနေ၍ ပို၍တာရှည်သော အပစ်အခတ်ရပ်စဲမှု ဖြစ်ပေါ်လာမည်လား မျှော်လင့်နေကြသည်။

"ကျွန်တော် ဒီမှာ အစိုးရရဲ့ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ဆီးရီးယားအခြေအနေကို ဆွေးနွေးသွားပါမယ်"ဟု ဒမတ်စကပ်စ်လေဆိပ်တွင် မစ္စတာဘရာဟီမီက ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် အာရပ်အဖွဲ့ချုပ်ခေါင်းဆောင် နာဘီလ်အယ်လ်အာရာဘီကလည်း အထူးကိုယ်စားလှယ်၏ တိုက်တွန်းမှုကို နာခံကြရန်နှင့် မွတ်ဆလင်အားလပ်ရက်များအတွင်း အကြမ်းဖက်မှု၊ တိုက်ခိုက်မှုမှန်သမျှကို ရပ်ဆိုင်းထားကြရန် နှစ်ဖက်စလုံးအား တိုက်တွန်းထားသည်။

ထိုအတောအတွင်း ဒမတ်စကပ်စ်မြို့နှင့် တိုက်ပွဲများဖြစ်ပွားနေသော အလက်ပိုမြို့ အဝေးပြေးလမ်းမပေါ်ရှိ မာရက်အယ်နူမန်မြို့အား တိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များက ပစ်မှတ်ရှာတိုက်ခိုက်နေကြောင်း သိရသည်။ *—Ref: AFP*



Photo - Reuters

# နှစ်ပေါင်း ၈၀ နီးပါး ပုံနှိပ်ထုတ်ဝေခဲ့သော နယူးစ်ဝိခ်မဂ္ဂဇင်း ၂၀၁၃ တွင် ဒစ်ဂျစ်တယ်မှုဖြင့်သာ ရပ်တည်တော့မည်

**နယူးယောက်၊**
**အောက်တိုဘာ-၁၈**

နှစ်ပေါင်း ၇၉ နှစ်ကြာ အမေရိကန်လူမှုဘဝများကို မှတ်တမ်းတင်ထုတ်ဝေပြီးနောက် နယူးစ်ဝိခ်မဂ္ဂဇင်းသည် ၎င်း၏ နောက်ဆုံးပုံနှိပ်မှုကို ယခုနှစ်ဒီဇင်ဘာလကုန်တွင် ထုတ်ဝေပြီးနောက် ဒစ်ဂျစ်တယ်မှုဖြင့်သာ အွန်လိုင်း၌ ဆက်လက်ရပ်တည်သွားတော့မည်ဟုသိရသည်။

ယခုကဲ့သို့ ပုံနှိပ်မှုမှ ဒစ်ဂျစ်တယ်မှုသို့ အပြောင်းအလဲသည် နယူးစ်ဝိခ်ကဲ့သို့ လူအများဖတ်ရှုသည့် မဂ္ဂဇင်းများအပေါ် အင်တာနက်၏ အကျိုးသက်ရောက်ကြီးမားလာခြင်းကို ဖော်ပြနေသည်။ ၂၀၀၅ မှစ၍ နယူးစ်ဝိခ်မဂ္ဂဇင်းသည် စောင်ရေထက်ဝက်ခန့် ကျဆင်းခဲ့ရပြီး စောင်ရေ ၁ ဒသမ ၅ သန်းသာရှိခဲ့သည်။ ကြော်ငြာစာမျက်နှာများလည်း ၈၀ ရာခိုင်နှုန်းကျော် ထိုးကျခဲ့ပြီး နှစ်စဉ် အကြမ်းဖျင်းအားဖြင့် ဒေါ်လာသန်း ၄၀ ခန့် ဆုံးရှုံးခဲ့ရသည်။

တိုင်းမ်မဂ္ဂဇင်း အယ်ဒီတာဟောင်းတစ်ဦးက ၁၉၃၃ ခုနှစ်တွင် တည်ထောင်ခဲ့သော နယူးစ်ဝိခ်မဂ္ဂဇင်းသည်ဆယ်စုနှစ်များစွာကြာအောင်ပင် အမေရိကန်လူမျိုးများ၏ ကော်ဖီစားပွဲများ၌ နေရာယူခဲ့ကာ ဗီယက်နမ်စစ်ပွဲအကြောင်းမှသည် ရုပ်ရှင်သုံးသပ်ချက်များအထိ အကြောင်းအရာစုံဖြင့် ဆွဲဆောင်နိုင်ခဲ့သည်။

၂၀၁၃ နှစ်ဆန်းပိုင်းတွင် ဒစ် ဂျစ်တယ် ပုံစံသစ်ဖြင့် ထွက်ရှိမည့် နယူးစ်ဝိခ်မဂ္ဂဇင်းကို နယူးစ်ဝိခ်ဂလိုဘယ် Newsweek Global ဟု ခေါ်တွင်မည်ဖြစ်ကြောင်း Newsweek / Daily Best Co ၏ အယ်ဒီတာချုပ်တီနာဘရောင်းက ပြောသည်။

*—Ref:WSJ/Global Post*

# သြစတြေးလျတောမီးများ ကျေးလက်နေအိမ်များကို ခြိမ်းခြောက်နေ

**နယူးဆောက်ဝေးလ်စ်၊**
**အောက်တိုဘာ-၂၀**

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်စ်ပြည်နယ်တွင် တောမီးများ ထိန်းမနိုင်သိမ်းမရ လောင်ကျွမ်းလျက်ရှိရာ အနည်းဆုံး နေအိမ်နှစ်လုံး မီးစွဲလောင်သွားခဲ့ပြီဖြစ်ရာ Upper Lansdowne ဒေသမှ အခြားနေအိမ်ပေါင်း ၁၁၀ သို့လည်း အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

တောမီးကြောင့် သစ်တောမြေ ၁၀ ဟက်တာကျော် လောင်ကျွမ်းသွားခဲ့ပြီဖြစ်သည်။ ဆက်လက်၍ တောမီးလောင်ကျွမ်းမှုသည် ဂန်ဂူလီလမ်းမဘက် ကျေးလက်နေအိမ်ပေါင်း ၃၀ ခန့်ရှိရာ နေရာသို့ဦးတည်သွားနေကြောင်း နယူးဆောက်ဝေးလ်စ်ကျေးလက်မီးသတ်ဌာနမှ ပြောခွင့်ရအမျိုးသမီး ဘရိုင်ဒီအိုကော်နာက ပြောကြားသည်။

"အဲဒီနေရာကို မီးသတ်သမား ၂၀ လောက် ပို့လွှတ်ထားပါတယ်။ သူတို့ကို မီးသတ်လေယာဉ်တွေကလည်းအကူအညီပေးနေပါတယ်"ဟု သူမက သြစတြေးလျသတင်းဌာန AAP သို့ ပြောကြားသည်။

"သူတို့တစ်တွေက အခြေအနေကို တိုးတက်အောင် လုပ်ဆောင်နိုင်ပြီး တောမီးဟာ အိမ်တွေဆီ ရောက်မသွားဘူးလို့ မျှော်လင့်ရပါတယ်"ဟု သူမကဆက်လက်ပြောကြားသည်။

မီးလောင်ရာဒေသတွင် အပူချိန် ၃၈ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်နေပြီး လေတိုက်နှုန်းမှာလည်း တစ်နာရီလျှင် ၃၅ မိုင်နှုန်း ရှိကြောင်း သိရသည်။

*—Ref: AAP*



7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012



ပြီးခဲ့သည့်စက်တင်ဘာလက တရားရုံးကအတည်ပြုပြီးဖြစ်သော်လည်း ကူဝိတ်အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ဖြစ်သူ ရှိတ်ဆာဘာ အယ်လ်အာမက် အယ်လ်ဆာဘာ၏ ရွေးကောက်ပွဲ ဥပဒေပြင်ဆင်ရန် ဆုံးဖြတ်ချက်ကို ကူဝိတ်အတိုက်အခံများဘက်မှ ထောက်ခံသူများက အောက်တိုဘာ ၂၁ ရက်တွင် ကူဝိတ်စီးတီး၌ ဆန့်ကျင်ဆန္ဒပြရာတွင် လုံခြုံရေးတပ်ဖွဲ့များ၏ ဖြိုခွင်းမှုကြောင့် အကာအကွယ်ယူရန် ပြေးလွှားနေစဉ်
Photo - AFP

# ကူဝိတ်နိုင်ငံ ကန့်ကွက်ဆန္ဒပြမှုများတွင် လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရ

**ကူဝိတ်စီးတီး၊ အောက်တိုဘာ-၂၂**

လူထောင်ပေါင်းများစွာ ပါဝင်သော ကန့်ကွက်ဆန္ဒပြသူများနှင့် ကူဝိတ်ရဲတပ်ဖွဲ့များအကြား ထိပ်တိုက်တွေ့မှုများ ဖြစ်ပေါ်ခဲ့ပြီး ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများနှင့် ရာဘာကျည်ဆန်များ အသုံးပြုခဲ့ရာ ဆန္ဒပြသူ ၁၀၀ နှင့် ရဲတပ်ဖွဲ့ဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများနှင့် အရာရှိများက ပြောကြားသည်။

ကူဝိတ်စော်ဘွားရှိတ်ဆာဘာအယ်လ်အာမက်အယ်လ်ဆာဘာက ရွေးကောက်ပွဲဥပဒေအား ပြင်ဆင်လိုက်ခြင်းအပေါ် ကန့်ကွက်ဆန္ဒပြရန် အတိုက်အခံများက တိုက်တွန်းခဲ့သည်။ ယင်းအပြောင်းအလဲမှာ ခိုင်းတာလုပ်မည့် ပါလီမန်ကို ရွေးကောက်တင်မြှောက်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု တက်ကြွလှုပ်ရှားသူများကပြောသည်။

"အဲဒီ အမိန့်ကို ပြည်သူတွေက ပယ်ဖျက်ပစ်ချင်ပါတယ်"ဟု ရဲများပိတ်ဆို့ထားသည့်လမ်းများပေါ်တွင် ချီတက်ဆန္ဒပြနေသော ကန့်ကွက်သူများကအော်ဟစ်ကြသည်။

ကန့်ကွက်ဆန္ဒပြသူများက စော်ဘွား၏ရုံး၊ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ရုံးများ တည်ရှိရာ ဆီအစ်နန်းတော်သို့ ချီတက်လိုကြသော်လည်း ရဲတပ်ဖွဲ့က ပိတ်ဆို့တားဆီးခဲ့သည်။

"အမိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့က တိုက်ခိုက်ပြီးတဲ့နောက် ဆေးရုံကိုရောက်လာတဲ့ ထိခိုက်ဒဏ်ရာရသူ ၁၀၀ ကျော်ရှိပါတယ်"ဟု ကူဝိတ်လူ့အခွင့်အရေးအဖွဲ့ ဒါရိုက်တာမိုဟာမက် အယ်လ်ဟူမိုက်ဒီက ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

ကူဝိတ်ပြည်ထဲရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တစ်ရပ်၌ ဆန္ဒပြသူများက ကျောက်ခဲများနှင့်ပစ်ပေါက်ခဲ့၍ ရဲတပ်ဖွဲ့ဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားပြီး တစ်ဆက်တည်းမှာပင် ဆန္ဒပြသူများက ရမ်းရမ်းကားကား ပြုမူလာသောကြောင့် ရဲတပ်ဖွဲ့က ဝင်ရောက်ကိုင်တွယ်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

—*Ref: AP*

# အီရန်နှင့် တိုက်ရိုက်ဆွေးနွေးရေး အမေရိကန်အမတ်များကြား အငြင်းပွား

**ဝါရှင်တန်၊အောက်တိုဘာ-၂၂**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်နှင့် အမေရိကန်တိုက်ရိုက်ဆွေးနွေးမည်ဆိုခြင်းကို အမေရိကန် ဥပဒေပြုအမတ်များအကြား သဘောမတူဘဲ ကွဲလွဲနေကြသည်။

တစ်ဖက်နှင့်တစ်ဖက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရန် သဘောတူညီလိုက်သည်ဆိုသော သတင်း များအပေါ် အိုဘားမားအစိုးရနှင့် တီဟီရန်တို့၏ ငြင်းဆိုမှုများ ထွက်ပေါ်လာစဉ်မှာပင် ဒီမိုကရက်တစ်နှင့် ရီပက်ဘလေကန်ပါတီနှစ်ရပ်လုံးမှ အမတ်များက ၎င်းတို့၏ သဘောထားများ အသီးသီးထုတ်ပြန်ပြောကြားနေကြခြင်း ဖြစ်သည်။

သမ္မတအိုဘားမားကမူ အီရန်နိုင်ငံအပါအဝင် အမေရိကန်သည် ဆန့်ကျင်ဘက်နိုင်ငံများနှင့် ပြောဆိုဆွေးနွေးရေးကို အမြဲတမ်းတံခါးဖွင့်ထားကြောင်း ပြောဆိုထားသည်မှာ ကြာပြီဖြစ်သည်။ နယူးယောက်တိုင်းမ်စ်သတင်းစာကြီးကလည်း အီရန်နှင့် အမေရိကန်တိုက်ရိုက်တွေ့ဆုံဆွေးနွေးရန် နှစ်ဖက်အရာရှိများကြား သဘောတူညီခဲ့ကြောင်း ဖော်ပြခဲ့သည်။

ယင်းနောက် နာရီအနည်းငယ်အကြာမှာပင် ယင်းသို့သော သဘောတူညီချက်ရရှိခဲ့သည်ဆိုခြင်းကို အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ ပြောခွင့်ရပုဂ္ဂိုလ်က ငြင်းဆိုလိုက်သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးကလည်း အမေရိကန်နှင့် ဆွေးနွေးမှု၊ အပေးအယူလုပ်ခြင်းမရှိကြောင်း ပြောဆိုသည်။

ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် ရစ်ချက်ဒါဘင်က Fox News အစီအစဉ်တွင် စကားပြောကြားရာ၌ အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းမှုများမှနေ၍ အီရန်နိုင်ငံက ၎င်း၏နျူလက်နက်ရယူရေးကြိုးပမ်းမှုကိုစွန့်လွှတ်ခြင်းဖြစ်ပေါ်လာပါက အကောင်းဘက်သို့ ဦးတည်လာခြင်းဟု ထည့်သွင်းပြောကြားသွားသည်။

သို့သော် ရီပက်ဘလေကန်အမတ် လင်းဆေးဂရာဟမ်ကမူ ယင်းကိုငြင်းဆို၍ အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် အချိန်ဝယ်လိုက်ခြင်းသာဖြစ်ကြောင်း ပြောကြားသည်။

—*Ref: VOA*

# ဂျော်ဒန်နိုင်ငံတွင် လူ ၁၁ ဦးပါဝင်သော အယ်လ်ကိုင်ဒါ အကြမ်းဖက်စီမံကိန်း ဖော်ထုတ်နိုင်

**အာမန်၊အောက်တိုဘာ-၂၂**

ဂျော်ဒန်အစိုးရသည် နိုင်ငံခြားသားများ၊ သံတမန်အဖွဲ့များ၊ ဈေးဝယ်စင်တာများအား အသေခံတိုက်ခိုက်ရန်စီမံထားသည့်အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်သော လူ ၁၁ ဦးပါ အကြမ်းဖက်စီမံကိန်းတစ်ခုကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ ဂျော်ဒန်နိုင်ငံပိုင် ပီထရာသတင်းဌာန၏ ဖော်ပြချက်အရ အဆိုပါအဖွဲ့ကို နိုင်ငံ၏ အထွေထွေထောက်လှမ်းရေးဌာနက ဖော်ထုတ်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဖမ်းမိထားသည့် သံသယတရားခံများသည် ဈေးဝယ်စင်တာများ၊ သံတမန်အဖွဲ့များ၊ နိုင်ငံခြားသားများနှင့် အခြားအဓိကကျသော နေရာများကို ကားဗုံးခွဲခြင်း၊ စက်သေနတ်များ၊ မော်တာများ သုံး၍ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်ရန် ပြင်ဆင်ထားကြောင်း သိရသည်။ ၎င်းတို့ကို ထောက်လှမ်းရေးသတင်းများအရ စောင့်ကြည့် ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ဂျော်ဒန်တရားစီရင်ရေးနယ်ပယ်မှ ပုဂ္ဂိုလ်တစ်ဦးကအမှုတွင် ဖမ်းဆီးထားသူ သံသယရှိသူ တရားခံများကို နိုင်ငံတော်လုံခြုံရေးဆိုင်ရာ စစ်ခုံရုံးဖြင့် စတင်စစ်ဆေးနေပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းသို့ ပြောသည်။ ပီထရာသတင်းဌာနသည် ဖမ်းဆီးမိသော သံသယတရားခံဟု သံသယရှိသူ ၁၁ ဦး၏ ပုံများကိုလည်း ပုံနှိပ်ဖော်ပြခဲ့သည်။

ဂျော်ဒန်ပြန်ကြားရေးဝန်ကြီး ဆာမီမာယာတာက ထိုတရားခံများသည် အိမ်နီးချင်းဆီးရီးယားမှ ဂျော်ဒန်သို့ ဝင်လာခြင်းဖြစ်ကြောင်း ပြောသည်။ ဂျော်ဒန်သည် ပဋိပက္ခထူပြောသော အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်၏ အဓိက မဟာမိတ်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် နိုင်ငံဖြစ်သော်လည်း အယ်လ်ကိုင်ဒါနှင့် ဆက်နွှယ်သော အကြမ်းဖက်မှုများကို မကြာခဏရင်ဆိုင်ရဖူးသည်။ ၂၀၀၅ က မြို့တော်အာမန်တွင် ဇိမ်ခံဟိုတယ်များ၌ အယ်လ်ကိုင်ဒါအဖွဲ့၏ အသေခံဗုံးခွဲမှု သုံးကြိမ်ကြောင့် လူပေါင်း ၆၀ အသက်ဆုံးရှုံးခဲ့ရသည်။

—*Ref: AFP*








Korean Ginseng Multivitamins & Minerals
Top-Roll Soft Caps.
Christmas & New Year Promotion
တော့(ပ်)ရိုး ကိုရီးယားဂျင်ဆင်းအားဆေး၏ ဆေးကတ်ခွံများနှင့် လက်ဆောင်ပစ္စည်းလဲလှယ်ပေးခြင်းအစီအစဉ် စတင်လိုက်ပါပြီ ...။
100 mg
DAE HWA PHARM.CO.,LTD.
AA MEDICAL PRODUCTS LTD.




ပွေး၊ ညှင်း၊ ယားနာ ကင်းစင်အောင်
နိုင်ဇိုရယ်လ် ကိုဆောင်
Nizoral
ketoconazole
တစ်နေ့တစ်ကြိမ်
မှန်မှန်လိမ်းပါ
ဆေးလိမ်းပြီး (၁) နာရီအတွင်း
(၁၆) နာရီကြာစ်သော ဆေးအာနိသင်အစွမ်းကြောင့်
တစ်နေ့တစ်ကြိမ်သာ လိမ်းရန်လိုသည်။
Nizoral သည်အရေပြားရောင်ရမ်းခြင်း၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ၊ အရေပြားရောဂါအမျိုးမျိုးနှင့်
မှိုရောဂါအမျိုးမျိုးတို့ကို အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ပျောက်ကင်းစေပါသည်။
JANSSEN-CILAG

7 DAY NEWS JOURNAL

# International

Vol.11, No.33 • OCTOBER 25 , 2012

## ခြိုးခြံချွေတာရေး အစီအစဉ်နှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံတစ်ဝန်း ကန့်ကွက်ဆန္ဒပြ

**လန်ဒန်၊အောက်တိုဘာ-၂၂**
ငွေကြေးသုံးစွဲမှု အကြီးအကျယ် ဖြတ်တောက်ခြင်းနှင့် အလုပ်အကိုင်ပေါင်း သန်းနှင့်ချီ၍ ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သော ကွန်ဆာဗေးတစ်ပါတီအစိုးရ၏ ခြိုးခြံချွေတာမှုအစီအစဉ်များကို ဆန့်ကျင်၍ အောက်တိုဘာ ၂၀ ရက်က ဗြိတိန်နိုင်ငံတစ်ဝန်းတွင်လူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လန်ဒန်၊ဂလတ်စဂိုနှင့်ဘဲလ်ဖက်စ်မြို့များတွင် ကန့်ကွက်ချီတက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဆန္ဒပြသူများက သာမန်ပြည်သူများ၏ ဘဝကို ထိခိုက်ပျက်စီးစေသော မူဝါဒများကို ချက်ချင်းလက်ငင်း ပြန်လည်သုံးသပ်ရန် တောင်းဆိုကြသည်။

စာ(၄၅)သို့




Photo - AFP

အလုပ်အကိုင်များနှင့် စီးပွားရေးတိုးတက်မှုတို့ကို အရင်ဆုံးဖြစ်ထွန်းစေမည့် စီးပွားရေးမဟာဗျူဟာတစ်ရပ် ချမှတ်ရန် အစိုးရ၏ ခြိုးခြံချွေတာရေးပေါ် လစီများအား ဆန့်ကျင်ဆန္ဒပြနေသော လူတစ်ဦးကို လန်ဒန်မြို့တော် အလယ်ပိုင်း ဒေါင်းနင်းလမ်းပြင်ပ၌ အောက်တိုဘာ ၂၀ ရက်က တွေ့ရပုံ။ လန်ဒန်တွင် လူထောင်ပေါင်းများစွာသည် ဗြိတိသျှအစိုးရ၏ ခြိုးခြံချွေတာရေးဥပဒေများကို ဆန့်ကျင်သည့်အနေဖြင့် ချီတက်ဆန္ဒပြခဲ့ကြသည်။



## တရုတ်နှင့် ကုန်သွယ်ရေး အငြင်းပွားမှုတွင် မလျှော့နိုင်ဟု အီးယူအကြီးအကဲ ပြောကြား

**ဘရပ်ဆဲလ်၊အောက်တိုဘာ-၂၂**
မျှမျှတတမရှိဘဲ ယှဉ်ပြိုင်နေရသည်ဟု ၎င်းတို့ယူဆသော စက်မှုလုပ်ငန်းများအား ဥရောပသမဂ္ဂက အကာအကွယ်ပေးခြင်းကို အလျှော့ပေးသွားမည်မဟုတ်ကြောင်း၊ သို့သော် နှစ်ဖက်စလုံးက ကိုယ့်အကျိုးစီးပွားကိုယ်လုပ်ခြင်းဖြင့် ထိခိုက်ပျက်စီးမှုများနိုင်သောကုန်သွယ်ရေးစစ်ပွဲ မဖြစ်စေရန် ကာကွယ်နိုင်ကြောင်း ဥရောပသမဂ္ဂ၏ ကုန်သွယ်ရေးဆိုင်ရာ အကြီးအကဲ ကာရယ်ဒီဂုတ်ချ်က ပြောကြားသည်။

ဥရောပနှင့် တရုတ်နိုင်ငံကြား ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများမှာ မကြာသေးမီလများအတွင်း ပိုမိုကြီးထွားလာသည်။ တရုတ်ကုမ္ပဏီများက နေစွမ်းအင်သုံး ဆိုလာပြားများကို ဈေးပေါပေါနှင့် ဥရောပတွင် လာရောက်ရောင်းချနေသည်ဟု ဥရောပကုမ္ပဏီများက စွပ်စွဲခဲ့ပြီး

စာ(၄၅)သို့

## အမေရိကန်တွင် ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွား၍ လူ ၂၃ ဦးသေဆုံး

**နယူးဂျာစီ၊အောက်တိုဘာ-၂၂**
အမေရိကန်နိုင်ငံတွင်မသန့်ရှင်းသောစတီးရွိုက်ထိုးဆေးများဖြင့် ကုသမှုခံယူပြီးနောက် ဦးနှောက်ဖုံးအမြှေးပါးမှိုစွဲရောင်ရမ်းခြင်းရောဂါရရှိပြီး အသက်ဆုံးရှုံးသူ ၂၃ ဦးအထိရှိလာကြောင်း သိရသည်။

တင်နက်ဆီပြည်နယ်တွင် ရှစ်ဦးသေဆုံးခဲ့ရာ ယင်းမှာ ရောဂါဖြစ်ပွားသော ပြည်နယ်များတွင် အများဆုံးဖြစ်သည်။ မြောက်ကယ်ရိုလိုင်းနားပြည်နယ်တွင်လည်း လူတစ်ဦး စတင်သေဆုံးခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး (CDC)၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ **စာ(၄၅)သို့**

## တရုတ်ကုန်တင်သင်္ဘော မီးလောင်မှုဖြစ်ပွား သင်္ဘောသား ၆၄ ဦးကို ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ကယ်တင်

**တိုကျို၊အောက်တိုဘာ-၂၁**
ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် မီးလောင်နေသော ကုန်တင်သင်္ဘောတစ်စီးမှ တရုတ်သင်္ဘောသား ၆၄ ဦးစလုံးကို အိုကီနာဝါကျွန်း အရှေ့တောင်ဘက် ၉၄ မိုင်အကွာ ပင်လယ်ပြင်မှ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၂၀ ရက်က အဆိုပါ မင်ယန်ကုန်တင်သင်္ဘောပေါ်တွင် မီးလောင်နေကြောင်း တရုတ်တိုင်ပေအာဏာပိုင်များ၏ အကြောင်းကြားချက်ရပြီးနောက် ဂျပန်အာဏာပိုင်များသည် အခင်းဖြစ်ရာသို့ ကင်းလှည့် ရေယာဉ်များနှင့် လေယာဉ်တစ်စင်းပို့လွှတ်ကာ ကယ်တင်စေခဲ့ခြင်းဖြစ်သည်။ တရုတ်သင်္ဘောသားအားလုံးကို ထိုနေ့နံနက် ၃ နာရီ ၄၇ မိနစ်တွင် ကယ်တင်နိုင်ခဲ့ကြောင်း သုံးဦးခန့်သာ

စာ(၄၅)သို့



Photo - AFP



ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အာချပ်ပို
Vol.11, No.33 • OCTOBER 25 , 2012

# နန်းခင်ဇေယျာ ဖီဗာ

**အေးမြကျော်**

သည်ရက်ပိုင်းအတွင်းမြန်မာနိုင်ငံ ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် အများဆုံးနေရာယူထားသည်မှာ တစ်ကမ္ဘာလုံး ဟိုးဟိုးကျော်နေသော တောင်ကိုရီးယား အဆိုတော်၏ ဂမ်နန်းစတိုင်လ်လည်း မဟုတ်သလို မိန်းကလေးတွေ သည်းသည်းလှုပ်သော ဗြိတိန်အဆိုတော်အဖွဲ့ One Direction ရဲ့ ဂီတဗီဒီယို အသစ်အကြောင်းလည်း မဟုတ်ခဲ့ပါ။

နှစ်ပေါင်း ၅၀ ကြာမှ ပထမဆုံးအနေနှင့် နိုင်ငံတကာအလှမယ်ပြိုင်ပွဲစင်မြင့်ထက်တွင်မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်နေသော ပအို့ဝ်တိုင်းရင်းသူ နန်းခင်ဇေယျာအကြောင်းကသာ မြန်မာလူမျိုးများ အသုံးပြုမှုအများဆုံး လူမှု ကွန်ရက်ဖြစ်သည့် ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် အများဆုံးနေရာယူထားခဲ့လေသည်။

တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အင်တာနက်သုံးစွဲသူ သုံးသိန်းကျော်သာရှိမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာပေါ်မှာ အင်တာနက်သုံးစွဲသူဦးရေ အနည်းဆုံးနိုင်ငံစာရင်းထဲမှာပင်ရှိနေသေးသည့်မြန်မာပရိသတ်များ၏ မဲပေးရွေးချယ်မှုဖြင့် မစ္စအင်တာနက်ဆုနှင့်ပရိသတ်အကြိုက်ဆုံးဆုနှစ်ဆုကို နန်းခင်ဇေယျာ ဆွတ်ခူးခဲ့သည်။

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် နိုင်ငံပေါင်း ၆၈ နိုင်ငံမှ လှပျိုဖြူများ ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံတကာ အလှမယ်ပြိုင်ပွဲ Miss International 2012 ပွဲတွင်ပြိုင်ဘက်များ သတိပြုမိကာ အံ့အားတသင့် မေးယူရသည်အထိ နန်းခင်ဇေယျာကို အင်တာနက်မှ အားပေးသူများ၏ မဲများက အထူးပင်များပြားခဲ့သည်။ Miss International ပြိုင်ပွဲသည်ကမ္ဘာတွင် အဆင့်၄ ရှိသော နိုင်ငံတကာအလှမယ်ရွေးချယ်ပွဲဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြသော အလှမယ်အားလုံးကို အင်တာနက်မှတစ်ဆင့် မဲပေးရွေးချယ်မှုကို အောက်တိုဘာ ၈ ရက်မှ ၁၉ အထိ ၁၂ရက်ကြာ ရွေးချယ်စေခဲ့ရာမြန်မာနိုင်ငံ ကိုယ်စားပြု နန်းခင်ဇေယျာက မဲပေါင်း သန်း ၂၀ ကျော်နှင့် အင်တာနက်မှမဲပေးရွေးချယ်သည့် လူကြိုက်အများဆုံးဆုနှင့် အင်တာနက်မဲအများဆုံးဆု မစ္စအင်တာနက်ဆုနှစ်ဆုကိုပိုင်ဆိုင်ခဲ့သည်။ နှစ်ပေါင်း၅၀ကျော်မှပါဝင်



ယှဉ်ပြိုင်သော မြန်မာအလှမယ်အတွက် အောင်မြင်မှုသရဖူတစ်ခုလည်းဖြစ်ခဲ့သည်။မဲပေးသူအများစုက သူမကိုမျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဖြင့် မဲပေးခဲ့ကြသည်။

ဆန်ခါတင် ၁၅ ယောက်စာရင်းတွင် မြန်မာအလှမယ်အနေနှင့် မပါဝင်ခဲ့သော်လည်း ဆုနှစ်ဆု ရရှိခဲ့သည့်အတွက် ကျေနပ်ဝမ်းသာကြောင်း၊ စည်းစည်းလုံးလုံးနှင့် အင်တိုက်အားတိုက် မဲပေးခဲ့ရကျိုးနပ်သည်ဟု ဆုပေးပွဲအပြီး၌ ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် သူမကိုအားပေး‌ထောက်ခံသူများ၏ ပြောဆိုရေးသားချက်များနှင့် ပြည့်လျှံနေခဲ့သည်။

ဆယ်စုနှစ်များစွာ ကြာအောင် နိုင်ငံတကာပြိုင်ပွဲများနှင့် အလှမ်းဝေးခဲ့ရသော မြန်မာကို အသိအမှတ်ပြုမှုတစ်ခုခုရလိုဇောနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကပင် သတိပြုမိလောက်အောင် ပြည်တွင်းပြည်ပ မြန်မာလူမျိုးများ၏ နန်းခင်ဇေယျာကို အားပေးထောက်ခံမှုက အထူးပင် မြင့်မားခဲ့သည်။

မဲပေးသူအချင်းချင်း၊ထောက်ခံအားပေးသူ အချင်းချင်း အပြန်အလှန် ပြောဆိုနေကြသည်များတွင် အချို့က နန်းခင်ဇေယျာကို အမြဲမပြတ် ခလုတ်နှိပ်မဲပေးရလွန်းသဖြင့် မောက်စ်များပင်ပျက်သွားပြီ၊ နှိပ်ရလွန်းသဖြင့် လက်ချောင်းများပင် အသားမာတက်ကုန်ပြီ၊မဲပေးရသည့်ဝက်ဘ်ဆိုက်စာမျက်နှာ (Flickr.com) ကို မရေမတွက်နိုင်အောင် ဖွင့်ထားမိသဖြင့် ကွန်ပျူတာများပင်ပျက်သွားပြီ စသဖြင့် အချင်းချင်းကျီစယ်ရင်း တက်ညီလက်ညီမဲပေးခဲ့ကြသဖြင့် ယခုကဲ့သို့ Miss Internet ဆုနှင့် Miss People Choice ဆုနှစ်ဆုကို ရရှိခဲ့ခြင်းပင်။ မဲပေးရသည့် နေရာတိုင်းတွင် မြန်မာ၊ မြန်မာ၊ မြန်မာ ဆိုသည့် စကားလုံးများ အကြိမ်မရေမတွက်နိုင်အောင်ဝင်ရေးသားကြသည့်အခါအခြားနိုင်ငံသားများကပင် "ဘာကြောင့် မြန်မာ မြန်မာဆိုတဲ့စကားလုံးကိုအကြိမ်ကြိမ်ရေးနေကြရတာလဲ" ဟု ဝေဖန်ခံရသည်အထိပင် အားပေးခဲ့ကြသည်။

နိုင်ငံတကာ အလှမယ်ပြိုင်ပွဲ၏ တရားဝင်ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် နန်းခင်ဇေယျာဆုရသည့် ဓာတ်ပုံအောက်တွင် ပရိသတ်တစ်ယောက်က "ကိုယ့်နိုင်ငံက လူတွေ စည်းလုံးအောင် ဒီအမျိုးသမီးငယ်လေးက လုပ်ဆောင်နိုင်ခဲ့တယ်။ အဲဒါဟာ ဆုရတာထက် အများကြီး အရေးကြီးပါတယ်" ဟု အဓိပ္ပာယ်ရသည့် အင်္ဂလိပ်စာကြောင်းကို ရေးသားမှတ်ချက်ပြုခဲ့သည်။

သူမကလည်း လူမှုကွန်ရက်ကိုအသုံးချကာ အားပေးထောက်ခံသူများ၏ သန်းနှင့်ချီသော မဲများကို အရယူငင်နိုင်ခဲ့သည်။ နေ့စဉ်လှုပ်ရှားမှုများ နောက်ဆုံးရိုက်ထားသော ဓာတ်ပုံများကို အခါမလပ်တင်ပေးခြင်းက ရက်ကြာလာသည်နှင့်အမျှ အားပေးထောက်ခံသူ ဦးရေကို တိုးပွားစေခဲ့သည်။

တစ်နည်းပြောရလျှင် ကိုယ့်မြန်မာမိန်းကလေးတစ်ယောက် ဆုရစေလိုစိတ်၊ နိုင်ငံတကာအလယ်တွင် မြန်မာကို အာရုံစိုက်ခံရလိုစိတ်အဖျားရောဂါ (Fever) များ အရှိန်မြင့်တက်ခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် ရင်ဖုံးအင်္ကျီနှင့် ချိတ်ထဘီတို့ကို အမြဲလိုလို ဝတ်ဆင်တတ်သည့်အတွက်လည်းပရိသတ်၏အမှတ်ကို ပိုမိုရယူနိုင်ခဲ့သည်။

သူမ၏ ရေကူးဝတ်စုံဝတ်ဆင်ထားသော ဓာတ်ပုံများ၊ ကျောက်စိမ်းရောင် ရှမ်းရိုးရာဝတ်စုံနှင့် ကပြနေသည့်ပုံ၊ ဆွမ်းအုပ်ပွေ့ချီကာ ရင်ဖုံးအင်္ကျီနှင့်ပုံတို့မှာ လူမှုကွန်ရက်စာမျက်နှာများတွင် အများဆုံးနေရာယူထားသော ပုံများပင်ဖြစ်သည်။

ရေကူးဝတ်စုံနှင့် ရိုက်ကူးရသော ပြိုင်ပွဲဝင်ဓာတ်ပုံမှာ လူပြောအများဆုံး အကြောင်းအရာတစ်ခုဖြစ်ခဲ့သလို သူမကလည်း "မြန်မာအမျိုးသမီး တစ်ယောက်ဖြစ်သည့်အတွက် ရေကူးဝတ်စုံဝတ်ရာတွင်မြန်မာလူမျိုးများမည်သို့တုံ့ပြန်မည်ကိုစဉ်းစားရင်းစိုးရိမ်စိတ်ဝင်မိခဲ့ကြောင်း" တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဖြေကြားထားသည်။

နှစ်ပေါင်း ၅၀ ကျော်မှ နိုင်ငံတကာအလှမယ် ပြိုင်ပွဲစင်မြင့်ထက် သို့ တစ်ကျော့ပြန် တက်လှမ်းခဲ့သော မြန်မာအလှမယ်အနေနှင့် မြန်မာလူမျိုးများ၏ တက်ညီလက်ညီမဲပေးခဲ့သဖြင့်ဆုနှစ်ဆုကိုပိုက်ကာ အိမ်အပြန်လှခဲ့ပြီဖြစ်သည်။

လွန်ခဲ့သည့်လကပြည်တွင်း၌ လူသိနည်းသော ဂျာမန်ညှော့ လမ်းညွှန်မလေး အဖြစ်မှသည် ကျော်ကြားသူတစ်ယောက်အဖြစ် အမိအိမ်သို့ နန်းခင်ဇေယျာ ပြန်လာခဲ့လေပြီ။

## စာ- ၂၉၊ စာအိတ်ထဲ ကျည်ဆန်ထည့်စိန်ခေါ်ခံရပေမယ့် ငြိမ်းချမ်းရေးအတွက် နောက်မတွန့်သူ မှ

ဦးအောင်မင်း ကျွန်တော်တို့ဘက်ကတော့ ကတိတည်မယ်နော်။ ခင်ဗျားတို့ စစ်တပ်က ကတိမတည်ရင် ကျွန်တော်တို့ အပြစ်မပြောနဲ့။ ငြိမ်းချမ်းရေး ပြန်ပျက်နိုင်တယ်လို့ပြောတယ်။ ကျွန်တော်က ပြန်ပြောတယ်။ မှန်တဲ့ဘက်က ရပ်တည်မယ်။ မှန်တဲ့ဘက်က ဝင်ကူမယ်။

ငြိမ်းချမ်းရေးလုပ်တဲ့အခါမှာ အချက်ခြောက်ချက်နဲ့ ကိုက်ညီရမယ်။ နံပါတ်တစ် ခေါင်းဆောင်လုပ်တဲ့ သမ္မတကြီးကိုယ်တိုင် ငြိမ်းချမ်းရေးလိုလားရမယ်။ နံပါတ်နှစ် လက်နက်ကိုင်တဲ့ တိုင်းရင်းသားတွေကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးကို လိုလားရမယ်။ နံပါတ်သုံး တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တကယ်ထိတွေ့ ဆက်ဆံနေတဲ့ တပ်မတော်ကလည်း ငြိမ်းချမ်းရေးကို လိုလားရမယ်။ နံပါတ်လေး ပြည်သူပြည်သား သန်း ၆၀လုံးကလည်း ငြိမ်းချမ်းရေးကို လိုလားရမယ်။ ဘာလို့လဲဆိုတော့ ငြိမ်းချမ်းရေးအတွက်က အားလုံးမှာ တာဝန်ရှိတယ်။ နံပါတ်ငါး နိုင်ငံတကာကလည်း ထောက်ခံအားပေးဖို့ လိုအပ်တယ်။ နံပါတ်ခြောက် ငြိမ်းချမ်းရေးရဖို့ ဆောင်ရွက်နေတဲ့ ပလေယာတွေ ကောင်းဖို့အရေးကြီးတယ်။ ဒီအချက်ခြောက်ချက်နဲ့ကိုက်ညီမှ ငြိမ်းချမ်းရေးရတာ။ အခုချိန်က ဒီအချက်ခြောက်ချက်နဲ့ကိုက်ညီတဲ့အချိန် ဖြစ်တယ်။ ဒီအချိန်က အကောင်းအခါဖြစ်တယ်။ ကချင်က တပ်မတော်အစိုးရလက်ထက်ထဲကပါလာတဲ့ ပြဿနာဖြစ်တယ်။ ပြဿနာကို သုံးသပ်တဲ့အခါမှာ ကျွန်တော် ကရင်ကိုကိုင်တယ်။ ကယားကိုကိုင်တယ်။ မွန်ကို ကိုင်တယ်။ သုညကနေ စရတာ။ သုညကနေတစ်။ တစ်ကနေ နှစ်။ နှစ်ကနေ သုံး၊ လေး စသည်ဖြင့်။ ကချင်ကိစ္စကိုတာဝန်ယူရတဲ့အခါကျတော့ သုညကနေ စရတာ မဟုတ်ဘူး။ အနုတ်လေးကနေ စရတာ။ အနုတ်လေးကနေ အနုတ်သုံးကို ဆွဲတင်။ အနုတ်သုံးကနေ အနုတ်နှစ်ကို ဆွဲတင်။ အခုဆိုအနုတ်တစ်လောက်ကိုရောက်လာပြီ။ မူလအခြေအနေကိုမရောက်သေးဘူးနော်။ မူလအခြေအနေကို ရောက်ဖို့က အပစ်အခတ်ရပ်စဲရေး အဓိကလိုပါတယ်။ အပစ် အခတ် ရပ်စဲဖို့လည်း တပ်တွေက ရောထွေးနေတယ်။ ဒီဘက်က တပ်မတော်ကလည်း ရှေ့ကိုကျော်နေတယ်။ သူတို့တပ်တွေ ကလည်း ဒီဘက်ကို ကျော်နေတယ်။ ဒီဘက်တပ်တွေကလည်း သူတို့နယ်မြေထဲကို ရိက္ခာပို့ရမယ်။ နေမကောင်းတဲ့ လူနာတွေသွားခေါ် ရမယ်။ အဲဒီအခါမှာ ကြားကဖြတ်ဆွဲတာပေ့ါ။ သူတို့ဘက်ကလူတွေကလည်း ဒီဘက်ကိုကျော်နေတော့ ရိက္ခာပို့တာတို့၊ ဆက်ကြေးကောက်တာတို့မှာ တပ်ကတိုက်တာပေ့ါ။ အဲဒီတော့ ဘာလုပ်ရမလဲဆိုရင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှု ဘာသာရပ်မှာ တပ်တွေက နောက်ပြန်ဆုတ်ရမယ်။ ဘယ်လောက်ထိ ဆုတ်ရမလဲဆိုတော့ ငါးကီလိုမီတာအထိ ဆုတ်ရမယ်။ ငါးကီလိုမီတာဆိုတာလက်နက်ငယ်တစ်ကမ်း။ သုံးကြိမ်အလွတ်သဘော ဆွေးနွေးပြီး အခုဆွေးနွေးမယ့်အကြိမ်က တပ်တွေရွှေ့ဖို့ကိစ္စပဲ။ တပ်တွေသူ့နေရာ သူရောက်သွားရင် တိုက်ပွဲမဖြစ်တော့ဘူး။ အဲဒီကျမှ ငြိမ်းချမ်းရေးဆွေးနွေးတဲ့ လုပ်ငန်းစဉ်ကို သွားရမယ်။ အခုဆွေးနွေးမှာက သုညအဆင့်ကိုရောက်အောင်လုပ်မယ့်ဆွေးနွေးပွဲပဲ။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ပြောတာရှိပါတယ်။ အစိုးရရဲ့ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နဲ့တပ်မတော်က အတိုင်အဖောက်မညီဘူး။ ဥပမာကေအိုင်အိုနဲ့ ကေအိုင်အေနဲ့ဦးတို့က ငြိမ်းချမ်းရေးဆွေးနွေးနေတဲ့ အချိန်မှာတစ်ဖက်ကလည်းစစ်တိုက်တာမရပ်ဘူး။ ဒါနဲ့ပတ်သက်ပြီး ဘာများမှတ်ချက်ပေးချင်လဲ။**

တပ်တွေက သိပ်ရှုပ်ထွေးနေတဲ့အခါမှာတပ်မှာက Never Say Sorry။ မှားပစ်ပြီးမှ၊ လူသေပြီးမှ ဆောရီးပြောလို့မရဘူး။ ဟိုဘက်ကလည်း ဆောရီးလို့ မပြောဘူး။ ဦးအောင်ချမှာ။ ဒီလိုရှုပ်ထွေးနေတဲ့ ကာလမှာဖြစ်တာ။ ဒါကို အချိန်နဲ့ကုစားရမယ်။

**အခုကေအိုင်အို၊ကေအိုင်အေနဲ့တွေ့ဆုံဆွေးနွေးတဲ့အခါမှာအောင်မြင်ဖို့ ယုံကြည် မှုဘယ်လောက်ရှိလဲ။**

ယုံကြည်မှု အပြည့်ပဲ။

**ယူအင်န်အက်ဖ်စီ(တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ) နဲ့ ဘယ်တော့ဆွေးနွေးမှာပါလဲ။**

ဒီဇင်ဘာလ ၃၁ ရက်ပါ။

**လက်ရှိငြိမ်းချမ်းရေးဆောင်ရွက်တဲ့အခါမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေကိုပဲ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်ရအောင် လုပ်နေတယ်။ အဲဒီဒေသတွေမှာရှိတဲ့ တိုင်းရင်းသား ပြည်သူတွေရဲ့အသံကို နားမထောင်ဘူးလို့ပြောတာရှိပါတယ်။ ပြည်သူတွေ မပါဘဲနဲ့ ထာဝရငြိမ်းချမ်းရေး မရနိုင်ဘူးလို့ ပြောကြတဲ့အပေါ် မှာ ဘာများမှတ်ချက်ပေးချင်ပါလဲ။**

ဘယ်နိုင်ငံမှာမဆိုငြိမ်း ချမ်းရေးလုပ်ငန်းစဉ်တွေက လက်နက်ကိုင်နှစ်ဖွဲ့ချင်းပဲ ဆွေးနွေးတာပဲ။ နောက်ပိုင်းကျမှ ပြည်သူလူထုတွေ နိုင်ငံတကာက စောင့်ကြည့်တဲ့သူတွေပါမယ်။ပြည်သူတွေအခန်းကဏ္ဍလာမယ်။ ဒီအချိန်မှာ အရေးကြီးဆုံးက ပြည်သူလူထုပဲ။ သန်း၆၀ရှိတဲ့ပြည်သူလူထုက လက်မခံရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့လည်း ရပ်တည်လို့မရဘူး။ အစိုးရလည်း ရပ်တည်လို့မရဘူး။ ဘယ်သူမှ ရပ်တည်လို့မရဘူး။ နောက်ဆုံး အဆုံးအဖြတ်က ပြည်သူလူထုပဲ။

**တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအားလုံး၊ ငြိမ်းချမ်းရေးအကျိုးဆောင်တွေ၊ နိုင်ငံရေးပါတီတွေ၊လွှတ်တော်ကိုယ်စားလှယ်တွေ၊အစိုးရစတဲ့ သက်ဆိုင်သူအားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုကို လွှတ်တော်မှာ ကျင်းပပြီး ထာဝရငြိမ်းချမ်းရေးအတွက်စုပေါင်းဆွေးနွေးပြီး အဖြေရှာလက်မှတ်ထိုးမယ်လို့ ရည်မှန်းထားကြောင်း သိရပါတယ်။ ဒီအခြေအနေကို ဘယ်တော့ရောက်မယ်လို့ ခန့်မှန်းလဲ။**

၂၀၁၅ မှာ နောက်ရွေး ကောက်ပွဲလာမယ်။ နောက် ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပြန်ပါနိုင်စရာ အကြောင်းမရှိဘူး။ ၂၀၁၅ မတိုင်ခင် ကျွန်တော်ရှိ တုန်းပြီးအောင် လုပ်သွားမယ်။ သမ္မတကြီးလည်း ဒီလိုစိတ်မျိုးပဲ။

**ကျေးဇူးတင်ပါတယ်။**

7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

## စာ-၇၊ ဒုတိယကမ္ဘာစစ်အတွင်း မြှုပ်နှံခဲ့သည့် တိုက်လေယာဉ်အစီး ၁၀၀ ကျော် ပြန်လည်တူးဖော်မည် မှ

"တူးဖော်မယ့်နေရာတွေက စစ်တပ်ဧရိယာတွေထဲမှာ ဖြစ်နေတယ်။ ရန်ကုန်နဲ့မြစ်ကြီးနားဆိုရင် လေတပ်ထဲမှာ၊ ကကလေနဲ့ ကကကြည်းတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမယ်"ဟု ၎င်းက ပြောသည်။

အဆိုပါတိုက်လေယာဉ်များနှင့် လေယာဉ်ဆက်စပ်ပစ္စည်းများ တူးဖော်ရန် မြန်မာနိုင်ငံမှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရွှေတောင်ပေါ် ကုမ္ပဏီလီမိတက်နှင့် ဗြိတိန်နိုင်ငံမှ DJC ကုမ္ပဏီတို့ သဘောတူညီ လက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာအစိုးရနှင့် ဗြိတိသျှအစိုးရတို့က တူးဖော်မှုအားအလေးထားကြောင်း ဖော်ပြခဲ့သည်။

"ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက သမ္မတဦးသိန်းစိန်နဲ့ တွေ့ခဲ့တဲ့အခါမှာ လေယာဉ်အကြောင်း ဆွေးနွေးခဲ့တယ်။ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းဖို့ အတွက် သဘောတူညီမှုရရှိခဲ့တယ်။ သဘောတူညီမှုအရ အချို့က ဗြိတိန်ကိုသယ်မယ်။ အချို့ကိုဒီမှာထားမယ်။ ကျွန်တော်တို့မျှော်လင့်ချက်က Spitfire တွေကို အင်္ဂလန်မှာပြန်ပြသနိုင်ဖို့ပါ"ဟု ဗြိတိသျှသံရုံးမှ ဒုတိယအတွင်းဝန် Mr.Joe Fisher က ဆိုသည်။

လက်ရှိအချိန်တွင် အသစ်ပုံစံအတိုင်း မောင်းနှင်နိုင်သော Spitfire တိုက်လေယာဉ်များမှာ ရှားပါးလျက်ရှိပြီး အသုံးမပြုရသေးသော မြန်မာနိုင်ငံရှိ အဆိုပါတိုက်လေယာဉ်များကို နိုင်ငံတကာမှ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည်။ "အသစ်ပုံစံတွေက ရှားပါးပါတယ်။ မြန်မာက လေယာဉ်တွေကိုတော့ တူးဖော်ပြီးရင် အခြေအနေကို သိရမှာပါ" ဟု Mr.Joe Fisher က ပြောသည်။

ရှားပါးသမိုင်းဝင်ဖြစ်သော ၎င်းလေယာဉ်များကို သံချေးတက်ခြင်းမှ ကာကွယ်ရန် ဖယောင်းသုတ်၍ ဆီစိမ်စက္ကူများဖြင့် ထုပ်ပိုးပြီး သေတ္တာများထဲတွင် ထားသိုမြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဒေသအသီးသီးတွင် Spitfire တိုက်လေယာဉ်များသည် အစီးရေ ၁၄၀မှ ၁၆၀ကျော်အထိ ရှိနေနိုင်ပြီး ယခုအစီအစဉ်အနေဖြင့် မြစ်ကြီးနားနယ်မြေတွင် ၁၆ စီး၊ မင်္ဂလာဒုံနယ်မြေတွင် ၃၆စီးနှင့် မိတ္ထီလာနယ်မြေ(သဲတော)တွင် ခြောက်စီးတို့ကို တူးဖော်နိုင်ရန် သက်ဆိုင်ရာနယ်မြေများရှိအုပ်ချုပ်ရေးအာဏာပိုင်များနှင့်ညှိနှိုင်းကာ တူးဖော်ရေးလုပ်ငန်းများ စတင်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# အခွန်မဆောင်ဘဲ ဆွဲနေသည့်ဆိုက်ကားများ အရေးယူပေးရန် အနေ့းယာဉ်လုပ်သား ၁၀၀ ကျော် ဆန္ဒပြ

**အေးမြတ်သူ**

**ရန်ကုန်၊အောက်တိုဘာ-၂၁**

လှိုင်သာယာမြို့နယ်အတွင်း တရားဝင် အခွန်ဆောင်မထားသည့် အနေ့းယာဉ်ဆိုက်ကား အစီးရေ ၄၀၀၀ ခန့် အပါအဝင် အနေ့းယာဉ်ဂိတ်များကို ဖယ်ရှားပေးရန် အနေ့းယာဉ်လုပ်သား ၁၀၀ ကျော်က ယခုလ ၂၁ ရက်တွင် ဆန္ဒပြတောင်းဆိုခဲ့သည်။

အဓိကတောင်းဆိုမှု၌ တရားမဝင် အနေ့းယာဉ်များ အပါအဝင် ဂိတ်များကိုဖယ်ရှားပေးရေးနှင့် သတ်မှတ်ထားသော စည်ပင်သာယာ ဥပဒေကိုလည်း လိုက်နာမှုရှိရန် တောင်းဆိုမှုပြုခဲ့ရာ လှိုင်သာယာ ဘီအိုစီအဝိုင်းမှ အောင်မြေသာစံဘုရားအနီးရှိမြို့နယ်အားကစားကွင်း၌ နံနက် ၉ နာရီမှနံနက် ၁၁ နာရီထိ စီတန်းလှည့်လည် တောင်းဆိုမှု ပြုလုပ်ခဲ့သည်။

"လိုင်စင်မဲ့ဆိုက်ကားတွေက အုံနာကြေးကို၅၀၀ပဲပေးရတယ်။



**ဆန္ဒပြပွဲများခပ်စိပ်စိပ်ဖြစ်လာချိန်တွင် ဆိုက်ကားသမားများ၏ဆန္ဒဖော်ထုတ်ပွဲ ပထမဆုံးအကြိမ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ကျွန်တော်တို့က ၈၀၀ ပေးရတယ်။ ၃၀၀ နဲ့ တစ်နှစ်ဆိုရင် တစ်သိန်းကျော် နစ်နာတယ်။ အဲဒီနစ်နာမှုတွေသိရှိအောင်လို့ဆန္ဒဖော်ထုတ်တာ"ဟု ဦးဆောင်သူ အနေ့းယာဉ်လုပ်သား ဦးမြင့်သောင်းက ပြောသည်။

အခွန်မဆောင်ထားသော လိုင်စင်မဲ့ ဆိုက်ကားများ အနေဖြင့်ခရီးသည်ခအား သက်သာစွာ ယူသောကြောင့် တရားဝင်အနေ့းယာဉ်ဆိုက်ကားများအနေဖြင့် ဝင်ငွေများ လျော့လာသည့်အပြင် အုံနာကြေးများကိုလည်း ၎င်းတို့ထက် ပိုပေးရကာ ဆိုက်ကားပြင်ဆင်စရိတ်များကိုလည်း စပေါ်ငွေများထဲမှ အုံနာများက ထပ်မံ၍ ဖြတ်တောက်မှုရှိကြောင်း သိရသည်။

"အခွန်မဆောင်တဲ့ ဘီးတွေက၄၀၀၀လောက်လွှမ်းမိုးနေတော့ ခရီးသည်မရဘူးပေါ့။ စားဝတ်နေရေး မပြေလည်တော့ဘူး။ အရင်က တစ်နေ့ ၆၀၀၀ ကျပ်လောက် ရတာ။ အခု တစ်နေ့ ၂၅၀၀ ကျပ်လောက်ပဲရတယ်။ အိမ်ကမိသားစု ၁၂၀၀ ကျပ်နဲ့ ထမင်းစားလို့ မရဘူး"ဟုဦးမြင့်သောင်းကဆိုသည်။

## စာ- ၂၇၊ မြန်မာကနေ တရုတ်နဲ့ အိန္ဒိယကို တင်ပို့နေတဲ့ သစ်လုံးပမာဏက ကျွန်မကို တော်တော်အံ့အားသင့်စေပါတယ် မှ

ဒါက ကျွန်မတို့ အလုပ်ရဲ့ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်နေတယ်လေ။ ကျွန်မတို့ အရမ်းကို စိတ်လှုပ်ရှားမိတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလို သစ်ထုတ်လုပ်တာတွေနဲ့ပတ်သက်ပြီး ပထမဆုံး ဥပဒေဖြစ်လာမှာမို့ပါ။ ဒီဥပဒေထွက်လာတာနဲ့ ဒီသစ်လုံးတွေ ဘယ်က ခုတ်လာလဲဆိုတာကို စုံစမ်းထောက်လှမ်းနိုင်မယ့် စွမ်းအားတွေရလာမှာလေ။ ဒါကို ကျွန်မတို့ မြန်မာနိုင်ငံမှာ လုပ်နိုင်မလား ဆိုတာကတော့ ကျွန်မတို့ မသိပါဘူး။ ကျွန်မတို့ ဒီက အရပ်ဘက်လူ့အဖွဲ့တွေနဲ့ဘယ်လောက်လက်တွဲ လုပ်ဆောင်နိုင်မလဲဆိုတာက မေးခွန်းတစ်ခု ဖြစ်နေပါတယ်။

**အင်ဒိုနီးရှားမှာ တွေ့ကြုံခဲ့တဲ့ အတွေ့အကြုံတွေထဲကနေ မြန်မာနိုင်ငံမှာလက်တွေ့ပြန်အသုံးချနိုင်မယ့်အချက်များ ရှိနိုင်မလား။**

(အင်ဒိုနီးရှားနိုင်ငံမှ တရားမဝင် သစ်တောအရေးတက်ကြွလှုပ်ရှားသူ မစ္စမာဒီမီနန်ဆာရီကဝင်ရောက်ဖြေဆိုသည်)

ကျွန်မအထင်တော့ အစိုးရ Stakeholder Process ကို စလုပ်တဲ့အထိ မစောင့်နေဘဲ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ အနေနဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် စတင်ပြီး တရားမဝင် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းတွေက ဘယ်လိုရှိတယ်ဆိုတာ နားလည်သဘောပေါက်ထားဖို့ လိုပါတယ်။ ဒီမှာတော့ ဘယ်လိုအခြေအနေရှိလဲ မသိပါဘူး။ အင်ဒိုနီးရှားမှာတော့ မီဒီယာတွေနဲ့ အရပ်ဘက်လူ့ အဖွဲ့အစည်းတွေလက်တွဲပြီး တရားမဝင် သစ်ခိုးထုတ်မှုတွေကို စုံစမ်းထောက်လှမ်းပြီး ဖော်ထုတ်ရေးသားနိုင်ခဲ့တယ်။ ဒီလိုနည်းတွေနဲ့ စခဲ့ကြတယ်။

**မြန်မာနိုင်ငံတွင်းမှာ သစ်တောဖုံးဧရိယာများတဲ့ကချင်ပြည်နယ် အပါအဝင် နေရာတော်တော်များများက သစ်တောတွေက အရမ်းမြန်တဲ့နှုန်းနဲ့ ခုတ်လှဲခံနေရတယ်လို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားအများစုက ပြောနေကြပါတယ်။ ခုတ်လှဲနေတာတွေရဲ့ ရာခိုင်နှုန်းတော်တော်များများကလည်း တရားမဝင်ဘူးလို့ ပြောတာရှိပါတယ်။ ဒါတွေရပ်သွားဖို့ အကောင်းဆုံးနည်းက ဘာဖြစ်မလဲ ။**

အရေးကြီးတဲ့ အချက်ကတော့ မြန်မာနိုင်ငံရဲ့ ပြည်နယ်၊ တိုင်းဒေသတိုင်းမှာ ကြုံနေရတဲ့ စိန်ခေါ်မှုက လာဘ်ပေး၊ လာဘ်ယူမှုတွေ၊ ပွင့်လင်းမြင်သာမှု မရှိတာတွေနဲ့ ဆင်းရဲနွမ်းပါးမှုတွေလို့ ကျွန်မမြင်ပါတယ်။ အစိုးရကတော့ မြန်မာနိုင်ငံမှာ သစ်တောဖုံးလွှမ်းတဲ့ဧရိယာဟာနိုင်ငံရဲ့၄၅ ရာခိုင်နှုန်း ကျန်တယ်လို့ ပြောပါတယ်။ အချို့ပညာရှင်တွေက အဲဒီထက် နည်းမယ်လို့ ပြောကြပါတယ်။ ကျွန်မတို့ မသိပါဘူး ။ တကယ့် သစ်တောတွေထဲမှာ ဘယ်လိုဖြစ်နေတယ် ဒီသစ်ခုတ်လှဲမှုတွေနဲ့အသက်မွေးဝမ်းကျောင်းမှုတွေ ဘယ်လိုဆက်ဆက်နေလဲ ဆိုတာ မြင်အောင်ကြည့်ဖို့ အရေးကြီးပါတယ်။ သစ်တောတွေ ပျောက်ကွယ်သွားရင် နောက်မှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ရောက်လာမှာပါပဲ။ သစ်ထုတ်လုပ်ရေးဟာ သစ်တောကို မှီခိုနေရတဲ့ အားနည်းသူတွေကို အဓိက ထိခိုက်စေပါတယ်။ ကျွန်မတို့ ဒီလိုကိစ္စတွေကို မရှုပ်ထွေးစေချင်ပါဘူး။ ကျွန်မတို့တစ်တွေ ရန်ကုန်က အရပ်ဘက်လူ့အဖွဲ့စည်းက လူတွေနဲ့ စကားပြောနေရုံနဲ့ မပြီးပါဘူး။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်က တိုင်းရင်းသားတွေနဲ့ပါ ကြားခံအဖွဲ့အစည်းဆိုတာမျိုးက လိုကို လိုပါတယ်။ ကြားခံ တည်ဆောက်ပြီးတဲ့ အခါမှာတော့ ဦးစားပေးကိစ္စတွေ စိန်ခေါ်မှုတွေကိုရင်ဆိုင်ရမှာဖြစ်သလို ဒီတရားမဝင်သစ်ခိုးထုတ်တဲ့ကိစ္စဟာ သစ်ပင်တွေခုတ်လှဲတာ တစ်ခုတည်း မဟုတ်ပါဘူး။ ဒါဟာထီးတစ်လက်လို အကိုင်းအဖြာဖြာထွက်နေတဲ့ အရေးကိစ္စမျိုးပါ။ စိန်ခေါ်မှုတွေ အများကြီးပါ။ ကျွန်မတို့ ခံစားမိတာတော့သစ်တောထဲမှာနေထိုင်တဲ့သူတွေနဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေပေါင်းပြီး အတူတကွ အဖြေတွေစဉ်းစားဖို့ပါပဲ။ ကျွန်မတို့မှာ အချိန်သိပ် မရှိတော့ပါဘူး။ ဘာလို့လဲဆိုတော့ သစ်ပင်တွေဟာအရမ်းကိုမြန်တဲ့အရှိန်အဟုန်နဲ့ ပျောက်ကွယ်နေပြီ။ အခုဆို ဒီမှာမိုးကုန်သွားတော့ သစ်ခုတ်တဲ့ရာသီစပြီလေ။ ဒီအချိန်က အရမ်းကို စိတ်ဝင်စားစရာပါ။ အားလုံးချုပ်ပြောမယ်ဆိုရင်တော့ စောစောကပြောခဲ့သလို မြန်မာအစိုးရအနေနဲ့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်တန့်ပစ်လိုက်ဖို့ပါပဲ။

**မြန်မာနိုင်ငံမှာ တရားမဝင်သစ်ခိုးထုတ်မှုနဲ့ပတ်သက်ပြီး သိရတဲ့ အချက်အလက်တွေအရမစ္စဖိတ်ဒိုဟာတီကို အံ့အားသင့်စေခဲ့တဲ့ အရာတစ်ခုခုများ ရှိလား။**

နှစ်ခုရှိပါတယ်။ မြန်မာပြည်တွင်းကနေ တရုတ်နဲ့ အိန္ဒိယကို တင်ပို့နေတဲ့ သစ်လုံးတွေရဲ့ပမာဏက ကျွန်မကို တော်တော်အံ့အား သင့်စေပါတယ်။ ။ နောက်တစ်ခုက ပွင့်လင်းမြင်သာမှု မရှိခြင်းက အကျင့်ပျက်ခြစားမှုတွေကို ဖြစ်ပေါ်စေတဲ့ အဓိကအချက်ဖြစ်တယ်ဆိုတာ တရားမဝင် သစ်ခိုးထုတ်မှုတွေကို လေ့လာရင်း ကျွန်မတို့တွေ့ရှိခဲ့တယ်။

**မြန်မာဟာ မှားယွင်းတဲ့ သစ်တောထွက်ပစ္စည်းတွေကိုမှားယွင်းတဲ့ ဈေးကွက်ကို တင်ပို့နေတယ်ဆိုပြီး မစ္စဖိတ်ဒိုဟာတီက ပြောခဲ့တယ်နော်။ အဲဒါက တိတိကျကျပြောရရင် ဘာကိုဆိုလိုတာပါလဲ။**

အခြေခံအားဖြင့် ပြောရမယ်ဆိုရင် ဒီမှာ သစ်လုံးတွေဟာ ပျောက်ကွယ်သွားနေပါတယ်။ ဥပမာအားဖြင့် ပြောရရင် သစ်လုံးတွေကို အချောထည်ပစ္စည်းတွေ ပြုလုပ်ဖို့ အားပေးမှုတွေ များများစားစား မရှိဘူး။ တကယ်လို့ သစ်လုံးကို ရောင်းမယ်ဆိုရင် အခွန်သက်သာမယ်။ တကယ်လို့ ပရိဘောဂတွေ လုပ်မယ်ဆိုရင် အခွန်ပိုဆောင်ရပြီ။ စီးပွားရေးသမားတစ်ယောက်က သူ့အနေနဲ့ဆိုရင် သစ်လုံးပဲ ဝယ်မှာပေါ့။ ပြီးရင် ပရိဘောဂ လုပ်မယ်။ ပြီးရင် အမြတ်များများနဲ့ ရောင်းမယ်။ ဒါက သစ်လုံးဈေးကွက်ကို ဖြစ်စေတဲ့ အဓိကအချက်ပေါ့။ အဲဒီ အမြတ်ငွေတွေဟာ မြန်မာနိုင်ငံထဲကို ပြန်လာတာပဲ ဖြစ်သင့်တယ်။ အခြားနိုင်ငံ အကျိုးအမြတ်အတွက် မဖြစ်သင့်ဘူးလေ။ ကျွန်မဆိုလိုတာ အဲဒါပါ။

**မစ္စဖိတ်ဒိုဟာသီတို့ပြောသွားတဲ့ သစ်တောဥပဒေစိုးမိုးရေး၊ အုပ်ချုပ်မှုနဲ့ ကုန်သွယ်မှုဆိုင်ရာ (Forest Law Enforcement Governance and Trade -FLEGT) ဆိုတာကိုဘယ်လိုအတိုဆုံးနဲ့ အလွယ်ဆုံး အဓိပ္ပာယ်ဖွင့်နိုင်မလဲ။ အဲဒါဘာကြောင့် အရေးကြီးတာလဲ။**

တစ်ကြောင်းတည်း ပြောရမယ်ဆိုရင် FLEGT ဆိုတာ သစ်တောကဏ္ဍပြုပြင် ပြောင်းလဲဖို့ဆိုရင် မရှိမဖြစ်လိုအပ်တဲ့ ကိရိယာတစ်ခုလို့ ပြောရမယ်။

**မြန်မာနိုင်ငံက သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ၊တရားမဝင်သစ်ထုတ်လုပ်တာတွေနဲ့ ပတ်သက်ပြီး ထပ်လောင်း ပြောချင်တာများ ရှိပါသေးလား။**

အခုဆို ပိတ်ဆို့မှုတွေ ရုပ်သိမ်းပြီ။ ကုန်သွယ်မှုတွေဟာ အနေ့နဲ့အမြန် ရောက်လာတော့မယ်။ ဟုတ်ပါတယ်။ ဒီမှာ(မြန်မာနိုင်ငံ) မှာ တကယ်ကိုပဲ ပြုပြင်ပြောင်းလဲရေးတွေ အရာထင်ခဲ့ပါပြီ။ ဒါပေမဲ့ သစ်တောတွေထဲမှာတော့ ဘာမှ မပြောင်းလဲသေးပါဘူး။ ကျွန်မတို့ ခံစားမိတာက ဒါဟာ တကယ့်ကို ကြီးမားလှတဲ့ စိန်ခေါ်မှုကြီးတစ်ရပ်ပါ။ ကျွန်မတို့ "မြန်မာနိုင်ငံက သစ်တွေမဝယ်ဖို့ သပိတ်မှောက်မလား။မြန်မာက သစ်တွေ မဝယ်ဖို့ ပြောမလား"။ နိုး. . ကျွန်မတို့ အဲလိုလုပ်လို့မရပါဘူး။ ကျွန်မတို့ လုပ်နိုင်တာက ရှေ့နှစ်မတ်လဆိုရင် ဥရောပမှာ ဥပဒေပြဌာန်းတော့မယ်။ တိုက်ရိုက်ကုန်သွယ်မှုတွေရှိလာရင် သစ်တွေဘယ်က ခုတ်သလဲဆိုတဲ့ မေးခွန်းတွေကို ဖြေရတော့မယ်။

မြန်မာလူမျိုးတွေအနေနဲ့ သစ်ထုတ်လုပ်ငန်းအပေါ် ဘယ်လိုမြင်လဲဆိုတာကို သိချင်ပါတယ်။ ဒါဟာ ရေရှည်တည်တံ့တဲ့ သစ်တောတွေဖြစ်လာဖို့ အဖြေတွေ ဖြစ်လာပါလိမ့်မယ်။

**ကျေးဇူးတင်ပါတယ်။**





ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဆိုရှယ်လစ်စနစ်လား ဈေးကွက်စီးပွားရေးလား

## မြန်မာနှင့်ထိုင်းကို ယှဉ်ထိုးစဉ်းစားကြည့်ခြင်း

**လီကွမ်ယူရေးသား၍ ကျော်မျိုး ဘာသာပြန်သည်**

မြေနေရာ အကျယ်အဝန်းနှင့် လူဦးရေအရာတွင် မြန်မာနှင့် ထိုင်းသည် အရွယ်အစားတူညီမှုနီးစပ်ပြီး ၎င်းနှစ်နိုင်ငံသည် ၁၉၆၀ နှစ်များအတွင်း တူညီသော စီးပွားရေးတိုးတက်မှုနှုန်း ကိုယ်စီရှိခဲ့ကြသည်။

သို့သော် ၁၉၆၂ တွင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော အာဏာသိမ်းမှုအပြီး မြန်မာသည် အမည်ခံအားဖြင့် ဆိုရှယ်လစ်စစ်အစိုးရတစ်ရပ် တည်ထောင်ပြီးနောက် ပြည်တွင်းဖူလုံမှုအတွက် ဦးတည်သော စီးပွားရေးပေါ်လစီချမှတ်ခဲ့သည်။ တိုင်းပြည်သည် တံခါးများကို ပိတ်ပစ်ပြီး ယခင်ဆယ်စုနှစ်များစွာက အင်္ဂလိပ်တို့နှင့်အတူ ဝင်လာခဲ့ကာ စက်မှုလုပ်ငန်းကဏ္ဍတွင် ပါဝင်ကူညီခဲ့သော အိန္ဒိယနိုင်ငံသားများကို နှင်ထုတ်ခဲ့သည်။ ဦးနေဝင်းသည် ၁၉၈၈ ဇူလိုင်တွင် ရာထူးမှ နုတ်ထွက်ခဲ့သော်လည်း စစ်အစိုးရသည် နိုင်ငံကို ခိုင်မြဲစွာ ချုပ်ကိုင်ထားဆဲရှိခဲ့သည်။

ထိုသို့သော ကာလ၌ပင် ထိုင်းနိုင်ငံသည်လည်း စစ်အာဏာသိမ်းမှုမျိုးစုံ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့သော် ၎င်း၏ခေါင်းဆောင်များသည် ကွဲပြားခြားနားသော စီးပွားရေးလမ်းကြောင်းတစ်ခုကို ရွေးချယ်ခဲ့သည်။ ထိုင်းသည် လွတ်လပ်သော ဈေးကွက်စီးပွားရေးနိုင်ငံ ဖြစ်လာခဲ့ပြီး နိုင်ငံများစွာမှ ရင်းနှီးမြှုပ်နှံမှုမျိုးစုံကို တံခါးဖွင့်ပေးခဲ့သည်။ ထို့အပြင် ထိုင်းသည် ဗြိတိသျှအုပ်ချုပ်ရေးကာလနှင့် ယင်းနောက်ပိုင်းနိုင်ငံတွင်းသို့ ရောက်ရှိလာခဲ့ကြသော တရုတ်နွယ်ဖွားရွှေ့ပြောင်းနေထိုင်သူများကို လက်ခံခဲ့သည်။ ယနေ့ကာလတွင်တော့ ထိုင်းသည် အာရှ၏ အလုပ်အများဆုံးသော ကုန်ထုတ်လုပ်ရေး ဗဟိုဌာနများအနက် တစ်ခုဖြစ်နေပေပြီ။

၎င်း၏ တံခါးပိတ်ထားသော ဆိုရှယ်လစ်ဝါဒကြောင့်ပင် မြန်မာ၏ တစ်ဦးချင်း စုစုပေါင်း ပြည်တွင်းထုတ်ကုန် ဂျီဒီပီမှာ (လက်ရှိနိုင်ငံတကာဒေါ်လာနှုန်းဖြင့် တွက်ပါက) ထိုင်း၏အနောက်တွင် ပြတ်ကျန်ရစ်နေခဲ့သည်။ တစ်ဦးချင်းဂျီ ဒီပီအရ ၁၉၈၀ တွင် မြန်မာ၌ ၁၇၂ ဒေါ်လာရှိခဲ့ပြီး ထိုင်းမှာ ၁,၀၆၀ ဒေါ်လာရှိခဲ့သည်။ ယခု ၂၀၁၂ တွင်မူ ကွာဟချက်မှာ ပိုကျယ်ပြန့်ခဲ့ပြီး မြန်မာ၏ တစ်ဦးချင်း ဂျီဒီပီမှာ ၁,၉၅၀ ဒေါ်လာရှိပြီး ထိုင်းမှာ ၈,၅၁၆ ဒေါ်လာရှိနေပါပြီ။

၁၉၉၇ မေလတွင် အမေရိကန်ပြည်ထောင်စုသည် မြန်မာအား လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြင်းထန်သော စီးပွားရေးပိတ်ဆို့မှု ချမှတ်ခဲ့ပြီး မြန်မာသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးလုပ်ဆောင်မှုအားလုံးကို ပိတ်ပင်တားဆီးခဲ့သည်။ တိုင်းပြည်၏ မှိန်ဖျော့လွန်းသော စီးပွားရေးတိုးတက်မှုနှင့် အခြားပြဿနာပေါင်းစုံနှင့်အတူ ဆေးဝါးများ လိုအပ်နေသော နိုင်ငံသားများမှာ ထိုင်းနယ်စပ်သို့ ခရီးထွက်ကြပြီး ဆေးဝါးများ တင်သွင်းနိုင်ရန်အတွက် ကျောက်မျက်ရတနာများ (သို့မဟုတ်) အခြားအဖိုးတန်ပစ္စည်းများ ရောင်းဝယ်ကုန်သွယ်ခဲ့ကြရသည်။ တစ်ချိန်တည်းမှာပင် မြန်မာအစိုးရသည်လည်း နိုင်ငံ၌ရှိသော ကျောက်မျက်နှင့် အဖိုးတန်သတ္တုမှန်သမျှကို ထုတ်ယူရန် တရုတ်အား ခွင့်ပြုပေးနေခဲ့ရတော့သည်။

**အပြုသဘောဆောင်သော လက္ခဏာများ**

မြန်မာတွင် အပြောင်းအလဲ၏ လက္ခဏာများ ရှိနေပါသည်။ အပြောင်းအလဲဖြစ်စေမည့် တစ်ဦးမှာ ခေတ်သစ်မြန်မာနိုင်ငံ၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ တတိယမြောက်ရင်သွေး ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ ၁၉၄၅ ဇွန်တွင်မွေးဖွားသည့် ဒေါ်စုသည် ယင်းဘဝကို ပြည်ပ၌ နှစ်များစွာကုန်ဆုံးခဲ့ရသည်။ ၁၉၈၈ တွင် နာမကျန်းဖြစ်နေသော မိခင်ကြီးကို စောင့်ရှောက်ရန် အမိမြေသို့ ပြန်လာခဲ့ပြီး နောက်ပိုင်းတွင် ဒီမိုကရေစီလှုပ်ရှားမှု၏ ခေါင်းဆောင်ဖြစ်လာသည်။ ၁၉၈၉ ဇူလိုင်လတွင် နေအိမ်အကျယ်ချုပ် ကျခံခဲ့ရသည်။ သို့သော် ၁၉၉၀ ရွေးကောက်ပွဲတွင် သူမ၏ပါတီ NLD က အမတ်နေရာ ၈၁ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။ စစ်တပ်သည် ရွေးကောက်ပွဲရလဒ်များကို မသိကျိုးကျွံပြုခဲ့သည်။ ဒေါ်စုလည်း သူမ ပထမဆုံးအကြိမ် အဖမ်းခံရချိန်မှစ၍ ၂၁ နှစ်အတွင်း ၁၅ နှစ်ခန့်ကို နေအိမ်အကျယ်ချုပ်ဖြင့် ကုန်ဆုံးခဲ့ရပြီး နိုဗယ်ဆုကို ၁၉၉၁ တွင် ချီးမြှင့်ခံခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် နောက်ဆုံးအနေဖြင့် ၂၀၁၀ နိုဝင်ဘာလတွင်ပြန်လွတ်လာပါသည်။

ပြီးခဲ့သည့် ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲများတွင် NLD သည် ပါလီမန်အမတ်နေရာ ၄၃ နေရာ ရခဲ့ပြီး အောင်ဆန်းစုကြည်လည်း ပြည်သူ့လွှတ်တော်တွင် အမတ်တစ်နေရာ ရခဲ့သည်။ မြန်မာနိုင်ငံတွင် သူမ၏ ရဲရင့်သော တည်ရှိနေမှုသည် အပြောင်းအလဲကို တွန်းအားပေးရေးနှင့် မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် အရေးပါသောအချက်တစ်ချက် ဖြစ်လာပါသည်။

ယင်းနှင့် ညီတူညီမျှ အရေးပါသော အချက်မှာ စစ်အစိုးရ၏ အပြောင်းအလဲလုပ်လိုသော စိတ်ဖြစ်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၁ မတ်လတွင် ရာထူးမှ အနားယူခဲ့သည်။ ၎င်းကိုစစ်အစိုးရ၏ နောက်ထပ်အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးသိန်းစိန်က ဆက်ခံခဲ့ပြီး ၎င်းမှာ စစ်မှန်သည့် ပြုပြင်ပြောင်းလဲရေးသမား ဖြစ်ပုံရပါသည်။ ၎င်း၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာသည် အရပ်သားအစိုးရအဖြစ် ပြောင်းလဲခဲ့သည်။

၂၀၁၁ ဒီဇင်ဘာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံခဲ့စဉ် ကလင်တန်က ၎င်းကို နိုင်ငံခြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် တိုင်းပြည်ကို ဆက်လက်ဖွင့်ပေးရန် တွန်းအားပေးခဲ့သည်။ ၎င်းတို့ချင်းပြီးခဲ့သည့်စက်တင်ဘာတွင်နောက်တစ်ကြိမ်တွေ့ဆုံစဉ် ကလင်တန်က အမေရိကန်သည် ၎င်း၏ မြန်မာအပေါ် ချမှတ်ထားသော သွင်းကုန်ပိတ်ဆို့မှုများကို ဖယ်ရှားပေးမည်ဟု ပြောခဲ့သည်။ ဤသည်မှာ မြန်မာကို ထိုင်းနှင့် စီးပွားရေးကွာဟချက် တစ်ဆင့်ချင်း နည်းနိုင်သမျှနည်းအောင် ခွင့်ပြုပေးပါလိမ့်မည်။

ထိုင်းသည် ၎င်းကိုယ်တိုင်လည်း အကြွင်းမဲ့ သက်ဦးဆံပိုင် အုပ်ချုပ်ရေးမှ ဒီမိုကရေစီနည်းကျ စည်းမျဉ်းခံဘုရင်စနစ်သို့ အသွင်ပြောင်းလဲခဲ့သည်။ ထိုင်းနိုင်ငံတွင် ပုံမှန်နှင့် ထိန်းချုပ်မရသော အားကောင်းသည့် ရွေးကောက်ပွဲများ ကျင်းပခဲ့ကြသော်လည်း စစ်တပ်မှာ အစိုးရက အားကိုးလောက်ဖွယ်မရှိ (သို့မဟုတ်) ဘုရင်စနစ်ကို ဆန့်ကျင်နေသည်ဟု ယူဆသည့်အခါတိုင်း အာဏာသိမ်းမှုများ ဆက်လုပ်ခဲ့သည်။ ထိုင်းတွင် ပြီးခဲ့သည့် နှစ်ပေါင်း ၈၀ အတွင်း အောင်မြင်သည့် အာဏာသိမ်းမှုပေါင်း ၁၁ ခုနှင့် မအောင်မြင်သည့် အာဏာသိမ်းမှု ၇ ခုရှိခဲ့သည်။ အနီးကပ်ဆုံး အာဏာသိမ်းမှုမှာ ၂၀၀၆ စက်တင်ဘာတွင် ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်ထရာအား ဖြုတ်ချခဲ့မှုဖြစ်သည်။ ထိုင်းစစ်တပ်၏ (နိုင်ငံရေးတွင်) ဝင်ရောက်စွက်ဖက်မှုသည် ပြည်တွင်း နိုင်ငံရေးမတည်ငြိမ်မှုကို ဆက်လက်ဖြစ်ပေါ်စေခဲ့ပြီး (ပြည်ပ) ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ဆွဲကိုင်လှုပ်ယမ်းခဲ့သည်။

ထိုင်းနှင့် မြန်မာနှစ်နိုင်ငံစလုံး၏ အစိုးရများသည် လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး တံခါးဖွင့်ပေါ်လစီများက ထိုင်းကို ကြွယ်ဝအောင် လုပ်ခဲ့ပြီး တံခါးပိတ်ပေါ်လစီများကမူ မြန်မာကိုနှစ်ပေါင်း၅၀လောက်နောက်ကျကျန်စေခဲ့ကြောင်း ကောင်းစွာ သတိပြုကြရပါလိမ့်မည်။

—Ref: 'Socialism or Free Market? Consider Myanmar and Thailand' by Lee Kuan Yew. 5th Nov, Forbes.

*(ယခုဆောင်းပါးကိုရေးသားသူလီကွမ်ယူသည် စင်ကာပူသမ္မတနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်ပြီး စင်ကာပူကို ဆယ်စုနှစ်သုံးခုခန့် အုပ်ချုပ်ခဲ့ကာ ခေတ်သစ်စင်ကာပူကို တည်ထောင်သူ ဖခင်ကြီးအဖြစ် မှတ်ယူခံရသည်။ ၁၉၉၀ တွင် စင်ကာပူ၏ ဒုတိယမြောက်ဝန်ကြီးချုပ် ဂိုချောက်တောင်က ၎င်းကို ဝါရင့်ဝန်ကြီးအဖြစ် ထပ်မံခန့်အပ်ခဲ့ပြီး ၂၀၀၄ တွင် လီကွမ်ယူ၏ အငယ်ဆုံးသား လီရှန်လွန်း စင်ကာပူ၏ တတိယမြောက်ဝန်ကြီးချုပ်ဖြစ်လာစဉ် အကြံပေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၂၀၁၁ မေ ၁၄ ရက်တွင်မူ လီကွမ်ယူနှင့် ဂိုချောက်တောင်တို့သည် ၎င်းတို့၏ ရာထူးများမှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ လီကွမ်ယူသည် သမိုင်းတွင်သက်တမ်းအကြာရှည်ဆုံး တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးချုပ် တစ်ဦးအဖြစ် သတ်မှတ်ခံရသည်။)*

## ခင်ပွန်းဖြစ်သူ နောက်အိမ်ထောင်ပြုပြီး ရက်ပိုင်းအတွင်း ဇနီးဖြစ်သူ ဆွဲကြိုးချသေဆုံး

**သန်းဌေး**

**ရန်ကုန်၊အောက်တိုဘာ-၂၀**

ခင်ပွန်းဖြစ်သူ နောက်အိမ်ထောင်ပြုပြီး ရက်ပိုင်းအတွင်း ကလေးနှစ်ယောက်မိခင်တစ်ဦး ဆွဲကြိုးချကာ မိမိကိုယ်ကို အဆုံးစီရင်သွားကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၂၀ ရက် နံနက် ၆ နာရီအချိန်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး တောင်ပိုင်းရပ်ကွက် ၉၂လမ်းတွင် နေထိုင်သော အသက်(၃၆)နှစ်အရွယ်အမျိုးသမီးတစ်ဦးသည် လည်ပင်းတွင် ကြိုးတန်းလန်းဖြင့် သေဆုံးခဲ့သည်။


“လူတစ်ယောက် ဆွဲကြိုးချသေနေတယ်။ အမျိုးသမီးတစ်ဦးလို့ သိတာနဲ့ သွားကြည့်တာ၊ သူ့အိမ်ကလုံးချင်းနှစ်ထပ်ခွဲလေးရဲ့ အပေါ်ထပ်မှာပဲ ကြိုးတန်းလန်းနဲ့သေနေတာ။ ပတ်ဝန်းကျင်က မနက်ခြောက်နာရီကျမှသိကြတာ။ သူ့ယောကျ်ားက ဒီလ ၈ရက်ကပဲ နောက်မိန်းမယူသွားလို့တဲ့”ဟု တာဝန်ကျရဲအရာရှိတစ်ဦးကပြောသည်။ သေဆုံးသူတွင် အရွယ်မရောက်သေးသော အသက် ၈နှစ် အရွယ်နှင့် ၆နှစ်အရွယ် သားယောကျ်ားလေးနှစ်ဦးကျန်ရစ်ခဲ့ပြီး အလောင်းအား ယနေ့ နေ့လယ်တွင်ပင် အစ္စလာမ်ဘာသာ အစဉ်အလာအတိုင်း သင်္ဂြိုဟ်ခဲ့ကြသည်။

ထို့ကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ် စခန်းမှူးရဲအုပ်မောင်မောင်အောင်က ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊မဟုတ် ဆက်လက်စစ်ဆေးနေပြီး ရန်ကုန်ဆေးရုံကြီးမှ PR ၀၁၁ ဖြင့် လက်ခံထားကာ သေမှုသေခင်းအမှတ် (ပ) ၃၃/ ၂၀၁၂ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012



# ကေအိုင်အေစစ်သားတစ်ယောက်ဆုံးရှုံးသွားတာဟာ တိုင်းပြည်ရဲ့ဆုံးရှုံးမှုဖြစ်သလို ဒီဘက်က ဗမာစစ်သား တစ်ယောက်ဆုံးရှုံးတာဟာလည်း တိုင်းပြည်ရဲ့ ဆုံးရှုံးမှုပဲဖြစ်ပါတယ်



ပြည်တွင်းမီဒီယာများနှင့် ပထမဆုံးအကြိမ်သတင်းစာရှင်းလင်းပွဲတွင်တွေ့ရသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်

ဓာတ်ပုံ-အားမာန်

**အားမာန်၊ဥက္ကာကိုကို**

နိုင်ငံတော်သမ္မတဦးသိန်းစိန်က သမ္မတသက်တမ်းတစ်နှစ်နှင့် ခြောက်လကျော်အတွင်း ပြည်တွင်းမီဒီယာများအတွက် ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲကိုသမ္မတအိမ်တော်အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၂၁ ရက်၌ ကျင်းပခဲ့သည်။ မီဒီယာများသည် မိမိတို့အစိုးရအဖွဲ့၏ နား၊ မျက်စိများပင်ဖြစ်ပြီး မီဒီယာများ၏ သဘောထားအမြင်များနှင့် မိမိတို့၏ သဘောထားအမြင်များကို အပြန်အလှန်သိရှိရန်လိုအပ်ကာ ပြည်သူများလည်း သိရှိရန်ဖြန့်ဝေနိုင်သည်မှာ မီဒီယာသာဖြစ်ကြောင်း သမ္မတက အမှာစကားတွင်ထည့်သွင်းပြောကြားသည်။ နှစ်နာရီကျော်ကြာပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင်သတင်းထောက်၁၂၈ဦးတက်ရောက်ခဲ့ပြီး သမ္မတက သတင်းထောက်များ၏ မေးမြန်းမှုများကို ရင်းနှီးပွင့်လင်းစွာ ဖြေကြားခဲ့သည်ကို တွေ့ရသည်။ သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းဖြေကြားခဲ့သည်များထဲမှ အချို့ကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

**7Day News - အရင်အစိုးရလက်ထက်မှာ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေမှာ ပွင့်လင်းမြင်သာမှု မရှိပါဘူး။ ပွင့်လင်းမြင်သာမှုမရှိဘဲ ပြည်သူ့ဆန္ဒမပါဘဲ ဆောင်ရွက်ခဲ့တဲ့အတွက် ရောဝတီမြစ်ဆုံစီမံကိန်း၊ လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းတို့လို နောက်ဆက်တွဲပြဿနာ တွေတက်တာ တွေ့ရပါတယ်။ ဒါကြောင့် နောင်ဆောင်ရွက်မယ့် စီမံကိန်းတွေမှာ ပွင့်လင်းမြင်သာမှုရှိအောင် ဘယ်လိုဆောင်ရွက်ဖို့ရှိပါသလဲ။**

စီမံကိန်းတွေနဲ့ပတ်သက်ပြီးတော့ အရင်အစိုးရက လုပ်ခဲ့ကိုင်ခဲ့တာတွေလည်း ပြောကြမယ်ဆိုရင်တော့ ဒါတိုင်းပြည်ရဲ့ အကျိုးအတွက်ပါ. . .။ အရင်အစိုးရ ဆောင်ရွက်သွားတဲ့အပိုင်းကိုတော့ ကျွန်တော်သိပ်ပြီး မပြောလိုတော့ပါဘူး။ သို့သော်ကျွန်တော်တို့ ဒီဘက်အပိုင်းမှာ ကျွန်တော်တို့ရဲ့ လုပ်မယ့်စီမံကိန်းတွေနဲ့ပတ်သက်ပြီးတော့ ထင်သာမြင်သာရှိအောင် ကျွန်တော်တို့ လုပ်သွားမှာဖြစ်ပါတယ်။ ထင်သာမြင်သာ ရှိအောင် လုပ်သွားမယ်ဆိုတဲ့နေရာမှာ ပထမစီမံကိန်းရေးဆွဲရပါတယ်။ စီမံကိန်းရေးဆွဲပြီးတော့မှ ဒီစီမံကိန်းက ဘာတွေဘာတွေ ကျွန်တော်တို့လုပ်မယ်၊ ဘယ်လိုဘယ်လို အကောင်အထည်ဖော်မယ်။ အကောင်အထည်ဖော်ဖို့အတွက် ငွေကြေးဘယ်လောက်လိုတယ်။ ဒါဟာ ခုနလို ဟိုတုန်းကလို ကိုယ့်ဟာနဲ့ ကို စီမံပြီးတော့လုပ်လို့မရပါဘူး။ ခင်ဗျားတို့လည်းအသိပါပဲ။ လွှတ်တော်ကိုကျွန်တော်တို့ တင်ပြရပါမယ်။ လွှတ်တော်က ဒီစီမံကိန်းကိုကြည့်တယ်။ ကျွန်တော်တို့အကောင်အထည်ဖော်ဆောင်ရမယ့် လုပ်ငန်းတွေကိုကြည့်တယ်။ ဒီပေါ်မှာ မူတည်ပြီးတော့မှ ဘဏ္ဍာငွေကို ကျွန်တော်တို့ ချပေးတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဘက်ပိုင်းမှာတော့ ဘာပဲဖြစ်ဖြစ် အားလုံးဟာ ကျွန်တော်တို့ ထင်သာမြင်သာနဲ့ လုပ်ကိုင်သွားနေတယ်။

**7Day News - တစ်နိုင်ငံလုံးက မလိုလားပေမယ့် ကချင်ပြည်နယ်မှာ စစ်ပွဲတွေဖြစ်တာ တစ်နှစ်ကျော်ပါပြီ။ ကချင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေနဲ့ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက တစ်လကို ဘယ်နှကြိမ်လောက် ပုံမှန်ဆွေးနွေးဖြစ်ပါသလဲ။ စစ်အသုံးစရိတ် အပါအဝင် လက်ရှိ ကချင်ပြည်နယ် စစ်ပွဲအခြေအနေနဲ့ပတ်သက်ပြီး ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို အသိပေးဖို့ အစီအစဉ်ရှိပါသလား။**

ကချင်ပြည်နယ်နဲ့ ပတ်သက်ပြီးတော့ အစောက ကျွန်တော် ပြောသလိုပါပဲ၊ အခုနက ပဋိပက္ခတွေဟာ ဒီဘက်ပိုင်းမှာ တစ်နှစ်ကျော်လောက်ရှိသွားပြီဖြစ်ပါတယ်။ ဆုံးရှုံးမှုတွေဟာလည်း အင်မတန်မှများပါတယ်။ မီးရထားလမ်းတွေမိုင်းဖောက်ပြီး ဖျက်ဆီးခံရတာတွေ၊ ကားလမ်းတွေဖျက်ဆီးခံရတာတွေရှိတယ်။ တံတားတွေ မိုင်းချိုးခံရတာတွေရှိတယ်။ နောက်တစ်ခါ ကျွန်တော်တို့ လျှပ်စစ်တွေ သိပ်ပြီးတော့ လိုအပ်နေတဲ့အချိန်မှာ တာပိန်ရေအားလျှပ်စစ်လိုဟာမျိုးက ကျွန်တော်တို့ စက်ရုံတည်ပြီးပါပြီ။ ထုတ်ရုံပဲ ကျန်တော့တယ်။ နောက်တစ်ခါကျွန်တော်တို့မဂ္ဂါဝပ်၉၀လောက်ထွက်တဲ့ ချီဖွေရေအားလျှပ်စစ်က ပေးနေနိုင်ပါတယ်။ သို့သော်လည်း တိုင်းပြည်ရဲ့ လုံခြုံရေးအခြေအနေအရထုတ်ယူပြီး မသုံးစွဲနိုင်ပါဘူး။ ဒီကြားထဲမှာ ရွှေလီကနေယူပြီး တော့လုပ်နေတဲ့ စီမံကိန်းတစ်ခုရှိနေတယ်။ ရွှေလီကဓာတ်အားလိုင်းတွေ သွယ်တန်းတဲ့နေရာမှာ တာဝါတိုင်တွေကိုမိုင်းခွဲဖျက်ဆီးလိုက်တဲ့အတွက်ကြောင့် လျှပ်စစ်တွေပြတ်တောက်ခဲ့ရပါတယ်။ ဒီဟာက ဒီဒေသတင်မဟုတ်ပါဘူး။ တစ်တိုင်းပြည်လုံးအတွက် ရိုက်ခတ်တဲ့ ဆုံးရှုံးမှုမျိုးတွေ ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း နှစ်ဖက်၊ ကျွန်တော်တို့ ဒီဖက်က စစ်သည်အရာရှိ အကြပ်တပ်သားတွေ၊ အေအိုင်အေဘက်ကလည်း တပ်သား၊ အကြပ်၊ အရာရှိတွေ နှစ်ဖက်မှာ သေဆုံးတာတွေ ဒဏ်ရာရမှုတွေက တစ်နှစ်ကျော်အတွင်းမှာ တော်တော်များများ သေဆုံးရတာတွေ များပြားပါတယ်။ အဲဒီအထဲမှာ စိတ်မကောင်းစရာ အကောင်းဆုံးက ဒေသတွင်းမှာရှိနေတဲ့ တိုက်ပွဲကြားမှာရှိနေတဲ့ တိုင်းရင်းသားတွေဟာ သူတို့ရဲ့ လုပ်ငန်းခွင်တွေ၊ အိုးအိမ်တွေကို စွန့်ပစ်ပြီးတော့မှ လုံခြုံစိတ်ချရတဲ့ နီးစပ်ရာ နေရာတွေမှာ ခိုအောင်းနေရတယ်။

ဒါတွေဟာလည်း သောင်းဂဏန်းလောက်ရှိမယ်။ ကျွန်တော်တို့ဘက်တွေမှာ ရှိသလို ဟိုဘက်မှာလည်းရှိပါတယ်။ ဒီလူတွေဟာ ဘယ်လောက်ပဲ ကျွေးမွေးထားနိုင်တယ်ဆိုပေမယ့်လည်း ကိုယ့်ဒေသမှာ ကိုယ်နေသလောက် အဆင်မပြေပါဘူး။ သားသမီးတွေ ကျောင်းနေဖို့၊ ကျန်းမာရေး၊ ဆေးဝါးကုသဖို့အခက်အခဲရှိပါတယ်။ ဒီလူတွေဟာ နှစ်နဲ့ချီပြီး ကြာမြင့်နေပါပြီ။ ကချင်ပြည်နယ်ကို ငြိမ်းချမ်းရေးရချင်ပါတယ်။ ငြိမ်းချမ်းရေး အလွန်ရစေချင်ပါတယ်။ အခုနက ရှင်းပြတဲ့ ဆုံးရှုံးမှုတွေဟာ တကယ်တော့ ကျွန်တော်တို့ ဆုံးရှုံးမှုတွေဟာနှစ်ဖက်ဆုံးရှုံးမှုတွေဟာ တိုင်းပြည်ရဲ့ ဆုံးရှုံးမှုတွေပဲဖြစ်ပါတယ်။ ပြောကြမယ်ဆိုရင် ကေအိုင်အေစစ်သားတစ်ယောက်ဆုံးရှုံးသွားတာဟာ တိုင်းပြည်ရဲ့ ဆုံးရှုံးမှုဖြစ်သလို ဒီဘက်က ဗမာစစ်သား တစ်ယောက်ဆုံးရှုံးတာဟာလည်း တိုင်းပြည်ရဲ့ ဆုံးရှုံးမှုပဲဖြစ်ပါတယ်။ ဒီအဆုံးအရှုံးတွေကို ထောက်ပြပြီးတော့မှ ကေအိုင်အေအဖွဲ့အစည်းနဲ့လည်း အဆက်အသွယ်တွေ လုပ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အကြိမ်ပေါင်း တော်တော်များများ သူတို့ရဲ့ မျက်နှာချင်းဆိုင် ထိတွေ့ဆွေးနွေးတာတွေ ရှိသလို၊ ယုံကြည်မှု တည်ဆောက်တဲ့ ဆွေးနွေးပွဲတွေ လုပ်နေတာတွေလည်း ရှိပါတယ်။

ဒီဟာကလည်း စိတ်ရှည်သည်းညည်းခံပြီးတော့ လုပ်သွားခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ စေတနာကို နားလည်လာမယ်ဆိုလို့ရှိရင်တော့ မကြာခင်မှာ ကချင်ပြည်နယ်ဟာလည်း တခြားဒေသ တွေလို ငြိမ်းငြိမ်းချမ်းချမ်း ရှိသွားမယ်ဆိုပြီးတော့ ကျွန်တော်ယုံကြည်ပါတယ်။ စောစောက ဆုံးရှုံးမှုတွေမကဘဲ ခဲယမ်းတွေထက် အသက်ဆုံးရှုံးမှုတွေဟာ အင်မတန်မှ များပြားပါတယ်။ နောက်တစ်ခုက လမ်းတွေဖြတ်ထားတယ်၊ ရထားလမ်းတွေ မိုင်းခွဲခံထားရတာတွေ၊ တံတားတွေ ဖျက်ထားတာတွေ။ လျှပ်စစ် တာဝါတိုင်တွေ ကျွန်တော်တို့ ချိုးတာတွေ၊ ဒီဆုံးရှုံးမှုတွေဟာ ပမာဏအားဖြင့် အင်မတန်မှ များတယ်လို့ပြောရပါမယ်။ တိတိကျကျ ကိန်းဂဏန်းအားဖြင့် ကျွန်တော်မှာ မရှိပါဘူး။ ပစ်ခတ်တိုက်ခိုက်တာတွေထက် ဆုံးရှုံးတာကတော့ လူ့ရဲ့အသက်တွေပါပဲ။ အဲဒီဒေသမှာ ရှိနေတဲ့ တိုင်းရင်းသား ပြည်သူတွေရဲ့ ဆုံးရှုံးမှုတွေ ဒါတွေဟာ အခုနကလို အတိုင်းအဆ ပမာဏများပြားပါတယ်။

**နောက်ပြန်မလှည့်သွားရန် အခြေခံဥပဒေ ၂၀၁၅မတိုင် ခင် အခြေခံဥပဒေပြင်ဆင်ရန် ရှိ၊ မရှိဟူသော မေးခွန်း (Eleven Media Group)**

နောက်ပြန်လှည့်မလား၊ မလှည့်ဘူးလားဆိုတာကတော့ ပြည်သူတွေရဲ့ ဆန္ဒပေါ် မှာမူတည်ပါတယ်။ ကျွန်တော်ထင်ပါတယ်။ ပြည်သူကိုမေးကြည့်ရင်တော့ ဘယ်လိုမှ နောက်ပြန်လှည့်ချင်တဲ့ ဆန္ဒမရှိတော့ပါဘူး။ ပြည်သူက နောက်ပြန်မလှည့်ချင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကလည်း နောက်ပြန်မလှည့်နိုင်အောင် ကြိုးစားပြီးလုပ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးမှာတော့ သဘောထားတွေကတော့ အမျိုးမျိုးရှိမှာပါ။ တူညီတဲ့အချက်တွေရှိတယ်။ မတူညီတဲ့ အချက်တွေရှိတယ်။ နိုင်ငံရေးသမားဆိုတာကတော့ ချီးမွမ်းခံရတာတွေ ရှိသလို၊ အဆဲခံရတာတွေလည်း ရှိမှာပါပဲ။ ရှေ့ကိုပဲ ချီတက်သွားဖို့လိုတယ်လို့ ဒီလိုပဲ ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေပြင် ရေး မပြင်ရေးကတော့ ဖွဲ့စည်း အခြေခံဥပဒေမှာလည်း ပြင်ဆင်နိုင်တဲ့ အခွင့်အလမ်းတွေ ပေးထားပြီး ဖြစ်ပါတယ်။ အဲဒီမှာ အခန်း ၁၂ ဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်နိုင်တဲ့ Amendement ပေါ့။ လုပ်ထုံးလုပ်နည်းတွေ ဘာတွေညာတွေလည်း ပါတာပေါ့။ ကျွန်တော့် သဘောထားတစ်ရပ်ထဲနဲ့တော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်လိုက်။ ဒီလိုမျိုးပြောလို့တော့ မရဘူး။ မပြင်ပါနဲ့လို့ သွားပြောလို့ကလည်း မရဘူး။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ရေးမပြင်ရေးသည်ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ထဲမှာရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆန္ဒအပေါ် မှာပဲ မူတည်တယ်လို့ ကျွန်တော်တို့ ပြောရမှာဖြစ်ပါတယ်။

**ပညာရေးမြှင့်တင်ရန် ပညာရေးအသုံးစရိတ် တိုးမြှင့် ရန် ရှိ၊ မရှိ (The Voice Weekly)**

ပညာရေးတွေ၊ ကျန်းမာရေး တွေ အသုံးစရိတ်ကို ပိုပြီးတော့ သုံးရမှာဖြစ်ပါတယ်။ ဒီပြီးခဲ့တဲ့ Budget Year ဆိုလို့ရှိရင် ပညာ ရေး၊ ကျန်းမာရေး အသုံးစရိတ်တွေကို ကျွန်တော်တို့ကလည်း ခွင့်ပြုပေးပါတယ်။ အခုနှစ်လည်း ဒါတွေကို ထပ်ပြီးတော့ တိုးမြှင့်ပြီးတော့ လွှတ်တော်ကို တင်ပြပါတယ်။ လွှတ်တော်ကလည်း ခွင့်ပြုပေးပါတယ်။ အခုနှစ်ကလည်း ဒါတွေကို တိုးမြှင့်ပြီးတော့ သုံးစွဲမှာဖြစ်ပါတယ်။ အဲဒါအပြင် ပြည်ပကနေ အကူအညီတွေGrantတွေသက်သာတဲ့ချေးငွေတွေLoanတွေဒါတွေလည်းတောင်းဆိုထားတာတွေ ကြိုးပမ်းနေတာတွေ ရှိပါတယ်။ ဒါတွေရ လာရင်လည်း ထပ်ပြီးတော့ သုံးစွဲသွားမှာ ဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

**ပြည်သူများကြုံတွေ့နေရသော မြေယာသိမ်းမှု၊ လာဘ်ပေးလာဘ်ယူ ပြဿနာနှင့် အောက်ခြေတွင် ပြည်သူများ ကြုံတွေ့နေရသော ပြဿနာများသိရှိပါသလား မေးခွန်း (ပြည်မြန်မာ)**

အခြေအနေမှန်ကို ကျွန်တော်တို့ သိပါရဲ့လားဆိုတော့။ သိသင့်သိထိုက်တဲ့ဟာတွေလည်း ကျွန်တော်တို့သိပါတယ်။ မသိတာတွေလည်း ကျွန်တော်တို့ ရှိမှာပါ။ ဒါကိုအမှန်အတိုင်း ကျွန်တော်တို့ပြောတာ ဖြစ်ပါတယ်။ စောစောက ခုနကလို ခြစားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ။ ဒါတွေက အစိုးရအဖွဲ့ထဲတင်ရှိတာ မဟုတ်ပါဘူး။ ကျန်တဲ့အလွှာတွေမှာလည်း ရှိနေတာဖြစ်ပါတယ်။ ဒါတွေက ချက်ချင်းလက်ငင်း။ ဟုတ်လား ကျွန်တော်တို့။ ဉ်ုဖွ . . ပြီးစေဆိုပြီး လုပ်လို့မရပါဘူး။ မန်းမှုတ်ပြီးတော့ လုပ်လို့မရပါဘူး။ အချိန်ယူပြီးတော့ ဒါကျွန်တော်တို့ ပြင်ရမှာဖြစ်ပါတယ်။ အချိန်ယူပြင်ရမယ့်အပိုင်း မှာ ပထမပိုင်းက ခုနကလို အသိပညာပိုင်းနဲ့ ကျွန်တော်တို့ ပေးရမှာဖြစ်ပါတယ်။ နောက်တစ်ခုကလည်း စားဝတ်နေရေးအပိုင်းတွေ အဆင်ပြေအောင် ကျွန်တော်တို့ ဒါလုပ်ပေးရမှာဖြစ်ပါတယ်။

အူမ မတောင့်ဘဲနဲ့ သီလမစောင့်နိုင်ဘူးဆိုတာ ရှိပါတယ်။ အဲ့ဒီတော့ စားဝတ်နေရေးတွေ အဆင်ပြေအောင် ကျွန်တော်တို့လုပ်ပေးရမယ်။ တစ်ခါ စားဝတ်နေရေးတွေအဆင်ပြေအောင် လုပ်ပေးဖို့အတွက် တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဒါတွေ ကျွန်တော်တို့ လုပ်ရပါမယ်။ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနဲ့အမျှ လူတွေက ခုနကလို စားနိုင်တယ်။ နေနိုင်တယ်။ ဝတ်နိုင်တယ်။

**အချပ်ပို(H)သို့**

7DAY NEWS JOURNAL
Vol.11, No.33 • OCTOBER 25 , 2012

# ရွှေလီတွင် အစိုးရနှင့်တွေ့ဆုံရန် ကေအိုင်အိုဘက်မှ သဘောတူ

**အေးမြကျော်**

**ရန်ကုန်၊အောက်တိုဘာ-၂၃**

ကေအိုင်အို(ကချင်လွတ်မြောက်ရေးအဖွဲ့)က အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် အောက်တိုဘာ ၂၃ ရက်က ဆုံးဖြတ်လိုက်ပြီး တရုတ်နိုင်ငံ ရွှေလီမြို့တွင်တွေ့ဆုံရန် သဘောတူလိုက်ကြောင်း လိုင်ဇာမြို့သို့ သွားရောက်ညှိနှိုင်းခဲ့သော ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့မှ ဦးလမိုင်ဂွန်ဂျာက အတည်ပြုပြောကြားသည်။

ရွှေလီမြို့တွင် တွေ့ဆုံရန် သဘောတူညီလိုက်သော်လည်း တွေ့ဆုံမည့် နေ့၊ ရက်၊ အချိန်ကို မူ ကေအိုင်အိုဘက်မှ ပြန်လည်အကြောင်းပြန်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ တွေ့ဆုံမည့်ရက်ကို ရှေ့တန်းစစ်မျက်နှာတွင်ဖြစ်တည်နေသော အခြေအနေများကို သုံးသပ်ကာ ကေအိုင်အိုဘက်မှ ဆုံးဖြတ်သွားမည်ဟုငြိမ်းချမ်းရေးအကျိုးဆောင်များထံမှ သိရသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အဓိကတာဝန်ယူထားသော အစိုးရဘက်မှ ဝန်ကြီးဦးအောင်မင်းက ယခုတစ်ကြိမ်တွေ့ဆုံပွဲတွင် တပ်များပြောင်းရွှေ့ရေးကို အဓိကထားဆွေးနွေးမည်ဟု အောက်တိုဘာ ၂၁ ရက်က ပြောကြားခဲ့သည်။

အစိုးရဘက်မှ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းစာကို အောက်တိုဘာ ၁၀ ရက်က ကေအိုင်အိုဘက်သို့ ပေးပို့ခဲ့သည်။

## မျက်နှာဖုံး - မြောက်ဦးနှင့် မင်းပြားမြို့နယ်တို့တွင် ပဋိပက္ခများ ပြန်လည်ဖြစ်ပွားသဖြင့် ညမထွက်ရအမိန့်ထုတ် မှ

အောက်တိုဘာ ၂၁ ရက်မှစတင်၍ ရခိုင်ပြည်နယ် မင်းပြားနှင့် မြောက်ဦးမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် ရွာလေးရွာရှိ အိမ်ခြေနှစ်ရာနီးပါး မီးလောင်ကျွမ်းခဲ့ပြီး လူငါးဦးခန့်သေဆုံးခဲ့ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သတင်းရရှိသည်။

"မြောက်ဦးမြို့နယ်မှာ ရခိုင်သုံးဦးနဲ့ အစ္စလာမ်ဘာသာဝင်နှစ်ဦး စုစုပေါင်းငါးယောက်သေတယ်လို့ နောက်ဆုံးကြားတယ်" ဟု ရခိုင်ပြည်နယ်အစိုးရပြန်ကြားရေးအဖွဲ့ဝင် ဦးမျိုးသန့်ကပြောသည်။

ဗလီခြောက်ခုခန့် အပါအဝင် အိမ်ခြေပေါင်း ရှစ်ရာကျော် မီးရှို့ခံရကြောင်း၊ ခန့်မှန်းခြေနှစ်ဆယ်ဦးခန့် သေဆုံးခဲ့ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးမိုဟာမက်ဆလင်းက ဆိုသည်။

"ကျွန်တော်တို့သိရသလောက် မီးလောင်တာ ဗလီမပါဘူး။ ဘုန်းကြီးကျောင်းတစ် ကျောင်းတော့ ပါတယ်လို့ကြားပါတယ်"ဟု ရခိုင်ပြည်နယ်အစိုးရ ပြန်ကြားရေးအဖွဲ့ဝင်တစ်ဦးက 7Day News သို့ပြောသည်။

မင်းပြားမြို့မှ ဒေသခံကိုစိုးမင်းက "မင်းပြားမှာတော့ သေတာမရှိဘူး။ မြောက်ဦး ပုရိန်ရွာမှာတော့ ရခိုင်သုံးဦးသေပြီး တစ်ဦးကို စစ်တွေဆေးရုံတင်ထားရတယ်လို့သိရတယ်"ဟုပြောသည်။ မီးလောင်သော ရွာများမှာ မိမိအိမ်ကို မိမိကိုယ်တိုင် မီးရှို့ပြီး ထွက်ပြေးခြင်းဖြစ်သည်ဟုငင်းက ဆိုသည်။

ကွဲလွဲနေသည့် ထိခိုက်သေဆုံးမှု စာရင်းကို တရားဝင်ထုတ်ပြန်ရန် အစီအစဉ် ရှိ၊ မရှိ နိုင်ငံတော်သမ္မတရုံးသို့ဆက်သွယ်မေးမြန်းရာ "ဒီကိစ္စ ဖြစ်ရတဲ့ အကြောင်းအရင်းကိုလိုက်နေတယ်။ စာရင်းကို တရားဝင် မသိရသေးဘူး"ဟု အဆင့်မြင့်အရာရှိတစ်ဦးက အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ဖြေကြားခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရ ပြန်ကြားရေးအဖွဲ့ဝင်တစ်ဦးက "တရားဝင်ထုတ်ပြန်ဖို့က ကျွန်တော်တို့နဲ့ မပြီးပါဘူး။ အထက်နဲ့ တိုင်ပင်လုပ်ရတာပါ"ဟု ပြောသည်။

လူအသေအပျောက်စာရင်းကို အတည်မပြုနိုင်သေးဘဲ ရခိုင်တစ်ဦး သေဆုံးသည်ဟု သိရကြောင်း၊ ယနေ့(အောက်တိုဘာ ၂၃)တွင် မြောက်ဦးမြို့နယ်ရှိ ရွာတစ်ရွာမီးလောင်ကျွမ်းနေကြောင်း စစ်တွေမြို့မိမြို့ဖ ဦးသန်းထွန်းက ဆိုသည်။

"မီးလောင်တာပဲ သိရတယ်။ တရားဝင်သတင်းတော့ မရသေးဘူး"ဟု အမှတ်(၆)ရဲတပ်ရင်းမှ ရဲ မှူးကြီးမျိုးမင်းအောင်က ပြောသည်။ အဆိုပါကိစ္စအားပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဆက်သွယ်မေးမြန်းရာ ၎င်းတို့အနေဖြင့် အဆိုပါသတင်းများအား လက်ခံမရသေးကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

# အမေရိကန်တပ်မတော်မှ နည်းပညာ အကူအညီများရရှိရန် မြန်မာစဉ်းစား

**အားမာန်**

**နေပြည်တော်၊ အောက်တိုဘာ-၂၁**

အမေရိကန်တပ်မတော်မှ နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ရရှိရန် တပ်မတော်သင်တန်းသားများ စေလွှတ်ရန် စဉ်းစားနေကြောင်းနိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားသည်။



ဓာတ်ပုံ - အောင်ထာနက်

"ပူးပေါင်းဆောင်ရွက်သွားဖို့ (အမေရိကန် - မြန်မာစစ်ရေး) သွားလေ့လာဖို့ဆိုတာ အစီအစဉ်လုံးဝမရှိပါဘူး။ စစ်ရေးအကူအညီကလည်း လောလောဆယ် ကျွန်တော်တို့က မလိုပါဘူး။ ဘာလို့လဲဆိုတော့ ဘယ်နိုင်ငံကိုမှ ကျွန်တော်တို့က ရန်ပြုနေတာမှ မရှိတာ။ သူ့ဆီက စစ်ရေးအကူအညီ မလိုပါဘူး။ သို့သော်လည်းပဲ နည်းပညာပိုင်းအကူအညီနဲ့ ပတ်သက်ပြီးတော့ သင်တန်းတွေ လွှတ်ဖို့ ပြုဖို့ကိုတော့ ကျွန်တော်တို့ စဉ်းစားထားပါတယ်။ ဟိုတုန်းက အရာရှိသင်တန်းတွေ လက်ခံပေးတာရှိပါတယ်။ ဒါမျိုးလောက်ပဲ ဖြစ်ပါတယ်"ဟု သမ္မတဦးသိန်းစိန်က ပြောသည်။ အမေရိကန်၊ ထိုင်းနှင့် အာရှနိုင်ငံများမှ တပ်မတော်များပါဝင်ပြီး တပ်သားအင်အား ၁၀၀၀၀ ကျော် စုပေါင်းစစ်ရေးလေ့ကျင့်သည့် Cobra Gold လေ့ ကျင့်မှုအား မြန်မာနိုင်ငံကို လေ့လာသူအဖြစ် အမေရိကန်က ဖိတ်ကြားထားပါပြီလားဟု အမေးကိုပြန်လည်ဖြေကြားစဉ် ပြောကြားခဲ့သည်။

အမေရိကန်တပ်မတော်ကလည်း အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင်မြန်မာနိုင်ငံကိုဖိတ်ခေါ်ရန် စဉ်းစားနေဆဲသာဖြစ်ကြောင်း အာရှပစိဖိတ်လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကာသီဝီလ်ကန်ဆန်ကလည်း ပြောကြားခဲ့သည်။ ဖိတ်ကြားမည်ဆိုပါက လာမည့် ဖေဖော်ဝါရီလတွင် ပြုလုပ်မည့် ၃၂ ကြိမ်မြောက် Cobra Gold စစ်ရေးလေ့ကျင့်မှုတွင်ဖြစ်နိုင်ကြောင်းလည်း နိုင်ငံတကာသတင်းဌာနများက ခန့်မှန်းရေးသားနေကြသည်။

"အမေရိကန်ပြည်ထောင်စုဟာ ထိုင်းနိုင်ငံဘက်မှ Cobra Gold စစ်ရေးလေ့ကျင့်မှုမှာ လေ့လာသူတွေအဖြစ် မြန်မာတပ်မတော်အရာရှိတွေပါဝင်တဲ့ တပ်စိတ်လေးတစ်ခုကိုပါဝင်ဖို့တောင်းဆိုထားတာကိုစဉ်းစားနေပါတယ်။ သူတို့ကို လူသားချင်းစာနာမှု အထောက်အကူပေးရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဒါမှမဟုတ် စစ်ဖက်ဆိုင်ရာ ဆေးတပ်ဖွဲ့လေ့ကျင့်ရေးမှာ လေ့လာစေနိုင်ဖို့ အမေရိကန်ရဲ့ အားထုတ်မှုတွေဖြစ်တဲ့ လူ့အခွင့်အရေးကာကွယ်ရေး၊ တပ်ကို အရပ်ဖက်မှ ထိန်းချုပ်ရေး၊ ခြစားမှုဆန့်ကျင်ရေးနှင့် အခြားပြုပြင်ပြောင်းလဲရေးကိစ္စတွေနဲ့အတူ လိုက်လျောညီထွေမှုဖြစ်အောင်လို့ပေါ့လေ။ ဒီကိစ္စဟာ စဉ်းစားနေဆဲ အဆင့်ပဲရှိပါသေးတယ်။ ဘယ်လိုဆုံးဖြတ်ချက် ဖိတ်ခေါ်မှုမျိုးမှ မလုပ်ရသေးပါဘူး"ဟု ဝီလ်ကန်ဆန်က ပြောသည်။

မြန်မာနှင့် အမေရိကန် ပူးပေါင်း၍ ပထမဆုံးအကြိမ် ကျင်းပသော လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအပြင် အမေရိကန်ပစိဖိတ်တပ်မတော်မှကြယ်သုံးပွင့်အဆင့်ရှိဗိုလ်ချုပ်ကြီးတစ်ဦးက အရပ်သားထိန်းချုပ်ထားသောတပ်မတော်၊ လွတ်လပ်သော လူ့အဖွဲ့အစည်းမှ တပ်မတော်၏ အခန်းကဏ္ဍ စသည်တို့ကို နေပြည်တော်၌ ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြား၍ အတွေ့အကြုံဖလှယ်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်က အောက်တိုဘာ ၁၉ ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နိုဝင်ဘာလ ၆ ရက်တွင် ကျင်းပမည့် အမေရိကန်ရွေးကောက်ပွဲတွင် ရီပက်ဘလေကန်ပါတီမှ သမ္မတလောင်း မစ်ရွန်းနေ အနိုင်ရရှိသွားပါက အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် မူဝါဒ အပြောင်းအလဲရှိနိုင်ပါသလားဟူသော 7Day News ၏ မေးမြန်းမှုကို သံအမတ်ကြီးက ဒီမိုကရက်တစ်ပါတီနှင့် ရီပက်ဘလေကန်ပါတီနှစ်ခုစလုံးမှာမြန်မာနိုင်ငံနှင့် ပတ်သက်၍ ကောင်းမွန်သော မူဝါဒများရှိပြီး မြန်မာအရေးကိုစိတ်ဝင်စားကြောင်း ဖြေကြားခဲ့သည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုက ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာ ထွက်ပြေးရသူများအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ၇၃သန်းထပ်မံကူညီပေးအပ်ခဲ့ သည်။ အကူအညီများကို UNHCR နှင့် Unicef တို့မှတစ်ဆင့် ပေးအပ်မည်ဖြစ်ပြီး၊ ယခင်ကလည်း အမေရိကန်ပြည်ထောင်စုက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာထွက်ပြေးရသူများအတွက် ဒေါ်လာ ၂ ဒသမ ၇၃ သန်း လှူဒါန်းခဲ့ဖူးသည်။

# လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရန် နိုင်ငံခြားချေးငွေမှ ကန်ဒေါ်လာ သန်း ၉၀ ပေးရန် သမ္မတက သဘောတူထားဟုဆို

**ပြည်သိမ်း၊အောင်သူရ**

**ရန်ကုန်၊အောက်တိုဘာ-၂၃**

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်တိုင်းဒေသကြီးကိုးခုတွင် စီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် နိုင်ငံခြားချေးငွေ ဒေါ်လာသန်း ၉၀ ကိုပေးရန် နိုင်ငံတော်သမ္မတက သဘောတူထားပြီဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ကပြောကြားသည်။

"ချေးငွေများရဲ့ ၇၅ ရာခိုင်နှုန်းကို လယ်ယာကဏ္ဍမှာသုံးဖို့ သမ္မတကြီးက သဘောတူထားတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကဆိုသည်။

"ဆည်ရေသောက်စနစ်ရှိပြီးသား တိုင်းနဲ့ပြည်နယ်တွေ ပထမအဆင့်အနေနဲ့လုပ်ဖို့စီစဉ်ထားပါတယ်"ဟု ဝန်ကြီးဦးမြင့်လှိုင်က ပြောသည်။

ရှေ့ပြေးစီမံကိန်းအဖြစ် ဒေါ်လာ ၁၀ သန်း စီမံကိန်းကို စတင်မည်ဖြစ်ပြီး နေပြည်တော်ကောင်စီတွင် အသုံးပြုပြီး ကျန်ငွေများကို တိုင်းနှင့်ပြည်နယ်တစ်ခုစီအလိုက် ဒေါ်လာ ၁၀ သန်းစီ သုံးစွဲရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်ထိ ပြည်တွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် လယ်ယာကဏ္ဍမှာ အနည်းဆုံးဖြစ်ပြီး ၁ ရာခိုင်နှုန်းပင် မပြည့်ပေ။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းတန်ဖိုး ၄၁၀၉၇ ဒသမ ၅၃၉ သန်းတွင် လယ်ယာကဏ္ဍ၌ ၁၈၂ ဒသမ ၇၅ သန်းဝန်းကျင်သာရှိကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စာရင်းဇယားများအရသိရသည်။

"နိုင်ငံတော်သမ္မတကြီးက အစ အဖွဲ့အစည်းအားလုံးက လယ်ယာကဏ္ဍဦးစားပေးရေးပဲ ပြောနေကြတယ်။ ဒါပေမဲ့ လောက်လောက်လားလား ကူညီတာတွေကတော့ မရှိသေးဘူး"ဟု မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း(ယာယီ)မှ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကဆိုသည်။

တောင်သူလယ်သမားများအတွက် ငွေကြေးအရင်းအနှီးများထုတ်ပေးနိုင်ရန် နည်းမျိုးစုံဖြင့်ကြိုးစားနေကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က သတင်းထောက်များနှင့် တွေ့ဆုံသည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ တိုးတက်လာမှုနှင့်အမျှ တောင်သူလယ်သမားများကို အရင်းအနှီးများကို ပိုမိုပေးနိုင်မည်ဟုလည်း ဆိုသည်။

ယခင်က အမတော်ကြေးအနေဖြင့် နိုင်ငံတော်မှ ချေးငွေပေးရာတွင် တစ်ဧကကို ကျပ် ၅၀၀၀၀ မှ ယခုနှစ် နွေစပါးတွင် တစ်ဧကကို ကျပ် ၈၀၀၀၀ ထိ ထုတ်ချေးပေးမည်ဟု ပြောကြားသည်။

ယနေ့ အာရှနိုင်ငံများ၏ စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးအပေါ်တွင် မှီခိုနေမှုကို လျှော့ချနေပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတစီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်ကဆိုသည်။ တိုင်းပြည်၏ စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကမှီခိုနေသည့် နိုင်ငံတို့မှာ မြန်မာ၊ ကမ္ဘောဒီးယားနှင့် နီပေါနိုင်ငံတို့သာ အများဆုံးဖြစ်သည်။

## ပြင်ဆင်ဖတ်ရှုပါရန်

- 7Day News ဂျာနယ် အတွဲ(၁၁) အမှတ်(၃၁) စာ(၁၅)တွင် ပါရှိသည့် ချင်းတွင်းမြစ်အတွင်း စက်လှေပေါ်မှ မူးယစ်ဆေးဝါး ကျပ်သိန်း ၁,၆၀၀ ကျော်ဖိုး ဖမ်းမိသတင်းတွင် ကျပ်သိန်း ၁,၆၀၀ အစား ကျပ်သိန်းပေါင်း ၁၃,၀၀၀ ကျော်ဟုလည်းကောင်း၊ မူးယစ်ဆေးဝါး ဆေးပြားတန်ဖိုး ကျပ်သိန်း ၁,၃၀၀ အစား ကျပ်သိန်း ၁၃,၀၀၀ ဟူ၍လည်းကောင်း၊ ဒုရဲအုပ်ဝင်းဟန်အစား ရဲအုပ်ဝင်းဟန်ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။
- 7Day News ဂျာနယ် အတွဲ(၁၁) အမှတ်(၃၁) စာ(၁၈)တွင် ဖော်ပြပါရှိသော **"မန္တလေးရှိ ကြယ်ငါးပွင့်ဟိုတယ် ပြည်တွင်းဟိုတယ်များတွင် ဈေးအမြင့်ဆုံးဖြစ်နေဟုဆို"** သတင်း၌ပါရှိသည့် ဟိုတယ်အခန်းခ ဈေးနှုန်းများမှာ ဟိုတယ်၏ Rack Rate သာဖြစ်ပြီး အပြင်တွင် အမှန်တကယ်ရောင်းဈေးမဟုတ်ကြောင်း ဟိုတယ် Sales & Marketing ဌာနမှ 7Day News မှတစ်ဆင့် ပြန်လည်ရှင်းလင်းသည်။ **(အယ်ဒီတာ)**

# ရခိုင်ပြဿနာနှင့်ပတ်သက်၍ အာဏာရပါတီမှတ်ချက်ပြု

**အိဖြူလွင်**

**ရန်ကုန်၊အောက်တိုဘာ-၁၉**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသော ပြဿနာများသည် ရာဇဝတ်မှုကြောင့်ဖြစ်သော ပြဿနာမှစ၍ ဒေသတွင်း တည်ငြိမ်အေးချမ်းမှု မရှိတော့သည့်အတွက် ပုံမှန်အခြေအနေရောက်ရန် အစိုးရက လုပ်ရမည်ဖြစ်ပြီး ပြည်ခိုင်ဖြိုးပါတီအနေနှင့် ဝိုင်းဝန်းပံ့ပိုးပေးမည်ဟု ပြည်ခိုင်ဖြိုးပါတီ ဒုတိယဥက္ကဋ္ဌဦးဌေးဦးကပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော နိုင်ငံသားဖြစ်မှုဥပဒေနှင့်ပတ်သက်၍မူမည်သို့မှ မှတ်ချက်ပြုစရာမရှိဘဲ ဥပဒေကိုလိုက်နာကျင့်သုံးနိုင်ရန်သာ လိုအပ်သည်ဟု ပြည်ခိုင်ဖြိုးပါတီ ဒုတိယဥက္ကဋ္ဌဦးဌေးဦးက ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသောပဋိပက္ခများနှင့်ပတ်သက်၍ ပြောကြားသည်။

"ကိုယ့်တိုင်းပြည်မှာ နေတဲ့လူတွေကို နောက်ကျရင်တော့ စိစစ်လို့ရှိရင် တစ်မျိုးဖြစ်ရင်ဖြစ်မှာပေါ့။ သို့သော်လည်းပဲ အခုတော့ ကိုယ့်တိုင်းပြည်ထဲမှာ နေနေတဲ့လူတွေလို့ပဲ သဘောထားရမယ်" ဟု ရခိုင်ပြည်နယ်တွင် ရောက်ရှိနေထိုင်နေသူ ဘင်္ဂါလီလူမျိုးများသည်တရားဝင်နေထိုင်ခြင်းဟုတ်၊ မဟုတ်နှင့်ပတ်သက်၍ မေးမြန်းမှုကိုဦးဌေးဦးကပြောကြားလိုက်သည်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ၏ အခန်း ၄ ပုဒ်မ ၄၂ တွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် မတိုင်မီကာလတွင် နိုင်ငံတော်အတွင်းရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးသည် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံသော အထောက်အထားများနှင့် ဗဟိုအဖွဲ့သို့ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်ဟုပါရှိသည်။

ဦးဌေးဦး၏ ပြောကြားချက်သည် လက်ရှိ အာဏာရနေသော နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ပထမဆုံးအကြိမ်နိုင်ငံအတွင်းဖြစ်ပေါ်နေသော ပဋိပက္ခများအနက် ရခိုင်အရေးအခင်းနှင့် ပတ်သက်၍ မှတ်ချက်ပေး ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတွင်း အင်အားကြီးပါတီများဖြစ်သည့် အာဏာရပြည်ခိုင်ဖြိုးပါတီနှင့် လူထုထောက်ခံမှုရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့သည် ပဋိပက္ခများနှင့် ပတ်သက်၍ နှုတ်ဆိတ်နေခြင်းအပေါ် ဝေဖန်မှုများလည်း ရှိနေခဲ့သည်။

ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံတွင်း ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ပတ်သက်၍ နှုတ်ဆိတ်နေရခြင်းအပေါ် "တစ်ဖက်ကို မှန်တယ်၊ မမှန်တယ် အချက်အလက်တွေ ဖော်ထုတ်ဖို့ဆိုတာ ကျွန်မတို့တာဝန်မဟုတ်ဘူး။ တာဝန်လည်း ပေးမထားဘူး။ အချက်အလက်တွေရဲ့ အမှန်အမှားကို မသိဘဲနဲ့ ဘက်လိုက်ပြီးတော့ ဘယ်လိုပြောမလဲ"ဟုပြောကြားခဲ့သည်။

"ကျွန်မက စေ့စပ်ပေးချင်သူတစ်ယောက်အနေနဲ့ ဟိုဘက်ဒီဘက် အပြစ်ဆိုနေရင် အသုံးကျမှာ မဟုတ်တော့ဘူး။ ကျွန်မကိုလည်း အသုံးချလို့ရတော့မှာ မဟုတ်ဘူး"ဟုလည်း သူမကဆက်လက်ပြောကြားခဲ့သည်။

နယ်မြေအခြေစိုက်ပါတီတစ်ခုဖြစ်သည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည် ပြည်နယ်တွင်း မဲဆန္ဒနယ် အများစုတွင် အနိုင်ရရှိထားသော တိုင်းရင်းသားပါတီတစ်ခုဖြစ်သည့်အပြင် နယ်မြေအရေးကိစ္စများတွင် ပါဝင်ပတ်သက်မှုကြောင့် အစိုးရအဖွဲ့နှင့်လည်း ထိပ်တိုက်ရင်ဆိုင်မှုများ မကြာခဏရှိခဲ့သည်။

# CPI ကုမ္ပဏီ မြစ်ဆုံစီမံကိန်းမှ လက်ကျန်စက်ပစ္စည်းများသိမ်း၍ ပြန်တော့မည်

**အားမာန်**

**နေပြည်တော်၊ အောက်တိုဘာ-၂၁**

ဧရာဝတီမြစ်ဆုံစီမံကိန်းမှ CPI (China Power Investment) ကုမ္ပဏီက ပြန်ရန်အတွက် နောက်ဆုံးကျန်ရှိသော စက်ပစ္စည်းများကို သိမ်းဆည်းနေပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားသည်။

"အခုပြန်ဖို့ နောက်ဆုံးအသုတ်ပစ္စည်းတွေ သိမ်းနေပြီ၊ ပစ္စည်းတွေ သိမ်းပြီးပြန်ကြတော့မယ်" ဟု ဦးအောင်မင်းက အောက်တိုဘာ ၂၁ ရက်တွင် ပြောသည်။ မြစ်ဆုံစီမံကိန်းဆောင်ရွက်ခဲ့ရာတွင် မြေအတွင်းဝင်သွားသော ကုန်ကျစရိတ်တန်ဖိုးမှာပင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

စက်ပစ္စည်းများသယ်ယူရန် မြန်မာအစိုးရက ခွင့်ပြုပြီးဖြစ်သော်လည်း ကေအိုင်အေနယ်မြေအတွင်းရှိခုနစ်ရောင်ခြယ်တံတားကျိုးနေပြီး၊ ကေအိုင်အေက တံတားပြန်ဆောက်ရန် ခွင့်မပြုသည့်အတွက် သယ်မရသေးကြောင်း CPI ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ မစ္စတာ Xia Zhong က ဩဂုတ်လ ကုန်ပိုင်းက ဘေဂျင်းမြို့ရှိ၎င်းတို့၏ရုံး၌ 7Day News နှင့်တွေ့ဆုံစဉ် ဖြေကြားခဲ့သည်။

အဆိုပါစီမံကိန်းကြောင့် CPI ကုမ္ပဏီ၏ ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ရှိကြောင်းလည်း ဒုဥက္ကဋ္ဌကဆို

# ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီရှေ့တွင် လယ်သမားများ ညလုံးပေါက်ဆန္ဒပြနေ

**မိုးညို**

**ရန်ကုန်၊အောက်တိုဘာ-၂၃**

လှိုင်သာယာမြို့နယ်မှလယ်သမားများက ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီရုံးခန်းရှေ့တွင် အောက်တိုဘာ ၂၂ ရက် ညမှ စတင်ကာ ညလုံးပေါက်ဆန္ဒဖော်ထုတ်ခဲ့ကာ ယနေ့ ၂၃ ရက် နေ့လယ်ပိုင်းအထိ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။



ကုမ္ပဏီရှေ့တွင် ဆန္ဒပြနေကြသော လယ်သမားများ

ဓာတ်ပုံ - မိုးညို

လသာမြို့နယ် ဝါဝါဝင်းကုမ္ပဏီရုံးခန်းရှေ့တွင် လယ်သမားဦးရေ ၅၀ ခန့် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီမှ အောက်တိုဘာ ၂၃ ရက်အထိ ညလုံးပေါက် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ လှိုင်သာယာမြို့နယ် အတွင်းပဒံ၊ အပြင်ပဒံ၊ ကျွန်းကြီး၊ ကျွန်းလေးကျေးရွာမှ လယ်သမားများ ပိုင်ဆိုင်သည်ဟုဆိုသော လယ်မြေဧက ၆၈၀ ကျော် သိမ်းဆည်းခံရမှုနှင့် တစ်စုံတရာ ညှိနှိုင်းဆောင်ရွက်ပေးရန် ယခုလို ဆန္ဒထုတ်ဖော်နေခြင်းဖြစ်သည်ဟု လယ်သမားအရေး လိုက်လံဆောင်ရွက်ပေးသူ ဦးဝင်းချိုက ၂၂ ရက် ညဦးပိုင်းက ပြောသည်။

ယင်းလယ်သမားများ ဆန္ဒထုတ်ဖော်ပြသမှုမှာ ခြောက်ကြိမ်မြောက်ဖြစ်ပြီး ယခုအကြိမ်တွင် ညလုံးပေါက် ဆန္ဒထုတ်ဖော်နေခြင်းလည်းဖြစ်သည်။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနရုံးရှေ့တွင် ၂၀၁၂ ခုနှစ် မေလ ၃၁ ရက်ကတစ်ကြိမ်၊ ဇွန်လ ၁ ရက်က တစ်ကြိမ်၊ ဇွန်လ ၄ ရက်က တစ်ကြိမ်၊ ဇွန်လ ၅ ရက်က တစ်ကြိမ်နှင့် ဇူလိုင်လ ၂ ရက်က တစ်ကြိမ် ဆန္ဒထုတ်ဖော်တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဒေါ်စန်းစန်းဝင်းက ဝါဝါဝင်းကုမ္ပဏီအနေနှင့် လယ်မြေများအား တိုက်ရိုက်သိမ်းယူခြင်းဆိုသည်မှာ လုံးဝမဟုတ်မှန်ကြောင်း၊ ဝါဝါဝင်းကုမ္ပဏီအနေနှင့် သိမ်းပိုင်ခွင့်မရှိကြောင်း၊ လယ်မြေများပေါ်တွင် ဆောင်ရွက်လျက်ရှိသည့် အနော်ရထာစက်မှုဇုန်စီမံကိန်း မည်မျှအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေသည်ကို မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း 7Day News သို့ပြောသည်။

"သူတို့ကလည်း သူတို့ဆန္ဒနဲ့သူတို့လုပ်တာပါ။ သူတို့တောင်းဆိုတာ ကုမ္ပဏီအနေနဲ့ တိုက်ရိုက်မပတ်သက်ဘူး။ ဒီပြဿနာဟာ ခေါင်းစဉ်တပ်မှားနေပါတယ်။ မသိနားမလည်ဘဲ ရိုးသားတဲ့ လယ်သမားတွေကို ခေါ်လာပြီး အခုလိုဦးဆောင်လာတာ နိုင်ငံရေးအမြတ်ထုတ်တယ်လို့ထင်တယ်။ ကျွန်မအနေနဲ့ လယ်သမားတွေကိုတော့ တကယ်သနားပါတယ်"ဟု အထက်ပါ အထွေထွေမန်နေဂျာကပင်ပြောသည်။

အဆိုပါဆန္ဒထုတ်ဖော်ပြသမှုမှာ တရားဝင်ခွင့်ပြုချက်ရရန် ခွင့်ပြုချက်တင်ခဲ့သော်လည်း သတ်မှတ်ရက်အမီ တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်းမရှိသောကြောင့် ယခုလို ခွင့်ပြုချက်မရဘဲ ဆန္ဒထုတ်ဖော်နေခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာက တရားဥပဒေအရ လာရောက်ဖမ်းဆီးမည်ဆိုပါက ဖမ်းဆီးခံနိုင်ကြောင်း ဆန္ဒထုတ်ဖော်မှုတွင်ပါဝင်သူ လယ်သမားတစ်ဦးကပြောသည်။

"ကျွန်တော်တို့အနေနဲ့လောလောဆယ်မှာ ဘာမှလုပ်ကိုင်စားသောက်စရာ မရှိတော့ဘူး။ ဒါကြောင့် အခုလို ဆန္ဒထုတ်ဖော်တာကို ဖမ်းဆီးမယ်ဆိုလည်း အဖမ်းခံဖို့ ဆုံးဖြတ်ပြီးသားပါ။ တစ်စုံတရာဖြေရှင်းချက် မပေးမချင်း မထဘူး"ဟု ၂၂ ရက် ညဦးပိုင်းက ဆန္ဒထုတ်ဖော်နေသည့် လယ်သမားတစ်ဦးကပြောသည်။

အောက်တိုဘာ ၂၃ ရက် နံနက် ပိုင်းတွင် လသာမြို့နယ် ရဲစခန်းသို့ 7Day News မှ ဆက်သွယ်မေးမြန်းရာ "ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်စုံတရာအမှုဖွင့်ဆောင်ရွက်ထားခြင်းမျိုး မရှိသေးပါဘူး"ဟု တာဝန်ကျဒုရဲအုပ်ကပြောသည်။

# ပဋိပက္ခဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့ဘဏ်မှ ကန်ဒေါ်လာ ၈၅ သန်းထောက်ပံ့မည်

**ပြည်သိမ်း၊အောင်သူရ**

**ရန်ကုန်၊အောက်တိုဘာ-၂၃**

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံသို့ ပဋိပက္ခဒေသ ထောက်ပံ့ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟု ကဏ္ဍနှစ်ရပ်ခွဲကာ ထောက်ပံ့ငွေ ကန်ဒေါ်လာ ၈၅ သန်း ပေးအပ်မည်ဖြစ်ကြောင်း ဘဏ်ဝက်ဘ်ဆိုက်တွင် အောက်တိုဘာ ၂၂ ရက်က တရားဝင်သတင်းထုတ်ပြန်သည်။

ယင်းသို့ထောက်ပံ့ငွေပေးရာတွင် ပဋိပက္ခဖြစ်နေသောဒေသများသို့ ကန်ဒေါ်လာ ၅ သန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကန်ဒေါ်လာ သန်း ၈၀ ပေးမည်ဟုပါရှိသည်။ စီမံကိန်းများကို ၂၀၁၃ ခုနှစ်တွင် စတင်နိုင်ရန် လုပ်ကိုင်ဆောင်ရွက်မည့် စီမံကိန်းစာတမ်းကို အောက်တိုဘာ ၃၀ ရက် နောက်ဆုံးထား၍ ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့သို့ တင်ပြမည်ဖြစ်ပြီး ဘုတ်အဖွဲ့က ယင်းစာတမ်းကို ဆွေးနွေးမည်ဖြစ်သည်။

"ဒီစာတန်းက ပြည့်စုံမှုမရှိဘူး။ ဘုတ်အဖွဲ့ကိုတင်မယ့်ပုံစံမျိုး မဟုတ်ဘူး။ မြန်မာနိုင်ငံဖြစ်လို့စီစဉ်တာလားတော့ မသိဘူး"ဟု ဝါရှင်တန်ဒီစီအခြေစိုက် (Bic-Bank Information Center)မှ အာရှတာဝန်ခံမန်နေဂျာ Jelson Garcia က ဆိုသည်။

ကမ္ဘာ့ဘဏ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးမည့် ကန်ဒေါ်လာသန်း ၈၀ တွင် စီမံကိန်း ၁၅ ခုဖြင့် ဆောင်ရွက်မှုဖြစ်သည်။ ၎င်း ဒေါ်လာသန်း ၈၀ မှ ၅၂ သန်းကို ကျေးရွာ ၆၄၅ ရွာသို့ တစ်ရွာလျှင် ကန်ဒေါ်လာ ၂၇၀၀၀ စီဖြင့် စီမံကိန်းလုပ်ကိုင်မည်ဖြစ်သည်။

ယခုစီမံကိန်းမှာ သုံးနှစ်စီမံကိန်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု သိရသည်။

"ကမ္ဘာ့ဘဏ်က ဘယ်စီမံကိန်းလုပ်လုပ် အများပြည်သူသိအောင်လုပ်ပေးရမယ်။ ဒီစီမံကိန်းမှာတော့ မူဝါဒပိုင်းမှာပင် တိကျသေချာမှုတွေမရှိဘူး"ဟု Bic မှ Myanmar Coordinator ရှိရှိအန်ဒိုက ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်နှင့် ပြန်လည်ဆက်သွယ်မှုကို ယခုနှစ် ဇူလိုင်မှ စတင်ဆောင်ရွက်ခဲ့ပြီး မူလအကြွေး ကန်ဒေါ်လာ ၈၉၃ သန်းကို ပြန်လည်ပေးဆပ်ပြီးပါက စီမံကိန်းချေးငွေ

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.33 ▪ OCTOBER 25 , 2012

# အချုပ်ပို(E) ကေအိုင်အေစစ်သားတစ်ယောက် ဆုံးရှုံးသွားတာဟာ ⋯ မှ

ဘယ်သူ့ဆီကမှ လက်ဖြန့်ပြီးတော့ တောင်းနေစရာမလိုဘူးဆိုရင် စောစောက ဒါတွေဟာလည်း တဖြည်းဖြည်းနဲ့ လျော့နည်းသွားမှာဖြစ်ပါတယ်။ ချက်ချင်းတော့ ပပျောက်အောင်လုပ်ဖို့က ကျွန်တော်တင် မဟုတ်ပါဘူး။ လုပ်နိုင်တဲ့လူဆိုရင်လည်း ခုနကလို လာပြီးတော့ လုပ်စေချင်ပါတယ်။ မရနိုင်သေးပါဘူး။ ဒါပကတိ အမှန်တရားပဲဖြစ်ပါတယ်။ နောက်တစ်ခုက မြေယာတွေ သိမ်းတယ်၊ပြုတယ်၊ဘာညာ ဒီကိစ္စကတော့ ကျွန်တော်ပြောရဲပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ မြေတစ်ကွက်မှ ကျွန်တော်တို့သိမ်းတာ မရှိပါဘူး။ ဒါအရင်တုန်းကပြဿနာပါ။ အဲဒီတော့ ဒီပြဿနာတွေ ဖြေရှင်းဖို့အတွက်ကလည်း ကျွန်တော်တို့မှာ မခက်ပါဘူး။ ဥပဒေကျွန်တော်တို့ရှိပါတယ်။ ခုနကလိုဥပဒေရှိပါတယ်။ အဲဒီတော့ သိမ်းတဲ့သူရယ် အသိမ်းခံရတဲ့သူရယ်၊ ဥပဒေရယ်၊ တရားရုံးရယ်။ အဲဒီတော့ ဒီလေးယောက် ဖြေရှင်းလိုက်လို့ရှိရင် အဲဒီပြဿနာက ပြေလည်သွားမှာပဲ ဖြစ်ပါတယ်။

**သမ္မတ လစာမေးခွန်း (မြန်မာပို့စ်ဂျာနယ်)**

ဖွဲ့စည်းပုံ အခြေခံဥပဒေ အရတော့ သိန်းငါးဆယ်။ ကျွန်တော်သာ သိန်းငါးဆယ်ယူလိုက်လို့ရှိရင်တော့ ဒီနေ့ယူ၊ မနက်ဖြန်ပြုတ်မယ်နဲ့တူတယ်။ တိုင်းပြည်က ဒီလောက်ဖွံ့ဖြိုးတိုးတက်မှုမရှိသေးတဲ့အခါ ကျွန်တော် ဘယ်လို လုပ်ယူရက်မလဲ။ အရင်က နအဖအစိုးရလက်ထက်က ပေးခဲ့တဲ့ လစာ ရှိပါတယ်။ နိုင်ငံ့အကြီးအကဲက ကျွန်တော်ထင်တယ်။ ၁၅ သိန်းနဲ့တူတယ်နော်။ (ဝန်ကြီးများဘက်လှည့်မေး။) ၁၅သိန်းပါပဲ။ အဲ့ဒီတော့ ၁၅ သိန်းနဲ့ သိန်းငါးဆယ်ဆိုတော့ အင်မတန်မှ ကျွန်တော်တို့ကွာပါတယ်။ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်ရတဲ့ ၁၅သိန်းက ကုမ္ပဏီမှာလုပ်တဲ့ လူလောက်တောင် မများဘူးနဲ့တူတယ်။

**အမေရိကန်ခရီးစဉ်မှ ရရှိသော အကျိုးကျေးဇူး။ (ရန်ကုန်တိုင်းမ်)**

အမေရိကန်ခရီးစဉ်က ရရှိတဲ့ အကျိုးရလဒ်အနေနဲ့ ဘာတွေ ရခဲ့သလဲဆိုရင် တစ်အချက် ကျွန်တော်တို့နိုင်ငံရဲ့ပြုပြင်ပြောင်းလဲတဲ့ လုပ်ငန်းတွေကို ကမ္ဘာကို အသိပေးနိုင်တဲ့ အကျိုးရလဒ်ရပါတယ်။ တစ်ကမ္ဘာလုံးကလည်း ဝိုင်းပြီးတော့ အသိအမှတ်ပြုတဲ့ အနေအထားရရှိခဲ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပို့ကုန်တွေအပေါ် မှာ အမေရိကန်နိုင်ငံက ကင်းလွတ်ခွင့်ပေးတော့မယ်၊ ပို့ကုန်တွေကိုလက်ခံတော့မယ်ဆိုတဲ့ စီးပွားရေးအမြတ်အစွန်းတစ်ခုလည်း ရခဲ့ပါတယ်။ နောက်တစ်ခုက အမေရိကန်ရောက် မြန်မာတိုင်းသားတွေနဲ့ ရင်းရင်း နှီးနှီး တွေ့ဆုံခွင့်ရပြီး သူတို့လည်း အင်မတန်ဝမ်းသာအားရဖြစ်ပြီးတော့ ကိုယ့်နိုင်ငံအပေါ် မှာ တတ်နိုင်သမျှ အကူအညီတွေစွမ်းအားရှိသလောက် ပေးချင်ပါတယ်ဆိုတဲ့ ကတိကဝတ်တွေရခဲ့ပါတယ်။ နောင်တစ်ခါ စီးပွားရေးအခွင့်အလမ်းတွေကို ရှင်းပြနိုင်တဲ့အတွက်ကြောင့် စီးပွားရေးအဖွဲ့အစည်း တွေက မြန်မာနိုင်ငံမှာ မကြာခင်မှာ ရင်းနှီးမြှုပ်နှံကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ (အင်ဒီပန့်ဒန့် ဂျာနယ်)**

ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုလို့ရှိရင် ဒီကျွန်တော်တို့ရဲ့ တိုင်းပြည်ကို ခုနကလို စီးပွားရေးတွေ ပိတ်ဆို့ထားတဲ့အချိန်။ ဘယ်နိုင်ငံကမှ ကျွန်တော်တို့ကို လှည့်ပြီးတော့ မကြည့်တဲ့အချိန်။

ဘယ်နိုင်ငံကမှ ကျွန်တော်တို့ကို အကူအညီမပေးတဲ့အချိန်မှာ ကျွန်တော်တို့ကို စာနာပြီးတော့ ခုနကလို ကျွန်တော်တို့နိုင်ငံမှာ ချေးငွေတွေ ကျွန်တော်တို့ပေးတာတွေ၊ ဂရန့်တွေ ကျွန်တော်တို့ ထုတ်ပေးတာတွေ၊ ဒါတွေ တရုတ်နိုင်ငံကပဲ ဆောင်ရွက်ပေးနေတာဆိုတာ အားလုံး ဒါသိရှိပြီးဖြစ်ပါတယ်။ နိုင်ငံတကာနယ်ပယ်မှာ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံဘက်ကနေ အမြဲတမ်းရပ်တည်ပြီး ထောက်ခံပေးခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ သိပ်ပြီးတော့ အခက်အခဲအကျပ်အတည်းကြုံတွေ့လာတဲ့ အခါမှာ သူ့ရဲ့ ဗီတိုအာဏာကိုပါသုံးပြီးတော့မှ မြန်မာနိုင်ငံဘက်ကနေ ထောက်ခံပေးနေတာပါ။ အဲဒီတော့ ကျွန်တော်တို့ မြန်မာလူမျိုးဆိုတာ ကျေးဇူးတရားသိတတ်တဲ့ လူမျိုးဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို ဘယ်သူမှ ဆေးဖော်ကြောဖော် မလုပ်တဲ့ အချိန်မှာ ဘယ်နိုင်ငံမှ အကူအညီမပေးတဲ့အချိန်၊ ဘယ်နိုင်ငံမှ လှည့်မကြည့်တဲ့အချိန် ကိုယ့်ကိုကူညီစောင့်ရှောက်တာဟာ တရုတ်မှတင်မဟုတ်ပါဘူး။ ဘယ်သူပဲဖြစ်ဖြစ် ကျေးဇူးတရားတွေကို ကျွန်တော်တို့မမေ့ကောင်းပါဘူး။ နောက်တစ်ခုကလည်း ခုနကလို ရင်းနှီးမြှုပ်နှံတယ်ဆိုတာ ကိုယ်ရင်းနှီးမြှုပ်နှံချင်သလို လာပြီးတော့ ရင်းနှီးမြှုပ်နှံလို့မရပါဘူး။ ဥပဒေတွေရှိပါတယ်။ စည်းမျဉ်းစည်းကမ်းတွေရှိပါတယ်။ ကျွန်တော်တို့ ခုနကလို မူဝါဒ အနေနဲ့ ချမှတ်ထားတာကတော့ ရင်းနှီးမြှုပ်နှံမှုတွေ လာမယ်ဆိုရင် တစ်အချက်က တိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားကို မထိခိုက်စေရပါဘူး။ နောက်တစ်ခုက ကိုယ့်နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ကျွန်တော်တို့ မထိခိုက်စေရပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ ခုနကလို တရုတ်ချည်းပဲ လွှမ်းမိုးသွားတယ်၊ အမေရိကန်ချည်းပဲ လာပြီးလွှမ်းမိုးသွားတယ်၊ ကျန်တဲ့ နိုင်ငံတွေချည်းပဲလာပြီး လွှမ်းမိုးသွားတယ်ဆိုတာ နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ကိစ္စပါ။ ဒါမျိုး ကျွန်တော်တို့အဖြစ် မခံပါဘူး။ မူဝါဒမှာလည်း ဒီအတိုင်း ကျွန်တော်တို့ ချမှတ်ထားပါတယ်။ နောက်အချက်ကတော့ အချုပ်အခြာအာဏာကို ကျွန်တော်တို့ အထိပါးမခံပါဘူး။ အချုပ်အခြာအာဏာနဲ့ ဘာဆိုင်သလဲ ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုတာ။ ဆိုင်ပါတယ်။ အဲဒီတော့ ဒီပါတီစုံ ဒီမိုကရေစီ စနစ်မှာ နိုင်ငံရေးသမားဟာ စီးပွားရေးသမားနဲ့ ပေါင်းထားရပါတယ်။ ဘာကြောင့်လဲဆို သူမဲဆွယ်တဲ့အခါမှာ ငွေလိုမယ်။ ငွေလိုတဲ့အခါမှာ စီးပွားရေးသမားဆီကနေ အကူအညီတွေရမယ်။ အလှူငွေတွေရမယ်။ စသည်ဖြင့် ဒါတွေသူ ရယူရပါတယ်။ ကျွန်တော်တို့ နိုင်ငံတင်မဟုတ်ဘူး။ အမေရိကန်လည်း ဒီအတိုင်းပါပဲ။ ကျန်တဲ့နိုင်ငံတွေလည်း ဒီအတိုင်းပါပဲ။ ဒီလိုရယူပြီးတော့ မဲဆွယ်တယ်။ ရွေးကောက်ပွဲဝင်တယ်။ ဝင်တဲ့အခါမှာ ဒီပါတီအနိုင်ရတယ်။ ဒီပါတီအနိုင်ရတဲ့အတွက်ကြောင့် ခုနကလို အစိုးရဖွဲ့တယ်။ အစိုးရဖွဲ့တဲ့အခါမှာ ပြန်ပြီးတော့ ခုနကလိုစောစောက သူရယူထားတဲ့ စီးပွားရေးသမားကို သူက အခွင့်အလမ်းတွေပေးရပါတယ်။ အဲ့ဒီတော့ ဒီလိုအခွင့်အလမ်းတွေ ပေးရင်းပေးရင်းနဲ့ ဒီစီးပွားရေးသမားဟာ နိုင်ငံရေးသမားရဲ့အပေါ် မှာ လွှမ်းမိုးပြီးတော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လာပြီးတော့ ထိပါးနိုင်တာမျိုးတွေ။ ဒါမျိုးတွေဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခုနကလိုလာရောက်ပြီးတော့ ထိပါးနိုင်တာမျိုး ဒါတွေမဖြစ်စေရဘူး။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီသဘာဝအရင်းအမြစ်တွေနဲ့ သဘာဝသယံဇာတတွေ၊ သဘာဝပတ်ဝန်းကျင်တွေ၊ ဒါတွေဟာ သားစဉ်မြေးဆက်ပါ ထုတ်ယူသုံးစွဲဖို့အတွက် စဉ်းစားပြီးတော့ ကျွန်တော်တို့လုပ်သွားရမယ့်ဟာတွေဖြစ်ပါတယ်။ ရတိုင်းထုတ်ပြီးတော့ သုံးဖို့ကတော့ မဖြစ်ပါဘူး။ ဒါကြောင့်မို့လို့ ခုနကလို လာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် သူရင်းနှီးမြှုပ်နှံချင်တိုင်း ရင်းနှီးမြှုပ်နှံလို့မရပါဘူး။ ပါးစပ်နဲ့ပြောပြီးတော့ ငါတို့ဒီအလုပ်လာလုပ် မယ်ဆိုလို့ မရပါဘူး။

သေချာလေး ခုကလို သူပရိုပိုဇယ်တင်ရတယ်။ ကောင်း၏မကောင်း၏ သူ့ဘက်ကိုယ့်ဘက် အကျိုးရှိမရှိ၊ နစ်နာဆုံးရှုံးမှုတွေ ဘာတွေပါလဲမပါသလဲ။ ဒါတွေ ကျွန်တော်တို့ကြည့်ပါတယ်။ ဥပဒေရှုထောင့်ကနေပြီးတော့ ကြည့်ရပါတယ်။ ဥပဒေအကြံပေးတွေနဲ့ကြည့်ရပါတယ်။ ပြီးတော့မှ နှစ်ဦးနှစ်ဖက် အကျိုးရှိတယ်ဆိုတဲ့ ကိစ္စမျိုးကျမှပဲ ကျွန်တော်တို့ လုပ်တာ ဖြစ်ပါတယ်။

**ဝန်ကြီးဌာနများသို့ သတင်းရယူခွင့်နှင့် ပတ်သက်၍ (ရိုက်တာသတင်းဌာန)**

တိုက်ရိုက်ဆက်သွယ်နိုင်ဖို့အတွက် ဝန်ကြီးဌာနတွေကို ပြောထားပါမယ်။ အနည်းဆုံးတော့ ညွှန်ချုပ်၊ ဒုညွှန်ချုပ်တို့အဆင့်တွေ ရှိပါတယ်။ ဒီလူတွေက ဝန်ကြီးဌာနအတွင်းမှာ ထဲထဲဝင်ဝင်အထက်အောက် အကုန်သိပါတယ်။ သူတို့နဲ့လည်း ဆက်ဆံပေ့ါ။ အကယ်လို့များ အခက်အခဲရှိရင် သမ္မတရုံးမှာတောင် ရှိပါတယ်။ ဦးစိုးသိန်းတို့ ဦးအောင်မင်းတို့ သူတို့ဆီ သိလိုတဲ့ အချက်တွေ မေးမယ်၊ ပြုမယ်။ အကူအညီပေးပါဆိုရင်လည်း ဆက်သွယ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေကိုလည်း ထပ်ပြီးပြောထားပေးမှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်အရေး (အေအက်ဖ်ပီ)**

ကျွန်တော်တို့အစိုးရတက်လာပြီးတဲ့နောက်ပိုင်းတွင် အောင်မြင်မှုတွေလည်း ရှိပါတယ်။ နောက်တစ်ခါ အခက်အခဲတွေ စိန်ခေါ် မှုတွေ ဒါတွေလည်းရှိပါတယ်။ အခက်အခဲတွေစိန်ခေါ် မှုတွေထဲကမှ မမျှော်လင့်ဘဲဖြစ်လာတဲ့ အခက်အခဲစိန်ခေါ် မှုကတော့ ဒီရခိုင်ပြည်နယ်အရေးကိစ္စပဲ ဖြစ်ပါတယ်။ ကမ္ဘာက တချို့လည်း ကျွန်တော်တို့အပေါ် မှာ နားလည်မှုတွေ၊ စာနာမှုတွေ ရှိပါတယ်။ တချို့လည်း ဖြစ်ရပ်မှန်တွေကို အမှားဖြစ်အောင် လုပ်ကြံဖန်တီးပြီးတော့စွပ်စွဲတာတွေ၊ ကမ္ဘာ့အလယ်မှာ မျက်နှာပျက်အောင် လုပ်တာတွေ ဒါမျိုးတွေလည်း ဒီနေ့ ကျွန်တော်တို့ကြုံ တွေ့နေရပါတယ်။ အဲဒီတော့ လူ့အဖွဲ့အစည်းနှစ်ခုပေ့ါ။ လူ့အဖွဲ့အစည်းနှစ်ခုဟာ တစ်နေရာတည်းမှာ နေနေရတာဖြစ်တဲ့အတွက်ကြောင့် ခုနလိုဘယ်လိုနည်းမျိုးတွေနဲ့ အတူယှဉ်တွဲပြီးတော့ နေနိုင်မလဲဆိုတာကို ဒီအချက်က ကျွန်တော်တို့အတွက် အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ အဲဒီတော့ အတူယှဉ်တွဲပြီးတော့ နေနိုင်ဖို့အတွက် လုပ်ရမယ့်လုပ်ငန်းတွေကတော့ အများကြီး ရှိပါတယ်။ အခြေခံကျတဲ့ လုပ်ငန်းတွေက ခုနကလို ပညာရေးပါပဲ။ အဲဒီဒေသမှာ ရှိတဲ့လူတွေက အသိပညာတွေ ကြွယ်ဝဖို့လိုပါတယ်။ နောက်တစ်ခါ အမြင်တွေကျယ်ဖို့ လိုပါတယ်။ ကိုယ့်လူမျိုးကို ကိုယ်ချစ်ပါတယ်။ ကိုယ့်လူမျိုးချည်းပဲ ကိုယ်ချစ်လို့မရပါဘူး။ ကမ္ဘာမှာ ဒီကနေ့ Human Right ဆိုတဲ့ လူ့အခွင့်အရေးကိုလည်း အလေးထားပြီးတော့ လုပ်ရပြုရတာ ဖြစ်ပါတယ်။ တစ်အချက်ကတော့ စိတ်ထားတွေ ပြောင်းအောင်လုပ်ရမှာဖြစ်ပါတယ်။ လက်ခံနိုင်တဲ့ စိတ်ထားတွေ၊ ဒီလိုဖြစ်ပေါ် လာအောင် ကျွန်တော်တို့ လုပ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ လက်ခံနိုင်တဲ့ စိတ်ထားတွေဆိုတာလည်း ခုနကလို ပညာရေး၊ ဒီအပေါ် မှာအခြေခံတာဖြစ်တဲ့အတွက်ကြောင့်ပညာရေးကနေစပြီးတော့ အခြေခံပြီးတော့ ဒီလိုတွေ ဒါလုပ်ပေးစရာတွေရှိပါတယ်။



တစ်ဖက်က ဘင်္ဂါလီတွေဆိုလို့ရှိရင်လည်း သားသမီးတွေ မွေးဖွားတာတွေက အင်မတန်မှ များပါတယ်။ များတဲ့အတွက်ကြောင့်လည်း ဒီက ခုနကလို ပြဿနာတစ်ရပ် ဖြစ်ပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက် ပြီးတော့လည်း ဥပဒေကတော့ ဘယ်လောက်မွေးရမယ်၊ ဘယ်လောက် မမွေးရဘူးဆိုတာတော့ မရှိဘူး။ ကျွန်တော်တို့ဆီမှာလည်း မရှိပါဘူး။ သို့သော်လည်းပဲ ခုနကလို ဒီဒေသမှာရှိနေတဲ့ ဒေသခံတွေရဲ့ ဓလေ့ထုံးတမ်းစဉ်လာအရ ကျွန်တော်တို့ ဘယ်လောက်ပဲမွေးရမယ်။ ဒါလေးတွေလည်း ညှိနှိုင်းပြီးတော့မှ လူဦးရေတိုးပွားနှုန်းတွေလည်း အဲဒီဘက်တွေမှာ သိပ်ပြီးတော့ အလွန်အကျွံတွေမဖြစ်အောင် ကျွန်တော်တို့လုပ်သွားဖို့လိုပါတယ်။ နောက်တစ်ခုက ပညာရေးအပြင် အလုပ်အကိုင် ရရှိရေးဟာလည်း သူတို့အတွက် အရေးကြီးပါတယ်။ အလုပ်အကိုင်ရရှိရေးက အရေးကြီးပါတယ်။ နောက်တစ်ခါ သူရယ်ငါရယ် သူ့လူမျိုးရယ် ကိုယ့်လူမျိုးရယ် ဖြူတယ်ရယ် မည်းတယ်ရယ် ဒါ. . ဒီလို အစွဲအလမ်းတွေကို သိပ်ပြီးတော့ ဦးစား မပေးဘဲနဲ့ ခုနကလို လူသားဆိုတဲ့ စိတ်ဓာတ်နဲ့ နောက်တစ်ခါ လူ့အခွင့်အရေးကို ဒီကနေ့ ခုနကလို ကမ္ဘာကလည်း ကြည့်နေတယ်။ လူ့အခွင့်အရေးကို ဦးစားပေးနေတယ်။

လူတွေလည်း ခုနကလို ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေဖြစ်အောင် ဒီလိုတို့နေတတ်ထိုင်တတ်ရမယ်ဆိုတဲ့ဒီအတွေးအခေါ် တွေအလေ့အကျင့်တွေရအောင် ဒါတွေ ကျွန်တော်တို့လုပ်ပေးသွားမှပဲ ဒီလူ့အဖွဲ့အစည်းနှစ်ရပ်က ကျွန်တော်တို့ ဒါအတူတကွနဲ့ နေထိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

မနေလို့လည်း မရပါဘူး။ အဲဒီတော့ နေနိုင်တဲ့ နည်းလမ်းတွေတော့ ကျွန်တော်တို့လည်း ဒါအများကြီး ရှာကြံနေပါတယ်။ အခုဆိုလို့ရှိရင် ကြားအဖွဲ့အစည်းတစ်ခုအနေနဲ့ အားလုံး (၂၇)ယောက်ပါတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ ကျွန်တော်တို့ လွှတ်လိုက်ပါပြီ။ လွှတ်လိုက်ပြီးတော့ သွားပြီးတော့ စုံစမ်းစစ်ဆေးနေပါတယ်။ ဒီအဖွဲ့လည်း တော်တော်လေးဦးနှောက်ခြောက်နေပုံရပါတယ်။ ဒီကနေ့ထိတော့ ကျွန်တော့်ကို သူတို့ဘာမှ အကြံပေးတာတွေ ဘာတွေတော့ သူတို့ဘာမှ မလုပ်နိုင်သေးပါဘူး။ အဲဒီတော့ သူတို့ရဲ့ အကြံပေးချက်တွေပေါ် မှာ မူတည်ပြီး ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ပြီးတော့ ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ ရှိပါတယ်။

**တန်ဖိုးနည်းဖုန်းကိစ္စ (မက်ဆင်ဂျာ ဂျာနယ်)**

ကျွန်တော့်ရဲ့ ဆန္ဒပြောရမယ့်ဆိုရင်တော့ တန်ဖိုးနည်းတင် မဟုတ်ဘူး။ အလကားကိုကျွန်တော်တို့က ပေးချင်တယ်။ အလကားကို ကျွန်တော်တို့ သုံးစေချင်ပါတယ်။ သို့သော်လည်း ဒီအလကားပေးနိုင်တဲ့ အဆင့်က ကျွန်တော်တို့က မရောက်သေးဘူး။

တဖြည်းဖြည်းတော့လည်း ခုနကလို သက်သာတဲ့နှုန်းထားတွေ ဖြစ်ကုန်မှာပါ။ ဖြစ်လာမှာပါ။ ဘင်္ဂလားဒေ့ရှ်မှာတောင်မှ လယ်သမားတစ်ယောက်ဟာ ခါးမှာ ဖုန်းချိတ်ပြီးတော့ ပြောနေနိုင်တဲ့ အဆင့်မျိုးရောက်နေပါပြီ။

ကျွန်တော်တို့ရဲ့ တယ်လီဖုန်းသုံးစွဲမှုဟာ ကျွန်တော်ထင်တယ်။ ၇ ရာခိုင်နှုန်းလောက်ပဲ ကျွန်တော်တို့ရှိတယ်။ တော်တော်လေးကို နည်းပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ဒါဂုဏ်သိက္ခာကိုထိခိုက်တဲ့အတွက်ကြောင့် ဒါလည်း ကြိုးစားပြီးတော့ ကျွန် တော်တို့မြှင့်တင်နေပါတယ်။ တယ်လီဖုန်းအိမ်တစ်လုံးကို ဆိုင်ကနေသွားဝယ်၊ ကတ်ကိုဝယ်ထည့်ပြီးတော့ ဒီတိုင်းသုံးလို့ မရပါဘူး။ Station တွေ Gateway တွေ ကျွန်တော်တို့ ဆောက်ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ တယ်လီဖုန်းကို ချဲ့ထွင်တာနဲ့အမျှ ခုနကလို ပိုပြီးတော့ လုပ်ရကိုင်ရတာတွေရှိပါတယ်။ ဒါတွေပြီးသွားလို့ ရှိရင်တော့ နောက်ထပ်ထပ်ပြီးတော့ ဆောက်စရာမလိုဘူးဆိုလို့ရှိရင်တော့ တယ်လီဖုန်းက ဘာပဲဖြစ်ဖြစ်အလိုလိုသူက ဈေးကျသွားမှာပါ။ အစိုးရအနေနဲ့ကတော့ တယ်လီဖုန်းများများပြောလေ ကျွန်တော်တို့က ကြိုက်လေပဲ။ တစ်လုံးနဲ့တင်မကဘူး။ ခါးမှာ ခြောက်လုံးလောက်ချိတ်ပြီးတော့ နေ့တိုင်း တယ်လီဖုန်းကိုပဲပြောနေ။ ဘာလို့လဲဆိုတော့ ပြောသမျှ ပိုက်ဆံရနေတာကိုး။ အစိုးရရဲ့ သဘောထားက ဒီလိုရှိပါ တယ်။ အဲဒီတော့ တဖြည်းဖြည်းနဲ့ သက်သာအောင် ကြိုးစားပြီးတော့ ကျွန်တော်တို့လုပ်နေပါတယ်။

# ကုမ္ပဏီလိုင်စင်နှင့် တင်သွင်းသည့် ယာဉ်များအပေါ် CIF တန်ဖိုးတွက်ချက်ပုံ ကားကုမ္ပဏီများ မကျေနပ်

**ဇာဇာနီ**

**ရန်ကုန်၊ အောက်တိုဘာ-၁၅**

ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအတွက် ကားတန်ဖိုး အခွန်ကောက်ခံရာတွင် ကုမ္ပဏီများမှ တင်သွင်းလာသော ယာဉ်များအား သတ်မှတ်ဆိပ်ကမ်း အရောက်တန်ဖိုး (CIF)ထက် နှစ်ဆကျော်ခန့်ပိုမိုကောက်ခံနေကြောင်း ပြည်ပမှ ကားတင်သွင်းနေသော ကုမ္ပဏီအချို့က ပြောကြားသည်။



ကာ ကောက်ခံသွားမည်ဟု အကောက်ခွန်ဦးစီးဌာနက လွှင့်တင်ထားသောဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

"ကုန်သွယ်ရေးက ကားတန်ဖိုးဖြတ်တဲ့ဈေးနှုန်းကို အကောက်ခွန်က တိုးကောက်တယ်။ အပြင်မှာ ဈေးနှုန်းကန့်သတ်ချက်က နှစ်မျိုးဖြစ်နေတယ်။ တရုတ်က သွင်းတဲ့ ဘတ်စ်ကားဆိုရင် ဟိုမှာ ယွမ်ငါးထောင်ခြောက်ထောင်လောက်ပဲ ရှိပေမယ့် ဒီမှာ တန်ဖိုး ဖြတ်တဲ့အခါ ဒေါ်လာသောင်းကျော်ဖြတ်တော့ကားဈေးက မြင့်လာတယ်" ဟု Sakura Auto Aution Centre မှဥက္ကဋ္ဌဦးဌေးအောင်ကကုန်သည်စက်မှုအသင်း ချုပ်၌ပြုလုပ်သော မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် တင်သွင်းသူလုပ်ငန်းရှင်များ အစည်းအဝေးတွင် ပြောကြားသည်။

"ကုန်သွယ်ရေးက အမိန့်တစ်ခု ထုတ်ရင် ကုမ္ပဏီတွေကို ကြိုပြီး သတိပေးတယ်။ ကုန်သွယ်ရေးက သတ်မှတ်တဲ့ဈေးနှုန်းကို လက်ခံနိုင်တယ်။ အဲဒါကိုမှ Custom က ကောက်ချင်သလို ကောက်တယ်။ ဖြေလျှော့ပေးတယ်ပြောပြီး နဂိုသတ်မှတ်ဈေးထက် ပိုကောက်နေတယ်။ ပစ္စည်းချင်းအတူတူ၊ မော်ဒယ်အတူတူ ကုမ္ပဏီက သွင်းတာနဲ့ လူတစ်ဦးချင်း သွင်းတာနဲ့မတူဘူး။ ကုမ္ပဏီဆို ပိုချတယ်" ဟု ကားတင်သွင်းသည့်ကုမ္ပဏီတစ်ခုမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လူတစ်ဦးချင်း ကားသွင်းပါက အခွန်နှစ်ဆယ်ရာခိုင်နှုန်းသာ ဆောင်ရပြီးကုမ္ပဏီအနေဖြင့်ကားသွင်းလျှင် အခွန်လေးဆယ်ရာခိုင်နှုန်းထိ ပေးဆောင်ရကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

အကောက်ခွန်ဦးစီးဌာနက မော်တော်ယာဉ်များ တင်သွင်းလျှင် အင်ဂျင်ပါဝါ ၂၀၀၀ စီစီ နှင့်အောက် ယာဉ်များကို အကောက်ခွန် သုံးဆယ်ရာခိုင်နှုန်းနှင့် အင်ဂျင်ပါဝါ ၂၀၀၀ စီစီအထက် ယာဉ်များကို အကောက်ခွန်လေးဆယ်ရာခိုင်နှုန်း ကောက်ခံပြီး အာဆီယံနိုင်ငံများမှ မော်တော်ယာဉ်များအား အင်ဂျင်ပါဝါ အားလုံးအတွက် အကောက်ခွန်ငါးရာခိုင်နှုန်းသာ ကောက်ခံသွားမည်ဟု အကောက်ခွန်ဦးစီးဌာနက လွှင့်တင်ထားသောဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန၊ မော်တော်ယာဉ်ထုတ်သွင်းဌာနမှ တာဝန်ရှိသူအား 7Day News က ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာတွင် "ပြည်ပမှ မော်တော်ယာဉ်သွင်းမယ်ဆိုရင် Normal သွင်းတာနဲ့ စီမံချက်နဲ့ သွင်းတာနှစ်မျိုး ရှိတယ်။ Normal ဆိုတာ ကုမ္ပဏီလိုင်စင်နဲ့ သွင်းတာဖြစ်ပြီး စီမံချက်နဲ့ ဆိုတာကတော့ ကားဟောင်းစီမံချက်နဲ့ သွင်းတာကို ခေါ်တယ်။ ဒီနှစ်ခုမှာ တရားဝင် CIF ဈေးနှုန်း သတ်မှတ်တာ မတူဘူး။ ကုမ္ပဏီလိုင်စင်နဲ့ သွင်းရင်တော့ အခွန်နှုန်းပိုတယ်။ ဒါက တရားဝင်ကောက်တာဖြစ်တယ်" ဟု ပြောသည်။

မော်တော်ယာဉ် တင်သွင်းသူများအနေဖြင့် လာမည့် နိုဝင်ဘာ ၁ ရက်တွင် စတင်သတ်မှတ်မည့် CIF တန်ဖိုးများအား အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားပြီး စာအုပ်တစ်အုပ်လျှင် တန်ဖိုးငွေ ကျပ်ငါးသောင်းဖြင့် ဝယ်ယူနိုင်သည်။

ပြည်ပမှ ကားတင်သွင်းနေသော Farmer Auto မှ ဒေါက်တာစိုးထွန်းက ကားတင်သွင်းရာတွင် မြန်ကြေးပေးရမှုများလည်း ရှိကြောင်းနှင့် ထိုကိစ္စကို အသင်းအနေဖြင့် ဖြေရှင်းသွားမည်ဟု ပြောသည်။

Sakura Auto Action Centre မှဦးဌေးအောင်ကလည်း "ကားကြီးတွေကို ဈေးကွက်က ဈေးနှုန်းနဲ့ လိုက်တိုင်းပြီး အခွန်ကောက်တယ်။ နိုင်ငံတော်ကို အခွန်ဆောင်နေတဲ့ ကုမ္ပဏီတွေ ကျတော့ခေါက်ချိုးလောက် တိုးကောက်တယ်။ ကုမ္ပဏီတွေ အနေနဲ့လည်း ဆိပ်ကမ်းခက ကြာရင်ပေးရတော့ မစောင့်နိုင်တဲ့အတွက် သူတို့တောင်းတဲ့ ဈေးပေးရတော့တာပေါ့။ ပါမစ်ဈေးနှုန်းနဲ့ ပေးရတာမဟုတ်ဘူး။ ကုမ္ပဏီတွေက ဝက်ဘ်ဆိုက်မှာပါတဲ့ လူတိုင်းသိတဲ့ ဈေးနှုန်းနဲ့ ကောက်ပါလို့ တင်ပြတာ လက်မခံဘူး" ဟု ဆက်လက်ပြောသည်။

# ရေမြုပ်လယ်စာရင်းတင်ပြမှု မမှန်ကန်၍ လယ်သမားများ ထောက်ပံ့ကြေးနစ်နာ

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊အောက်တိုဘာ-၂၀**

သက်ဆိုင်ရာဒေသတာဝန်ရှိသူများ တင်ပြသောစာရင်းမမှန်ကန်မှုကြောင့် မိုးစပါးစိုက်ပျိုးရာတွင် ရေနစ်မြုပ်ခဲ့သော လယ်သမားများ အနေဖြင့် တစ်ဧကလျှင်အစိုးရထောက်ပံ့ကြေးကျပ် ၂၀၀၀ဝန်းကျင်သာ ရရှိကြောင်း သတင်းရရှိသည်။

ဝေါမြို့နယ်တွင် သက်ဆိုင်ရာက ရေမြုပ်စာရင်း တင်ပြရာ၌ တစ်မြို့နယ်လုံးအနေဖြင့် စုစုပေါင်းဧက ၁၇၀၀ ကျော်သာ တင်ပြခဲ့သော်လည်း အမှန်တကယ် ရေမြုပ်ခဲ့သည့်ဧကမှာ ၅၀,၀၀၀နီးပါးရှိခဲ့သဖြင့် တစ်ဧကလျှင် အစိုးရထောက်ပံ့ကြေး ၁,၉၀၀ကျပ်သာရရှိကြောင်း တောင်သူလယ်သမားအသင်းဒုဥက္ကဋ္ဌကပြောသည်။

ခနုဖြူ၊ ရေကြည်နှင့် အသုတ်မြို့နယ်များရှိ ရေမြုပ်သွားသော လယ်များကို သက်ဆိုင်ရာက တစ်ဧကလျှင် မျိုးစပါးတစ်တင်း ထောက်ပံ့ပေးသော်လည်း တစ်ဦးလျှင် မျိုးစပါးကိုးပြည်နှင့် ခြောက်လုံးသာ ရရှိကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း အထွေထွေအတွင်းရေးမှူး ဦးသိန်းအောင်ကပြောသည်။

"စာရင်းတင်လိုက်တာက ဥပမာအားဖြင့် ဧက ၁၀၀ဆိုရင် အမှန်တကယ်မြုပ်တာက ၃၀၀ဆိုတော့ အားလုံးခွဲယူလိုက်တော့ တစ်ဧကကို တစ်တင်းမရတော့ဘူးဖြစ်သွားတာ" ဟု ဦးသိန်းအောင်ကဆိုသည်။

ရေမြုပ်ခဲ့သော ဒေသများသို့ နိုင်ငံတော်အစိုးရက လှူဒါန်းမှုများရှိခဲ့ပြီး ရောဝတီတိုင်းအတွက် မျိုးစပါးဝယ်ယူရန် ငွေကျပ်သိန်းပေါင်း ၄၀၄၇ လှူဒါန်းခဲ့ကာ ပဲခူးတိုင်းဒေသကြီးသို့လည်း ထောက်ပံ့ပေးခဲ့သည်။

"အများစုကတော့ ဒီငွေလောက်နဲ့ ဘာမှလုပ်လို့မရတော့ ချေးငှားပြီး နွေစပါးစိုက်ဖို့ပဲ လုပ်နေကြတယ်" ဟု ဦးသိန်းအောင်ကပြောသည်။

ယခုနှစ်တွင် စံချိန်တင်မိုးရွာသွန်းခဲ့သောကြောင့် ဩဂုတ်လ ၁၈ ရက်ထိစာရင်းအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးစပါးစိုက်ဧကခြောက်သိန်းတစ်သောင်းကျော် ရေကြီးရေနစ်မြုပ်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ပြုစုထားသော စာရင်းအရသိရသည်။




LipIce
Sheer Color
Vitamin E C A
Deep Moisture Complex
LipIce Sheer Color
909(A), LEVEL 9, SHWEGONDAING YUZANA TOWER.
SHWEGONDAING, BAHAN TOWNSHIP, YANGON, MYANMAR.
PHONE : 95 1 558417/ 95 1 558393
ROHTO
OSAKA JAPAN


CASIO
EDIFICE
Speed & Intelligence
Advance Technology, Dynamic Design
EF-558D-2AV-DF
EF-309D-1AV-DR
EF-305D-1AV-DR
EF-543D-1AV-DF
EF-339BK-1A9V
Distributor:
MARCO WORLDWIDE SDN.BHD.
Malaysia Head Office Tel: 00-603 4043 3111
Fax: 00-603 4041 9315
Website: www.marco-groups.com
Email: marcus@marco-groups.com
MARCO
Casio Showroom
Blazon - Ph : 8600070
Cherry Oo - Ph : 381751, 373997
Golden Crown - Ph : 650771 (Ext : 119)
King Star - Ph : 09-8720488
Lucky - Ph: 083-21766
Cherry Oo - Ph : 02-72992


၄၀ – အရွယ်မှာလိုအပ်တာ . . .
ROYALVITA
Soft Cap.
(Royal Jelly)
Royal Jelly + MULTI-VITAMIN+MINERAL


Premier
PREMIER®
COFFEE
ဝါလကင်းလွတ် သီတင်းကျွတ်မှာ
ကျန်းမာစေကြောင်း
ဆုမွန်ကောင်းတောင်းပါသည်. . .
သဘာဝကော်ဖီစစ်စစ်အရသာ . . .
ပရီမီယာ
PREMIER®
COFFEE



Ovaltine
သင်ချစ်ရသော သူများအတွက် အကောင်းဆုံး ကျန်းမာခြင်းလက်ဆောင်
(Bobby Soxer)




Master® Air Conditioner
always the best!
3 YEAR WARRANTY
NEW
MAS-C9/12 FIR(FS)
MAS-C9/12FIR(FW)
MAS-C9/12FIR
MAS-C9FIR(FC)
Health-Enriching Catechin Filters
MULTI WORLD Electronics
145, G/F, UNITED TOWER, BO AUNG KYAW ST (BET. MAHABANDOOLA & MERCHANT RD) KYAUKTADA TOWNSHIP, YANGON, MYANMAR. TEL : 01-374188, 01-389688, 01-398046, FAX : 01-242054,
HOTLINES : 09-5101141, 09-73065099, 09-8641016
E-mail : multiworld@myanmar.com.mm ; mwths11@gmail.com




HOME GALAXY Interior Mall
MIPAI® LED HIGH GRADE BRAND
ဖွင့်ပွဲအထိမ်းအမှတ် အထူးအစီအစဉ်အဖြစ် ...
2012 နောက်ဆုံးပေါ် 3D Micro Crystal Stone၊ ပထမတန်းစား အရည်အသွေးမြင့် ကြွေပြား ကျောက်ပြားအမျိုးမျိုး၊ ကိုရီးယားကြမ်းခင်း အမျိုးမျိုး၊ ကိုရီးယား Wallpapers၊ Carpet အမျိုးမျိုး၊ Classical High-End Furniture အမျိုးမျိုး၊ Modern Classic Furniture အမျိုးမျိုး၊ Professional Office Furniture အမျိုးမျိုး တို့ကို 30% Discount အထိ အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Promotion Period 14-10-2012 to 3-11-2012
CERAMICS
MICRO CRYSTAL STONE
GRANITE
MARBLE
Wallpapers (Made in Korea)
CARPETS
Eco Art Tile (Made in Korea)
Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon.
Tel : 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513



အမျိုးသားတွေမှာ ဗောက် ပိုဖြစ်တတ်တယ်ဆိုတာ
သိပါသလား ?
အေးမြလန်းဆန်းမှုတွေ ပေးစွမ်းမယ့်
COOL SPORT MENTHOL တွင်
PRO NUTRIUM 10 ပါဝင်ပြီး
ဦးရေပြားအပေါ်ယံက ဗောက်တွေကိုရှင်းပေးနိုင်ရုံမက
ဗောက်လုံးဝပြန်မဖြစ်အောင်
ကာကွယ်တားဆီးပေးပါတယ်။
Unilever
CLEAR
MEN
ဗောက်လုံးဝရှင်းသည်
Christiano Ronaldo
FACEBOOK.COM/CLEARMM




MARK
WILLIAMS
Excellence through passion
ဝါလကင်းလွတ် သီတင်းကျွတ်မှာ လူကြီး၊ မိဘ ၊ ဆရာသမားများကို
Mark Williams အင်္ကျီဖြင့် ကန်တော့ကြရအောင်
Available at : Ga Mone Pwint Shopping Mall (All Branch)
: Sein Gay Har ( Parami )
: Junction Square ( BS Fashion)
: Super One Shopping Centre ( Kyikekasan )
: Victory Fancy Shop (Bayintnaung)
: Ruby Mart
Hot Line : 09-73192104
10%OFF
20-10-2012 to 4-11-2012


ခနော ကြက်သားမှုန့် ရဲ့
အထူးဟင်းလျာအစီအစဉ်
ဆားနှင့်အချိုမှုန့်လုံးဝမသုံးပဲ ခနော ကြက်သားမှုန့် တစ်မျိုးတည်းသုံးပြီးချက်ထားတဲ့
စိတ်ကြိုက်ဟင်းလျာချက်ပြုတ်နည်းကို နေရပ်လိပ်စာ အပြည့်အစုံနဲ့
EMAIL
စာတိုက်သေတ္တာအမှတ် ၁၄၀၂ (သို့)
KNORR.goodmorningmyanmar@gmail.com သို့ မြန်မြန်ပေးပို့လိုက်ပါ။
ဆုရွေးချယ်ခံရတဲ့လူအမည်ကို Channel7 မှာပြသနေတဲ့
Good Morning Myanmar အစီအစဉ်မှာ သောကြာနေ့တိုင်း ကြေငြာပေးမှာဖြစ်ပါတယ်။
ကျပ် ၂၀,၀၀၀/-
တန်ဖိုးရှိတဲ့ ဆုတွေရမှာနော်
ကျန်းမာပြီးအရသာရှိသော ဟင်းလျာတိုင်းအတွက် ခနော ကြက်သားမှုန့်


City Mart
Supermarket
သီတင်းကျွတ် အထူးဈေးရောင်းပွဲတော်
18th October ~ 7th November, 2012
အထူးလက်ဆောင်
21st October ~ 4th November, 2012
ကျပ် ၆၀,၀၀၀ ဖိုး နှင့်အထက်ဝယ်ယူမှုအတွက်
Lunch Box
လက်ဆောင်
Drink Set
(or)
2 pcs/set
ကျပ် ၁၅၀,၀၀၀ ဖိုး နှင့်အထက်ဝယ်ယူမှုအတွက်
Lunch Box
လက်ဆောင်
While Stocks Last!
5 pcs/set
ပစ္စည်းအမျိုးအစားပေါင်း(၁၀၀)ကျော်ကို "အထူးဈေးနှုန်းများ" ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။
ဤအစီအစဉ်တွင် Gift Voucher, Gift Card, Service Items, SIM Card, Prepaid Card, Liquor,Stage Show Ticket, Promotion Item, စီးကရက်ဝယ်ယူမှုများ Promotion တွင် ပါဝင်ခွင့်မရှိပါ။
Aung San Branch Ph : 253022, 394765
47th Street Branch Ph : 200026, 298746
Junction 8 Branch Ph : 650778
FMI City Branch Ph : 682323
Yankin Center Branch Ph : 400284
Myay Ni Ghone Branch Ph : 510697
Zawana Branch Ph : 564532
Shwe Mya Yar Branch Ph : 294063
ChinaTown Point Branch Ph : 215560~63
Junction Maw Tin Branch Ph : 218159
Thamine Branch Ph : 654566~67
Junction Square Branch Ph : 527053
marketplace by City Mart Ph : 523840~43
78Branch(Mandalay) Ph : 02-71467~69


SOLO®
COLLECTION
PQ070
PQ065
ပျော်ရွှင်စရာ
သီတင်းကျွတ်ပွဲတော်
SOLO နှင့်အတူဆင်နွှဲပျော်
Hot Line - 09 73192104
WHEREVER YOU GO SOLO WILL FOLLOW


ORIENT
JAPAN
FUNE1002BO
FUNE1006WO
Available at: CHERRY OO
Inquiry Ph : 09-73150210, 09-73145658, 01-383658, 01-8600111 Ext:1011, 067-422070 Ext:120, 02-72992

## ဥရောပတောင်ပိုင်းတွင် မငြိမ်မသက်မှုများနှင့် ကန့်ကွက်မှုများ ပြန်လည်မြင့်တက်လာ

**လစ်စဘွန်း/အေသင်၊ အောက်တိုဘာ-၂၀**

ခြိုးခြံချွေတာရေး အစီအစဉ်များကြောင့် နာကျင်မှုများ ပိုမိုဖြစ်ပေါ်လာသည်နှင့်အမျှ ဥရောပတောင်ပိုင်းနိုင်ငံများ၌ နွေရာသီကာလအတွင်း လျော့ကျခဲ့သော လမ်းပေါ်ထွက် ဆန္ဒပြကန့်ကွက်မှုများ တစ်ဖန်ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

သို့သော် မငြိမ်မသက်မှုများမှာ ပေါ်တူဂီနိုင်ငံမှအပ အခြားနိုင်ငံများ၌ ရေတိုကာလအတွင်း အစိုးရများကို ပြုတ်ကျသွားစေနိုင်သည့် အနေအထားမရှိပေ။ ပေါ်တူဂီနိုင်ငံတွင်မူ ငြိမ်သက်စွာကြိတ်မှိတ်ခံစားချက်များမှာ အမျက်ဒေါသအဖြစ် ပြောင်းလဲသွားပြီဖြစ်သည်။

ဥရောပတောင်ပိုင်းနိုင်ငံများမှ လူထု၏ နာကျင်မှုများမှာ ယခုထက် ပိုမို၍ခံစားနိုင်မည့် အလားအလာများ လျော့ပါးလာနေပြီး အခြေအနေမှာ ရုတ်တရက်ကြီးလည်း ပြောင်းလဲသွားနိုင်သည်။

"ရှေ့လာမယ့် ၁၂ လအတွင်း ဖြစ်ပေါ်နိုင်တဲ့ လူမှုရေးမငြိမ်မသက်မှုမျိုး မြင်တွေ့နေရပြီလို့ ကျွန်တော်မထင်ပါဘူး"ဟု ရူဘီနီဂလိုဘယ် စီးပွားရေးပညာအဖွဲ့မှ လေ့လာသူ မီဂန်ဂရင်းက ပြောသည်။

ပေါ်တူဂီနိုင်ငံတွင် အသုံးစရိတ်လျှော့ချမှုများကို အစပိုင်းတွင် လက်ခံမှုမြင့်မားခဲ့သော်လည်း မကြာသေးမီ ရက်သတ္တပတ်များအတွင်း အပြောင်းလဲကြီးပြောင်းလဲလာပြီး အစိုးရအနေအထားမှာလည်း ယိမ်းယိုင်လာသည်။ ခြိုးခြံချွေတာမှု အစီအစဉ်ကို မူလက ဆန့်ကျင်မှု မြင့်မားသော ဂရိနိုင်ငံတွင် ရက်သတ္တသုံးပတ်အတွင်း အထွေထွေသပိတ် နှစ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။

စပိန်နှင့် ပေါ်တူဂီနိုင်ငံများတွင် နိုဝင်ဘာလ ၁၄ ရက်၌ အထွေထွေသပိတ်မှောက်ကြရန် ကုန်သွယ်ရေး (အလုပ်သမား) သမဂ္ဂများက တိုက်တွန်းထားရာ ယင်းမှာစပိန်နိုင်ငံသမိုင်းတွင်တစ်နှစ်အတွင်း အထွေထွေသပိတ်နှစ်ကြိမ်ပြုလုပ်သည့် မှတ်တမ်းတင်သွားစေမည်ဖြစ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် လူကြိုက်များမှု ၄၅ ရာခိုင်နှုန်းရှိခဲ့သည့် စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဟိုင်းအပေါ် လူကြိုက်များမှုမှာလည်း ၃၀ ရာခိုင်နှုန်းအောက်သို့ရောက်ရှိလာခဲ့သည်။ —*Ref: Reuters*



Photo - AFP




## လက်ဘနွန်ကားဗုံးပေါက်ကွဲမှု အာဆတ်အစိုးရကို ဆီးရီးယားတော်လှန်ရေးသမားများ အပြစ်တင်


Photo - AFP

**ဘေရွတ်၊ အောက်တိုဘာ-၂၀**

လက်ဘနွန်ပြည်တွင်း ထောက်လှမ်းရေးအကြီးအကဲ သေဆုံးသွားစေခဲ့သည့် ကားဗုံးပေါက်ကွဲမှုအား ဒမတ်စကပ်စ်က နောက်ကွယ်မှ ကြိုးကိုင်ခဲ့သည်ဟု လက်ဘနွန်နိုင်ငံမှ ဆီးရီးယားဆန့်ကျင်သော နိုင်ငံရေးသမားများက စွပ်စွဲပြောကြားလိုက်သည်။

လက်ဘနွန် အတိုက်အခံခေါင်းဆောင် ဆာအက်ဟာရီရီနှင့် Druze အဖွဲ့ခေါင်းဆောင် ဝါလစ်ဂျမ်ဘလတ်က ယင်းဗုံးပေါက်ကွဲမှု၏ နောက်ကွယ်တွင် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ရှိနေကြောင်း ပြောကြားသည်။ လက်ဘနွန်ဝန်ကြီးတစ်ဦးကလည်း ယင်းဗုံးပေါက်ကွဲမှုကို ရှုတ်ချပြောဆိုလိုက်သည်။

အောက်တိုဘာ ၂၀ ရက် အရေးပေါ် အစည်းအဝေးမတိုင်မီ အစိုးရအဖွဲ့ နုတ်ထွက်ပေးရန် အ တိုက်အခံညွန့်ပေါင်းအဖွဲ့က တောင်းဆိုထားသည်။ မစ္စတာဟာရီရီကို ထောက်ခံသူများကလည်း ယင်းတိုက်ခိုက်မှုများအပေါ် ဆန့်ကျင်သည့် ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။

အောက်တိုဘာ ၁၉ ရက်က ဖြစ်ပေါ်ခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် လူရှစ်ဦးသေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိခဲ့ကာ သေဆုံးသူများတွင် မစ္စတာဟာရီရီနှင့် နီးစပ်သူ ပြည်တွင်းထောက်လှမ်းရေးအကြီးအကဲ ဝစ်ဆမ်အယ်လ်ဟတ်ဆန်လည်း ပါဝင်ခဲ့သည်။

မစ္စတာအယ်လ်ဟတ်ဆန်မှာ အိမ်နီးချင်း ဆီးရီးယားအစိုးရကို အမြဲဝေဖန်ပြောကြားလေ့ရှိသူလည်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။
—*Ref: BBC*